
ကျင်းယုံ၏ သွားပုကုန်းဖိန်း
2003
တက္ကသိုလ်
နေလင်းအောင်
5
ဓားတရား
၆-အုပ်တွဲသိုင်းစာစဉ်
Alien-ချစ်စုလှိုင်
သိုင်းစာစဉ်များpage



ပဥ္စမတွဲ

# တက္ကသိုလ် နေလင်းအောင်

စားတာရား

(ပဥ္စမတွဲ)

[illegible]

## အခန်း (၁၀၀)

### တရားသော ညခံစစ်

"ကောင်မလေး....ကျုပ်တပည့်မကို မင်း ဘယ်နေရာမှာ သွားဝှက်ထားသလဲ၊ ကျုပ်ကို ရှင်းရှင်းလင်းလင်း ပြောစမ်း၊ ရှင်းအောင် မပြောလို့ကတော့ မင်းရဲ့ နှစ်ခြမ်းခွဲပစ်လိုက်မယ်"

လို့စုရောင် နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။ အေးစက်စက် လေသံဖြင့်လည်း ပြန်ပတ်၏။

"ရှင့်တပည့်ကို ကျွန်မဝှက်ထားရအောင် ရှင်က ဘာမို့လို့လဲ၊ ရှင့်ဆီမှာ ဘယ်လောက်ထက်မြက်တဲ့တပည့်များရှိနေလို့လဲ၊ ရှင့်ဆီမှာ အဲဒီလိုတပည့်မျိုး ရှိတာတောင်မှ ကျွန်မက ကောင်းကောင်းကန်းကန်းလုပ်ပြီး ဝှက်မထားနိုင်ပါဘူး၊ ကျွန်မလို လူတစ်ယောက်က ရှင့်တပည့်ကို ဘာသုံးရမှာလဲ...."

ထန်းရင်ဝန်း၏ ညာဘက်မျက်သုံးမှာ ဝယ်ဖဉ်ကာ တစ်ပါးသူနှင့် တိုက်ခိုက်ရာမှ လုံးဝပျက်စီးသွားခဲ့သည်။ သူ့မျက်စိတစ်ဖက်သည်နေသည်က အားနည်းချက်တစ်ရပ်ဖြစ်၏။ ထိုအားနည်းချက်ကို ထုတ်ဖော်ပြောကြားလျှင် လုံးဝ သည်းမခံနိုင်ပေ။ ထို့အပြင် သူ၏နာမည်ကို ထုတ်ဖော်ပြောကြားသည်ကိုသည်း လုံးဝမခံချနိုင်ပေ၊ ကွယ်ရာတွင် မည်သို့ဖြစ်ပေါ်ပါစေ၊ သူ့ရှေ့တွင်ကား ရှိသောသမျှမြှ ကြိုက်သောသည်။

ယခုလို ညိုစုချောင်က မဖွယ်မရာပြောဆိုခဲ့သောအခါ ထန်းရင်ဝန်းသည် မည်သို့မျှ သည်းမခံနိုင်တော့ပေ။ သူ၏တစ်ဖက်တည်းသော မျက်လုံးဖြင့် ဒေါသတကြီး စိုက်ကြည့်မိတော့သည်။ နဂါးမျက်စေ့ဘင်းသာဆိုလျှင် ညိုစုချောင်ပြာကျသွားပေလိမ့်မည်။

ညိုစုချောင်မှာ သတ္တိနှင့်ပြည့်စုံသော မိန်းကလေးတစ်ဦးဖြစ်သည်။ သို့သော် ထန်းရင်ဝန်း၏ ရှုးရှူးသက်မြက်သော ဓားကြည့်ဒဏ်ရှိမှု သူမခံနိုင်ပေ။ ရင်ထဲ၌ တုန်ခါသွားသဖြင့် ကမန်းကတန်း မျက်နှာလွှဲပစ်ရသည်။ ထို့ပြင် အတွင်းအားရှိလည်း။ အဆင်သင့်ထုတ် ပြင်ဆင်ထားရှိက်ရ၏။ သို့မှသာ ထန်းရင်ဝန်း တိုက်လာပါက ခုခံနိုင်မည် မဟုတ်ပါလား။

"တား...တား...တား"

ထန်းရင်ဝန်း၏ ရယ်မောသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ရယ်သံဆုံးသည်နှင့် သူ့ထံ၌ ဘိုးဘက်ကွက်တစ်ကွက် ထွက်ပေါ်လာတော့၏။



ညိုစုချောင်မှာ ထန်းရင်ဝန်းကို အိုယန်ဝေ၏ ဆရာ တစ်ယောက်အဖြစ် သိရှိထားသဖြင့်မပေါ့အရဲစော့၊ ထန်းရင်ဝန်း၏ တိုက်ခိုက်ပုံ ရှေးကျေးသော်သည်း အားဝေါလှပေသည်။ ထိုအားအရှိန်သို့ညိုစုချောင် ထိပ်တိုက်မခုခံနိုင်ပေ။ ထို့ကြောင့် နောက်သို့ဆုတ်ရန် စိတ်ကူးရတော့၏။ သူမ၏ စိတ်ကူးနှင့် လှုပ်ရှားမှုမှာ ထန်းရင်ဝန်းက မျှော်ဆင့်နေသောတိုက်ကွက်ပင် ဖြစ်နေ၏။

ထိုစုချောင်ကလှိုယ်ကို ရှေ့ဆောင်းထိုက်သည်နှင့် ချက်ချင်းပင် တိုက်ကွက်ထုတ်ပြီး ရိုက်ချလိုက်ပြန်သည်။ ထက်ပေါ်ရိုက်ချက်က ပြင်းထန်လှ၏။ ယက်ပေါ်ရိုက်ချက်နှင့်အတူ သူကိုယ်တိုင် ကိုယ်မပေါ့ကာ ခုန်ပျံဝင်ရောက်လာ၏။ ညိုစုချောင်၏ တစ်ချက်ကလေးမျှ အရှော့မပေး၊ အလွတ်မပေးသို့သော လှုပ်ရှားမှုပေတည်း။

ညိုစုချောင်ကလည်း တစ်ဖက်ရန်သူ၏ တိုက်ကွက်ပြင်းထန်လှသည့်ကို သတိပြုမိ၏။ စိတ်လှုပ်ရှားသွား၏။ ဤကဲ့သို့သော တိုက်ချက်မျိုးကို ထိပ်တိုက်ခုခံခြင်းမှာ မိုက်မဲခြင်းတစ်မျိုးသာဖြစ်ကြောင်း ညိုစုချောင်သိ၏။ ထို့ကြောင့် ထိပ်တိုက် မခုခံဘဲ ဆုပ်ပေခန့်အကွာသို့ ခုန်ပျံရှောင်တိမ်းလိုက်ရာ ထန်းရင်ဝန်း၏ အန္တရာယ်ဝက်ကွင်းမှလွတ်ကင်းသွားသောတော့သည်။

ထန်းရင်ဝန်းကား သူ၏တိုက်ကွက်နှစ်ကွက်ကို ရန်သူက တိမ်းရှောင်သွားနိုင်ခဲ့သဖြင့် အတော်ကြီး မကျေမနပ် ဖြစ်သွားသည်။ ထို့အပြင် သူက အေးစက်စက်ရယ်မောလိုက်၏။

ထိုရယ်သံသည် ကြက်သီးထစရာကောင်းလှသည်။ လိုစုရောင်မှာ ထိုရယ်သံကြောင့် ငိုင်သွားရသည်။ တိုက်ကွက် ဖြန့်မထုတ်နိုင်ဘဲ ဖြစ်သွားရသည်။

ထန်းရင်စန်းသည် ချောက်ချားဖွယ်ကောင်းသော ရယ်သံမျိုးဖြင့် ရယ်မောပြီးနောက် လက်ဝါးနှစ်ဖက်ကိုဖြန့်ကာ လိုစုရောင်အနီးသို့ တဖြည်းဖြည်း တိုးကပ်လာသည်။ လိုစုရောင်၏ စိတ်ထဲတွင် ထိတ်လန့်တုန်လှုပ်မှုအနည်းငယ်ရှိသော်လည်း ရန်သူက အနီးသို့တိုးကပ်လာသောအခါ မိန်းကလေးတစ်ဦးပီပီ ရှက်စိတ်ဝင်လာသည်။

ထို့ကြောင့် သူမ၏ဓားမြှောက်ကို ဝှေ့ယမ်းလိုက်ပြီး....

"ထန်းရင်စန်း...ရှင့်ကိုယ်ရှင်ချစ်တတ်မယ်၊ရှင့်အသက်ကို ရှင်နှမြောမယ်ဆိုရင် သတိထားပေတော့၊ ကျွန်မဓားက မျက်စိပါတာမဟုတ်လို့ သိပ်ရှောင်နိုင်မှာမဟုတ်ဘူး"

"ဟိုး...ဟိုး....ကျုပ်ကတော့ ကျုပ်ကိုယ်ကျုပ် မချစ်တတ်ဘူးကွယ်"

"ရွှမ်း"

ဓား၏ လျှပ်ရှားသံတရွှမ်းရွှမ်းခနဲပေါ်လာ၏။ဓားရိပ်ကြောင့် အအေးဓာတ်များ လွှမ်းခြုံလာသည်။ ထန်းရင်စန်းက လိုစုရောင်၏ အရေးကြီးသော သွေးကြောများကို ရွေးချယ်တိုက်ခိုက်၏။ တစ်ဖက်က ဓားရှည်၊ တစ်ဖက်က လက်ဝါးဖြင့်တိုက်ခိုက်နေသော်လည်း တိုက်ကွက်များက ရက်စက်ပြင်းထန်လွန်းလှသည်။



ထန်းရင်စန်း၏ တိုက်ကွက်များကို နှေးကွေးလေးလံသည်ဟု ထင်မှတ်ရ၏။ သို့သော် အင်အား အရှိန်အဟုန်ကား လွန်စွာပါ၏။

သူ့လက်နှစ်ဖက်က ပုံစံအမျိုးမျိုးထုတ်ကာ အကွက်ပြောင်း အကွက်လွှဲများစွာ ထုတ်ဖော် တိုက်ခိုက်နိုင်သဖြင့် လက်နက်နှင့်တိုက်ခိုက်သည်ထက်ပင် ပို၍ကြောက်စရာကောင်းလှပေသည်။

လိုစုရောင်မှာ သိုင်းလောက နောက်ပေါက်တစ်ယောက် ဖြစ်သော်ငြားလည်း ပါးနပ်လိမ္မာမှုနှင့် ပြည့်စုံသဖြင့် လည်းကောင်း၊ ကိုယ်ဖော့ပညာမှာ အထွတ်အထိပ်ရောက်အောင် ကောင်းမွန်သဖြင့်လည်းကောင်း၊ ထန်းရင်စန်း၏ ကြောက်စရာကောင်းသော တိုက်ကွက်များကို လိမ္မာ ကျွမ်းကျင်စွာ ရှောင်တိမ်းသွားနိုင်ခဲ့ပေသည်။

တခဏအတွင်း တိုက်ကွက်ပေါင်း လေးဆယ်ကျော်လာခဲ့၏။ ထိုတိုက်ကွက်လေးဆယ်အတွင်း လိုစုရောင် အကြိမ်ကြိမ် သေနိုင်ခဲ့၏။ သို့သော် သူမ လွတ်အောင် ရှောင်တိမ်း တိုက်ခိုက်နိုင်ခဲ့ပေသည်။ အနည်းငယ်မျှသော ထိခိုက်ဒဏ်ရာရရှိမှုကလေးများ ရှိခဲ့သော်လည်း မှုလောက်အောင်တော့ မဖြစ်ပေ။

သူမသည် ထန်းရင်စန်းအပေါ် တိုက်ခိုက်ရင်းမှ မုန်းတီးစိတ်များ ကြီးထွားလာရသည်။ ကြောက်ရွံ့ထိတ်လန့်စိတ်လည်း အနည်းငယ် ဝင်လာသည်။ ထို့ကြောင့် ရှိသမျှ တိုက်ကွက်များကို အစွမ်းကုန် ထုတ်သုံးခုခံရတော့သည်။ သူမ၏

ဓားရိပ်များက စက်ဝိုင်းပမာ ယှက်ဖြာနေသော်လည်း ထန်း၊ ရင်စန်း၏ အထက်စီးမှ ရအောင် မတိုက်ခိုက်နိုင်သေး၊ အောက်စည်းမှသာ ရင်ဆိုင်နေရသည်။

ထန်းရင်စန်းသား ပုဆိန်တစ်လက်က တောင်ထုကြီးကို ဖြိုခွဲသလို လက်ချောင်း၊ လက်ဖဝါးတို့ဖြင့် ခြေခက်မက်ဖွယ်ကောင်းအောင် တိုက်ခိုက်နေ၏။ လိုစုရောင်တလည်း ရန်သူ၏ တိုက်ခိုက်လာသော တိုက်ကွက်များကို အလူးအလဲ ရှောင်တိမ်းခုခံနေရ၏။ သူမအနေနှင့် အောက်စည်းသို့ ရောက်ရှိနေသော်လည်း အရှုံးကား မပေါ်သေးချေ။

ထန်းရင်စန်းမှာ အထက်စီးမှ တိုက်ခိုက်နေရသော်လည်း ကိုယ့်ကိုယ်ကို ရှက်စိတ်ဝင်လာမိသည်။ သူ့အနေနှင့် သိုင်းလောကတွင် ဆယ်နှစ်၊ ဆယ့်ငါးနှစ်ခန့် ထိန်းသိမ်းလာခဲ့သော၊ ကျော်ကြားလာခဲ့သော အသည်နာမတို့ အရွယ်မရောက်သေးသည့် မိန်းကလေးတစ်ယောက် လက်တွင်း၌ အရှုံးအသုံး မခံလိုပေ။ ယခုကဲ့သို့ လက်ရည်တူ ယှဉ်ပြိုင်နေရသည့်အတွက် ရှက်စိတ်နှင့် ဒေါသစိတ် ရောယှက်ခံစားနေရပေသည်။

သူ့လို့လူစားမျိုးသည် ဤကဲ့သို့သော မလောက်လေး မလောက်စား မိန်းကလေးတစ်ယောက်ဆီသို့ ရေရှည်တိုက်ခိုက်နေဖို့မသင့်။ တိုက်ကွက် အနည်းငယ်မျှဖြင့်ပင် အနိုင်ယူနိုင်ရပေမည်။ သူ၏ သိုင်းပညာအဆင့်အတန်းက မြင့်မားလှသော်လည်း လိုစုရောင်၏ ကိုယ်ဖော့ပညာက သူ့ထက် လွန်စွာမှပင် ထက်မြက်နေသည့်အတွက် လွယ်လွယ်နှင့် အနိုင်မရနိုင်



သေးခြင်းဖြစ်ကြောင်း သူသိသည်။ ထို့ကြောင့် သူ့ဒေါသမီးက အလျှံညီးညီး တောက်လောင်လာသည်။ တိုက်စစ်အရှိန်ကိုလည်း တဖြည်းဖြည်းမြှင့်လိုက်သည်။

သူ၏ အရှိန်အဟုန် မြင့်လာသလို လိုစုရောင်၏ ခုခံစစ်ကလည်း မြင်းထန်လာ၏။ ထိုအချိန်မှာပင် ဖန်းရှူသည် လိုစုရောင်ဘက်မှ ကူညီပေးရန် ရောက်ရှိလာခဲ့လေတော့သည်။ သူတို့နှစ်ယောက် ပူးပေါင်းတိုက်ခိုက်လျှင် ထန်းရင်စန်းအား အနိုင်ယူနိုင်လိမ့်မည်ဟု ဖန်းရှူ ယူဆလေ၏။

သူ ရောက်လာသည့်အတွက် လိုစုရောင်မှာ စိတ်မသက်မသာ ဖြစ်မိသည်ကား အမှန်ပင်၊ ထန်းရင်စန်းနှင့် သူမ တိုက်ကွက်ပေါင်း သုံးရာနီးပါး တိုက်ခိုက်ခဲ့ပြီးဖြစ်၍ ဖန်းရှူအနေဖြင့် ထန်းရင်စန်း၏ ပြိုင်ဘက်တစ်ယောက် မဖြစ်နိုင်ကြောင်း သူမ ကောင်းစွာ သိသောကြောင့်ဖြစ်သည်။ သူ ရောက်ရှိလာခြင်းက သူမအဖို့ အနှောင့်အယှက်ပင် ဖြစ်နိုင်သေးသည်ကိုလည်း ကြိုတွေးမိလေ၏။

လောလောဆယ် ရင်ဆိုင်နေရသော ရန်သူမှာ နှယ်နှယ်ရရ ပုဂ္ဂိုလ်တစ်ဦး မဟုတ်ပေ။ အဆင့်မြင့်သလောက် တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်သူတစ်ဦး ဖြစ်နေသည်။ တစ်ကွက်နှစ်ကွက် တိုက်ရုံနှင့်ပင် ဖန်းရှူ၏ အရည်အချင်းကို သိသွားနိုင်သည်။ ဖန်းရှူ၏ ပျော့ကွက်၊ ဟာကွက်များကိုလည်း အလွယ်တကူ တွေ့ရှိသွားနိုင်သည်။ ထိုသို့သိသည်နှင့် တစ်ပြိုင်နက် လိုစုရောင်ကို အဓိကမထားဘဲ ဖန်းရှူကိုသာ ဦးတည် တိုက်ခိုက်ပေလိမ့်မည်။ ထိုအခါ သူမအနေနှင့် ဖန်း

ရှု၏ အသက်အန္တရာယ်ကို ဝင်ရောက် ကာကွယ်ပေးရပေလိမ့်ဦးမည်။ ထို့ကြောင့် ဖန်းရှု ဝင်ရောက်လာခဲ့ပြီ ဆိုသည်နှင့် လိုစုရောင်က အော်ဟစ် တားမြစ်လိုက်ရလေတော့၏။

"အစ်ကို ဖန်းရှု၊ ရှင် အစ်ကိုလုစင်တို့သာ သွားကူပေးလိုက်ပါ၊ ဒီအကောင်ကို လုံးဝ ဝင်မတိုက်ပါနဲ့"

ဖန်းရှု၏ အနေအထားမှာ လုစင်နှင့် အလှမ်းဝေးနေ၏။ လိုစုရောင်နှင့်ကား နီးကပ်နေ၏။ လုစင်တွင် ဒဏ်ရာရရှိနေသော်လည်း ဝမ်ဟိုက ဝင်ရောက်ကူညီခဲ့ပေးနေ၏။ လိုစုရောင်တွင်ကား ထန်းရင်စန်းကို တစ်ယောက်တည်း အောက်စည်းမှ ရင်ဆိုင်နေရသည်။

ဖန်းရှုမှာ လိုစုရောင်၏ ဆိုလိုချက် သဘောတရားကို နားမလည်ပေ။ သူ့အနေအထားအရ သူ့အနေနှင့် အဝေးမှ လုစင်ကို သွားရောက်ကူညီသည်ထက် အနီးမှ လိုစုရောင်ကို ကူညီသည်က ပို၍ ယျော်ကန် သင့်မြတ်နေသည်။ ထို့ကြောင့် လိုစုရောင်၏ တားမြစ်ချက်ကို လက်မခံဘဲ တိုက်ပွဲစည်းဝိုင်း အတွင်းသို့ ခုန်ဝင်ကာ ဓားရှည်ကို ဝှေ့ယမ်း တိုက်ခိုက်လေတော့သည်။

ထန်းရင်စန်းကား လှစ်ခနဲအောင်ပင် ပါးနပ်သူဖြစ်၏။ လိုစုရောင်က အော်ဟစ်တားမြစ်သည်ကို ကြည့်ရုံဖြင့် ဖန်းရှု၏ အခြေအနေ အဆင့်အတန်းကို ကောင်းစွာ နားလည် သဘောပေါက်သွားသည်။ ထို့ပြင် ဖန်းရှု၏ ဓားရှည် ဝှေ့ယမ်းချက်များကိုကြည့်ပြီး သူ့အဆင်အမြင်ပို၍ သေချာသွား



လေ၏။ အဘယ်ကြောင့်ဆိုသော် ဖန်းရှု၏ ဓားချက်များမှာ လုံးဝ အားမပါသောကြောင့်ပေတည်း။

ထို့ကြောင့် ဖန်းရှု၏ အသေအချာ တိုက်ခိုက်လိုက်သော တိုက်ကွက်ကို ခဏစောင့်ပြီး နောက်သို့ ရုတ်တရက် ဆုတ်ရှောင်လိုက်သည်။ ထို့နောက် ဘယ်ဘက်လက်မှ တိုက်ကွက်တစ်ကွက်ကိုထုတ်ကာ တစ်ဆက်တည်းပင် ညာလက်မှ လက်ချောင်းများကို ကြာဖူးသဏ္ဌာန် ပူးယှက်လိုက်ပြီး အလျင်အမြန်ပင် ခုန်ထွက်ကာ ဖန်းရှု၏ အရေးကြီး သွေးကြောများကို ရက်စက်စွာ ထိုးချလိုက်၏။

ဖန်းရှုမှာ တိုက်ကွက် တစ်ကွက်တည်းနှင့်ပင် အကြီးအကျယ် ထိတ်လန့်သွားရသည်။ အားခနဲ တစ်ချက် အော်လိုက်ပြီးလျှင် နောက်သို့ လွင့်စဉ်သွားရ၏။ ဒိုက်အောက်ချက်နေရာတွင် ထန်းရင်စန်း၏ လက်ဝါး အချက်ခံရသဖြင့် လွန်စွာ နာကျင်သွားရသေးသည်။

လိုစုရောင် မနေသာတော့။ ဖန်းရှုမှာ ထန်းရင်စန်း၏ လက်ချက်ဖြင့် အလူးအလဲ ခံရပေတော့မည်။ ထို့ကြောင့် နောက်ဘက်မှ ခုန်ပျံဝင်ရောက်ကာ ထန်းရင်စန်း၏ နောက်ကျောသို့ ဓားရှည်ဖြင့် ထိုးချလိုက်တော့သည်။

"ရွှမ်း..."

လိုစုရောင်၏ ဓားဦးချွန်က ထန်းရင်စန်း၏ ကျောပြင် ဗဟိုတည့်တည့်ဆီသို့ မြွေဟစ်ကောင်အသွား လျှောခနဲ တိုးဝင်သွားသည်။ ထန်းရင်စန်းသာ တိုက်ကွက် မပြောင်းဘဲ ဖန်းရှုကို မရှု ဆက်တိုက်နေမည်ဆိုပါက ဖန်းရှု၏ အရေး

ကြီးသော သေကျွင်း သေကွက် သွေးကြောအား ထိုးပိတ်ကာ ဖန်းရှုအား သုတ်သင်နိုင်မည်မှာ သေချာသည်။ သို့သော် ထိုသို့ တိုက်ခိုက်ပါက လှိုစုရောင်၏ ဓားချက်က သူ့ကျောဖြင့်ကို ထွင်းဖောက်ဝင်သွားပေလိမ့်မည်။

ထိုဓားချက်က သူ့အတွက် အသေအရှင် မခန့်မှန်းနိုင်၊ မည်သို့ပင်ဖြစ်စေ ဖန်းရှုကို သတ်လိုက်နိုင်သော်လည်း မိမိအနေနှင့် ဒဏ်ရာအနာတရ ဖြစ်ခဲ့လျှင် လှိုစုရောင်ကို မည်သို့မျှ ယှဉ်နိုင်တော့မည်မဟုတ်။ ယှဉ်ဦးတော့ အောက်စည်းမှ အလုံးအလဲ ရင်ဆိုင်ကာ ကွယ်ရပေတော့မည်။

ထို့ကြောင့် ထန်းရင်စန်းက လမ်းခုလတ်မှာပင် သူ၏ တိုက်ကွက်ပုံစံကို ပြောင်းလဲလိုက်တော့သည်။ သူမ၏ဓားချက်မှ ကျွမ်းသုံး ရှောင်တိမ်းလိုက်ရသည်။

“ကောင်မစုတ်လေး၊ မင်းက သေလမ်းကို အတင်းစင် လျှောက်ချင်တာကိုး၊ ငါ့ရဲ့နည်းနည်းလောက်မှအကြောင်း မပြလိုက်ရရင် ဒီလိုပဲ အတင့်ရဲနေဦးမယ်”

ပြောပြောဆိုဆို ဘယ်လက်မှ အင်္ကျီစကိုလှစ်ဟကာ ညာလက်မှာ ဓားအောက်ဘက်သို့ စိုက်ချသည်။ တစ်ချိန်တည်းမှာပင် လှိုစုရောင်အား ကြောက်မက်ဖွယ်ရာ တိုက်ခိုက်တော့၏။ သူ့တိုက်ကွက် ဦးတည်ချက်က လှိုစုရောင်၏ ရင်ဘတ်ဆီသို့ သွားသည်။ လှိုစုရောင်၏ လက်တစ်ဖက်က ရင်ဘတ်ကို ကာကွယ်ထား၏။ ကျန်လက်တစ်ဖက်ဖြင့် ရန်သူ၏တိုက်ကွက်ကို တွန်းထုတ်ခုခံလိုက်ရသည်။ ပြင်းထန်သော အားလှိုင်း အချင်းချင်း လမ်းခုလတ်တွင် တွေ့ဆုံသွားကြသည်။



“ပုန်း”

လှိုစုရောင် တစ်ကိုယ်လုံး တုန်ခါသွား၏။ လက်မောင်းနှစ်ဖက်စလုံးသည်လည်း ထုံကျဉ်သွားကာ အနေရအထိုင်ရခက်နေတော့သည်။ နောက်ထပ် ထိပ်တိုက် တွေ့ဆုံတိုက်ခိုက်ရန် မစဉ်းစား စိတ်မကူးရဲတော့ချေ။

အခြားတစ်ဖက်တွင်လည်း လုစင်သည် ရှီသျှုခွန်အားတို့ကို အစွမ်းကုန် ထုတ်ဖော်ကာ တိုက်ခိုက်နေ၏။ နောက်ဆုံးတွင်မူ သူနှင့် ရင်ဆိုင်နေရသော ရန်သူကို သုတ်သင်နိုင်လိုက်သည်။

လုစင်မှာ ခွန်အားကုန် ထုတ်သုံးလိုက်ရမိသောကြောင့် ဘယ်ဘက်လက်မောင်းမှဒဏ်ရာက သွေးများ ဒလဟော ယိုထွက်ကာ မူးနောက်နောက်ဖြစ်လာတော့၏။ ထို့ကြောင့် ထိုနေရာမှာပင် ထိုင်ချလိုက်ရတော့သည်။

လှိုစုရောင်သည် လုစင်၏ ရန်သူအော်သံကြားလိုက်ရသဖြင့် မသိမသာ ခိုးကြည့်မိ၏။ လုစင်တစ်ကိုယ်လုံး သွေးများစိုရွှဲနေပြီး မြေပြင်ပေါ် ထိုင်ချနေသည်ကို တွေ့လိုက်ရသောအခါ စိတ်ပူသွားသည်။ မိမိဒဏ်ရာများသည်ပင် နာကျင်နိုင်ခြင်း မရှိတော့ချေ။ သူမ၏ဒေါသများ ပေါက်ကွဲလာတော့သည်။ သူမ၏တိုက်ကွက်များမှာလည်း ပြင်းထန်သည်ထက် ပြင်းထန်လာတော့သည်။

သိုင်းလောက၏ အောက်လမ်းသိုင်းဂိုဏ်းများတွင် ထိပ်သီးသိုင်းသမား မြောက်မြားစွာရှိရာ ထန်းရင်စန်းမှာ ထိုအထဲမှ တစ်ယောက်ဖြစ်သည်။ လှိုစုရောင် ဤကဲ့သို့ တိုက်ခိုက်လာပြီ

ဆိုသည်နှင့် သူ့အသက်ကိုယ်မသေတိုက်ကွက်များ ထုတ်သုံးတော့ မည်ဆိုသည်ကို ကောင်းစွာ နားလည်သည်။ မိမိ အနေနှင့် တိုက်ကွက်ပေါင်းနှစ်ရာကျော် သုံးရာ ရင်ဆိုင်ရသည့်တိုင် ဤ မိန်းကလေးကို အနိုင်မရရှိနိုင်သေးပေ။ ထို့ကြောင့် သူက လည်း ရှိုစုရောင်ကဲ့သို့ပင် သူ့အသက်ကိုယ်မသေ တိုက်ကွက်များ ထုတ်သုံးလေတော့သည်။

တိုက်ကွက် ဆယ်ကွက်ခန့် ထပ်မံ တိုက်ခိုက်ပြီးသောအခါ အုန်းမောင်းခေါက်သံသုံးချက် ပေါ်ထွက်လာခဲ့၏။ ထိုအခါ စန်းနှင့်ယာဘူ ပါလာကြသူများမှာ သေကျေဒဏ်ရာရသူများ ချည်း ရှိတော့၏။ ဒဏ်ရာမရသူဆို၍ ယူတာမပေါ်တော့သလောက်သာ ရှိ၏။ ထိုအချိန်ကြောင့် ယန်းရင်စန်း အားရှုံးပျက်၏။ သူ ဆက်လက်တိုက်ခိုက်နေလျှင် မိုးသားသင်းသွားတော့မည်။ အနိုင်ရနိုင်စေကာင်း မနိုင်ညီဘူးတော့သည်။ အရှုံးနှင့် ရင် ဆိုင်ရကောင်း ရင်ဆိုင်ရသည်ဟုလည်း တွေးသည်။ နေ တော့ သူ ဆုတ်ရန် ဆုံးဖြတ်လိုက်တော့၏။

အဆယ်ကွက်မြောက် ကွက်ဟင်ကွက်ဖြင့် ရဲဘက်ပခုံးပေါ်သို့ ရိုက်ချလိုက်ပြီးလျှင် တိုက်ပွဲစည်းဝိုင်းအတွင်းမှ အလျင် အမြန် ခုန်ထွက်ပြေးသွားလေတော့သည်။

★

## အခန်း (၁၀၁)

### သျှိုဖုက်ခြေသံ

ယန်ကျူကျူမှာ ကူးခေအာ်စန်းတောင်ပေါ်သို့ လာခဲ့စဉ်က မျှော်လင့်ရင်ခုန်ခဲ့ရသလိုပင် ကူးခေအာ်စန်းတောင်ပေါ်မှ ပြန်အဆင်းတွင်လည်း ရင်ထဲတွင်မျှော်လင့်ကြည်နူးနေမိသည်။ အသွားကုန်းက သံသယစိတ်အနည်းငယ် ရှိခဲ့သော်လည်း ယခုအပြန်တွင်ကား ရှေ့ရှုသည့် ရှင်းလင်းပီပြင်သွား လေပြီဖြစ်၏။ တောင်ပေါ်မှ တောင်ဆင်းသောလမ်းတွင် အိုယန်ဝေ နှင့် ခရီးစဉ်ခဲ့ ပိုမိုသေသာကြောင့် သူ့ခြေလှမ်းများ နှေးကွေး သော်လည်း တောင်ပေါ်မှ အတော်အတန်ဝေးလျှောက် မိသောအခါ သူ့ခြေလှမ်းတို့က လှုပ်လက်ဖျတ်လတ်လာကြ သည်။

ယနေ့ည ကူးခေအာ်စန်းတောင်ပေါ်တွင် သူ တွေ့ကြုံဖြစ် ပျက်ရသည့်ပြဿနာများကို လုစင်အား ဖွင့်ဟပြောဆို တိုင်ပင်

လိုပေသည်။ ထို့ကြောင့် တဲ့တုံအိမ်တော်သို့ ခြေလှမ်းသွက်သွက် ပြေးလာခဲ့မိတော့သည်။ တံခါးမကြီးကို ဖြတ်ကျော်ဝင်ရောက်လိုက်မိသည်နှင့် လှစင်၏ရေရွတ်သံများကို ကြားလိုက်ရသည်။ ထိုအသံက သူ့အား လွန်စွာအံ့သြစေသည်။

"မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ နောင်ကြီးလန် ကျိန်းသေပြန်လာလိမ့်မယ်"

လန်ကျုံကျူသည် မတင့်နားမထောင်နိုင်အားပေ။ အခန်းထဲ ပြေးဝင်လိုက်မိ၏။

"ညီလေး လှစင်၊ ငါပြန်လာပြီ၊ ဘာပြဿနာတွေ ဖြစ်နေလို့လဲ"

အခန်းထဲရှိ လူလေးငါးယောက်က လန်ကျုံကျူကိုလှည့်ကြည့်ကြလေ၏။ လန်ကျုံကျူက အားလုံးတို့ တစ်ချက် မျက်စိတစ်ားကြည့်ရှုလိုက်ရာ လှစင်၏ ဘယ်ဘက်လက်မောင်းဆီသို့ မျက်လုံးများ ရောက်သွားခဲ့သည်။

လှစင်က လန်ကျုံကျူ၏ စိုးရိမ်တကြီးအမူအရာကို တွေ့လိုက်ရသောအခါ စိတ်မပူရလေအောင် အလျှင်အမြန် နှစ်သိမ့်ရလေ၏။

"ဒါက နည်းနည်းပါးပါးပါဗျာ၊ ဘာမှဖြစ်လောက်တဲ့ ဒဏ်ရာမဟုတ်ပါဘူး၊ ပြောစမ်းပါဦး၊ ဒီတစ်ပွဲ အိုယန်စေနဲ့ တိုက်ခိုက်တာ အခြေအနေဘယ်လိုရှိသလဲ"

လန်ကျုံကျူမျက်နှာ ရဲသွားသည်။ ရှက်ပြုံး ပြုံးလိုက်သည်။



"အတီး"

"ဘာရယ်နေတာလဲဗျ၊ မေးတာကို ဖြေစမ်းပါဦး"

"ပြောမနေပါနဲ့တော့ကွာ၊ လူဆိုတာ စိတ် ဖြတ် သတ်သွားတာပါပဲ"

လှစင်က လန်ကျုံကျူကို သံသယမျက်လုံးများဖြင့်ကြည့်၏။ ထို့နောက် မယုံကြည်သောလေသံဖြင့်—

"စိတ်ဖြတ်သတ်သွားတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဗျာ၊ ဒီလိုဆိုရင် ခင်ဗျားက ဘယ်လိုလုပ်ပြီး ဒီလိုပြန်လာနိုင်ရတာလဲ"

လန်ကျုံကျူက ပြုံး၍ပြောသည်။

"သူ...သူကသာ မသတ်ညှာခဲ့ရင် ငါ...ငါ အခုလောက်ဆို..."

လှစင် ဝမ်းသာသွား၏။ လက်မှဒဏ်ရာကိုပင် သတိမထားတော့ဘဲ ခုန်ထလိုက်၏။

"ဟာ...တော်ပြီ၊ ဒီလိုဆိုဖြစ်ပြီ နောင်ကြီးလန်၊ ခင်ဗျား အရှုံးထဲက အနိုင်ရလိုက်ပြီ၊ ရန်သူတစ်ယောက်ကို ရှိုယ်ဘက်ပါအောင် စည်းရုံးသိမ်းသွင်းနိုင်ခဲ့ပြီ၊ ကဲ...ခဏလောက် အနားယူလိုက်ဦး၊ ကျုပ်ကတော့ ဘာမှမဖြစ်ပါဘူးဗျာ"

လှစင် မည်သို့ပင်ပြောစေ တဲ့တုံအိမ်တော်၌ တစ်စုံတစ်ခု ဖြစ်ခဲ့ပြီဆို လန်ကျုံကျူ သိပေသည်။ လန်ကျုံကျူလည်း လူပါးပင်။

"ဘာကိစ္စတွေ ဖြစ်လာခဲ့တာလဲ ညီလေး၊ ဆရာကြီးလိုတင်ဆင့် ဘာမှမဖြစ်ပါဘူးနော်"

"ဟင့်အင်း…ဘာမှမဖြစ်ပါဘူး"

အားလုံးက ပြုံးရွှင်စွာပြောလိုက်ကြ၏။ ထိုအခါကျမှ လန်ကျုံကျူ စိတ်သက်သာရာရသွားသည်။ လူစင်အား စကားအနည်းငယ် ပြောဆိုပြီးလျှင် အနားသွားလိုက်၏။ ထိုနေရာ၌ အခြားသူများအား မည်သည့်အကြောင်းကိစ္စများဖြစ်ပျက်ပေါ်ပေါက်ခဲ့သည်ကို မေးစမ်းကြည့်၏။ ထိုသူများက ဖုံးကွယ်ထားတဲ့ အားလုံးကို အမှန်အတိုင်း ပြောပြကြသည်။

လန်ကျုံကျူမှာ ထိုအကြောင်းများကို ကြားလိုက်ရသောအခါ စိတ်လှုပ်ရှားသွားရသည်။

"တောင်တော်လျင်တဲ့ ကောင်လေးပဲ၊ ငါက အိုယန်ဝေကို သူတို့နဲ့ ထိပ်တိုက် မတွေ့ဆုံမိစေဖို့ကိုတောင် ဖျောင်းဖျခဲ့ရသေးတယ်၊ သူတို့ကတော့ ဒီထိအောင်လာပြီး ဆရာကြီးထိုင်ခင်ဆင့်ကို လှုံကြစော်ကားကြတယ်၊ ဖန်းရှုံနဲ့ လူစင်တို့နှစ်ယောက်သာ အသေအကျေ မခုခံခဲ့ရင်၊ ညီမလေး လိုရှောင်ကလဲ တင်ဖက်တစ်လမ်းက ဝင်မကယ်ခဲ့ရင် ပြဿနာကြီးကြီးကျယ်ကျယ် ဖြစ်လာမှာ ကောနော်ပဲ၊ ဒီလိုဖြစ်လာမယ်မှန်းသိရင် သူတို့ကိုတစ်နည်းနည်းနဲ့ ရှင်းလင်းပစ်လိုက်ဖို့အိုယန်ဝေကို ပြောမိပါရဲ့"

မနေချင်စိတ်ဖြင့် ထိုအတွေး တွေးလိုက်မိသော်လည်း တစ်ခဏတည်းမှာပင် ဂုဏ်သိက္ခာ ထိခိုက်သွားနိုင်ပေသည်။ ထို့ကြောင့် လန်ကျုံကျူ သက်ပြင်းချလိုက်တော့သည်။

အိုယန်ဝေ၏ အကြောင်းကို တွေးမိပါမှ ယခုအချိန်အထိလုံး အိုယန်ဝေများ သိရှိနေလေသလားဟူ၍လည်း သံသယဝင်



ရှိလိမ့်မြန်သည်။ တာ့ထုံးအုပ်ဖော်တွင် တိုက်ခိုက်ခြင်းပြုမည်ကို ကြိုတင်သိရှိထားသောကြောင့် မိမိကို တစ်ဖက်လှည့်နှင့် ဖျောက်သွားခဲ့လေသလား၊ သူမရှိပါမှ တန်းရင်စန်း တစ်ယောက် လွှတ်လွှတ်လပ်လပ် လှုပ်လှုပ်ကြွကြွ ဟောဒရမ်းနိုင်အောင် စီစဉ်သလားဟု တွေးမိပြန်သည်။

သို့သော် ထိုအတွေးကို ဖျောက်လိုက်သည့်အကြောင်းအရာများလည်း ရှိနေသေး၏။ အိုယန်ဝေသည် သူ့ထက်သိုင်းပညာအဆင့်အတန်း လွန်စွာမှမြင့်မားနေသည်။ ဤအဖြစ်ကို ကြိုတင်သိထားပြီး အဓကဘက်ဉာဏ်ဆင်လိုလျှင်သူ့ကိုပထုတ်သွားမည် မဟုတ်ပေ။ တန်းရင်စန်းနှင့်အတူတကွ ရောက်လာရုံသာပင် ရှိ၏။ ထိုသို့ထင်မြင်မိလိုက်သောအခါမှ သူ့ရင်ထဲတွင် အပေါ့ပါးသန့်ဆန်းသွားသည်။ အိုယန်ဝေ အပေါ်တွင်လည်း သံသယဖြစ်စိနေခြင်းကြီး တစ်ရစ်တင်းမိပြန်သည်။

လှုဂင်မှာ အနားယူနေသော်လည်း အိပ်ပျော်ခြင်းကား မရှိချေ။ လန်ကျုံကျူ တစ်ယောက် လင်းဆန်းတက်ကြွနေသည်ကို ကြည့်ခြင်းဖြင့် အခြေအနေ ထူးခြားကောင်းမွန်မှုရှိရမည်ကို သူသွေးမိပေသည်။

အကျိုးအကြောင်းကို မေးမြန်းလိုသော်လည်း အခန်းထဲတွင် အခြားသူများရှိနေသောကြောင့် မေးရန်မဖြစ်နိုင်ခဲ့ပေ။ လန်ကျုံကျူကလည်း မပြောဘဲနေခဲ့သည်။

ထို့ကြောင့် တစ်နေ့သာ ကုန်ဆုံးသွားသည်။ အခန်းထဲမှလူများလည်း သက်သောင့်သက်သာ နေထိုင်ရန် အသီးသီးထွက်ခွာ

သွားကြသည်။ ထိုအခါကျမှသာ လုစင်က လန်ကျုံကျုံကို မေးခွန်းထုတ်နိုင်တော့သည်။

"နောင်ကြီးရွှန်၊ ခင်ဗျားမနက်တုန်းက တိုက်ပွဲရှုံးခဲ့တယ်လို့ ကျုပ်ကိုပြောခဲ့တယ်နော်၊ အဲဒါဘယ်လိုဖြစ်ပျက်ခဲ့တာလဲ ဆိုတာ ကျုပ်ကို ပြောပြစမ်းပါဦး"

လန်ကျုံကျုံ နှုတ်ပြင်နေစဉ် လူရိပ်တစ်ရိပ်သည် သူတို့အနီးသို့ ဖျတ်ခနဲ ဝင်ရောက်လာသဖြင့် လန်ကျုံကျုံ တအံ့တသြ မော့ကြည့်မိသည်။ လို့စုရောင်ဖြစ်နေ၏။ သူမက နှုတ်ခြိုထ်ရွှင်လန်းစွာ ပြုံးလိုက်ပြီး—

"ဘာကိစ္စတွေမို့လို့ ဒီလောက်တောင် လျှို့လျှို့ဝှက်ဝှက် လုပ်နေကြရတာလဲ၊ ကြည့်ရတာ အစ်ကိုကြီးလန် မမအိုယန်ဝေကို အပိုင်အနိုင် ပြောလာခဲ့ပြီထင်တယ်"

လန်ကျုံကျုံမှာ လို့စုရောင်က သူ့တို့ကြည့်ပြီး စိတ်ဝင်စားဖွယ် ကောင်းသော လျှို့ဝှက်ချက် တစ်စုံတစ်ရာ ရှိနေမည်ကို ကောင်းစွာ နားလည်၏။ ထို့ကြောင့် ကျီစယ်သည့် လေသံဖြင့်....

"ပြောလေ အစ်ကိုကြီးလန်၊ အချင်းချင်းတွေပဲ ဥစ္စာ၊ ဘာမှ ကြောက်ရွံ့နေစရာ မလိုပါဘူး"

လုစင်ကလည်း—

"တုတ်ဆားပဲဗျာ.... ပြောမှာသာ ပြောလိုက်စမ်းပါ၊ အားလုံးသိနေတော့ ပိုကောင်းတာပေါ့"

လန်ကျုံကျုံ မတတ်သာတော့ဘဲ ကူးအော်စန်း တောင်ပေါ်တွင် အိုယန်ဝေနှင့် ကြုံတွေ့ဖြစ်ပျက်ရသည့်အကြောင်း



များ ပြောပြလိုက်ရသည်။ လို့စုရောင်မှာ မိန်းမသားဖြစ်၍ မိန်းမသား သဘောသဘာဝများကို နားလည်သည်။ လန်ကျုံကျုံ စကားကို ပြုံးရယ်စွာ နားထောင်ပြီး ကြားဖြတ် မေးခွန်းတလေးများ မေးဘတ်၏။ လက်ကိုင်ပဝါအကြောင်း ရောက်သောအခါ သူမက....

"ဘယ်လိုလက်ကိုင်ပဝါလဲ အစ်ကိုကြီးလန်၊ ကျွန်မကို ပြလို့ဖြစ်ရင် ပြပါလား"

လန်ကျုံကျုံ သူ့လက်ကိုင်ပဝါလေးကို ထုတ်ပြလိုက်၏။ လို့စုရောင်က ဖြန့်ကြည့်လိုက်ပြီးလျှင် အိုယန်ဝေကို ချီးကျူးစကား ဆို၏။

"မမအိုယန်ဝေဟာ သိုင်းပညာ ထက်မြက်တဲ့အပြင် အလှအပကိုလဲ ကြိုက်ဘတ်သားပဲ"

ထို့နောက် လန်ကျုံကျုံဘက်သို့လှည့်ကာ...

"အစ်ကိုကြီးလန်၊ နောက်နောင် ရှင် အိုယန်ဝေဆီက အကူအညီတွေ အများကြီး ရစရာ ရှိနေပြီ၊ အဲဒီအခါကျမှ အစ်ကိုကြီး ဖိုပျော်ရမှာ"

လန်ကျုံကျုံ ရှက်ပြုံးပြုံးလိုက်၏။ သို့သော် သူ့စိတ်ထဲတွင်ကား အတော်တလေးပင် ဝမ်းသာကျေနပ်နေမိသည်။ လုစင်ကလည်း ထိုလက်ကိုင်ပဝါလေးကို ယူကြည့်ပြီး လှပကြောင်း ချီးကျူး၏။ သုံးယောက်သား စကားကောင်းနေကြစဉ်မှာပင် လို့စုရောင်က ရုတ်တရက် မျက်နှာ အမူအရာ ပြောင်းသွား၏။ လုစင်က နားမလည်နိုင်ဘဲ မေး၏။

"ဘာဖြစ်လို့လဲ၊ ဘာကြောင့် မျက်နှာပျက်သွားရတာလဲ ဦးရော်"

"ရှူး...စကားမပြောနဲ့၊ တိတ်တိတ်နေ"

လှေခင်းရော သန့်ကျုံကျုံ ဟုအသံသင့်သွားကြ၏။ ထို့နောက်က ဆက်လက်၍ တီးတိုးပြောလာသည်။

"ခင်ဖို့ကြီးဝန်၊ ရှင် အင်္ကျီလက်ရင် စောင်ခြုံ့ထား လိုက်ဦးနော်၊ ကျွန်မ အပြင်ထွက်ကြည့်လိုက်ဦးမယ်"

သူမသည် စကားဆုံးသည်နှင့် လှစ်ခနဲ ပြေးထွက်သွားလေတော့၏။

*

အခန်း (၁၂)

သတင်းတစ်ပုဒ်

မျိုးစုဝေ့ခင်သည် အိမ်ခေါင်မိုးပေါ်သို့ ခုန်တက်လိုက်သည်။ အမှုပ်ရှစ်မျက်နှာသို့ မျက်စိကစေ့လှိုက်သည်။ သို့သော် ဖော်စည် အညှိုသူရိပ်လေးမယောင်ကိုမျှ မတွေ့ရချေ။

သူမ သံသယစိတ် အနည်းငယ်ဝင်သွားမိသည်။

"ငါ့မျက်စိ မှားကြားမှားလို့လား၊ ဟုတ်သေးပါဘူး၊ ငါ့နားနဲ့ဆတ်ဆတ် သေသေချာချာကို ကြားခဲ့ရတာပဲ"

သူမသည် စဥ်စဥ်ဝါဖြင့် မျှော်မှောင်ကလေး ကြွတ်ရှိုက်ပြီး ပတ်ဝန်းကျင်ကို ကြည့်မိပြန်လေ၏။ အိမ်ယောင်ဆဲမွဲ့စည်းပုံ အလာအသား ပတ်ဝန်းကျင်အနေအထားကို သူမ ကောင်းစွာ နားလည်၏။ ထို့ကြောင့် တစ်နေရာအတွင်းမှာပင် လူ တစ်ယောက် ပုန်းအောင်းနေနိုင်သည့် နေရာတစ်ခုသို့ မျက်စိ ရောက်သွားလေတော့သည်။

လှိုစုရောင်က ကျိတ်၍ ကြိတ်ပြင်ဆင်မှု ပြုလုပ်ပြီး ထိုလူပုန်းအောင်းနေသည့်ကျုံ မသိသယောင် လျှောက်သွားသည်။ ထိုလူရိပ်နှင့် ဆယ်ကိုက် အကွာသို့ ရောက်လာမိသည်နှင့် ထိုလူရိပ်မှာ မိန်းကလေးတစ်ယောက် ဖြစ်ကြောင်း ရိပ်မိလိုက်လေ၏။

အိုယာနီဝေများ ဖြစ်နေသလား၊ ဘာကြောင့် ဒီကို လာရ မြန်တာလဲ၊ မနေ့ညကပဲ နေခင်ကြီးလန်ရဲ့ စကားတွေ တပ်ကြီး ပြောခဲ့ကြပြီးပြီပဲ၊ ဒါ့ကြောင့်မှ အားမရနိုင်သေးဘူးလား မသိဘူး။

လှိုစုရောင်စိတ်ထဲ သံသယ အနည်းငယ် ဝင်ရောက်လာမိသဖြင့် ထိုလူရိပ်နှင့် နီးနိုင်သမျှ နီးအောင် ကပ်သွားလိုက်၏။ မှောင်ရိပ်တွင်းမှ မိန်းကလေးကလည်း သူမကို လှိုစုရောင် တစ်ယောက် မမြင်မတွေ့ဟု ထင်မှတ်နေ၏။ အသံမထွက် မလှုပ်မရှားဘဲ အသာငြိမ်နေလိုက်၏။

ထိုအချိန်မှစပင် လှိုစုရောင်က သူမဘက်သို့ တည့်တည့် တန်းတန်း လျှောက်လာခဲ့သည်။ အမှောင်ထဲမှ မိန်းကလေး ဗိတ်ထဲတွင် ထင့်လာ၏။ လှိုစုရောင်နှင့် ဝေးရာဘက်သို့ ပြေးထွက်ရန် နောက်သို့ မျက်နှာမူလိုက်၏။ သို့သော် လှိုစုရောင်က သူမထက်ပို၍ လျင်မြန်သွက်လက်နေသည်။ ရိုပ်ခနဲပင် သူမရှေ့သို့ ရောက်ရှိလာသည်။

ထိုမိန်းကလေး အလွန်အမင်း အံ့အားသင့်သွား၏။ လှိုစုရောင်၏ လျင်မြန်ပေါ့ပါးမှုထက် လှိုစုရောင်ကို မိန်းကလေး တစ်ယောက်အဖြစ် တွေ့သိ လိုက်ရသောကြောင့်ပင်တည်း။



လှိုစုရောင်သည်လည်း အနီးကပ် မျက်နှာချင်းဆိုင်မိလိုက်မှပင် အိုယာနီဝေဖြစ်နေကြောင်း သိလိုက်ရသည်။ အိုယာနီဝေက သူမတို့ ပေးကြောင်ကြောင် ကြည့်နေ၏။

သူမကသာ အိုယာနီဝေ၏ တစ်ဖက်သတ် ချစ်ခြင်းမေတ္တာကို စိတ်ထဲက ကျိတ်၍ ရယ်လိုက်မိပြီး မေးမိသည်။

"ရှင်က မမ အိုယာနီဝေလား၊ အစ်ကိုကြီး လန်ကျုံကျူ့ လာရှာတာ မဟုတ်လား"

အိုယာနီဝေမှာ လှိုစုရောင်တို့မသိ။ လူဝင်ကိုသာ သိထား၏။ လှိုစုရောင်နှုတ်မှ ယခုကဲ့သို့ တဲ့တိုးကြီး ပွင့်ပွင့်လင်းလင်း မေးသကြားလိုက်ရသောအခါ အိုယာနီဝေမှာ အကြီးအကျယ် ရှက်သွေးတက်သွားရသည်။

သို့သော် မှောင်နေသဖြင့် သူမ၏မျက်နှာ အသွေးအရောင် ပြောင်းလဲပုံကို လှိုစုရောင် မသိမြင်နိုင်ပါ။

"ရှင်က ဘယ်သူလဲ၊ ကျွန်မတို့ကော ဘယ်လိုလုပ် သိသလဲ"

လှိုစုရောင် ပြုံးလိုက်၏။ သူမ၏အပြုံးက နှစ်လိုဖွယ်ကောင်း အပြည့်ပါဝင်နေပေသည်။ အိုယာနီဝေအနီးသို့ လျှောက်လာပြီးလျှင်—

"အဟင်း....ဟင်း၊ မသိဘဲနေပါ့မလားရှင်ရယ်၊ သိပ်သိတာပေါ့၊ မမအိုယာနီဝေ အစ်ကိုကြီးလန်ကို တွေ့ချင်တယ်ဆိုရင်တော့ အခန်းထဲမှာရှိနေလေရဲ့၊ ကျွန်မ အခုပဲ သွားခေါ်ပေးပါမယ်"

လိုစုရောင် လှုပ်ရှားတန်ပြင်၏။ အိုယန်ဝေက ဘားလား ကြွက်၏၊ အမှန်အတိုင်းဆိုလျှင် အိုယန်ဝေ ရောက်လာရခြင်း ရည်ရွယ်ချက်သည် လန်ကျူကျူကို တွေ့ရှိလိုခြင်းပင် ဖြစ်ပေသည်။ သို့သော် အရှက်ကြီးသော မိန်းကလေးပီပီ လိုစုရောင် က ယခုကဲ့သို့ တည့်တည့်ရှင်းရှင်းကြီး မေးလာသောအခါ ချက်ချင်း ဝင်ပြီး လိမ်လွှဲစကားဆိုရသည်။

"အို…နေပါဦး၊ သူ့ကို ကျွန်မ မတွေ့ချင်လို့မဟုတ်ပါ ဘူး ရှင်။ ဘယ်သူလဲ၊ ရှင်တို့ကို ကျွန်မ သတင်းတစ်ခုမေး ချင်တယ်"

အိုယန်ဝေထံမှ သတင်းအချို့အနရမည်ဟု ကြားလိုက်ရ သဖြင့် လိုစုရောင် ရင်ထဲတုန်ခါသွားရသည်။ အလျင်စလို ဝင် ကိုယ့်ကိုယ်ကို မိတ်ဆက်ပေး၏။

"ကျွန်မနာမည်က လိုစုရောင်ပါ၊ အစ်ကိုကြီး လန်ကျူ ကျူရဲ့ မိတ်ဆွေပါ၊ ဘာသတင်းများ မေးချင်လို့ပါလဲရှင်"

လန်ကျူကျူ၏ မိတ်ဆွေဆိုသောကြောင့် အိုယန်ဝေက လိုစုရောင်ကို ခြေဆုံး ခေါင်းဖျား အကဲခတ်ကြည့်လိုက်၏။ လိုစုရောင်ကို အကြိမ်ကြိမ် ဝေ့ဝေ့ကြည့်ရှုပြီးမှ ခေါ်ပေါ် ပေါ်သော အသံဖြင့်…

"သိပ်ပြီး အရေးကြီးလှတယ်တော့ မဟုတ်ပါဘူးရှင်၊ နေ့က ကျွန်မကြားခဲ့ရတဲ့ သတင်းလေး ရှင်တို့ကို ပြောပြချင် လာနဲ့ လာခဲ့ရတာပါ"

"ဘာသတင်းပါလိမ့်၊ ကျွန်မသိခွင့်ရှိရင် သိပါရစေ"



"သိခွင့်ရှိပါတယ်ရှင်၊ အဲဒါကတော့ ရှင်တို့ပျော်ကြီးမင်း လိုထင်ဆင့်တဲ့ ဝမ်ကျင်ရဲ့ လက်ချက်ကြောင့် လက်ရှိရာထူးက နေ ပြုတ်တော့မယ်ဆိုတာပါပဲ"

လိုစုရောင် မချိပြုံးပြုံးလိုက်၏။ သာမန်အချိန်တွင်ဆိုလျှင် မိမိ၏ ဖခင်ဖြစ်သူ ရာထူးပြုတ်ရမည်ဆို၍ စိတ်လှုပ်ရှား ဝမ်း နည်းကောင်း ဝမ်းနည်းမိပေ လိမ့်မည်။ ယခုလို ဝမ်ကျင်ကဲ့သို့ သော လူမျိုးက ရာထူးပြုတ်အောင် လုပ်ခြင်းအတွက်မူ လိုစု ရောင် လုံးဝ ဝမ်းမနည်းချေ။ ဝမ်ကျင်အပေါ် အမုန်းတရားကြီး မုန်းတီးနေခဲ့သောကြောင့် ဖခင်က သူ၏ [illegible] သူလို ညစ်ရာထူးမှ နုတ်ပယ်ဖို့ အကြိမ်ကြိမ် နား[illegible] သည်။ ထိုထင်ဆင့်က သဘောမတူခဲ့ပေ။ အကြောင်းမှာ [illegible] ဆို တွင် ရှိနေလျှင် တိုင်းပြည်နှင့်သူ့ချီးအတွက် အကျိုးရှိမည်ဟု ယုံကြည်ယူဆသောကြောင့် ဖြစ်သည်။

နေပြည်တော်က ထရုတ်ကောဆုတ်မှ သူ့အား ရာထူးမှ ရွှေ့ပြောင်းခြင်း၊ ထုတ်ပယ်ခြင်းမှအပ မည်သည့်အခါမှ ယခုမျှ သူ့ရာထူး ကို မစွန့်လွှတ် မရွှေ့ပြောင်းဟု သန္နိဋ္ဌာန်ချထားခဲ့ ပေသည်။

လိုစုရောင်က အိုယန်ဝေအား အေးအေးဆေးဆေးကောင် ပြော၏။

"ဒါက ဘာအရေးကြီးတာမှတ်လို့လဲ၊ ဒီလိုရာထူးမျိုး ပေါပေါပေါဖီးဖီးကတည်းက စွန့်လွှတ်ဖို့တောင် ကောင်းတာ၊ ဘာမှ မက်မောနေစရာမရှိပါဘူး"

ထိုစကားကြောင့် အိုယန်စေစိတ်ထဲ တုန်လှုပ်သွား၏။ လှိုစုရောင်ထံ့ နားမလည်နိုင်သလို ကြည့်လိုက်ပြီး မေး၏။

"ရှင်နဲ့ လူကြီးမင်း လှိုထင်ဆင့်က ဘယ်လိုတော်စပ်လို့လဲ"

လိုစုရောင်က ပြုံးပြုံးကလေး ပြောလိုက်၏။

"မမကို မလိမ်မညာစတမ်း ပြောရရင် မမပြောတဲ့ လူကြီးမင်း လိုထင်ဆင့်ဆိုတာ ညီမရဲ့ ဖေဖေပါပဲ"

အိုယန်စေမှာ တိုက်ခနဲ ဖြစ်သွားရှာလေ၏။

"မနေ့ညက ကျွန်မဆရာနဲ့ ယှဉ်ပြိုင်ခဲ့တာ ရှင်လား"

လိုစုရောင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ မမရဲ့ဆရာက သိုင်းပညာမှာ တကယ့်ကို ထက်မြက်လွန်းတာပါပဲ၊ သူသာ သက်သက်ညှာညှာ မတိုက်ခိုက်ခဲ့ရင် ညီမ အခုလို အသက်ရှင်နေနိုင်မှာ မဟုတ်တော့ပါဘူးရှင်"

လိုစုရောင်၏ ကိုယ့်ကိုယ်ကို နှိမ့်ချစကားကြောင့် အိုယန်စေ စိတ်ထဲတကျိတ်ကျိတ် ချီးကျူးလိုက်၏။

"ဒီမိန်းမကလေး တကယ်ပဲ သိုင်းပညာဒီလောက်တောင် ရှိနေရဲ့လား၊ မနေ့ညက ဆရာနဲ့ လက်ရည်ချင်းယှဉ်ခဲ့တာ တကယ်သူပဲလား"

လိုစုရောင်မှာ နွဲ့နွဲ့နှောင်းနှောင်း ပြေပြေပြစ်ပြစ် ချောမောသူလေးတစ်ယောက် ဖြစ်ပေသည်။ ထိုကဲ့သို့သော နုနုငယ်ငယ်မိန်းကလေးတစ်ဦးက သူ့ဆရာလက်ထဲမှ လွတ်အောင် တိမ်းရှောင်တိုက်ခိုက်နိုင်ခဲ့သည်မှာ မယုံကြည်နိုင်စရာ ဖြစ်နေ



ပေသည်။ ထို့ကြောင့် လှိုစုရောင်ကို သံသယမျက်လုံးများဖြင့် ကြည့်မိသည်။ လှိုစုရောင်က ထိုအကြည့်ကို ကောင်းစွာ နားလည် သဘောပေါက်သဖြင့် ရယ်မောကာ ပြောလိုက်၏။

"မမ အခုလိုလာပြီး အကြောင်းကြားတဲ့အတွက် သိပ်ပြီး ကျေးဇူးတင်ပါတယ်၊ ကျွန်မရဲ့ဖေဖေ သေသေချာချာ ကို တင်ပြဆင်မှုရသွားအောင် ပြောပြလိုက်ပါ့မယ်"

"နေဦး....နေဦး၊ ကျွန်မစကားမဆုံးသေးဘူး လုံမလေး၊ တကယ်လို့ နေပြည်တော်က ရှင့်ဖေဖေကို ရာထူးကနေထုတ်ပယ်လိုက်တယ်ဆိုရင် ဘာအရေးလဲ၊ ကျွန်မလဲ ဒီလိုလာပြောမှာ မဟုတ်ဘူး"

လှိုစုရောင် မျက်မှောင်ကြုတ်သွား၏။

"ဘာကိစ္စများ ရှိသေးလို့လဲ မမအိုယန်စေ၊ ကျွန်မ သိချင်ပါတယ်"

"ရှိတာပေါ့၊ စမ်ကျင်ဆိုတဲ့ သစ္စာဖောက်ကြီးက သိပ်ပြီးကောက်ကျစ်ယုတ်မာတယ်၊ သူကအဆင့်မြင့်သိုင်းပညာရှင်တွေ ရွေးချယ်ပြီး စေလွှတ်လိုက်ပြီး ရှင့်ဖေဖေရာထူးကထုတ်ပယ်ခံရပြီးတဲ့ နောက် အပြန်လမ်းတစ်လျှောက်လုံး ဒုက္ခပေးသွားလိမ့်မယ်၊ နောက်ပြီး ရှင့်ဖေဖေကို ရာထူးကမထုတ်ပယ်ခင် ဝါချုပ်လူမျိုးတစ်စု ဒီတာ့ထုံကနေ ဖြတ်ကျော်သွားဖို့ သူစီစဉ်လိမ့်မယ်....

"အဲဒီလူမျိုးတွေဆီမှာက တရုတ်ပြည်ဥပဒေနဲ့မလွတ်ကင်းတဲ့ စစ္စည်းတွေ သယ်ယူလာလိမ့်မယ်၊ ရှင့်အဖေက ခွင့်မပြုရင် အမျိုးမျိုးနှောင့်ယှက်မယ်၊ ခွင့်ပြုလိုက်ရင် လာဘ်စား

တယ်နော်ပြီး အဖြစ်ရှာလိုမှ်နယ်၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ရှင့်အမေကို နေပြည်တော် ရောက်မသွားစေတဲ့ ယုတ်တို့သက်ထဲမှာ သေဆုံးစေအောင် အကြီးအကျယ် ဒုက္ခရောက်စေအောင် အဖောက်ကြံ စီစဉ်လိမ့်မယ်၊ ကျွန်မပြောချင်တဲ့စကားက တော့ကုန်ပါပြီ၊ ကဲ...ကျွန်မလဲ ပြန်ဖို့သင့်ပြီ''

လိုစုရောင်က ကမျာကယော တားမြစ်လိုက်သည်။

''နေပါဦး...ကောင်လေးစောင့်ပါဦး၊ ကျွန်ုပ်အခုချက်ချင်းပဲ ပြန်လာပါမယ်''

လိုစုရောင်မှာ ပြောပြောဆိုဆို ပြေးထွက်သွားသည်။ သူမသည် ဝမ်ကျင်၏ ကောက်ကျစ်ယုတ်မာလှသောအစီအစဉ်များကို နားထောင်ပြီး ဖဝေဖြက်သူကိုယ်စား ဒေါသထွက်ရသည်။ သည့်အတွက် သတိလက်လွတ်ဖြစ်ခဲ့၏။ အိုယာန်ဧဝကာပြန်တော့မယ်ဟု နှုတ်ဆက်စကားဆိုသည့်အချိန်မှ သူမကို လန်ကျုံကျူနှင့်တွေ့ဆုံပေးဖို့ သတိရလာသည်။ သည့်အတွက် အိုယာန်ဧဝကို စောင့်တားမြစ်ကာ လန်ကျုံကျူအားသွားခေါ်ရောက်အကြောင်းကြားရခြင်းဖြစ်သည်။

အိုယာန်ဧဝမှာ လိုစုရောင်ချက်ချင်း ပြန်ထွက်လာလိမ့်မည်ဟု အောက်မေ့ကာ စောင့်နေမိ၏။ သို့သော် လိုစုရောင်သာ ထွက်မလာခဲ့ပေ။ လန်ကျုံကျူသာ ထွက်လာခဲ့ပေသည်။ အိုယာန်ဧဝ၏ စိတ်ထဲတွင် ကြည်နူးဝမ်းသာ ...ဘး၏။ မျက်နှာလည်း အနည်းငယ် ထူပူသွားရရှာ၏။ လန်ကျုံကျူက အနီးသို့ ရောက်သည်နှင့်—



''ညီမ ကျုပ်ကို လာရှာတယ်ဆို ညီမလေးလိုစုရောင်က ပြောတယ်၊ ဘာကိစ္စများ အရေးတကြီးရှိသလဲ ညီမ အိုယန်ဧဝ''

အိုယန်ဧဝက ချစ်စဖွယ်မျက်လောင်းဖွဖွ ထိုးလိုက်၏။

''ဘယ်သူကလာရှာသို့သဲ၊ အသကား ဟိုချာတိတ်မလေးက သတ်သတ်နောက်သွားတာ''

ပြောပြီးခါမှ တသိမ့်သိမ့်လေး ရယ်မောလိုက်မိသည်။ ထို့နောက် စကားလမ်းကြောင်းပြောင်းကာ...

''ခုနက ရှင်အာဖြစ်လို့ ထွက်မလာရဘဲ ဟိုချာတိတ်မလေးကို လွှတ်လိုက်ရတာလဲ''

လန်ကျုံကျူ ပြုံးလိုက်၏။

''လမ်းလျှောက်ရင်း စကားပြောကြရအောင်''

အိုယန်ဧဝလို့ အဖော်ညီပြီးသည်နှင့် ရှေ့သို့လျှောက်ထွက်လိုက်၏။ အိုယန်ဧဝက ပြုံးလျက်နှင့်ပင် လိုက်ပါသည်။

''ဘာလဲ...သူများတွေ့ တွေ့သွားမှာညီ ရှင်က စိုးရိမ်လို့လား''

''မဟုတ်ပါဘူးကွယ်၊ ကျုပ်အတွက်က ဘယ်လိုမှမထူးခြားပါဘူး၊ ညီမက မိန်းမသား မဟုတ်လား၊ သေးလူတွေမြင်သွားရင် နောက်ပြောင်ကျီစယ်ခံရမှာ စိုးလို့ပါ၊ ညီမအတွက်ပါ''

အိုယန်ဧဝ ဘာမှမပြောတော့ဘဲ လန်ကျုံကျူနှင့်အတူ လျှောက်လာခဲ့သည်။ အတန်ငယ်လျှောက်မိလျှင် လန်ကျုံကျူက အသာခေါင်းငဲ့ကြည့်လိုက်ပြီးလျှင်—

"ဘာစကိုစ္စရှိလို့လဲ ညီမအိုယာနှစေ"

"ဟင့်အင်း....ဘာကိစ္စမှ မရှိတော့ပါဘူး၊ ဟိုချာတိတ်မလေးကို အကုန်ပြောလိုက်ပြီးပြီလေ၊ သူကရှင့်ကို ပြန်မပြောပြဘူးလား"

လန်ကျုံ့ကျူ ခေါင်းယမ်းလျက်....

"မပြောပါဘူး၊ ညီမကျုပ်ကို စောင့်နေတယ်လို့ပဲ ပြောတယ်၊ မြန်မြန်သွားလို့ ပြောတာနဲ့ အခုလို ရောက်လာရတာပါပဲ"

အိုယာနှစေက ကျိစယ်သလို ပြန်မေးလေ၏။

"သူ့စကားကို ရှင်က ဒီလောက်တောင်မှပဲ နားထောင်သလား၊ ရှင်တို့ သိပ်ပြီး ခင်မင်နေသလား မသိဘူးနော်"

သူမ၏စကားသံထဲတွင် သံသယရိပ်များ ပါဝင်နေသဖြင့် လန်ကျုံ့ကျူမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ တစ်ယောက်နှင့်တစ်ယောက် ခင်မင်ပြေလည်မှုရသည်မှာရက်ပိုင်းစင် တိတိကျကျ မပြည့်သေး၊ အထင်လွဲခြင်းများအဖြစ်မခံနိုင်ပေ။ ထို့ကြောင့် အမြသအချာ ရှင်းလင်းပြရသည်။

"ဒီလိုပေါက်ကရတွေ လျှောက်မပြောနဲ့လေ၊ တခြားလူ ကြားသွားရင် မကောင်းဘူး၊ သူက ဆရာကြီး လိုတစ် ဆင့်ရဲ့သမီး၊ ညီလေး လူစင်နဲ့ ဆုံရင်...."

"လူစင်ဟုတ်လား၊ သူကတော့ ဘာဖြစ်လို့ ထွက်မလာရတာတဲ့လဲ"

လန်ကျုံ့ကျူက သက်ပြင်းချပြီး ပြောလေ၏။



"ပြောတောင် မပြောချင်ပါဘူး၊ မနေ့ညက ညီမရဲ့ဆရာလာသွားလို့ သူ့လက်ချက်ကြောင့် ခံသွားရတယ်လေ၊ တယ်ဘက်လက်မောင်းမှာ ဒဏ်ရာရနေတယ်၊ ခုနက သူ့ကို ကျုပ်စောင့်ပေးနေရတာပေါ့၊ မနေ့ညက ညီမအေး လိုစုရှောင်တော်လို့သာပဲ၊ မင်းဆရာကို သူ့ရဲ့ကိုယ်ဖော့ပညာနဲ့ ထိန်းထားလို့ပေါ့၊ နို့မို့ဆို လွယ်မှာမဟုတ်ဘူး"

အိုယာနှစေက တအံ့တသြဖြစ်ကာ....

"ကျွန်မဆရာကို ထိန်းထားတာ ခုနက ချာတိတ်မလေး....ဟုတ်လား"

လန်ကျုံ့ကျူက ရယ်လိုက်၏။

"ညီမက ဘာဖြစ်လို့ သူ့ကို တစ်ချိန်လုံး ချာတိတ်မအေး ချာတိတ်မလေးနဲ့ ခေါ်နေရတာလဲ၊ သူက သိုင်းပညာ ထူးချွန်းရုံတင် မကဘူး၊ ပရိယာယ်လဲ သိပ်များတာ"

အိုယာနှစေက မကျေမနပ် ဖြစ်သွား၏။ ကိုယ့်ချစ်သူရှေ့တွင် အခြားမိန်းကလေးတစ်ဦးကို ချီးကျူးခြင်းမှာ မပြုအပ်သော အလုပ်ဖြစ်ကြောင်း လန်ကျုံ့ကျူ မသိရှာပေ။ သူသည် ချစ်အတွေ့အကြုံ နည်းသောသူတစ်ဦး မဟုတ်ပါလော။

"သူက ဘယ်လောက်ဘတ်နေလို့လဲ၊ အခွင့်အလမ်းရှာပြီး သူနဲ့ တစ်ခန်းနှောတော့ ယှဉ်ကြည့်လိုက်ဦးမယ်"

အိုယာနှစေ၏ ကြိမ်းဝါးသံကြောင့် လန်ကျုံ့ကျူ လန့်သွားလေ၏။

လန်ကျူ့ကျူက ပျောင်းဖျပြောဆိုသည်။ ဂျူက ချော့မော့ ပျောင်းဖျလေ အိုယန်ဝေ၏ မာနနှင့်မခံချင်စိတ်ကို ငြိမ်းသွားစေ ဖြစ်စေလေသည်။ နောက်ဆုံး လန်ကျူ့ကျူ စကားများ လည်း ကြောင်း ပြောင်းပစ်လိုက်မှ အိုယန်ဝေ၏ ဒေါသများ ငြိမ်း သွားလေတော့သည်။

★

## အခန်း (၁၀၃)

### ပျော်ရွှင်ဖွယ် နေ့ရက်များ

လူစင်နှင့်လျိုရှစောင်တို့မှာ ဝါချပ်လူမျိုးများကို မည်ကဲ့သို့ ဖြတ်ကျော်ခွင့်မပေးမည်။ သွားရာလမ်းတစ်လျှောက်တွင် ရန် သူ၏ အလုပ်ကြမ်းမခံရအောင် မည်ကဲ့သို့ကာကွယ်ပြုရမည့် အစ ရှိသည့်ကိစ္စများကို တိုင်ပင်ဆွေးနွေးကြ၏။ သူတို့ ဆွေးနွေး နေကြစဉ်မှာပင် လန်ကျူ့ကျူက အခန်းထဲသို့ ဝင်လာခဲ့၏။ လန်ကျူ့ကျူပါ ဝင်ရောက်ဆွေးနွေးတော့သည်။

ညအရေးအခင်းက သေးသေးနုပ်နုပ်ပြဿနာ မဟုတ်ပေ။ သူတို့နှစ်ယောက် တိုင်ပင်ဆွေးနွေးကြသော်လည်း ဓါပေါ့ တန်ကာန် ရင်ဆိုင်၍မလွယ်ကူမှန်း သိကြသည်။ ထို့ကြောင့် ကာလကာလရှင်ဖြစ်သော လိုလင်ဆင့်ကို ထုတ်ဖော်ပြောပြမည် ဟု စိတ်ဆုံးဖြတ်လိုက်ကြ၏။ ထို့နောက် လျိုရှစောင်က သူမ

၏ ဖခင်ကို ဝင်ရောက်တွေ့ဆုံပြီးလျှင် အိုယန်ဧဝသံ့မှ ကြားသိခဲ့ရသည့်သတင်းစကားများကို ပြန်လည်ပြောပြလိုက်တော့သည်။

"ဟား....ဟား...ဟား"

လှိုင်ထင်ဆင့်က အားရပါးရ ရယ်မောလေတော့သည်။

လှိုစုရောင်က ဖခင်ဖြစ်သူအား ကြောင်စီစီကြည့်မိ၏။

လှိုင်ထင်ဆင့်က ရယ်မောရင်းမှ—

"စုရောင်သမီး...မင်းအမေကို ခေါ်ခဲ့စမ်းကွာ၊ သူနဲ့ နည်းနည်းပါးပါးလောက် စားကြသောက်ကြရအောင်၊ ဒီမျိုးနေ့မျိုး ဘယ်နေ့ရောက်လာမလဲဆိုတာ ဖေဖေ စောင့်နေခဲ့တာ၊ အခုတော့ တကယ်ပဲ ဖြစ်လာခဲ့ပြီ၊ ဟား...ဟား...ဟား...ဝမ်းသာစရာ ကောင်းလိုက်ပါဘိကွာ"

လှိုင်ထင်ဆင့်မှာ ကျယ်လောင်စွာရေရွတ်ရင်းမှ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။ လှိုစုရောင်မှာ လှိုင်ထင်ဆင့်အမူအရာကိုကြည့်ပြီး အံ့သြနေမိသည်။ ဖခင်ဖြစ်သူသည် အလုပ်တာဝန်ကို များစွာ သံယောဇဉ်ကြီးမား ခင်မင်သူဖြစ်ကြောင်း သူ ကောင်းစွာ သဘောပေါက်ခဲ့၏။ ယခု အလုပ်မှ ထွက်မည့်စကားကို ကြားရသည်ကိုပင် အားပါးတရ ရယ်မောနေသည့်အတွက် သူမ လွန်စွာအံ့သြနေရတော့သည်။

လှိုင်ထင်ဆင့်သည် သမီးဖြစ်သူ၏အမူအရာ ထူးခြားနေပုံကို သတိပြုမိသဖြင့် သူမ၏ နဖူးဆံစလေးများကို နူးညံ့ညင်သာစွာ ပွတ်သပ်ပေးရင်း တိုးညင်းစွာပြောသည်။



"သမီး...ဖေဖေပြောတာ မကြားဘူးလားကွယ်၊ ဘာဖြစ်လို့ မင်းမေမေကို သွားမခေါ်သေးတာလဲ"

လှိုင်ထင်ဆင့်က လှိုစုရောင်ကို အမိန့်ပေးပြီးနောက် အခိုင်းအစေများအား အရက်နှင့် စားသောက်ဖွယ်ရာများ ပြင်ဆင်ခိုင်းလိုက်သည်။ လှိုစုရောင်မှာ ထိုင်၍ မအံ့သြတော့ချေ။ မိခင်ဖြစ်သူအား သွားရောက်အကြောင်းကြားရတော့သည်။

ခဏအတွင်းမှာပင် လှိုကတော်၊ ကြည်စုကျွင်နှင့်လှိုစုရောင်တို့ အခန်းထဲပြန်ဝင်လာ၏။ လှိုင်ထင်ဆင့်က သူတို့အား ဆီးကြိုသည်။

"လာ...လာ...အမကြီး လာ၊ သမီးစုရောင်က မင်းကို ပြောပြီးပြီလား၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်ကတည်းက ဆုတောင်းလာခဲ့တဲ့ မင်းရဲ့ဆုတောင်း အခု ပြည့်တော့မယ်၊ အော တိုင်၊ လာ...လာ"

လှိုင်ထင်ဆင့်၏စကားသံက တက်ကြွနေ၏။ လှိုကတော်မှာ သူမ၏ခင်ပွန်းကိုကြည့်ပြီး စိတ်ထဲတွင် ကြည်နူးရွှင်လန်းနေမိသည်။

"အစ်ကိုရယ်...ရှင်ဟာ တိုင်းရေးပြည်ရေး ကိစ္စတွေကို တစ်နေကုန်တစ်နေခန်း ဦးနှောက်ထဲထည့်စဉ်းစား လုံးပန်းနေခဲ့တာ၊ ဒါတောင်မှ ကျွန်မ ဆုတောင်းခဲ့တာကို သတိရနိုင်သေးတယ်နော်၊ တကယ့်ကိုရှားလောက်တဲ့ အစ်ကိုပါပဲရှင်"

လင်မယား နှစ်ယောက်မှာ တစ်ယောက်ကို တစ်ယောက် ချီးကျူးနေကြသဖြင့် သမီးနှစ်ယောက် ပြုံးနေမိကြ၏။ လှိုစု

ရောင်မှာ မိခင်နှင့် ဖခင်တို့ကိုကြည့်ပြီး ပြုံးနေမိ၏။ သူသိရှိ
သည့်အချက်ကို မိခင်အား တိုးတိုးမေးမိသည်။

"မေမေ...မေမေပြောနေတဲ့ စကားတွေကို သမီး ဘာမှ
နားမလည်ဘူး၊ ဘာတွေ ပြောနေကြတာလဲဟင်"

ကိုကာဆော်ကြီးက လှိုင်ထင်ဆင့်အကြသို့ မျက်စ ပစ်ပြလိုက်
ပြီး—

"ညည်းအမေကို မေးကြည့်၊ ညည်းအမေ ပြောပြသိမ့်
မယ်"

ဟိုရောင်သာ ဖခင်ဖြစ်သူကို မေး၏။ ဖခင်ဖြစ်သူနှင့် မိခင်
နှင့်ယောကျ်ားတွင် မည်သူ့ကို မေးရမည်မှန်း မသိတော့
သဖြင့် ငူငေးကာသာ ရှိလိုက်သည်။ လှိုင်ထင်ဆင့် ၏
မောင်နှံမှာ သမီးဖြစ်သူကို ကြည့်စားနေကြရသဖြင့် ဝမ်းသာ
ကြည်နူးနေကြ၏။

ကိုကာဆော်က ဟိုရောင်၏ ဆံမြိတ်စတလေးများမှ
ခေါင်းကျောပြင်သို့တိုင် ကြင်နာယုယစွာ ပွတ်သပ်ပေးပြီး ဓား
တွင် ရပ်နေသော ကြည်စုကျွင်ကိုသည်း အဆိုင်မိုင်းလိုက်
သည်။

"သမီးကြီးက ဘာဖြစ်လို့ ပေါ်ရတာလဲ၊ မိုးတိုး ပေါ်
တတ်ကြီးကွယ်၊ ထိုင်ပါဦးတော့လား"

ကြည်စုကျွင်ခေါ် စားပွဲဝိုင်းတွင် ဝင်ထိုင်လိုက်မှ ကိုကာဆော်
ကြီးက သူမ ပြောလိုရာကို စတင်ပြောဆိုလေတော့သည်။

"လွန်ခဲ့တဲ့ ဆယ့်နှစ် ကျော်ကျော်လောက်တုန်းကပေါ့
ကွယ်၊ အဲဒီတုန်းကတော့ မင်းတို့အဖေဟာ အရာရှိဖြစ်ခါစပဲ



ရှိသေးတယ်၊ အဲဒီအချိန်မှာ ငါက မင်းအဖေကို ပြောခဲ့ဖူး
တယ်"

ကိုကာဆော်က စကားဖြတ်ရပ်ကာ လှိုင်ထင်ဆင့်ကိုကြည့်လိုက်
၏။ လှိုင်ထင်ဆင့်က ပြုံးနေ၏။ သူမက စကားကို ဆက်၏။

"ငါပြောခဲ့တဲ့စကားကတော့ အရာရှိကြီးလုပ်ရတာတော့
ဟုတ်ပါရဲ့၊ ပြန်ပြီး ဒီခနရာက နုတ်ထွက်ရတာ အင်မတန်
ခက်ပါတယ်လို့ပေါ့၊ ဒီတော့ မင်းတို့အဖေက ရယ်နေတယ်၊
စကား မပြန်ခဲ့ဘူး၊ ငါ့စကားကို သူ သဘောတူ မတူ
သလား ဘာလားဆိုတာ အဲဒီတုန်းက ငါမသိခဲ့ဘူး၊ ငါ့ကို
သာ သဘောတွေစဉ်းစားနေသလဲလို့ ပြန်မေးတယ်၊ ငါကတော့
ဘာမှ တွေးထွေထူးထူး မစဉ်းစားပါဘူး၊ သု ခပ်စောစော
လေး အရာရှိကြီးလုပ်ပြီးရင် ခပ်စောစောလေးပဲ ရာထူးက
နှုတ်ပစ်၊ တစ်သက်လုံး မပူပန် မကြောင့်ကြဘဲ ပျော်ပျော်
ရွှင်ရွှင် နေသွားရတာကို မျှော်လင့်တာကလွဲလို့ တခြား
ဘာကိုမှ မမျှော်လင့်နိုင်ပါဘူး၊ တစ်ချိန်က ငါဝမ်းသာလို့
ဒီစကားကို ပြောလိုက်တာ၊ နေ့ဝက်တော့ ဘဝချုပ် စဉ်းစား
မိတာက ရာထူးကို စွန့်လွှတ်ရင် မကောင်းဘူး၊ နုတ်ထွက်
တာကမှ နည်းနည်း ကောင်းသေးတယ်၊ မင်းအဖေက စကား
လွန်နေခဲ့တော့ ပြန်ရုပ်သိမ်းဖို့ ခက်နေပြီ၊ ရာထူးကို စွန့်ပြီးမှ
ငါတို့အတူ လယ်ထဲယာထဲမှာ အေးအေးချမ်းချမ်း နေကြမယ်၊
လိုချင်တာနဲ့ကိုယ်တော့ ဒီရာထူးက မထွက်နိုင်ဘူးလို့ ပြော
ခဲ့တယ်၊ ရုနောင်၊ အခု မင်းပြောတဲ့သတင်းဟာ အခွင့်ပဲ

ဆိုရင် လွန်ခဲ့တဲ့ဆယ်နှစ်ကျော်ကျော်လောက်က တောင်းခဲ့တဲ့သူ အခု ပြည့်ပြီလို့ ဆိုရတော့မှာပေါ့''

လှိုက်တော်မှာ အခုတော်တလေး ရွှင်ရွှင်ပျပျဖြင့် လိုထင်ဆင့်ကို ဖျတ်ခနဲ ချက်စောင်းတစ်ချက် ထိုးလိုက်သည်။ ထို့နောက် ဟန်ပါပါဖြင့်....

''မင်းအဖေမို့လို့ ဒီကိစ္စကို ဒီလောက်အထိ စိတ်ထဲမှာ စွဲစွဲသမ်းလမ်း မှတ်မိနေတာကွယ့်''

လိုစုရောင်မှာ သည်ဘောင်မှ နှစ်းရှင်းသွားရလေသည်။ မိသားစုတစ်စုလုံးမှာ ပျော်ရွှင် စိတ်ချမ်းသာနေကြ၏။ လိုစုရောင် အဖို့တား မိဘများကဲ့သို့ လွတ်လပ်စွာ မပျော်နိုင်ရှာပေ။ သူမတွင် ပြောစရာစကားများ ရှိနေသေးသည်။ သို့သော် ထိုစကားကြောင့် မိဘများ၏ပျော်ရွှင်မှုများ ပျက်စီးဆိတ်သုဉ်းသွားလိမ့်မည်ကို စိုးရိမ်ပူပန်မိသည်။

ထို့ပြင် သူမ၏ စကားကြောင့် မိခင်ဖြစ်သူ ထိတ်လန့်ချောက်ချားပြီး အိပ်မပျော်စားမဝင်ဖြစ်မှာ ပထမဖြစ်သည်။ မိခင်ကြီးမှာ စိတ်ထိခိုက်လွယ်သူ ဖြစ်ပေသည်။ စိတ်မချမ်းမမြေ့ဖြစ်ပြီး အိပ်မပျော်စားမဝင် ဝေဒနာစွဲကပ်သွားပါက ဖခင်ကြီးလည်း စိတ်မချမ်းသာ၊ သူမလည်း မပျော်မရွှင်ဖြစ်ရပေတော့မည်။ ထို့ကြောင့် လိုကတော်ချို အပျော်လက်စနှင့် ပျော်ခအောင်ထားလိုက်သည်။

ဖခင်ဖြစ်သူအား နောက်မှ ပြောဆိုအသိပေးတော့မည်ဟု ဆုံးဖြတ်လိုက်ပေသည်။



ထိုအချိန်မှာပင် လှိုကတော်ဓီက စကားလမ်းကြောင်း ရုတ်တရက် ပြောင်းလိုက်၏။ သူပြောင်းလဲလိုက်သော လမ်းကြောင်းကား လှိုစုရောင်၏ အိမ်ထောင်ရေးကိစ္စပင် ဖြစ်တော့သည်။

''အမေကြီး၊ အခုအချိန်မှာပဲ ကျွန်မတို့လဲ စကားချိုအားပါးတရ လွတ်လွတ်လပ်လပ် ပြောရတော့မယ်၊ ဆိုတော့ မိသားစု စုံစုံညီညီမှာ ကိုယ့်အနာဂတ်ကိစ္စလေးတွေ ဆွေးနွေးရတော့မယ်''

လှိုကတော်က စကားအစချီကာ လှိုစုရောင်နှင့် ကြည်စုကျွင်တို့ နှစ်ယောက်စလုံး အရွယ်ရောက်ရှိလာပြီဖြစ်၍ အိမ်ထောင်ရေးကိစ္စများ စီစဉ် ဆောင်ရွက်သင့်ပြီ ဖြစ်ကြောင်း ပြောဆိုလေတော့၏။ လှိုစုရောင်နှင့် ကြည်စုကျွင်တို့နှစ်ယောက်မှာ ရှေ့တွင်ပင် ထိုစကားကို ကြားလိုက်ရသဖြင့် ရှက်သွေးတက်သွားမိကြသည်။

လှိုကတော်ကမူ တည်ငြိမ်လေးနက်စွာပင် သူမ၏သဘောထားများကို ဆက်လက်ပြောဆိုနေ၏။ သူ့သဘောထားများက လိုထင်ဆင့်၏ သဘောထားနှင့် မတူချေ။ ယောကျ်ားနှင့်မိန်းမ အိမ်ထောင်ပြုလျှင် လိုက်ဖက် တင့်တယ်ခြင်း၊ ဂုဏ်ရည် တူမျှခြင်းတို့ကို အဓိကထားရမည်ဖြစ်ကြောင်း၊ လိုက်ဖက်မည့်သူကိုလည်း မဖြစ်မနေ ရှာဖွေရမည် ဖြစ်ကြောင်း၊ မတွေ့နိုင်သေးပါက တစ်ခုအမျှ စောင့်ဆိုင်း ရွေးချယ်သင့်ကြောင်း၊ အိမ်ထောင်ရေးကိစ္စကို ကလေးကစားသလို လွယ်

လွယ်ကူစွာ တည်ဆောက်ပြုလုပ်ရန် မဖြစ်သင့်ကြောင်းတို့ကို ပြောဆိုလျက် ရှိနေပေသည်။

လိုထင်ဆင့်၏ အယူအဆကား ထိုသို့မဟုတ်ပေ။ အိမ်ထောင်ဖက်ပြုရာတွင်ကုန်ကျငွေမှုကြိမ်း၊ ထိုက်တန်သင့်တယ်ခြင်း ရှိမရှိဆိုသည်မှာ အဓိကအကြောင်းအရာမဟုတ်။ ယောကျ်ား တစ်ယောက်တွင် ရှိသင့်ရှိအပ်သော သတ္တိ၊ ဗျတ္တိ၊ လုံ့လဝီရိယ နှင့် ဉာဏ်ပညာဟုဆိုတာကို ပြည့်စုံလျှင် အိမ်ထောင်ပြု မည့် မိန်းကလေးတစ်ယောက်အတွက် ရွေးချယ် လိုက်ဖက် သော အိမ်ထောင်ဖက်တစ်ယောက် ဖြစ်ကြောင်း ပြောဆို နေပေ၏။

အဓိကအားဖြင့် လိုထင်ဆင့်တို့ ဇနီးမောင်နှံ၏ အဓိက သဘောကွဲလွဲချက်မှာ အိမ်ထောင်တစ်ခု တည်ဆောက်ရာတွင် အိမ်ထောင်ပြုမည့် မိန်းကလေးမှာ ဘာမျှ ဝင်ရောက် စွက် ဖက်ရန် အကြောင်းမရှိ၊ မိဘစီမံချက်အတိုင်း နာခံရမည် ဟူ ၍ အယူနှင့် မိဘများသဘောတူ စိစစ်သည့်ပိုင်အောင် သားသမီးဘက်က စိတ်ဆန္ဒတူညီမှုပါရှိမှ ဖြစ်နိုင်မည် ဖြစ် သည်ဟူသော ကွဲလွဲချက်ပင်တည်း။

လိုထင်ဆင့်ကား ရှေ့သို့ တစ်မျှော်တစ်ခေါ် တွေးနိုင်သူ ဖြစ်ပေ၏။ သမီးတို့၏ပျော်ရွှင်ရေးကိုလည်း ဂရုစိုက်သည်။ သူသည် ရှေးရိုးဆန်သူမဟုတ်ပေ။

ထိုသို့ အယူအဆမတူကြသောကြောင့် စကားပိုင်းကလေး မှာ တဖြည်းဖြည်း ငြင်းခုံရသည့်အဆင့်သို့ ကူးပြောင်းရောက် ရှိလာခဲ့ရပေတော့သည်။



"ဒီမှာ...အမေကြီး၊ ကျုပ်တို့နှစ်ယောက် မင်္ဂလာဆောင် ကြရတဲ့ အခြေအနေတွေကို မင်း မှတ်မိသေးရဲ့လား၊ အဲဒီ တုန်းက မင်းစိတ်ထဲမှာ ဘယ်လိုရှိခဲ့သလဲ၊ ကျုပ်ကို ယူရ မှာ ကြောက်ရွံ့တုန်လှုပ်တဲ့စိတ် နည်းနည်းတော့ ရှိနေခဲ့တယ် မဟုတ်လား"

လိုကဒေါ် ဘာမျှမပြောသောတဲ့ လိုထင်ဆင့်ကို မကျေနပ် သည့် မျက်လုံးများဖြင့် ကြည့်နေသော်၏။ လိုထင်ဆင့် ပြေ ပြစ်စွာ ဆက်ပြောသည်။

"မင်းကိုယ်မင်း ပြန်စဉ်းစားကြည့်စမ်းပါကွယ်၊ မင်းသာ ကျုပ်ရဲ့ အကြောင်းတွေကို ကြိုသိထားခဲ့ရင် ကျုပ်နဲ့ အကျွမ်းတဝင်ရှိနေခဲ့မိရင် မင်းရဲ့စိတ်ထဲမှာ ကြောက်ရွံ့ တုန်လှုပ်တာတွေ ရှိပါဦးမလား၊ ရှိဦးတော့ လျော့နည်း မသွားနိုင်ပေဘူးလား၊ မင်းသာ အဲဒီ အခြေအနေတွေကို အသေအချာ ပြန်စဉ်းစားပြီး ကိုယ်ချင်းစာစိတ်နဲ့ တွေးတော မယ်ဆိုရင် အခု ကျုပ်ပြောတဲ့ အယူအဆ အတွေးအခေါ်တွေ ကို မင်းဘယ်လိုမှ ငြင်းဆန်နိုင်မှာမဟုတ်ပါဘူးကွာ"

လိုထင်ဆင့်၏ စကားလုံးများက သဘာဝကျလှ၏။ ထို့ ကြောင့် လိုကဒေါ်တစ်ကြိမ်း၏ တင်းမာခဲ့သော စိတ်သဘော ထားများမှာ တဖြည်းဖြည်း ပျော့ပျောင်းလာရတော့သည်။ လိုထင်ဆင့်၏ အယူအဆများ မှန်ကန်သည်ဟုပင် လက်ခံမိ လာ၏။ သူမရင်သည် အတိတ်အကြောင်းတို့ စဉ်းစားမိလျှင် ယခုအထိတိုင် ပိုဟာ၍ နေပေသေးသည်။ လိုထင်ဆင့်ကို လက် ထပ်ရမည် ဆိုသောအခါတုန်းက သူမ၏စိတ်ထဲ ကြောက်ရွံ့

တုန့်လှုပ်ခြင်းနှင့်အတူ ဝမ်းနည်းခြင်းတို့သည်လည်း ပြွမ်းတီး ယှက်ဖြာနေခဲ့သည်။

ထိုအတွေး တွေးမိခါမှ ကိုယ့်ကိုယ်ကို အသက်ရှူနှုန်း မြန်မှန်းမသိ မြန်လာသည်ကို ခံစားမိ၏။ စိတ်ကူးပုံရိပ်တွင် ထင်ဟပ်ခဲ့သော အတိတ်ဖြစ်စဉ်များကို တဖြည်းဖြည်းသတိရလာရသည်။

မိမိအနေနှင့် ခင်ပွန်းသည်ကို မသိဘဲ လက်ထပ်ခွင့်ရခဲ့စဉ်က ရင်ခုန် စိတ်ပူပန်မိခဲ့သော်လည်း ကောင်းမြတ်သော လင်ယောကျ်ားတစ်ယောက်ကို လက်ထပ်ရရှိခဲ့သဖြင့် စိတ်ကျေနပ် ပျော်ရွှင်ဖွယ်ရာ ဖြစ်ရပေသေးသည်။ မိမိ၏ ညီမ၊ အစ်မများမှာမူ မသင့်ကျွမ်းသောသူနှင့် လက်ထပ်မိကာ စိတ်ချမ်းသာ ပျော်ရွှင်မှုမရ၊ အိမ်ထောင်ဦးစီး မပီသ၊ ယောကျ်ား မပီသသော သူများနှင့် တွေ့ဆုံခဲ့ရပုံများကို ပြန်လည်သတိရသည်။ သူမထံသို့ အကြိမ်ကြိမ်လာရောက်ကာ သူတို့၏ ခင်ပွန်းသည်များ၏ ဆိုးရွားလှမဆန်ပုံတို့ကို ဖွင့်ဟပြောဆိုသံများကို ပြန်လည် ကြားယောင်လာသည်။ မိမိသည်သာ ကံကောင်းထောက်မစွာ လိုထင်ဆင့်ကို ရခဲ့ခြင်းဖြစ်ကြောင်း သဘောပေါက်ပြီး ကျိတ်၍ သက်ပြင်းချမိပေသည်။

ထို့ကြောင့် မိမိလင်ယောကျ်ား၏ အတ္တအဆများက လျော့ကန် သင့်မြတ်နေကြောင်း နားလည်လာသည်။ ထို့နောက် ကြည်စုကျွင်နှင့် လှိုစုရောင်တို့နှစ်ယောက်ကို မသိမသာ အကဲခတ်ကြည့်လိုက်၏။ သည်သမီးလေးများကား နုနယ်သလောက် သူမ၏ သည်းချာကလေးများဖြစ်ချေ၏။ အိမ်ထောင်ရေးကံမကောင်းဘဲ တစ်သက်လုံး စိတ်ဆင်းရဲနေရမှာဖြစ်မည်ဆိုသော အတွေးများ ဝင်ရောက်လာမိသောအခါ စိတ်ထဲတွင် ကတုန်ကယင်ကြီး ဖြစ်သွားခဲ့လေတော့၏။

“ဘုရား....ငါ့သမီးလေးတွေ ငါ့လိုပဲ ခင်ပွန်းသည်ကောင်း လင်ကောင်း သားကောင်းတွေ ရနိုင်ပါစေ”

သူမ ကျိတ်၍ ဆုတောင်းလိုက်မိသည်။

လိုထင်ဆင့်က သမီးများဆီ မြူး၍ကြည့်လိုက်၏။ သမီးနှစ်ယောက်ဘက်သို့လှည့်ကာ မေးလိုက်၏၊

“ကဲ....စုကျွင်နဲ့စုရောင်၊ မင်းတို့နှစ်ယောက်ကော ဘယ်လိုသဘောရှိကြသလဲ၊ အခုကိစ္စဟာ မင်းတို့ရဲ့ဘဝတစ်သက်လုံးနဲ့ ပတ်သက်နေတယ်၊ စဉ်းစားတာ မှန်ဖို့လိုတယ်၊ မင်းတို့ စိတ်ထဲမှာ ပြောစရာရှိတာတွေ မြုံမထားနဲ့၊ ဖွင့်ဖွင့် လင်းလင်းသာပြော၊ နောက်မှ အဖေတို့အမေတို့စီစဉ်လို့ အတင်းအဓမ္မလုပ်လို့ ခုလိုဖြစ်ရတာဆိုပြီး တို့တွေတော့ အပြစ်မတင်လေနဲ့”

ကြည်စုကျွင်က လှိုစုရောင်ကို မျက်လွှာဖင့်ကာ ဖျတ်ခနဲ ခိုးကြည့်လိုက်၏။ ထို့နောက် မျက်လွှာချကာ ခေါင်းငုံ့လိုက်တော့သည်။ လှိုစုရောင်မှာ သူမ၏ မိဘအရင်းအချာများဖြစ်သောကြောင့် ပြောဝံ့ဆိုဝံ့ပေသည်။ ထို့အပြင် တစ်ဦးတည်းသော သမီးလေးဖြစ်နေခြင်းကလည်း လှိုစုရောင်အဖို့ ကြည်စုကျွင်ထက် ပြောနိုင်စွမ်း ရှိနေပေသည်။

လှိုစုရောင်က—

"မေမေတို့ခေမရှမေတို့ ဘာမှ စိတ်ပူမနေကြနဲ့၊ သမီးက ဘယ်သူနဲ့မှ လက်ထပ်ဘူး၊ မေမေ့အနားမှာ အမေ်လာပြီး ဒီလိုပဲ တစ်သက်လုံးနေမယ်"

"ဟား...ဟား...ဟား"

လိုထင်ဆင့်က တဟားဟား ရယ်မောခလာတော့ရာ ယခင် ခန်းလုံး သူ့ရယ်သံက ဆောင်ခင်ခတ်သွားလေသ၏။ လို ကဆောင်တား မျက်နှာသေခနင့် တည်တည်ဖြင့် လိုစုရောင်လျှ မာန်မဲသည်။

"အရွှးမလေး၊ စကားကို ဒီလိုပဲ လွယ်လွယ်ပြောရ သဆား၊ မိန်းကလေးဆိုတာ အချိန်တန် အရွယ်ရောက်ရင် အိမ်ထောင်မပြုလို့ ဘယ်ဖြစ်မပါမလဲ၊ ငါလဲ အသက်ကြီးပြီ၊ နောက် ငါသေသွားခဲ့ရင် ညည်းက ဘယ်နှယ်လုပ်နေမယ်"

လိုစုရောင်က ပေါ့ပေါ့ဆဆပင်...

"ဒါတွေကို အဆေးစိုက်မနေပါနဲ့ မေမေရာ၊ သမီးက အိမ်ထောင်မပြုပါဘူးလို့ ပြောထားရင် မပြုဘူးပေါ့"

လိုကတော်မှာ သည်တစ်ကြိမ်တွင်တော့ ရယ်မောလေ တော့၏။ သမီးဖြစ်သူ၏စကားက ရင်ကိုချမ်းမြေ့စေသည်က တော့ အမှန်ပင်။

လိုထင်ဆင့်က လိုစုရောင်ကို စေ့စေ့စပ်စပ် ကြည့်လိုက်ပြီး နောက် မျိုးဆောင်ကို နှစ်သိမ့်စကား ပြောလေ၏။

"အမေကြီး၊ သတ္တဝါတစ်ခု က်ဘစ်နှင့် ထိတယ် မဟုတ် လား၊ အားကြီးရဲ့ သမီးတွေမှာ သူ့ကုသိုလ်သူနဲ့သူ ရှိပြီး သား၊ အတိတ်ဘဝရဲ့ရေစက်နဲ့ နဖူးစာက သူတို့ကိုယ်ပေါ်



မှာ ရှိပြီးသားလေကွယ် ပါပြီးသားပါ၊ သူတို့အတွက် ဘာမှစိတ်ပူမနေနဲ့တော့၊ သူတို့ရေ့ရေးနဲ့သူတို့ ရှိနေပါလိမ့် မယ် သူတို့အတွက် ကျုပ်တို့ သိပ်ပြီးစိတ်ပူနေဘက်ခံဘာင်း နေစရာ မလိုပါဘူး"

လိုကတော်က လိုထင်ဆင့်ကို မျက်စောင်းထိုးလိုက်၏။ ဘာမှမတော့ ၁၀၁၀ကမတော်ပေ။ လိုထင်ဆင့်ကပြုံး၍စကား ဆက်၏။

"ကျုပ်အခုနဲ့ပြောရရင်တော့ လူတိုင်းလူတိုင်းမှာ မွေး ဖွားလာကတည်းက ဖူးစာဘက်ဆိုတာ ပါပြီးသားပါ၊ ဟဲ... ဟဲ...အခုမကြီး မင်းသမီးနှစ်ယောက်ရဲ့အိမ်ထောင်ရေးကိစ္စ ကို ဆက်ပြောပါနဲ့တော့ကွယ်၊ နောက်မှပဲ ပြောကြတာ ပေါ့"

လိုကတော်က နှုတ်ခမ်းကလေး စူလိုက်ကာ...

"အခုပဲဆုံးဖြတ်ရမယ်၊ ဖြစ်ခနေ စိတ်ပူရမယ်လို့ ဘယ် သူက ပြောနေလို့လဲ၊ ကျွန်မကလဲ အဲဒီလိုမပြောတာ မဟုတ် ပါဘူးနော်၊ သားသမီးတွေ အရွယ်ရောက်လာရင် အိမ် ထောင်ပဲချပေးရမှာပဲ၊ သားသမီး အိမ်ထောင်မချပေးရ သေးသမျှ ဘယ်မိဘမှ စိတ်အေးချမ်းသာမှုရှိနိုင်မှာ မဟုတ် ဘူး၊ ကျွန်မဆိုလိုတာက ဒါပါပဲနော်"

လိုထင်ဆင့် ဘာမှမပြောဘဲ ရယ်နေလိုက်တော့သည်။

★

## အခန်း(၂၁၀၄)

### သားရေး - သမီးရေး

လှိုစုရောင်သည် နောက်တစ်နေ့၌ သူမ၏မိဘနှစ်ပါးပြောခဲ့သည့် စကားများကို လှစင်အား ပြန်လည်ပြောပြ၏။ ထို့နောက် ရှေ့ရေးနောက်ရေးများကို ပြောဆိုဆွေးနွေးကြသည်။ လှိုထင်ဆင့်၏ အတွေးအခေါ် စိတ်သဘောထား မပြောင်းလဲသမျှ ကာလပတ်လုံး မိမိတို့အတွက် အားငယ်စရာ မရှိဟု လှစင်ကပြောပြ၏။ လှိုစုရောင်ကလည်း အလိမ္မာနှင့် ရင်ဆိုင်မည်ဟု ကတိပေးသည်။

လှိုစုရောင်သည် လှစင်နှင့်ခွဲပြီး သူမ၏အခန်းထဲသို့ ပြန်လည် ဝင်ရောက်ခဲ့သည်။ သူမ၏ အိမ်ဖော်မလေးရွှေခင်ကျင်ကလည်း အခန်းထဲသို့လိုက်ဝင်လာပြီး လှိုစုရောင်ကို ပြုံးစိစိ ကြည့်နေလေ၏။



လှိုစုရောင်က....

"ဟဲ့...ဘာရယ်နေတာလဲ၊ ခပ်ခွေခွေတာနဲ့၊ ငါ့ဖိုများ ဘာမှတ်နေလို့လဲ"

လှိုစုရောင်က မျက်နှာထားတင်းတင်းနှင့် ပြောလိုက်သည့်တိုင် ရွှေခင်ကျင်က အရယ်မပျက်ပေ။

"ခစ်...ခစ်...မမလေးကို ကျွန်မ သတင်းကောင်းတစ်ခု ပေးမယ်၊ မမလေးက ကျွန်မကို ဘာဆုချမလဲ ပြော"

လှိုစုရောင်၏မျက်နှာထား ပြေသွား၏။ ရွှေခင်ကျင်အား စိုက်ကြည့်လိုက်ပြီး....

"မင်း....ဘာလိုချင်သလဲ ပြောစမ်း၊ ပြော်...သိပြီသိပြီ၊ မင်းကို ဘုတ်ဖာစိနပ်စလောက် ဆုချလိုက်မယ်၊ ဘယ့်နှယ်လဲ"

ရွှေခင်ကျင်က ရယ်လိုက်ပြန်သည်။

"ကျွန်မက ဘာကြောင့်သတင်းကောင်း ပေးမှာပါ မမလေးရဲ့၊ မမလေးကို မညာပါဘူး"

လှိုစုရောင်ကလည်း သူမနှင့်အတူ ပျော်ပျော်ရယ်လိုက်ပြီး....

"ကောင်းပြီ၊ ငါကျေနပ်အောင် ပြောနိုင်တဲ့ သတင်းကောင်းဆိုရင် မင်းကိုငါဆုချမယ်"

ရွှေခင်ကျင်က ခိုင်မာသော လေသံဖြင့်—

"အိုး....မမလေး သိပ်ကို ကျေနပ် သဘောကျသွားစေရမယ်၊ ဘာကြောင့်သတင်းကောင်း တစ်ပုဒ်မို့လို့ ကျွန်မကို ဆုချဖို့သာ ပြင်ထားတော့"

"မပြောမှာသာ ပြောခဲ့မိပါတယ်၊ စကားတစ်ခွန်း ပြော မယ့်အရေး အကျယ်ချဲ့နေမှသေးတယ်"

ရွှေခင်ကျင်က ပြုံးလိုက်ပြီးမှ ထီးဘိုးလေးသံဖြင့် ပြောသည်။

"မမကြီးကလေ မေလေးတို့ အစ်ကိုလှစင်နဲ့ ထပ်မလေးဖို့ဆိုတဲ့ အဘကြီးရဲ့ သဘောဆန္ဒကို လက်ခံသဘောတူလိုက်ပြီ မေလေးရဲ့"

လှိုင်စုရောင်နားထဲတွင် ပျားရည်များစီးဝင်သွားသလို ချိုသွားသည်။ သူမဘဝတွင် အပျော်ဆုံး အနေတင့်တဆုံး သူ့ဘဝအတွက် အလှဆုံး အကြီးကျယ်ဆုံးသော စကားတစ်ခွန်းကို ကြားလိုက်ရသောကြောင့် ရင်ထဲတွင် အပျော်ဆုံးဖြစ်သွားခဲ့ရသည်။ ထို့နောက် … ရွှေခင်ကျင်ကို စကြိုးနှင့်လွ… သောကြောင့် မျက်နှာကို အခင်မှန်ကုပ်ကာ စိတ်ဆိုးမာနဆိုး အမူအရာဖြင့် ဝေါက်လိုက်၏။

"ရွှေခင်ကျင်…နင်ဘာတွေလျှောက်ပြောနေတာလဲ၊ ငါတို့ ဘာတွေလာပြောနေတာလဲ"

သူမက သဘောပေါက်သလိုမြူးသော်လည်း အကြောင်းသိပြီးနေသော ရွှေခင်ကျင်က မပြုံးရေးချ ပြုံးနေ၏။

"ကျွန်မတို့ ကြောက်လန့်မနေပါနဲ့ မမလေးရယ်၊ ကျွန်မ အားလုံးတို့ သိပြီးပါပြီ၊ ဦးလေးတို့ကြားရရင် မမလေး ကျိန်းသေပေါက် ဝမ်းသာမှာပဲလို့တောင် အဘကြီးက ပြောခဲ့သေးတယ်၊ မမလေးက ဝမ်းသာလို့ ရယ်မောရမယ့်အစား ကျွန်မတို့ အပြစ်တင်နေချင်သေးလို့လား"



လှိုင်စုရောင်မှာ ထိန်းချုပ်ထားနိုင်တော့၊ တခစ်ခစ် ရယ်မောမိလေတော့၏၊ ရွှေခင်ကျင်၏ ပါးပြင်အားနှစ်ဖက်ဆွဲပင် ကြိတ်ခနိုင်ခဲ့မည်ဟန်ဖြင့် ဖျစ်ညှစ်လိုက်ချေသေးသည်။

သူမသည် လှစင်နှင့် ချစ်ကျွမ်းဝင်ခဲ့ကတည်းက မိမိတို့၏ မေတ္တာကိစ္စကို အခင်ဖြစ်သူ သဘောမတူ မကျေနပ်ဖြစ်မည်ကို စိုးရိမ်မိခဲ့သည်။ ယခုကဲ့သို့ ဝမ်းသာဖွယ်ရာသတင်း ကြားရသောအခါ ထိန်းချုပ်ခြင်းငှာ မတတ်သာတော့ဘဲ ရင်ထဲတွင် လှိုက်ဖိုပျော်မြူးသွားရတော့သည်။

ရွှေခင်ကျင်မှာ စကားတွင် လှိုင်စုရောင်က အင်တင်တင်လုပ်နေသဖြင့် စိတ်လှုပ်ရှားလက်လှုပ် မပျော်ရဲပေ။ ယခုသော်ကား သူမ၏မမလေးတစ်ယောက် ပျော်ရွှင်စွာ ခံစားနေရသည်ကို တွေ့မြင်ရပြီဖြစ်၍ သူမကလည်း လှိုင်စုရောင်ကို အတင်းဖက်ယမ်း နှမ်းရှုပ်နေမိတော့သည်။

မိဘများက သဘောတူ ကျေနပ်လိုက်ပြီဖြစ်သောအခါတွင်ကား လှိုင်စုရောင်၏စိတ်များက တစ်မုဟုတ်ချင်းပင် ပြောင်းလဲသွားသည်။ ယခင်က လှစင်နှင့် သူမတို့ တွေ့ဆုံ စကား ပြုံးပြုံး ပြောဆိုကြရာတွင် စိတ်လှုပ်ရှားခြင်းသိပ်မဖြစ်ပေ။ ယူကဲသော ခံစားချက် သိပ်မရှိခဲ့ပေ။

ယခုအချိန်တွင်ကား လှစင်နှင့် မည်သို့ပင်တွေ့ချင်တွေ့ချင် သူမ၏စိတ်များ အကြီးအကျယ် လှုပ်ရှားနေပေတော့သည်။ မျက်နှာတစ်ပြင်လုံးသည်လည်း ပန်းသွေးရောင် လွှမ်းနေခဲ့၏။ တွန့်ဆုတ်ရွံ့နိုက်ရဲ၊ ပြောခဲ့ဆိုရဲပါသည်ဆိုသော သူမ၏ သတ္တိစိတ်များ မည်သည့်အရပ်သို့ လွင့်ပျောက်သွားခဲ့ရသည် မသိတော့။

ပေါ်။ လှစင်နှင့် ရင်ဆိုင်ရမည့်ဆိုပင် ဒူးမခိုင်ချင်တော့သလို ဖြစ်လာရသည်။

နေမင်းက ပူပြင်းလှ၏။ လေပြင်းတစ်ချက်တစ်ချက် တိုက်ခတ်လာလျှင် ဖုန်မှုန့်သဲမှုန့်တို့က လေနှင့်အတူပါလာ၏။

ပူလောင်အိုက်စပ်ခြင်းကိုသာ ခံစားနေရ၏။

လှိုင်စုရောင်မှာ လှစင်၏စကားကြောင့် မေးသာကြည့်ရ၊ နေ့စဉ်မှာပင် အကြောင်းအရာတစ်ခုက ခေါင်းထဲသို့ ရုတ်ခြည်း ဝင်ရောက်လာခဲ့လေ၏။

သူမသည် လှစင်ကို အခန်းတွင်းထားခဲ့လျက် ဖခင်ရှိရာသို့ ထွက်လာခဲ့သည်။ ကံအားလျော်စွာပင် အခန်းထဲ၌ လှိုင်ထင် ဆင့် တစ်ယောက်တည်း ရှိနေကြောင်း တွေ့ရ၏။

လှိုင်ထင်ဆင့်က—

"သမီးစုရောင်—ဘာများ ကိစ္စရှိလို့လဲ"

"ပြောစရာရှိလို့ပါ ဖေဖေ"

"ဘာပြောစရာလဲ သမီး၊ သမီးရဲ့အိမ်ထောင်…"

"အို—မဟုတ်ဘူး ဖေဖေ၊ အဲဒါမဟုတ်ဘူး၊ မနေ့က သမီး ဖေဖေ့ကို ပြောခဲ့တဲ့ သတင်းစကားတွေထဲမှာ မေမေ့ကို ချန်လှပ်ထားတဲ့စကားတွေ ရှိသေးတယ်၊ အဲဒီ အကြောင်း ပြောချင်လို့ပါ"

"ပြော"

လှိုင်စုရောင်က အိုးယန်ဝေပြောခဲ့သည့်စကားများ အပြည့် အစုံကို ပြန်လည်ပြောလိုက်တော့သည်။ ထို့နောက် မည်ကဲ့သို့



ဆက်လက်လုပ်ကိုင် ဆောင်ရွက်ရမည်ဆိုသည်ကိုပါ တိုင်ပင် ဆွေးနွေးသည်။

"သမီး"

"ရှင်…ဖေဖေ"

"ဒီကိစ္စဟာ ဘာကယ့်ကို ကြီးကျယ်တဲ့ကိစ္စတစ်ရပ်ပဲ၊ ဒါကို ကြိုတင်ပြီးသိထားခဲ့မယ်ဆိုတော့ ဖေဖေ ရှောင်သွားလို့မဖြစ်ဘူး၊ လုပ်ရမယ့်ကိစ္စကို သေချာပေါက်ပဲလုပ်ရမယ်၊ ဖေဖေ့ အသက်ကို စွန့်လွှတ်လုပ်ရတဲ့တိုင်အောင် ဒီလို သစ္စာဖောက် သူခိုးဓားပြတွေ၊ တိုင်းပြည်ကို လှုပ်ကြမယ့်ကောင်တွေနဲ့ ဘယ်တော့မှ မတိုင်ပင်ဘူး၊ မညှိနိုင်ဘူးသမီး၊ ဖေဖေ သာ အသက် ခံလိုက်မယ်၊ ဖေဖေ့ခေါင်းထဲက အတွေးအခေါ်နဲ့ ယုံကြည် ချက်ကိုတော့ ဘယ်တော့မှ ဖျောက်ဖျက်မပစ်နိုင်ဘူး"

လှိုင်ထင်ဆင့်၏မာန်မာနစကား ကြုံးဝါးတည်း။ သူသည် သမီး ဖြစ်သူ လှိုင်စုရောင်ကို သတိထားမိပြီးမှ သူ့လေသံကို အနည်း ငယ် လျှော့လိုက်၏။

"ဒီမယ် သမီး…ဖေဖေတို့ ဟိုးအရင်ရှေးက ပညာရှိကြီး တစ်ယောက် ပြောသွားဖူးတာရှိခဲ့တယ်၊ အဲဒါက ဘာလဲဆို တော့ လူဆိုတာ သေမျိုးပဲ၊ မသေတဲ့လူသားဆိုတာ မရှိ ပါဘူး၊ ဒါပေမယ့် မသေခင်မှာ လောကကြီးကို ကောင်း ကျိုးပြုတဲ့ လှုပ်ရပ်ကလေးတွေတော့ လုပ်ဆောင်သွားကြပါ တဲ့၊ ဖေဖေလုပ်နေတာတွေဟာ ဖေဖေ့ကိုယ်ကျိုးမပါဘူးဆို တာ သမီး သိပါတယ်ကွယ်"

လှိုင်ထင်ဆန့်က အခန်းပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ တရှိန်ရှိန်တက်နေသော ထိုလှိုင်းများကို မြင်နေရ၏။ အတန်ကြာအောင် ငေးနေပြီးမှ သက်ပြင်း ချလိုက်သည်။

"မေမေဟာ ဝမ်းကျင်ရဲ့သားကို သင်ရဲတဲ့သဘော်တော်ရှိသေးတယ်ဆိုရင် လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စတွေကို ဆက်ပြီး လုပ်သွားဖို့ မေမေ့မှာ တာဝန်ရှိနေပါသေးတယ်၊ သမီးရယ်...သမီး မေမေ့စကားကို နားထဲမှာ စွဲစွဲမြဲမြဲမှတ်ထားစေနော် မေမေ တယ်ရှိုပဲဖြစ်နေပါစေ၊ သမီးကတော့ သမီးမေမေနဲ့ မေမေ့ ကောင်းကောင်း ကြည့်ရှု စောင့်ရှောက်ပါလေ့၊ သမီးမေမေနဲ့ မေမေ တိုင်ပင်ပြီးပြီ၊ သမီးနဲ့လှစင်တို့ရဲ့ မင်္ဂလာကျင်းပကို သူ ထပ်ပြီးမစောင့်ကွက်တော့ဘူး၊ သဘောတူလိုက်ပြီ၊ သားစမ်း...အားစင်လှ သွားခေါ်ပေးစမ်း၊ မေမေ သူ့ကို စကားပြောချင်သေးတယ်"

လှိုင်စုရောင်မှာ ဖခင်ဖြစ်သူထံမှ စကားကြောင့် စိတ်ရှုပ်ထွေး နေသော်ကျိုးခြင်း၊ ရမ်းသာပျော်ရွှင်ခြင်းနှင့် ရှက်ရွံ့အားငယ်ခြင်း စသောခံစားချက်များကို တစုတဝေးတည်း ခံစားနေရသည်။ လှစင်ကို သွားခေါ်ပေးရန် သူမ ထိုင်ရာမှ မထနိုင်သေး။ ရှက်စိတ်ကြောင့် မျက်နှာတစ်ပြင်လုံး ရဲရဲနီနေသည်။

လှိုင်ထင်ဆင့်မှာ သမီးတော်မှ လှိုင်စုရောင်၏ မျက်နှာကို ကြည့်ပြီး သတိရလာသည်။ အားစင်နဲ့ သမီးရေးကိစ္စကို



ပေါ်ပေါက်ချင် သမီးတစ်ယောက်၏ ရှေ့တွင် မပြောရ၍ သင့်တော်မည်လော။

"အားစင်နဲ့ သမီးနဲ့ သိပြီး ခင်မင်ကြတာမဟုတ်လား၊ တစ်ယောက်နဲ့တစ်ယောက် နေ့တိုင်း မြင်တွေ့နေကြရတာပဲ၊ သားရှက်စရာ ဘာရှိသလဲကွယ်၊ သွားခေါ်လိုက်ပါ"

လှိုင်စုရောင်က ပေါ်တတ်သရုပ်ဆိုက်စဉ်မှာပင် လှိုင်ထင်ဆင့်က ရုတ်တရက် တားမြစ်လိုက်၏။

"နေ...နေပါတော့သမီး၊ သွားမခေါ်နဲ့တော့၊ သူ့ဖက်က အခြေအနေ ဘယ်လိုရှိသလဲဆိုတာတောင် မသိရသေးဘူး၊ မေမေကိုယ်တိုင်ပဲ သူ့ဆီကိုသွားရောက်ပါတော့မယ်လေ"

လှိုင်စုရောင် ခေါင်းညိတ်ပြလျှင် သူမ ဖခင်အခန်းထဲမှ ထွက်လာခဲ့တော့သည်။

★

## အခန်း (၁၀၅)

### အန္တရာယ်စည်းဝိုင်းမှ အလွန်

အခြေအနေက ကြိုတင် သတင်းရရှိထားသည့်အတိုင်း ဖြစ်လာခဲ့၏။ လိုစုရောင်နှင့် လိုထင်ဆင့်တို့ ဆွေးနွေး ပြောဆိုကြသည့်နေ့ ညနေခင်းမှာပင် ဝါချပ်လူမျိုး အယောက်နှစ်ရာကျော် နေပြည်တော်မှ ရောက်လာကာ တောထဲကို ဖြတ်ကျော်ကြသည်။

လိုထင်ဆင့်ကလည်း ကြိုတင်သတင်းရရှိထားသဖြင့် တပ်သားများဖြန့်ကာ အရေးကြီးသော လမ်းကြောင်းများကို ပိတ်ဆို့ကာ စောင့်ကြပ်စေသည်။ ပြီးမှ ထိုဝါချပ်လူမျိုးများအား ရှာဖွေစစ်ဆေးခြင်းပြု၏။

ဝါချပ်လူမျိုးများထံမှ တရုတ်ပြည်ဖြစ် လက်နက်ခဲယမ်းမီးကျောက်မျိုးစုံကို တွေ့ရှိ သိမ်းဆည်းရရှိ၏။ ထို့အပြင် စမ်



ကျင်ထံမှ ဝါချပ်လူမျိုး အဖွဲ့ချုပ်ကြီးတို့ကွမ်ထံသို့ ရေးပေးလိုက်သော ပုဂ္ဂိုလ်ရေးစာတစ်စောင်ကိုလည်း တွေ့ရှိရသည်။

လိုထင်ဆင့်က ထိုလက်နက်များအားလုံးကို လက်နက်ကိုဒေါင်ထဲတွင် သိမ်းဆည်းထားလိုက်သည်။ ဝါချပ်လူမျိုးများကိုလည်း အကျဉ်းချ ချုပ်နှောင်ထားလိုက်သည်။ ထို့နောက် ချက်ချင်းပင် နေပြည်တော်သို့ သတင်းပို့အကြောင်းကြားလိုက်၏။

သူ့စီစဉ်ချက်များက အကွက်ကျ စေ့စပ်လှပေသည်။ သို့သော် စမ်ကျင်ကား နယ်နယ်ရရ လူတစ်ယောက်မဟုတ်ပေ။ ဤသို့ဖြစ်လာလိမ့်မည်ကိုလည်း ကြိုတင်၍ တွက်ဆခဲ့၏။

ထို့ကြောင့် ဝါချပ်လူမျိုးများကို နေပြည်တော်က ထွက်ခွာရန် လွှတ်ပို့ပြီးသည့် အချိန်မှာပင် အထက်သို့စာတင်ခဲ့၏။ ထိုစာအရ လိုထင်ဆင့်အား တာဝန်လစ်ဟင်းသဖြင့် သူ ရာထူးမှ ထုတ်ပယ်လိုက်သည့် အမိန့်တို့ ကြိုတင် ထုတ်ပြန်ခဲ့ပြီးပေပြီ။ စောဒကတက်မည့် စေတမန်များကိုလည်း လမ်းတစ်လျှောက်လုံးတွင် လွှတ်ထားကာ လုပ်ကြံခိုင်းသည်။

လိုထင်ဆင့်သည် ထိုအကြောင်းအားလုံးကို လိုစုရောင်ထံမှ ကြားသိပြီးဖြစ်၍ စောစီးစွာကပင် ကြိုတင်ပြင်ဆင်ထားခဲ့ပေသည်။ တရားရုံးနေအိမ်မှ ချက်ချင်း ဆုတ်ခွာပြောင်းရွှေ့ကာ အရပ်ဘက်အိမ်တွင် ပြောင်းရွှေ့နေထိုင်လိုက်သည်။ ရက်ပိုင်းအတွင်းမှာပင် တခုထံမှ ပြောင်းရွှေ့နိုင်ရန်လည်း ပြင်ဆင်ခဲ့ကြခြင်း ဖြစ်ပေသည်။

ယိုထင်ဆင့်တစ်ယောက် ရာထူးမှ ထုတ်ပယ်ခြင်းခံရပြီ ဆိုသော သတင်းသည် ဘာ့ထုံအစ်ကြိုးလုံး အက်ခဲအဘ်လောင်းနှင်း ဖြစ်စေသည်။ ဘုရင်မင်းမြတ်နှင့် အမတ်ကြီး ခမ်ကျင်အား ထီးတို့ရှုတ်ချသံများသည် ကင်ကြိုးလုံး မကြားကြိုမှ အဆုံး ဖြစ်နေတော့၏။

မှီးသားခြော်ငှံကြွေသော တပ်ကြိုးလုံးရှိ ပုဂ္ဂိုလ်များသည်း ... ဘာ့ထုံမှထွက်မသွားရန် တားမြစ်ခဲ့ကြ၏။ သို့သော် ယိုထင်ဆင့်တို့ ဇနီးမောင်နှံနှစ်ယောက်သည် သမီးနှစ်ယောက်၊ နောက်လိုက်လူအချို့နှင့်အတူ တစ်ခုသော ညနက်ခင်းမှာပင် ဘာ့ထုံမှ ထွက်ခွာသွားခဲ့တော့သည်။

လုဇင်သည် မနောင်တွင် ယိုထင်ဆင့်နှင့် သမီးသမက်တော်စပ်ရမည့်သူဖြစ်၍ ယိုထင်ဆင့်နှင့်အတူ လိုက်ပါသွားခဲ့သည်။ မုန်းရှုနှင့် ဝမ်ဟိုတို့နှစ်ယောက်ကလည်း ယိုထင်ဆင့်၏ ကိုယ်ရံတော် လူယုံတော်များဖြစ်၍ သူတို့နှင့်အတူ လိုက်ပါခဲ့ရပြန်သေးသည်။ ဆန်ကျူကျူတစ်ယောက်သာ သောင်မတင်ရေမကျ ဖြစ်လျက် ဘာလုပ်ရမှန်းမသိ ကျန်ရစ်သည်။

ရောင်းဆိုး သူ့အနားနှင့် ယိုထင်ဆင့်နောက်သို့ မလိုက်နိုင်ပါဘဲ ဘာ့ထုံတွင် သောင်တင်ကျန်ရစ်ခဲ့သည်။ အိုယန်ဇေကမူ ယိုထင်ဆင့်နှင့်အတူ လိုက်ပါသွားရန် တိုက်တွန်းခဲ့သော်လည်း ဆန်ကျူကျူက မလိုက်သေး၊ အိုယန်ဇေကို တစ်ယောက်တည်း မထားနိုင်ဟု ပြောပြီး ဘာ့ထုံ၌တွင် ကျန်ရစ်သည်။



နောက်ပိုင်းရက်များ၌ ဘာ့ထုံသည် ယိုထင်ဆင့်ရှိစဉ်ကနှင့် လုံးဝမတူတော့ချေ။ ယိုထင်ဆင့်ရှိစဉ်က ပျော်ရွှင်ငြိမ်းချမ်းခဲ့သလောက် နောက်ပိုင်းတွင် ဖိနှိပ်မှုများ ထွက်ပေါ်လာလေတော့သည်။

ဆန်ကျူကျူမှာ ဘာ့ထုံတွင် ကျင်လည်နေခဲ့ရသူပီပီ ညှိုးကျုံးသော ပြောင်းလဲမှုများကို လက်ခံနိုင်သေး၊ တရားမဲ့ ဖြစ်ချင်တိုင်း ဖြစ်နေခဲ့သည်တို့ကို မျက်မြင်တွေ့ပြီ ကျေနပ်ခြင်းမရှိသော်လည်း၊ ယိုထင်ဆင့်အား သတိရပြီး သောင်းသေးပြီး ဘာ့ထုံတို့ ပြန်ရောက်သည့်ညမှာပင် သူ၏ သူတ်ရှားမှုကို စတင်တော့သည်။

'အမယ်လေး....ဘယ်ကြပါရှင်....ဘယ်ကြပါ'

ဤကဲ့သို့ဆိုမှ အော်ဟစ်အကူအညီတောင်းသံတစ်သံ ကြားလိုက်ရသောအခါ ဆန်ကျူကျူသည် ပြတင်းပေါက်မှ ကျော်ထွက်ကာ အိမ်ခေါင်မိုးပေါ်သို့ ခုန်တက်လိုက်၏။ အမှောင်ထဲမှာပင် အကဲခတ်လိုက်၏။ မြင်ရသောမြင်ကွင်းကြောင့် သူ့စိတ်ထူပူသွား၏။ ဒေါသစိတ်က ခေါင်းထိပ်ကို ဖင်ဆောင့်လေတော့သည်။

'မြင်ကွင်းကား မကြည့်ရက်စရာ၊ အခန်းတစ်ခန်းထဲတွင် ယောကျ်ားနှစ်ယောက်က အရှက်မဲ့စွာ သောင်းကျန်းနေကြ၏။ မိန်းမသားနှစ်ယောက်အား သူတို့လက်ထဲတွင် ကျားခံတွင်းဝမှ ယုန်သူငယ်လေးများ ဖြစ်နေရှာ၏။

ထိုယောကျ်ားနှစ်ယောက်အနက် တစ်ယောက်က ဗသက် ခြောက်ဆယ်ခန့်ရှိသော အမျိုးသမီးကြီးတစ်ယောက်ကို လက်

ဖြင့် ချုပ်နှောင် စည်းတုပ်ထားၿပီး ကျန်တစ်ယောက်ကား အသက်ငယ်ငယ် အပျိုရွယ် မိန်းကလေးတစ်ယောက်ကို ဆွဲယမ်းကာ အဓမ္မကျင့်ရန် ကြိုးစားနေၿပီ။

မတော်မတရားသော မြင်ကွင်းဖြစ်၍ စိတ်ကောင်းရှိသူတိုင်း ဤအဖြစ်မျိုးကို ကြည့်ရှုရန်ကြမည် မဟုတ်ပေချေ။ လန်ကျုံ့ကျူကဲ့သို့ မဟုတ်မခံ အထက်လမ်းသိုင်းသမားအဖို့ကား ပြောရော မရှိတော့ချေ။ သူသည် အသက်အန္တရာယ်ကို လုံးဝဥဿုံးစားခြင်း မပြုနိုင်တော့ဘဲ အုတ်ကြွပ်ပြားတစ်ချပ်ကို အိမ်အမိုးမှ ဖြုတ်လိုက်၏။ ထို့နောက် အခု အဓမ္မကျင့်ရန် ကြိုးပမ်းနေသူအား စေ့စပ်ပေါက်ချလိုက်လေတော့သည်။

"ချွမ်း"

"အား..."

အုတ်ကြွပ်ပြားက ထိုသူ၏ ဦးခေါင်းသို့ ထိမှန်သွား၏။ ထိုသူသည် ကြမ်းပေါ်သို့ ဝုန်းခနဲကျသွားသည်။ အမျိုးသမီးကြီးကို ထိန်းချုပ်ရန် ကြိုးစားနေသူသည် အသံပလံများကြောင့် နောက်သို့ လှည့်ကြည့်၏။ သူ့အဖော် လဲကျသွားသည်ကို တွေ့လိုက်ရသောအခါ စိတ်ထဲတွင် အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားသည်။ ထိုစဉ်မှာပင် သူ့မျက်စိရှေ့၌ လူရိပ်တစ်ရိပ် ရောက်ရှိလာသည်ကို တွေ့လိုက်ရတော့သည်။

လန်ကျုံ့ကျူက ထိုသူကို ဖမ်းချုပ်လိုက်၏။ လန်ကျုံ့ကျူ လက်ထဲ၌ ကြက်ဥဆေးငှက်ကလေးတစ်ကောင်လို ယက်ကန်ယက်ကန် ပါသွားတော့၏။



"ခွင့်လွှတ်ပါဗျား ချမ်းသာပေးပါ။ ကျွန်...ကျွန်တော့် အသက်ကို ချမ်းသာပေးပါ"

ထိုလူကား အရှက်မရှိ တောင်းပန်နေရှာလေတော့၏။ အကြီးအကျယ် ကြောက်ရွံ့တုန်လှုပ်နေသော်လည်း လန်ကျုံ့ကျူသည် ယောက်ျားဖြစ်လျက်နှင့် ... ... ... ကြောက်ရွံ့ တောင်းပန်နေသူကို လွှတ်စရာ ရှိမှာမဟုတ်ပါသည်။

"အသုံးမကျသူကတော့ ခွေးကောင်၊ ခုနက ဝင်းရဲ့ယုတ္တိတွေ ဘယ်ရောက်ကုန်ပြီလဲ ... ... ... ကျုပ်နားထောင်ဖို့ အချိန်မရှိဘူး ထွက်သွားစေ"

ပြောပြောဆိုဆိုပင် အမေးကြောသော လက်ညှိုးညွှန်ပြလိုက်၏။ ထိုသူလည်း ဝမ်းသာအားရပင် တံခါးဝဆီသို့ ပြေးထွက်သွား၏။ အပြင်ရောက်၍ အချိုးအကွေ့ကလေးတစ်ခုကို တွေ့လိုက်စဉ်မှာပင် သူ့မျက်စိရှေ့၌ လူရိပ်က မြင်လိုက်ရသည်။ ဓားရိပ် လက်သွားသည်ကိုလည်း တွေ့ရသည်။

"ရွှမ်း"

ထိုသူမှာ စကားတစ်ခွန်းမျှ မပြောနိုင်တော့ဘဲ မြေကြီးပေါ်သို့ တုံးခနဲ လဲကျသေဆုံးသွားတော့သည်။ လန်ကျုံ့ကျူသည် တစ်ယောက်ကို ရှင်းပစ်ပြီးဖြစ်၍ အမျိုးသမီး နှစ်ယောက်ကို ကယ်တင်ရန်နှင့် ကျန် မေ့လဲနေသော ရန်သူတစ်ယောက်ကို ရှင်းလင်းပစ်ရန် ထွက်လာခဲ့ရခြင်းသည်။ သူ ခြေလှမ်းအနည်းငယ် လှမ်းလိုက်စဉ်မှာပင် ပြေးလွှားသည့် ခြေသံကို ကြားလိုက်ရတော့သည်။ လန်ကျုံ့ကျူသည် အိမ်ခေါင်မိုးပေါ် ကိုယ်ဖော့ ခုန်တက်ကြည့်လိုက်၏။ ဝေဝေဝါက

အုတ်ကြွပ်ဖြင့် ဝင်ပေါက်ခံရသူမှာ မသေဘဲ ခေါင်မိုးပေါ်မှ တစ်ဆင့် ထပ်ပြေးရန် ကြိုးစားခြင်းပေတည်း။ ထိုအခါ လန်ကျူကျူ ဓားစွမ်းပြရတော့၏။ ထိုသူမှာ အုတ်ကြွပ်ဖြင့် မသေ၊ ဓားချက်ဖြင့် သေရလေတော့၏။

နောက်တစ်နေ့တွင် လန်ကျူကျူသည် အဝတ်အစား လဲလှယ်ကာ အရက်ဆိုင်သို့ စနည်းနာရန် ထွက်လာခဲ့၏။ သူ စနည်းနာထွက်လာသည်မှာ မှန်ပေသည်။ အဘယ်ကြောင့် ဆိုသော် သူ့အတွက် အသွင်တန်ဖိုးရှိသောသတင်းကို ရလိုက် သောကြောင့်ပေတည်း။ ထိုသတင်းကား သူ့ကို ဒေါသထွက် စေသည်လည်း အမှန်ပင်။

ထိုသူများ၏ စကားအရ တာ့ထုံသို့ ယခု နောက်ဆုံး ရောက်ရှိလာခဲ့သော အရာရှိသစ်မှာ လိုထင်ဆင့် ဖမ်းဆီး ချုပ်နှောင်ထားသော ဝါချုပ် လူမျိုးများကို ပြန်လည်၍ လွှတ်ပေးလိုက်သည့်အပြင် နေပြည်တော်မှ ထွက်လာစဉ်က ဆောင်လာသည့် လက်နက်ကိရိယာမျိုးစုံ အစုံသည်း စာရင်း အတိုင်း ပြန်လည်ပေးအပ်လိုက်သည့် သတင်းပင် ဖြစ်လေ တော့၏။ သို့ဖြင့် နစ်နာကြေးအတွက် ပစ္စည်းအတော်များ များကိုပင် လက်ဆောင်အဖြစ် ပေးလိုက်သေးသည် တဲ့။

ထိုဝါချုပ်လူမျိုးများကို ဖမ်းဆီးရာတွင် လန်ကျူကျူ သည်လည်း ပါဝင်ခဲ့၏။ သူတို့ကို ချုပ်နှောင် ဖမ်းဆီးထား ခြင်းသည် တရုတ်ပြည်ကြီးတစ်ပြည်လုံးအတွက် သော်လည်း ကောင်း၊ အထူးသဖြင့် တာ့ထုံအတွက် သော်လည်းကောင်း ကြီးမားသော ကောင်းကျိုး ချမ်းသာကို ပေးနိုင်ခဲ့လေသည်။



ယခုရောက်ရှိလာသော အရာရှိလူသစ်က ထိုဝါချုပ်လူမျိုး များအား ပစ္စည်းပြန်ပေး၍ လူကိုလည်း ပြန်လွှတ်လိုက်သဖြင့် ကျားဆေးကို အသက်သွင်း၍ ပြန်လွှတ်လိုက်သလို ရှိနေပေ သည်။ ယင်းအတွက် နောက်ပိုင်း ဖြစ်ပျက်လာမည့် အကျိုး ဆက်ကား မတွေးဝံ့စရာပင် ရှိတော့သည်။

လန်ကျူကျူမှာ ထိုအကြောင်းကို နားထောင်လေလေ ဒေါသထွက်လေလေဖြစ်မိ၏။ စဉ်းစားမိလေလေ၊ ကြိတ်မနိုင် ခဲရ ဖြစ်ခဲ့လေလေပင်။ ထို့ကြောင့် နောက်ရောက်လာသည့် အရာရှိကို နည်းနည်းလောက် ဆုံးမ ပညာပေးလိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။ အသက်အန္တရာယ်ရှိသည်ကိုမူ သူမသိ ချေ။

ညဉ့်ယံချိန်ကျော် အနီးသောင်နှစ်ချက် ခေါက်သံ ပေါ် ပြီးသည်နှင့် လန်ကျူကျူသည် ဓားရှည်နှင့်သက်နက်ပုန်းကို ယူဆောင်ကာ တရားရုံးဘက်သို့ ထွက်လာခဲ့သည်။ တရားရုံး မှာ သူ့နေအိမ်မှာ ကျွမ်းဝင်လှသည့်နေရာဖြစ်၍ အဝင် အထွက် လွယ်ကူလှပေသည်။ ထိုစဉ် သူ့နောက်မှ လေဟုန်းသံ ကြားလိုက်ရလေတော့သည်။

လန်ကျူကျူမှာ ရန်သူ၏ အလစ် တိုက်ခိုက်ခံလိုက်ရလေ ပြီလားဟု အထိတ်တလန့်ဖြစ်ကာ နောက်သို့ ရုတ်တရက် လှည့်ကြည့်လိုက်မိသည်။

"ဟင်..."

မျက်လုံးနှစ်လုံးချင်း ဆုံမိလိုက်လျှင် နှစ်ဖက်စလုံး အံ့အားသင့်သွားကြသည်။ လန်ကျုံကျုံက စကားစပြောမည်ကြံရုံမှာပင် တင်ဖက်မှ ဦးစွာ တီးတိုး ပြောလာသေး၏။

"ရှူး ... စကားမပြောနဲ့၊ ကျွန်မနောက် အမြန်ဆုံးလိုက်ခဲ့"

ဒိုစေယန့်ပင်တည်း။

သူမ လန်ကျုံကျုံရှေ့မှ ဦးဆောင်ကာ နောက်ဘက်ခန်းခြံရှိရာဆီသို့ ကွေ့ဝိုက်မပေါ်အောင်သွားသည်။ လန်ကျုံကျုံသည် အမြန်ဆုံးလိုက်ပါသွားလေ၏။ မမျှော်လင့်ဘဲ သူမကို တွေ့လိုက်ရသဖြင့် လွန်စွာ ဝမ်းသာမိသည်။

ဒိုယန့်စေက တီးတိုးပြောပြန်လေ၏။

"အသံမထွက်စေနဲ့၊ ကျွန်မသူ့ကိုရှင်းပစ်လိုက်မယ်"

သူမသည် ပြောပြောဆိုဆိုပင် လှုပ်ရှားလိုက်၏။ ရုတ်ခြည်းပန်းဝင်ဘက်ပင်၏ မြေရင်းဆီသို့ရောက်ရှိသွား၏။ လန်ကျုံကျုံမှာ သူမလှုပ်ရှားလိုက်သည့် အရိပ်ကိုသာ တွေ့လိုက်ရ၏။

တစ်ခဏအတွင်းမှာပင်အသက်လေးဆယ်ကျော်ခန့်အရွယ်ရှိသော ယောကျ်ားကြီးတစ်ယောက်ကို ချိုင်းတွင်ညှပ်ဆွဲလာခဲ့ပြီး မြေကြီးပေါ်သို့ ပစ်ချလိုက်သည်။

လန်ကျုံကျုံက တအံ့တဩ မေးမိ၏။

"သူ...ဘယ်သူလဲ"

ဒိုယန့်စေ ရယ်မောလိုက်၏။

"သူ့ဝတ်စုံကိုမကြည့်ဘဲ ဘာကြောင့် မေးနေရတာလဲ"

လန်ကျုံကျုံ အသေအချာ ဂရုတစိုက်ကြည့်လိုက်၏။



"ဟင်...ဒီနေ့ပြည့်ဘက်က ချိုယ်ရုံတော် ဘင်သားပဲ၊ ဘယ်လို ဘာသားလုပ်တာလဲ"

ဒိုယန့်စေက အေးမြစွာသော သူမပြောချင်သည်ကိုသာ ပြောသည်။

"ဘာကိုယ်တည့်နဲ့ ရှင့်ကိုယ်ထည်ကြား သိပ်မကွာဘူး၊ သူ့ဝတ်စုံကြီးကို ကျွန်မ သိုးဝှက်ပြီးပြီ၊ သူ့အဝတ်အစားတွေလဲ ချွတ်ပြီး လဲဝတ်လိုက်။ ပြီးရင် ရှင့်ကို ကျွန်မ အကြောင်းစုံ အပြည့်အစုံ ပြောပြမယ်"

လန်ကျုံကျုံ ခေါင်းတစ်ချက်ညှိတ်လိုက်၏။

"မင်းက ကျုပ်ကို ဟန့်တားခိုင်းနေတာလား၊ ဒါဆိုရင်လဲ မင်း ဟိုဘက်ကို လှည့်နေလိုက်"

ဒိုယန့်စေ ရှက်ပြုံးကလေးပြုံးပြီး တစ်ဖက်သို့လှည့်နေလိုက်ရ၏။ လန်ကျုံကျုံ အဝတ်လဲနေစဉ်မှာပင် သူမက လှည့်မကြည့်ဘဲ ပြောနေ၏။

"အခုကနေပြည်ဘက်ကတိုးစတ်ရုံကိုယ်ရံတော်တစ်ယောက်၊ ဒါပေမယ့် ဝမ်ကျောင်ရဲ့လူယုံတော်တစ်ယောက် ဖြစ်တယ်၊ ရှင့်အင်္ဂါသင့်ကို ရာထူးက တုတ်မယ်တဲ့ အချိန်မှာ ယူသွားတာနဲ့ ဓါးချပ်တွေကို လွှတ်လိုက်တာ အားလုံး သူ့လက်ချက်တွေပဲပေါ့၊ သူ့အဝတ်အစားကို သတိထားကြည့်၊ အထဲမှာ လျှို့ဝှက်ချက်တွေ ရှိနေနိုင်တယ်၊ ရှင် သူ့အဝတ်အစားကို လဲဝတ်လိုက်ရင် ဒီနေရာက ခပ်သည်းသည်း ထွက်သွားနိုင်မယ်၊ ပြီးတော့ ဝမ်ကျောင်တစ်ယောက် ရှင့်သူနဲ့ ပူးပေါင်းပြီး တိုင်းပြည်ကို သစ္စာဖောက်တဲ့ အထောက်အထားတွေ သူ့အကျီထဲက

ရှာတွေ့နိုင်မယ်၊ အဲဒီ အဝတ်အစားတွေက နောက်ခံနဲ့ဘဝ် ပမ်ကျင်တို့ အပြတ်ဖြတ်မယ့်အရေးမှာ အများကြီး အသုံး တည့်နိုင်တယ်၊ အဲဒါကို ရှင်သတိထားထိန်းသိမ်းပေတော့”

“မင်းတကယ်ပြောတာလားဟင်၊ ဒီဝတ်စုံက ဒီလောက် အထိတောင်ပဲ အသုံးဝင်သလား”

အိုယန်စေက ခေါင်းညိတ်ပြ၏။

“တကယ်ပြောနေတာပေါ့၊ ရှင့်ကို ကျွန်မက ဘာဖြစ်လို့ လိမ်ညာနေရမှာလဲ၊ ကဲ…မြန်မြန်သွားကြစို့၊ နောက်ကျရင် မမီတဲ့ဖြစ်နေဦးမယ်”

လန်ကျုံကျူ အဝတ်အစားကို အကျအနပြင်ဆင်ပြီး၊ လျှင် ရွေ့သုံ ခြေလှမ်းတစ်လှမ်း လျှောက်တက်ကာ အိုယန် စေ၏လက်ကို ဖမ်းဆုပ် ကိုင်ထားလိုက်သည်။ သူတို့သည် တစ်ဦးကိုတစ်ဦး ရှုရှုစိုက်စိုက် ကြည့်မိကြတော့၏။ တစ်ဦးရဲ့ တစ်ဦး ကြင်နာခြင်း၊ ချစ်ခြင်း၊ အားကိုးခြင်းများ ရောယှက် နေသဖြင့် သူတို့၏ နှလုံးသားများသည် ချက်ချင်း ပူနွေးလာ ပေတော့သည်။

အိုယန်စေမှာ ရင်ခုန်နေသဖြင့် လန်ကျုံကျူ၏ လက်ကို မပုတ်ဖယ်မိပေ။ သူမ၏ လက်တို့လည်း မရုပ်သိမ်းမိပေ။ အတန်ကြာအောင်ပင် တစ်ဦးကိုတစ်ဦး ငေးငိုင်ကြည့်နေမိ ပေသည်။

ည တစ်စတစ်စ သိပ်သည်းနက်ရှိုင်းလာသည်။ တိတ်ဆိတ် မှုက လွှမ်းကဲလာ၏။ လေတိုးသံနှင့် ပိုးပုရွက်တို့စိုးစိုးစီစီမြည် သံမှတပါး အခြားဘာသံမျှမကြားရပေ။ သို့သော် ချက်ချင်း



ရှိုးရှိုးပင် ဆူဆူညံညံအောင်ဟစ်သံတစ်သံ ထွက်ပေါ်လာရာ အို ယန်စေ လန့်သွားလေတော့၏။ ထို့နောက် လန်ကျုံကျူ လက်ထဲမှ သူ့လက်ကို အသာဆွဲထုတ်လိုက်ပြီးလျှင် မိမိကိုယ် မိမိ အပြစ်တင်သည့်လေသံမျိုးဖြင့် ရေရွတ်နေလေတော့သည်။

“သွားပြီ၊ နောက်ကျပြီ၊ နောက်ကျသွားပြီ”

ထို့နောက် လန်ကျုံကျူ၏လက်ကိုဆွဲယူလိုက်သည်။

“ရှင်…ဘာမှစကားသံမထွက်နဲ့နော်၊ လာ… ကျွန်မနဲ့ လိုက်ခဲ့”

လန်ကျုံကျူဘာမှမပြောသာဘဲ အိုယန်စေနောက်မှလိုက် လာခဲ့ရသည်။ တစ်ခဏအချိန်အပေါင်း၌ အတော်တလေးဖြတ် သန်းနိုင်ခဲ့ကြ၏။ မကြာမီ မျက်နှာချင်းဆိုင်မှ လူရိပ်နှစ် ရိပ်ကို တွေ့ရှိလိုက်ရ၏။ ထိုအထဲမှ တစ်ယောက်က လေသံ မာမာဖြင့် အော်ဟစ်ငေါက်ငမ်းတားမြစ်သည်။

“ခွေးသူခိုး၊ မင်း…ဘယ်သူလဲ၊ ဘယ်သွားမလို့လဲ”

လန်ကျုံကျူ ရင်ထိတ်သွား၏။

အိုယန်စေက သတိရှိပါစေ၊ ဟန်မပျက်စေနဲ့ ဟူသော သဘောဖြင့် သူ့လက်ကိုအသာအယာညှစ်ကာအချက်ပေး၏။ သူမကိုယ်တိုင်ကမူ ခပ်နွဲ့နွဲ့ရယ်မောလိုက်လေတော့သည်။ တစ် ဆက်တည်းမှာပင်…

“ဆရာကြီးကလဲ ဘယ်လိုဖြစ်နေတာလဲ၊ ကျွန်မတို့ကို တောင် မမှတ်မိဘူးလား”

အိုယန်နေခ၏အသံကြားမှ ထစ်ခနဲလှုပ်ရှားသွား၏။ ထို လူကား ဝမ်ကျွတ်၏သိုင်းဆရာကြီး မာဟူးပင်ဖြစ်သည်။ သာ၍ဆို မာဟူး ရောက်ရှိခဲ့သည်မှာ နှစ်ရက်ခန့်သာရှိသေး၍ ပြီး အိုယန်နေခ၏အသံ ကြားလိုက်ရသောအခါ သူ အံ့ဩ သွားသည်။

“အို...ပုံခနေသး အိုယန်နေခဲ့။ ကျုပ် မျက်စိမှေးသွားတာကို ဘယ်လိုမှ မမေ့အောက်မေ့နဲ့နော်”

အိုယန်နေခက ကိုယ်အလေးလျှော့နဲ့ ထာ ရယ်လိုက်၏။

“အချင်းချင်းတွေ့ပဲရှင်၊ စိတ်ဆိုးစရာ မလိုပါဘူး။ ဆရာကြီးမှာက ဒီလိုအသက်ဖြစ်နေတာ ဘာဖြစ်လို့လဲ၊ [illegible] တွေ့မိလို့လား”

မာဟူး ခေါင်းကို အလျင်အမြန် ခါယမ်းကာ...

“ဟင့်အင်း...မတွေ့ပါဘူး။ ငါ့များကိုမပြီးတာ မြန်လွန်းလို့ ကျုပ်စိတ်ထဲ သံသယဖြစ်ပြီး [illegible] ခေါက်မိ [illegible] တာနဲ့၊ သူ့နေသားတို့က ဘယ်ကိုများ သွားကြမလို့လဲ”

အိုယန်နေခက ဖြတ်ခနဲ လန့်ကျကျ အသက်သို့ လှည့်ကြည့်၏။ ထို့နောက် ပက်သည်းကို သွားဖြင့်ကိုက်ကာ ရှက်ခန့် ဟန်ဖြင့် ပြော၏။

“ကိုကြီးတုတ ကျွန်မကို ကတိရှိတယ်ဆိုပြီး ယခုရှာတယ် လေ။ သူ့မှာ ဘာကိစ္စရှိသလဲ မသိပါဘူး”

မာဟူးမှာ ဝမ်းသာကျေနပ်သည့်ပုံစံဖြင့် ခေါင်းတဆတ် ဆတ် ညိတ်လိုက်ပြီး....



“ဆ [illegible] ကောင်းတယ်။ ခင်ဗျားတို့နှစ်ယောက် အေးအေးဆေးဆေး လွတ်လွတ်လပ်လပ်စကားပြောကြ။ ပြန်ခဲ့ကြ၊ ကျုပ်တို့ ဘာမှ အနှောင့်အယှက်မပေးပါဘူး”

ပြောပြီးသည်နှင့် အိုယန်နေခတို့ကို ဟန်ကြည့်သောအား ဆုံးမည့် ဟန်ဖြင့် နေရာမှ လှည့်ထွက်သွားလေသော သည်။ အိုယန်နေခသည်လည်း အခွင့်အရေးကို စောင့်မျှော်နေ ပါ မာဟူး ခပ်ဝေးဝေးသို့မရောက်ခင်မှာပင် သနိုကျ [illegible] ထက်သို့ဆွဲကာ ပြေးထွက်သွားခဲ့လေတော့သည်။

★

## အခန်း (၁၀၆)

### ထမ်းဆောင်ထားသူ

ဘဖုးကား အိုယန်စေ၏စကားတို့ လုံးဝသံသယမရှိပေ။ တုဆုကြဲသည် အိုယန်စေအပေါ်တွင် အငယ်အလေ အရှုံးအမှုး စွဲလမ်းစမက်နေခဲ့သည်ကို သူ ကောင်းစွာသိထားသည်မဟုတ်ပါလား။ ထိုနှစ်ယောက်ကို နီးစပ်စေချင်၊ ပေါင်းဖက် လက်ဆက်စေချင်သည့်ဆန္ဒလည်း သူ့တွင် အပြည့်အဝ ရှိနေပေသည်။ ထို့ကြောင့် ထန်းရင်စန်းကပင် တုဆုကြဲနှင့်ပတ်သက်ပြီး အိုယန်စေအား လက်ဆက်ခွင့် နားချဘိုကဲဘွန်းခဲ၏။

ထန်းရင်စန်းမှာ ဗိုက်ချင်းဖိုက် ကိုယ်ဝန်အိတ်ထဲဖိတ်ပါက ကောင်းပေစွဟုတွေးမိကာ ပြင်းဆန်ခြင်းမပြုခဲ့ပေ။ သို့သော် အိုယန်စေက ထိုကိစ္စကို သဘောမတူသဖြင့် အတော်ပင် ခက်ခဲခဲ့သည်။ တုဆုကြဲနှင့်ပတ်သက်သော အပြစ်အနာအဆာ



များကို အိုယန်စေက ဖော်ပြကာ ရှောင်ရှား၏။ တုဆုကြဲသည် အိုယန်စေထက် အသက် ဆိုးနှစ်ကြီး၏။ ပိုဆိုးသည့် အချက်မှာ တုဆုကြဲတွင် ဇနီးကြီးရှိနေခြင်းပင်။

ထန်းရင်စန်းမှာ တပည့်ဆို၍ အိုယန်စေ တစ်ယောက်တည်းသာရှိသည်။ အိုယန်စေကို ချစ်လည်းချစ်သည်။ တုဆုကြဲက အိုယန်စေထက် အသက်အရွယ် ကြီးရင့်နေခြင်း အတွက်မူ ထန်းရင်စန်းက အာမှု ပြဿနာမလုပ်ပေ။ သို့သော် ဇနီးမယားရှိလျက်နှင့် မိမိ၏တပည့်မကို အငယ်အနှောင်းအဖြစ် ပေါင်းသင်းမည် ဆိုခြင်းကိုကား သူ လုံးဝ လက်မခံပေ။ သူ၏ဂုဏ်သိက္ခာကို ထိခိုက်သည်ဟုလည်း ယူဆပေသည်။

ဝင်စစ် တုဆုကြဲတွင် ဇနီးမယားကြီးဟူ၍မရှိချေ။ သို့သော် အိုယန်စေက တုဆုကြဲကို လက်မထပ်လို၍သဖြင့် ဆရာဖြစ်သူ ယုံကြည်မှုရှိစေရန် အမျိုးမျိုး လိမ်ဆယ်လုပ်ကြံပြောဆိုခဲ့ခြင်းသာ ဖြစ်ပေသည်။

တုဆုကြဲကလည်း အိုယန်စေနှင့် နီးစပ်မှုရအောင် အမျိုးမျိုး အခွင့်အလမ်းရှာ၏။ ထိုအခွင့်အလမ်းကို အသုံးချကာ အိုယန်စေက သူ့ဆီမှ အရေးကြီးသတင်းများကို နှိုက်ထုတ်လျက် လိုရာရောင်းထဲတွင် သတင်းပေါက်သည် ချခဲ့ခြင်း ဖြစ်ပေသည်။

ယခုညတွင်လည်း တုဆုကြဲမှာ အိုယန်စေနှင့် စကားပြောလိုသောကြောင့် နေရာအနှံ့လိုက်လံရှာဖွေ၏။ အမှတ်မထင်ပင် အိုယန်စေတစ်ယောက် အခြားယောကျ်ားတစ်ဦးနှင့်

အနောက်ဘက်ပန်းခြံဆီသို့ ထွက်သွားသည်ကို မတွေ့လိုက် ရသောအခါ တုဆုကြဲ မဲ့ဒါ ထွက်သွားတော့သည်။ အိုယန် စေ၏ နောက်မှ လိုက်လံချောင်းမြောင်းနေတော့သည်။ သို့သော် သူ၏ ကိုယ်ဖော့ပညာ မထက်မြက်သဖြင့် သူ့ကို အိုယန်စေ တွေ့ရှိသွားခဲ့ရသည်။

ထို့နောက်...

မဘူးမှာ တုဆုကြဲတစ်ယောက် အိုယန်စေကို တစ်ဖက် သတ် ကြိုက်နေကြောင်း စောစီးစွာကပင် သိရှိထားခဲ့ပေ သည်။ ယခုကဲ့သို့ နှစ်ယောက်တွဲထွက်သွားမည် ဆိုသောအခါ သူ စမ်းသာအား ခွင့်ပြုခဲ့သည်။ သို့သော် ချဉ်လှမ်း ငါး လှမ်းမျှ လှမ်းရသေးမီ အနောက်ဘက် ပန်းခြံဆီမှ အော် ဟစ်သံများ ကြားလိုက်ရတော့သည်။

"ဟိတ်ကြီးပေါ့...လိုက်ကြ၊ ဒီမှာ ရန်သူက လုပ်ကြ သွားပြီ"

မဘူးချက်ချင်း တုန်ခါသွား၏။ အသံကြားရာသို့ ပြေးကြည့် ရတော့သည်။ ရန်သူသည် အမှန်တကယ်ပင် ဝင်ရောက်လာ ပြီး လုပ်ကြံသတ်ဖြတ်သွားခြင်း ဖြစ်ကြောင်း တွေ့ရှိလိုက်ရ သည်။ ထိုအသတ်ခံရသူမှာ တုဆုကြဲ ဖြစ်နေသည့်အခါမှာ တော့ မဘူးမှာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားပေ တော့၏။ သူစဉ်းစားရခက်ပြီ။

"မောင်မောင်ကဘင်ပဲ ငါမြင်စိမ့်ရမှာ အိုယန်စေနဲ့တုဆု ကြဲတို့ တွေ့ခဲ့ပါတယ်၊ အခု တုဆုကြဲ လုပ်ကြံခံရတယ်ဆို တော့ ဘယ်လိုဖြစ်တာလဲ၊ အိုယန်စေနဲ့အတူရှိနေတာ တုဆု



ကြဲမဟုတ်ရင် ဘယ်သူဖြစ်မလဲ၊ သူ့ကို တုဆုကြဲလို့ အို ယန်စေက ဘာကြောင့် ပြောရတာလဲ"

မဘူးကား လူရိုးလူအ တစ်ယောက်မဟုတ်ချေ။ အိုယန် စေသည် မိမိတို့အပေါ်တော်သားဟု ယုံကြည်မိခြင်းက မိမိ မှားယွင်းလည်းသွားလေ၏။

"တုဆုကြဲဟာ ယောကျ်ားရင့်မကြီး တစ်ယောက်ပဲ၊ ဟုတာသာ အိုယန်စေနဲ့ တွေ့ဆုံဖို့ တကယ်ပဲ ချိန်းဆိုခဲ့တယ် ဆိုရင် ဘာဖြစ်လို့ ငါ့ကိုဖွင့်မပြောရဲရမှာလဲ၊ အိုယန်စေက မရှက်ဘဲ သူက ရှက်နေတာလို့တောင် ဖြစ်နေသေးတယ်၊ အို ယန်စေ ပါးပေါက်အောင် ဖွင့်ပြောရရင် သူ့ကိုသတ်ဖြတ်သတ် ကြံတဲ့နေတာကောင်က ဘာဖြစ်လို့ ထုတ်ဖော်မပြော ရတာလဲ"

ထိုအတွေး ပေါ်မိ ပေါက်လာသောကြောင့် သူ့ခေါင်းထဲ လင်းခနဲထွက်ခနဲ ဖြစ်သွားတော့သည်။

"စောစောက ပျော်ဟာ ဘယ်နည်းနဲ့မှ တုဆုကြဲ မဟုတ်နိုင် ဘူး၊ သူ ဝတ်ထားတဲ့ ဝတ်စုံကသာ တုဆုကြဲရဲ့ဝတ်စုံဖြစ်ရ မယ်၊ ဒီလိုဆို သူတို့လက်ချက်ကြောင့် တုဆုကြဲ သေခဲ့ရ တာပဲ"

ထိုအခါကျမှ သူ့ခေါင်းမှာ ငိုင်းနေခဲ့ပေါက်ကွဲထွက်လာ တော့သည်။ တုဆုကြဲကို လုပ်ကြံသည့်အပြင် မိမိကိုပါ လိမ် ညာ လှည့်ဖြားသွားသည့် အတွက် လုံးဝ မခံမရပ်နိုင်အောင် ဖြစ်သွားရသည်။ သူသည် လေသံမာအတိုင်း တရကြမ်းပြေး လိုက်သွားလေတော့သည်။

အိုယန်ဝေကား မဟုတ်လို့ ယိမ်ညာပြီးသည်နှင့် လန်ကျုံကျူး ဆွဲကာ ကိုယ်ရေ ကျက် ဖတင်းပြေးထွက်လာခဲ့၏။ ပြေးရင်းလွှားရင်းမှပင် လန်ကျုံကျူးကို ပြော၏။

"သူတို့ဘက်က အဆောင်မြင့်ယိုင်းဆရာကြီးတွေ ထပ်ပြီး ရောက်လာကြပြန်ပြီ၊ ကျွန်မ အစတုန်းကတော့ သူတို့ ပယ် လို့ ညတ်နိုညက်ရက်တွေနဲ့ အဓကောက်ကြဦးမလဲ ဆိုတာ ရက်ပိုင်းလောက်ထပ်ပြီး စောင့်ကြည့်မယ်၊ ပြီးမှ ဒီကထွက် သွားဖို့အစီအစဉ်ရှိခဲ့တယ်၊ အခုတော့ အခြေအနေက တစ်မျိုး ဖြစ်သွားခဲ့ပြီ၊ ဒီလောကအများကြီးလို့ ဂရုမစိုက်နိုင်တော့ ဘူး"

လန်ကျုံကျူး ခြေလှမ်းအနှံကာ အနည်းငယ် နှေးကွေး လာသည်ကို သူမ သတိပြုလိုက်မိ၏။ ထို့ကြောင့် အားပေး စကားဆိုပြန်သည်။

"စိတ်ခတ်မကျပါနဲ့၊ သူတို့ အခုဆို နောက်ကလိုက် လာကြရောပေါ့၊ တကယ်လို့ အန္တရာယ်ရှိမယ်ဆိုရင် ရှင် အရင်ဆုံး ထွက်ပြေးသွားနှင့်ပါ၊ ငှင့်ကုံမိအောင် ကျမ ချိုက်ထားမယ်"

လန်ကျုံကျူး ခေါင်းခါ၏။

"မရဘူး…မရဘူး၊ မင်းနဲ့ ကျုပ်အတူရှိနေမှ ဖြစ်မယ်"

အိုယန်ဝေ နားထဲသို့ သကာရည် လောင်းထည့်လိုက် သလို ချိုမြိန်သွား၏။ အားတိုးအားထားစိတ် ဝင်သွားမိ၏။ လန်ကျုံကျူး၏ လက်ချောင်းကို နှစ်လိုကြည်နူးစွာ တင်းတင်း ကျပ်ကျပ် ဆုပ်ကိုင်လိုက်၏။



"သွားပါရှင်ရယ်၊ ရှင်သာ လွတ်အောင် အရင်ပြေးပါ"

လန်ကျုံကျူးမှာ အိုယကားသံကို နားထောင်ပြီးမှ သူမ ပြည့်မျှ စိတ်လှုပ်ရှားနေရသည်ကို နားလည် သဘောပေါက် ၏။ ယင်းသို့ဖြင့် နှစ်ယောက်သား ပြေးလွှားနေကြစဉ် ရှေ့ ဘယ်ဘက်ဆီမှ ရုတ်တရက် လူရိပ်အချို့ လှုပ်ရှားလာပြီး ခုန်ဝင်လာတော့သည်။ အိုယန်ဝေက ဘည်ငြိမ်သော လေသံဖြင့် လန်ကျုံကျူးကို မေး၏။

"သူတို့က ဘယ်သူတွေလဲ ရှင်သိသလား"

လန်ကျုံကျူးက ပိုင်နိုင်စွာ ဖြေလိုက်၏။

"သိတာပေါ့၊ ရန်သူတွေလေ"

အိုယန်ဝေမှာ လန်ကျုံကျူးက သေချာပေါက် သိသော လေသံမျိုးဖြင့် ဖြေလာသောကြောင့် ရုတ်တရက် ငိုင်သွား ၏။

"မင်းက ဘယ်လိုကြောင့် သိရတာလဲ"

လန်ကျုံကျူးက နှုတ်ခမ်းကလေး တွန့်သည်ဆိုရုံ ပြုံး လိုက်ပြီး….

"ဒီနေရာမှာ ရန်သူကလွဲရင် ဘယ်သူ ဒီလောက်အဟင့်ရဲ သတ္တိရှိနေနိုင်မှာလဲ"

အိုယန်ဝေက ကျီစယ်သံဖြင့်….

"ဒါဖြင့် ရှင်ကရော ဘာကြောင့် သတ္တိရှိ အဟင့်ရဲနေ ရတာလဲ၊ ကိုယ့်ကိုယ်ကိုကျတော့ မေ့နေလျှော့နေတယ်"

လန်ကျုံကျူးမှာ အန္တရာယ်များကြားမှပင် သူမ စကား ကြောင့် ပြုံးရယ်လိုက်မိလေသည်။ ရှေ့မှရန်သူများကို မျှော်

တိမ်း၊ ခိုင်ရန်အတွက် သူတို့နှစ်ယောက်မှာ အနိမ့်ပိုင်းတစ်နေရာတွင် ပုန်းအောင်းနေလိုက်၏။ ရွာမှ ထွက်ပေါ်လာသော မှန်ကူကား ခေါင်းယောက်ဖြစ်၏။ ထိုကားယောက်သည် လန်ကျုံ့ကျုံ့တို့ ပုန်းလိုက်သည်ကို တွေ့ရှိလိုက်ကြ၏။ သို့သော် မတွေ့သယောင် ဟန်ဆောင်ကာ အုပ်စုနှစ်စုခွဲပြီး ရှာဟန်ပြုကြ၏။

ရွာဘက်မှ နှစ်ယောက်က အိုယန်ဝေဝင်း ပတ်ချောင်းလိုက်သည်။ ပြီးမှ ရုတ်တရက် နောက်သို့ ပြန်လှည့်ပြီး လက်နက်ပုန်းဖြင့် ပစ်လိုက်သည်။ နောက်ဘက်မှ နှစ်ယောက်သည် ရှေ့နှစ်ယောက်နှင့် တစ်ပြိုင်တည်းပင် လက်နက်ပုန်းဖြင့် ပစ်သည်။ လေးယောက်စလုံးက ရုတ်တရက် တစ်ပြိုင်တည်း လက်နက်လေးခုဖြင့် အိုယန်ဝေနှင့် လန်ကျုံ့ကျုံ့တို့နှစ်ယောက်မှာ အချပ်ပေးမျက်နှာမှ ဝင်လာသော လက်နက်ပုန်းများ အထိခံရတော့မည်ကဲ့သို့ ဖြစ်လာသည်။

'ဝှီး-ဝှီး-ဝှင်-ဝှစ်'

အန္တရာယ်စက်ကွင်းထဲသို့ ကျရောက်ခဲ့ရလေပြီ။ နှစ်ယောက်စလုံး သတိထားကြသဖြင့် ရှတ်ခြည်းပင် ဖြိုပတူ ခုန်ပျံ ရှောင်ကြ၏။ ဆယ်ပေခန့် မြောက်တက်သွားပြီးလျှင် လက်နက်ပုန်းများက သူတို့အောက်မှ ဖြတ်သန်းသွားကြ၏။

ရန်သူနှင့် လန်ကျုံ့ကျုံ့တို့မှာ အလှမ်း မကွာသော်လည်း အမှောင် ကြားခံနေသောကြောင့် တစ်ဖက်လူမျက်နှာကို ရှင်းလင်းသဲကွဲစွာ မမြင်ရချေ။ အိုယန်ဝေက



ဒေါသဖြင့် မအီမသာ ဝေါက်ငမ်းရန် ဟန်ပြင်နေစဉ်မှာပင် တစ်ဖက်လူထံမှ ရုတ်တရက် စကားသံ ထွက်လာခဲ့၏။

"ခင်ဗျား တုဆုကြဲမတွက်အား၊ ဘာဖြစ်လို့ ကျုပ်တို့လို ဒီလိုနောက်ပြောင်ချင်ရတာလဲ၊ တော်သေးတာပေါ့၊ ခင်ဗျား အရှောင်အတိမ်းကောင်းပေလို့၊ နည်းနည်းလေးသာ နောက်ကျသွားရင် ဘယ့်နှယ်လုပ်မလဲ"

တစ်ဖက်လူများမှာ လူမှားဆက်ဆံနေကြပြီကို အိုယန်ဝေနားလည်လိုက်၏။ ထိုအခွင့်အရေးကိုနှင်းကာ ညင်သာသောလေသံဖြင့် လန်ကျုံ့ကျုံ့ဘက်သို့ လှည့်ကာ ပြော၏။

"အစ်ကိုကြီးတုံ၊ လာ သွားကြမယ်၊ သူတို့ကို အရေးလုပ်မနေခမ်းပါနဲ့"

လန်ကျုံ့ကျုံ့၏လက်ကို အတင်းဆွဲကာ ထွက်သွားတော့သည်။ တစ်ဖက်လူလေးယောက်က အားပါးတရ ရယ်မောလိုက်ကြပြီးလျှင်....

"တုဆုံကြဲ၊ ခင်ဗျားကအမျိုးသမီးအဖော်ရှိနေပြီဆိုတာနဲ့ ကျုပ်တို့လို မိတ်ဟောင်း ဆွေဟောင်းကြီးတွေကိုတောင်မှ အရေးမလုပ်တော့ဘူးပေါ့၊ ခင်ဗျား ကျုပ်တို့ကို တစ်ခုခု မပြုစုရင် ခင်ဗျား ဘယ်အထိ လွတ်အောင်ပြေးနိုင်မလဲ ဆိုတာ စောင့်ကြည့်ကြသေးတာပေါ့"

နောက်ပြောင် ကျီစယ်လိုသော သဘောဖြင့် နောက်မှ အတင်း ပြေးလိုက်လာခဲ့ကြလေသည်။ သူတို့ အိုယန်ဝေတို့ တွေ့ဖူး မြင်ဖူးခြင်း မရှိသည့်မို့လည်း တုဆုကြဲ၏မိန်းကလေးရည်းစား ချောမောလှပသည်ကို သိလိုပေသည်။

အိုယန်ဓေကောင်း လှစ်နေအောင် ပါးနပ်လွန်းလှချေသည်။ လန်ကျူ ကျူကို အွဲလှည့်လိုက်သည့်အခိုက်မှာပင် လက်နက် ပုန်းကို ထိတ်ထားဆီတဲ့ အသင့်ပြင်ဆင်ထားလိုက်၏။ ရန်သူက နောက်မှ ပါလာသည့်အချိန်တွင် ရုတ်တရက် လှည့်ကာ နောက် သို့ လှည့်ကာ လက်နှစ်ဖက်ကို ဆွဲ ယမ်းပစ်လိုက်၏။

"ဗွီး–ဗွီး–ဗွီး"

လက်နက်ပုန်း လက်တစ်ဆုပ်စာမှာ ရန်သူများဆီသို့ တစ် ဟုန်ထိုး ဝင်သွားတော့သည်။ ရန်သူလေးယောက်မှာ လန် ကျူကျူကို တုဆုကြဲ အမြွှဲ ထင်မှတ်ကာ နောက်ခပြာင် ကို ဝယ်ရန်သာ အာရုံစိုက်ထားနေခဲ့ပါကြ၏။ ထို့ကြောင့် မိမိ တို့၏ မိတ်ဆွေဟူသော ယူဆလျက် သတိလွတ် ပေါ့ဆနေမိ သည်။ ယခုကဲ့သို့ မမျှော်လင့်ဘဲ လက်နက်ပုန်းများ ကျလာ လာသောအခါ မခုခံနိုင်ကြတော့ပေ။ အသေအလဲ ရှောင် သော်လည်း နှစ်ယောက်မှာ ဒဏ်ရာ ပြင်းထန်စွာ ရရှိသွား တော့သည်။ ကျန်နှစ်ယောက်ကား ကံကောင်းထောက်မ၍ အသက်ချမ်းသာရာရရှိသွားကြ၏။ ဒဏ်ရာမရသူနှစ်ယောက် မှာ ကျိုစို့အင်းနှင့် မော်ဒုတ်တို့ ဖြစ်ကြလေ၏။

ကျိုစို့အင်းမှာ ၎င်း၏အစ်ကိုဖြစ်သူကို ချင်အင်းတစ်ယောက် မြေပေါ်တွင် လူးလှိမ့်နေသည်ကို တွေ့ရသောအခါ စိုးရိမ် တကြီး မေးမြန်းရတော့သည်။

"အစ်ကို–အစ်ကိုချင်အင်း၊ ဘယ်လိုဖြစ်တာလဲဟင်"

ကျိုချင်အင်းက ဒေါသဖြစ်သော လေသံဖြင့်....



"ပေါက်ကြီ ဂရုမိုက်တဲ့ကောင်။ ညီလေး၊ ငါ့အတွက်သာ အမြန် ဆုံး လက်စားချေပေး"

ကျိုစို့အင်းရင်ထဲ၌ နာကျင်သွား၏။ ရှေ့သို့ ကဲကြည့် လိုက်သောအခါတွင်ကား အိုယန်ဓေတို့ နှစ်ယောက်မှာ ပေ တစ်ရာခန့် ရောက်ရှိသွားလေပြီ။ ကျိုစို့အင်းသည် ကျိုချင်အင်း ၏ စကားကို နားထောင်ပြီးသည်နှင့် အားမျှင်ဦးတေးမနေ တော့ဘဲ လန်ကျူကျူတို့နောက်သို့ ပြေးလိုက်သွားတော့၏။ မော်လုပ်ကလည်း ချန်ရစ်မနေတော့ဘဲ ကျိုစို့အင်းနောက်မှ အကြပ်မကွာ ပြေးလိုက်သွားခဲ့တော့သည်။

အိုယန်ဓေမှာ အခက်အခဲများ တစ်ခုပြီး တစ်ခု ဆောက် ဖြစ်ပြီးခဲ့၍ စိတ်ထဲတွင် ဝမ်းသာ ကြည်နူးနေ၏။ လန်ကျူ ကျူအကျသို့ စောင်းငဲ့ကြည့် ပိုက်လျှင် လန်ကျူကျူကလည်း သူ့ကို ပြုံးကြည့်နေသည်နှင့် ကြုံကြိုက်ကာ အကြည့်ချင်းဆုံ သွားကြသည်။ နှစ်ယောက်စလုံး ကြည်နူးသွားကြ၏။

ထိုစဉ်....

"ယူစွာမရှိတဲ့ကောင်၊ ဆရာကိုသောင် ဆော်ပြီး သစ္စာ ဖောက်ရဲ့ဘယ်၊ ငါ့ရဲ့ ဖြန့်လိုက်ခဲ့ဝမ်း၊ လက်ထဲက လက်နက် ကိုလွှင့်ပစ်လိုက်"

အိုယန်ဓေမှာ ယိုအသံကြောင့် အာသုပ်၍ အာ ငိုင်ရဲမှန်း ပင် မသိတော့ချေ။ ရုတ်တရက် သတိလက်လွတ်ဖြစ်ကာ ခြေ လှမ်းပင် တန့်ခနဲရပ်သွားမိသည်။ နောက်မှ သတ်ရပြီး လန် ကျူကျူအား ဝဲလက်ဖြင့် နံဘေးသို့ အသာ တွန်းထုတ်လိုက် သည်။ သခုအခါမှာ အရာဖြစ်သူကို သူခကိုယ်တိုင်တစ်ယောက်

တည်း ရင်ဆိုင်ရတော့မည်၊ လန်ကျုံ့ကျူ့ ဖျစ်ယောက်တည်း အလွတ်ရုန်းထွက်ပြေးမေတော့ ဟူသည့်သဘောပင်ဖြစ်တော့ သည်။

သူမ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို လန်ကျုံ့ကျူ့ ကောင်းစွာ နားလည်သဘောပေါက်၏။ သို့သော် အိုယန်ဝေကို တစ် ယောက်တည်း ဖစ်မထားရစ်ခဲ့လိုသဖြင့် အိုယန်ဝေအနီးမှ မခွာတော့ချေ။ အိုယန်ဝေကား သူမ၏ဆရာဖြစ်သူရှေ့တွင် ဒူးထောက်ထိုင်ချလိုက်၏။

"ဟား...ဟား...ဟား"

ဆရာဖြစ်သူ၏ အေးစက်စက် ရယ်မောသံက ချောက်ချား ကြောက်ရွံ့စရာကောင်းလောက်အောင် ထွက်ပေါ်လာခဲ့၏၊ ထို့နောက် သူ၏ညာလက်ဝါးဖြင့် အိုယန်ဝေ၏ ဦးခေါင်း ထက်သို့ ရုတ်တရက် ရိုက်ချလိုက်တော့သည်။

"ဝုန်း"

လန်ကျုံ့ကျူ့သည် သူ့ချစ်သူ သေမည်ကိုစွက်ကာ ရပ်မကြည့် နိုင်တော့ချေ။ ထို့ကြောင့် ရှိသမျှ အင်အားအကုန်ထုတ်ကာ ထိုသူ၏ ဝဲဘက်နံရိုးကို ထိုးချလိုက်တော့သည်။

"ဝုန်း"

လန်ကျုံ့ကျူ့သည် အားကုန်ထုတ် တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။ ရန်သူက ဤကဲ့သို့အစွမ်းကုန် ရုတ်တရက်တိုက်ခိုက် လိုက်ခြင်းဖြစ်၍ တစ်ဖက်လူမှာ ထိပ်တိုက် ရင်မဆိုင်ရဲတော့ ချေ။ အိုယန်ဝေ ခေါင်းပေါ်သို့ ထိလုဆဲဆဲလက်ဝါးကို ရုပ် သိမ်းလိုက်ပြီးလျှင် လန်ကျုံ့ကျူ့၏တိုက်ကွက်ကို ရှောင်တိမ်း



ရတော့သည်။ သည့်အတွက် အိုယန်ဝေမှာ သေဘေးအန္တရာယ် မှ လက်မတင်လေး လွတ်သွားရလေ၏။

လန်ကျုံ့ကျူ့က ယခုကဲ့သို့ မိမိကိုအသက်စွန့်၍ကယ်တင် လိုက်သည်ကို တွေ့လိုက်ရသောအခါ အိုယန်ဝေသည် လန် ကျုံ့ကျူ့၏ မေတ္တာတရားကို ကောင်းစွာ သိရှိသွားပေတော့ သည်။

လန်ကျုံ့ကျူ့မှာ အခြား တာချိမှ စဉ်းစားနိုင်တော့။ အိုယန်ဝေ၏ လက်မောင်းကို ဆွဲကိုင်လိုက်ပြီး ထွက်ပြေးရန် သာ ကြိုးစားလိုက်ရတော့သည်။

"လာ"

လန်ကျုံ့ကျူ့က အတင်းဆွဲကာ ထွက်ပြေးရန် ကြိုးစား နေ၏။ ထိုစဉ် အခြားအော်ဟောက်သံတစ်သံ ထပ်မံ၍ ထွက် လာပြန်သည်။

"ကောင်စုတ်...မင်းက ငါ့တပည့်ကို လှည့်ဖြားလိမ်ညာ တယ်ပေါ့"

လန်ကျုံ့ကျူ့၏ မခုံးကို ညာလက်ဖြင့် ရိုက်ချလိုက်သည်။ အိုယန်ဝေမှာ ထိုတိုက်ကွက်ကြောင့် စိတ်ထဲတွင် သံသယဝင် သွားသည်။ ထိုသူ၏တိုက်ကွက်က အားမရှိ။ လက်ဝါး ရိုက် အားက မပြင်းထန်။ တိုက်ကွက်ပုံစံကလည်း သူ့ဆရာ ထန်း ရင်စန်း၏ တိုက်ကွက်မျိုးနှင့် သိပ်မတူပေ။ ထို့ကြောင့် စိတ် ထဲတွင် ဇဝေဇဝါ ဖြစ်သွားသည်။

ထို့ကြောင့် သူမသည် လန်ကျုံ့ကျူ့၏တိုက်ကွက်ကို ဝင် ဆိုင်းခြင်း မပြုတော့ဘဲ ထိုသူ လှုပ်ရှားလာသည်နှင့် ရုတ်

ယာရဟ် ခုန်ထွက်ပြီး ရန်သူကို လက်နှစ်ဖက်ဖြင့်မြှင့်တွေ့ ခုတ်ပိုင်းချလိုက်သည်။

"ဝှန်း"

သူမ၏လက်ဝဲဘက်လက်က ရန်သူ၏ ညာလက်ကို ပုတ်ထုတ်လိုက်ပြီး လက်ယာဘက်လက်က ရန်သူ၏ရင်ဘတ်ဆီသို့ ခုတ်ချလိုက်ခြင်းဖြစ်သည်။ ကိုတိုက်ကွက်ကား သူမတို့ဂိုဏ်း၏ အထွတ်အထိပ် တိုက်ကွက်ပင် ဖြစ်၏။ ဤတိုက်ကွက်ကို ဆန့်ကျင်ဘက် အနေအထားမှ ထုတ်မဖော်တိုက်ခိုက်လိုက်ခြင်းကား တစ်ဖက်ရန်သူမည်သူဖြစ်ပြီး မိမိဆရာသမား အစ အနှံ့ပျော်မကျတ်ရှိသည်ကို စမ်းသပ်သက်ခြင်းဖြစ်ပေသည်။

သူမ၏ တိုက်ကွက်က တက်ကြွတ်လွှန်းလှသဖြင့် တစ်ဖက်ရန်သူမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီးလျှင် နောက်သို့ ကသောကမျော ဆုတ်ပေးလိုက်ရ၏။

"အရှိုးယုတ်မ...အားကျော်ရမယ့်လူရှိနေတော့ ငါလို့ဆရာကို တောင်ခွင့်ပြုပေနိုး ဟမ်း"

ဒေါသဖြင့် ရှန်ရင်းကြမ်းတမ်းစွာ အော်ဟစ်လိုက်၏။ သူမည်သို့ပင် ဆက်လက် တုန့်ဆောင်ဟိန်းဟောက်နေစေကာမူ အိုယန်စေမှာ သူမ၏ဆရာ ထန်းရင်စန်း မဟုတ်သည်ကို ကောင်းစွာ နားလည်သဘောပေါက်သွားခဲ့ရလေပြီ။ ထိုသူထံမှ ကောင်းသိပ်ကြွားရစေလော ထိုသူသည် သူ၏ဆရာမဟုတ်လေသလော ဖြစ်သည်ကိုသိလာ၏။

အိုယန်စေမှာ ထိုသို့ခွဲခြားသိသည်နှင့် သူထိမ်ညာလုပ်ပြုံးခဲ့ရပြီး ဆရာအမှတ်ဖြင့် ရှေ့တွင်ရပ်သောက် ထိုင်ချခဲ့



မိသည့် အဖြစ်ကို ပြန်တွေးမိကာ ရှက်လည်းရှက်၊ ဒေါသလည်း ထွက်သွားရသည်။

"အဟင်း...ဟင်း၊ သိပ်တော်တဲ့ လူပါလား။ ကျွန်မကိုတောင်မှ လာပြီး လိမ်ညာရဲတယ်၊ အကြောင်းသိအောင် ပြရဦးမှာပေါ့"

စကားအဆုံးတွင် ထိုသူ၏ဦးခေါင်းဆီသို့လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်တော့သည်။ ဟန်ဆောင်လာခဲ့သူကား ချားယွင်ဟဲ့ပင်တည်း။

သူသည် အိုယန်စေအပေါ်တွင် ချစ်ခင်စွဲလမ်းမှုရှိပြီးလျှင် သူမထံမှလည်း အချစ်ကို တောင်းခံခဲ့ဖူးသည်။ အိုယန်စေ၏ စိတ်ဆိုးခေါ်သဖြစ်ခြင်းကိုလည်းခံခဲ့ရဖူး၏။ သူသည်သိုင်းလောကအရတွင် အိုယန်စေကို လုံးဝမမေ့ပေ။ ထို့ကြောင့် အိုယန်စေ၏ စိန်ခေါ်စကားများကို ကလဲ့စားချေရန်စွမ်းဆောင်ခဲ့ပေ။

ထိုသို့သိလျှင် ယခုကဲ့သို့ ဝင်ရောက်ဟန်ဆောင်ကားဆီးရခြင်းမှာလည်း အိုယန်စေ၏ ဆရာ ထန်းရင်စန်းကို ရှာမတွေ့ရသောကြောင့် ဖြစ်သည်။ အိုယန်စေ၏ ဆရာမရှိလျှင် အိုယန်စေ မုချထွက်ပြေးသွားပေတော့မည်။ ထိုအဖြစ်ကို သူမလိုလားပေ။ ထို့ကြောင့် ရုတ်ခြည်း ထွက်ပေါ်လာသော အကြံအစည်ဖြင့် ထန်းရင်စန်းဟန်ဆောင်ကာ အိုယန်စေကို တားဆီးခဲ့ခြင်း ဖြစ်ပေသည်။

ပထမတွင် အိုယန်စေက သူ့ဆရာဟု ထင်မှတ်ယုံကြည်မိခဲ့လေး၏။ နောက်ပိုင်းတွင် သူ့ဆရာမဟုတ်ကြောင်း သိရှိ

သားပြီး တိုက်ကွက်ထုတ်လာသောအခါ ချားယွင်ကျဲမှာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်ရတော့သည်။ အိုယန့်ဇေ၏ တိုက်ကွက်ကို အလျှင်အမြန် ရှောင်တိမ်းပေးလိုက်ပြီးလျှင် နောက်ထပ်တိုက်ကွက်တို့ပင် ဆက်၍ မထုတ်ရဲတော့ဘဲ ပြေးထွက်သွားလေတော့သည်။

အိုယန့်ဇေမှာ ချားယွင်ကျဲ၏ အတော်ပင် ဒေါသထွက်နေခဲ့လေပြီး ချားယွင်ကျဲကို အလွတ်မပေးလိုတော့ချေ။ ထို့ကြောင့် နောက်မှ ပြေးလိုက်တော့သည်။

လန့်ကျုံကျူမှာ အခြေအနေအားလုံးကို မြင်နေရသူဖြစ်၍ စိုးရိမ်သံဖြင့် တားလိုက်၏။

"အခြေအနေ မကောင်းတော့ဘူး အိုယန့်ဇေ၊ ဒီခွေးကောင်ကို နောက်မှ အပြတ်ရှင်းကြတာပေါ့၊ တို့သွားကြရအောင်"

အိုယန့်ဇေက ဂရုမစိုက်တော့ချေ။ အန္တရာယ်များပြားလှသည်ကို သူမ ကောင်းစွာနားလည်ပါ၏။ သို့သော် သူမ၏ ဒေါသစိတ်ကို သူမ မထိန်းနိုင်ဘဲ ဖြစ်နေသည်။ ချားယွင်ကျဲကို မသုတ်သင်လျှင် မနေနိုင်ရလောက်အောင် သူမ စိတ်ဆိုးလျက် ရှိနေခဲ့လေပြီ။

★

# အခန်း (၁၀၇)

## လွတ်မြောက်သွားခြင်း

ချားယွင်ကျဲကား ကောက်ကျစ်ယုတ်မာသူတစ်ဦး ဖြစ်သည်။ ဤမြေနေရာ ဤနယ်မြေသည် သူတို့၏ အင်အား တောင့်တင်းရာနယ်မြေဖြစ်သည်ကို ကောင်းစွာ နားလည်၏။ ထို့ကြောင့် ဖန်ကျုံကျူကိုသာ တိုက်ခိုက်ပြီး အိုယန့်ဇေကိုကား တတ်နိုင်သမျှ ရှောင်တိမ်း တိုက်ခိုက်ပေသည်။ သူ၏ သိုင်းပညာသည် အိုယန့်ဇေလောက် မထက်မြက်သဖြင့် ကြာရှည် တိုက်ခိုက်လျှင် သူသာ နစ်နာဆုံးရှုံးမည် ဖြစ်ပေသည်။

အိုယန့်ဇေသည် ဘေးတီးသို့ အရိပ်အခြည်ကြည့်လိုက်၏။ သူမတို့နောက်မှ လိုက်ပါလာခဲ့ကြသည့် မော်လူထုနှင့် ကျိုပို့အင်းတို့နှစ်ယောက်သည်ပင် အတော်ပင် နီးကပ်လာခဲ့ပေပြီ။ ထို့ကြောင့် သူမ၏ ဒေါသများသည် အခိုက်အတန့် ပျောက်လွင့်သွားသော၏။

"အစ်ကို လန်ကျူကျူ၊ လွတ်အောင်ပြေးကြစို့"

သူ၏ သိုင်းပညာက ထက်မြက်သဖြင့် ချားယွင်ကဲ့မှာ ဟန့်တားပိတ်ဆို့ခြင်း မပြုနိုင်ပေ။ သို့သော် လန်ကျူကျူကိုမူ ကောင်းစွာသိမ်းချုပ် ပိတ်ဆို့ထားနိုင်ပေသည်။ လန်ကျူကျူ မထွက်နိုင်လျှင် အိုယန်ဝေ အလွတ်ရုန်းပြေးနိုင်မည် မဟုတ်ကြောင်း သိပေသည်။

ထိုအချိန်မှာပင် နောက်မှ ပြေးလိုက်လာခဲ့သော ကျိုးအင်းနှင့် ပေါင်လုံတို့နှစ်ယောက်သည်လည်း အိုယန်ဝေတို့ မိသွားကြပေပြီ။ သူတို့၏ ရန်သူများကို အခြားသူတစ်ဦးက ပြန်ထားထားသည်ကို တွေ့ရသဖြင့် ဝမ်းသာအားတက်သွားပေ။ အော်ဟစ်သည်ဆယ်ခေါ်ကြိုက်၏။

"မိတ်ဆွေ...အဲဒီ ခွေးကောင်နဲ့ ခွေးမကို မလွှတ်ပါနဲ့၊ ကျုပ်တို့ ညီအစ်ကိုတော်နှစ်ယောက် အဲဒီ ခွေးကောင်နဲ့ ခွေးကောင်မ လက်ချက်ကြောင့် သေခဲ့ရပြီ"

"တုဆကြ...ခွေးလိုအကောင်၊ မင်းက အဲဒီ ပေ့ုလွှမရဲ့ မောပဏ္ဏုနိုရက်ထဲ ဝင်မိပြီ၊ မိတ်ဆွေတို့တောင် မိတ်ဆွေရဲ့ သဘောမထားတော့ဘူး။ မင်း တို့အကြောင်း သိရမယ် ပေ့"

ထိုစကားသံများကို ကြားလိုက်ရသဖြင့် ဝစီရှူများ ရောက်နေခဲ့ပြီဆု နားလည်ကာ ချားယွင်ကဲ့ အားတက်သွားသည်။ ကျိုးအင်းတို့ဘက်သို့ လှည့်၍ အော်ဟစ်ပေးပြန်လိုက်သည်။



"မိတ်ဆွေတို့...ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ခင်ဗျားတို့ လူဖြားကူနိုင်ပြီ၊ ဒီခွေးကောင်က တုဆကြ ဟုတ်ဘူး၊ သူတို့ အတ်လို တုဆုကြ အခု သေသွားရပြီ၊ ခင်ဗျားတို့နဲ့ တုဆုကြ..."

ထိုသို့ စကားပြောမိသည့်အတွက် သူ့ မိတ်ဆွေရဲ့များ အနည်းငယ် ပို့လွှင့်သွားရသည်။ ထိုအချိန်မှာပင် အိုယန်ဝေက အနီးသို့ ရောက်ရှိလာပြီး လက်ဖဝါးနိုက်ချက်တစ်ချက် ရိုက်နိုက်ရာ ဖက်ဝါးစလည်းလုံးအားက ပါဘက် အရိုက်ကို ထိမှန်သွားပေသည်။ ထိုအခါ နာကျင်စွာ အသံကုန် အော်ဟစ်လိုက်မိ၏။

"အား"

ချားယွင်ကဲ့ နောက်သို့ ဆုတ်ပေးလိုက်ရ၏။ ထိုအခွင့်အရေးကို အသုံးချကာ အိုယန်ဝေမှာ အလွတ်ရုန်းထွက်ပြေးသွားရန် စိတ်ကူးလိုက်၏။ သို့သော် ခြေလှမ်းအနည်းငယ် နောက်ကျသွားသဖြင့် ကျိုးအင်းနှင့် ပေါင်လုံတို့ နှစ်ယောက် ရောက်ရှိလာကြပြီးလျှင် သူ့အား ဝိုင်းပိတ်နိုက်ခြင်းပြုတော့သည်။ အိုယန်ဝေနှင့် လန်ကျူကျူတို့ နှစ်ယောက်မှာ ထွက်မပြေးသာတော့ပေ။

ချားယွင်ကဲ့ အိုယန်ဝေ၏ သိုင်းပညာ အဆင့်အတန်းကို ကောင်းစွာ သဘောပေါက် နားလည်သောကြောင့် ဝင်မတိုက်၊ လန်ကျူကျူကိုသာ မျှ၍ တိုက်ခိုက်သည်။ ကျိုးအင်းနှင့် ပေါင်လုံတို့နှစ်ယောက်ကား အိုယန်ဝေကို နှစ်ယောက် ညှပ်တိုက်ခိုက်ကြလေသည်။ သူတို့နှစ်ယောက်စလုံးတွင် လက်

နက်များ ထိုးယ်စိပါလာကြ၏။ ကျိုးစို့အင်း လက်နက်တား ထိပ်ဖျားတွင် ခွေးသွားစိတ်ကဲ့သို့ ချွန်ထက်သော အသွားများ ပါရှိ၏။ လေထုထဲသို့ ခွဲထွက်ဖြတ်သန်းလေသည့် အသံက နားထဲတွင် စူးစူးရှူးရှူးရှိပြီး ခလဟပ်သည့် အရှိန်က ကြောက်စရာကောင်းလှသည်။

မော်လှုထုံက သာမန် သံမဏိကျာပွတ်ဖြင့် တိုက်ခိုက်သည်။ သူ၏ သံမဏိကျာပွတ် ဝှေ့ယမ်းသံက လေထုကို ဟုန်ခါစေလျက် တရွှမ်းရွှမ်း အော်မြည်နေသည်။ အိုယန်နီဝေမှာ တစ်ဖက်ရန်သူများက လက်နက်ထုတ်သုံးတာ ရှေ့နောက် ပိုင်းညှပ်တိုက်ခိုက်လာခဲ့ပြီဖြစ်၍ မည်သို့မျှ မနေသာတော့။ သာမန်အချိန်တွင် ထုတ်မသုံးသော သူမ၏ လက်နက်ကို ထုတ်သုံးရတော့သည်။

ထို့ကြောင့် ဂိုဏ်းဆရာများ၏ စည်းကမ်းကို ချိုးဖောက်ရာမရောက်အောင် စိတ်ထဲမှ ကျိတ်၍ ခွင့်ပန်လိုက်သည်။ ထို့နောက် ခါးမှာ ချည်ပတ်ထားသော သံမဏိခါးပတ် လက်နက်ကို ဖြုတ်လိုက်၏။ ထိုလက်နက်သည် လေထဲလှုပ်ရှားလိုက်သည်နှင့် တရှမ်းရှမ်း မြည်လာလေတော့၏။

"ဝှီး"

ခါးပတ်လက်နက်က မြွေဘာစ်ကောင်ကဲ့သို့ လျှောခနဲပြေးထွက်လာပြီးလျှင် မော်လှုထုံ၏ ခြေထောက်နှစ်ဖက်ကို ပတ်ရစ်လိုက်သည်။ မော်လှုထုံမှာ အိုယန်နီဝေ ထိုလက်နက်ကို ထုတ်ကာတည်းက ထူးခြားဆန်းကြယ်မှုရှိမည်ဟု တွက်ဆထား၏။ ထို့အပြင် သူမ၏လက်တစ်ချက် လှုပ်ရှားလိုက်သည်နှင့်ပင်



သိုင်းပညာအရ သူ့ထက် များစွာသာလွန်နေကြောင်းလည်း သိလိုက်၏။ သို့အတွက် သူမအပေါ်တွင် လုံးဝအထင်မသေးရဲတော့ပေ။

သံမဏိခါးပတ်လက်နက် သူ့ခြေထောက်ဆီသို့ တိုးဝင်လာသည်နှင့် လျင်မြန်စွာခုန်ရှောင်လိုက်၏။ ခါးပတ်၏ လျင်မြန်မှုက အံ့ဩလောက်၏။ ခြေထောက်ကို ဝူးခနဲဖြစ်သွားစေသည်။ ကျိုးစို့အင်းမှာပင် သူက အော်ဟစ်သတိပေးရတော့သည်။

"နောင်ကြီးကျို…သတိထား"

သူ အော်ဟစ်ခုန်ပုံလိုက်သည်က လျင်မြန်သော်လည်း အိုယန်နီဝေက သူ့ထက် ပို၍သွက်လက်ပေသည်။ နောက်မှ ထပ်ကြပ်လိုက်၏။ မော်လှုထုံက လေထဲတွင်ပင် ဘယ်ဘက်သို့ ကိုယ်ကို လူးလွန့်ရှောင်လိုက်၏။ အိုယန်နီဝေက နောက်မှကပ်လိုက်ကာ လေထဲတွင်ပင် ခါးပတ်ကို တစ်ချက်ဝှေ့ယမ်းလိုက်လေ၏။

"ဝှီး"

ခါးပတ်ရှည်က လွှတ်လုလုဖြစ်နေသော မော်လှုထုံ၏ခြေအစုံကို ရစ်ပတ်မိရန် ဆန့်ထွက်လာ၏။ မော်လှုထုံ ထိတ်လန့်သွားသည်။ သံမဏိကျာပွတ်ဖြင့် ခုခံတိုက်ခိုက်ရန် ဟန်ပြင်ဆင်လိုက်သည်။ သို့သော် အိုယန်နီဝေ၏ခါးပတ်က သူ့ခြေထောက်အစုံကို ရစ်ပတ်မိလိုက်ပြီး သူ့ခြေထောက်ကို ဆွဲဆောင့်သလိုဖြစ်သွားသဖြင့် သူ့လက်ထဲမှ သံမဏိကျာပွတ်လည်း လွှတ်ကျသွားတော့သည်။

မော်လူထုံမှာ ကိုယ်ကိုပြန်ခတ်လှိုက်ပြီး သိုင်းကွက် တစ်ကွက်ဖြင့် လျှမ်းပင်နေ ဘက်ဆုတ်လိုက်၏။ သည်တော့မှ သူ့အတွက် ပိုဆိုးသွားရလေသည်။ ဘယ်ဘက်ဖူးဆစ် အောက်ပိုင်းတစ်ခုလုံး အဝတ်အစားများ စုတ်ပြဲသွားပြီး မြွေ ထောက်ခံ့သည်း ဒဏ်ရာရသွားလေတော့သည်။

ကိုယန်ဓေက ဆောင်လက်တိုက်ခိုက်ရန် ဟန်ပြင်နေစဉ် ကျိုရို့အင်းက ကြားဖြတ် ဝင်ရောက်တိုက်ခိုက်ပြီး မော်လူထုံ ကို ကယ်တင်လိုက်ရလေသည်။ မော်လူထုံကို အလေးသာထပ်ပစ် ရမည့်အရေးတွင် ကျိုရို့အင်းက ဝင်ရောက် ကယ်တင်သွား သဖြင့် ကိုယန်ဓေ ဒေါသအကြီးအကျယ် ထွက်သွားရသည်။ မော်လူထုံ့ကို တိုက်ခိုက်ရန်ဟန်ပြင်နေသော ဓါးပတ်ကို ကျိုရို့ အင်းထံသို့ တစ်ဖန်ဆိုး ဝင်ရောက်တိုက်ခိုက် လေတော့သည်။

“ရှီး...ရှီး”

ဒေါသအရှိန်အဟုန်ကြောင့် ဓါးပတ်ချက်များက ပြင်း ထန်လှသည်။ ဖုန်သဲများ လွင့်စဉ်ကုန်သည့်ပြင် အနီးအနားတွင် ရှိသော သစ်ပင်များသည်လည်း တဝုန်းဝုန်း အဖြောင်းဖြောင်း ကျိုးကျကုန်တော့သည်။ ကျိုရို့အင်းမှာ မော်လူထုံကို ကယ် တင်နိုင်သော်လည်း သူ့ဘယ်ဘိုင်းမှ တိုက်စစ်မဆင်နိုင်ဘဲ နောက်သို့သာ တဆုတ်ဆုတ်ဆုတ်၍ ခုခံကာကွယ်နေရတော့ သည်။

သူ၏လက်နက် ဓါးကြီးသံကွင်းမှာ အနီးကပ်တိုက်ကွက်များ တွင်သာ အသုံးပြု၍ကောင်းလေသည်။ ကိုယန်ဓေ၏ ဓါးပတ်



ရှည်နှင့်အတူ လှည့်တိုက်ရသောအခါတွင် သူ့အနေနှင့် ရှောင် တိမ်းရသည်ဖြင့် အခက်အခဲရှိနေသည်။ ကြာလာသည်နှင့်အမျှ နောက်သို့သာ တဆုတ်ဆုတ် ဆုတ်ပေးနေရပြီး ဘာလုပ်ရ မည်ကို မသိဖြစ်နေသည်။ နောက်ဆုံးတွင် ဓွန့်ဝါးတိုက်ကွက် ရန် ဆုံးဖြတ်လိုက်သည်။

ကိုယန်ဓေကား ကျိုရို့အင်းကို အပေါ်စီးမှ တိုက်ခိုက်နိုင် သည်ဆိုပြီး အဝင်မြန်နေသူ မဟုတ်ပေ။ သတိရှိသူဖြစ်သည်။ ကျိုရို့အင်းတစ်ယောက် နောက်သို့ တဆုတ်ဆုတ်ဆုတ်နေရာမှ တန့်ခနဲရပ်ကာ ခေါင်းမော့ကြည့်လိုက်သည်ကိုတွေ့လျှင် ကျိုရို့ အင်းတွင် တစ်စုံတစ်ရာ အကောက်ကြံမှုရှိမည် မလွဲသည်ဟု တွက်မိလိုက်၏။ ထို့ကြောင့် သူ၏ တိုက်ကွက်ပုံစံကိုလည်း ရုတ်ခြည်းပင် ပြောင်းလဲလိုက်၏။

ကိုယန်ဓေမှာ အားထုတ်တိုက်ခိုက်နေရာမှ ဓါးပတ်ကို ဖျော့ပျော့ပျောင်းသွားအောင် လျှော့ချလိုက်၏။ ကျိုရို့အင်း၏ သံကွင်းနှင့် ထိပ်တိုက် တွေ့ဆုံမိသောအခါ ဓါးပတ် တစ် လျှောက်တွင် အတွင်းအားကို မသိမသာထုတ်လိုက်၏။ ဓါး ပတ်က သံကွင်းလက်နက်ကို ရစ်ပတ်မိသည်နှင့် တစ်ပြိုင်နက် အောင့်ဆွဲချလိုက်သည်။

“ရှီး”

ထိုအခါ ကျိုရို့အင်း၏ လက်ကောက်ဝတ်တစ်ခုလုံး တုံ ကျဉ်သွားတော့သည်။ ကိုယန်ဓေ၏ဓါးပတ်ကို ဖြတ်တောက် ပစ်လိုက်မည်ဆိုသော သူ့စိတ်ကူးအကြံအစည်လည်း ပျက်ပြယ်

တာ လက်ထဲမှသံကွင်းသည်သည်း လွတ်ထွက်လွင့်စဉ် သွားရလေတော့သည်။

ကျိုဝိုအင်းမှာ အကြီးအကျယ် မျက်နှာပျက်ရလေပြီ။ ထိုစဉ် အိုယန်စေ၏ခါးပတ်ကြား သူ့ပခုံးအက်သို့ ရိုက်ချမိလိုက်ပြန်သဖြင့် လက်နက်ဖြင့်ခံမေးလိုက်ရာ လက်မောင်းတစ်လျှောက်ထုကျဉ်သွား၏။ သူသည် အိုယန်စေထို ပြန်လည်တိုက်ခိုက်ဖို့ဆေးထားနှင့်၊ အလွတ်ရုန်းထွက်ပြေးရန်ပင် မတတ်သာတော့ဘဲ လေးလူးအလဲ ရှောင်တိမ်းနေရတော့သည်။ အနည်းငယ်ဆက်ရှာရသော မော်လူထုံတပါ ဝင်ရောက်ကူညီ တိုက်ခိုက်ပေး၍သာ ရုတ်ခြည်း မသေနိုင်သေးခြင်းဖြစ်တော့သည်။

အိုယန်စေမှာ ထိုနှစ်ယောက်ကို အသာစီးမှ တိုက်ခိုက်နေနိုင်ပြီဖြစ်၍ လန်ကျုံ့ကျူအက်သို့ အခြေအနေ အကဲခတ်ကြည့်မိသည်။ လန်ကျုံ့ကျူကား ချားယွင်ကျဲနှင့် လက်ရည်တူ အကြိတ်အနယ် တိုက်ခိုက်နေဆဲပင်ရှိ၏။ သိုင်းပညာ အဆင့်တူနေသဖြင့် တစ်ယောက်တို့တစ်ယောက် အနိုင်ရရန် ခဲယဉ်းလှပေသည်။ နောက်ထပ် တိုက်ကွက်ပေါင်း သုံးလေးရာ တိုက်ခိုက်သည့်တိုင် အရှုံးအနိုင် ကွဲပြားဦးမည်မဟုတ်သည်ကို အိုယန်စေ တွက်ဆမိသည်။

ထိုအချိန်မှာပင် ခပ်လှမ်းလှမ်းဆီမှ မီးရောင်လက်လက်နှင့် လူသံအချို့ကိုလည်း မပီဝိုးတဝါး ကြားလိုက်တွေ့ရပြန်သည်။ အိုယန်စေမှာ ရင်ထိတ်သွားတော့သည်။ မိမိအနေဖြင့် ဆက်လက်တိုက်ခိုက်နေလျှင် တိုက်ကွက် ဆယ်ကွက် ဆယ့်ငါးကွက်အတွင်းမှာပင် မော်လူထုံနှင့် ကျိုစို့အင်းအပြင် ချား



ယွင်ကျဲတို့ပါ အသေသတ်နိုင်၏။ သို့သော် နောက်ထပ် စစ်ကူရောက်လာလျှင်ကား မိမိတွင်မက လန်ကျုံ့ကျူပါ ပြေးပေါက်ပိတ်ပြီး ဒုက္ခရောက်ရေသော အကြောင်းရှိပေသည်။

ထို့ကြောင့် မော်လူထုံတို့နှင့် တိုက်ခိုက်ခြင်းမပြုတော့ဘဲ ရှိုယ်ကို တစ်မတ်လှည့် ခုန်ပျံကာ ချားယွင်ကျဲအက်သို့ လက်ဝါးရိုက်ချက်တစ်ချက် ထုတ်လွှတ်လိုက်သည်။

“ဖုန်း”

ချားယွင်ကျဲမှာ လန်ကျုံ့ကျူနှင့် တိုက်ခိုက်နေရာမှ ယခုကဲ့သို့ အိုယန်စေက ဝင်တိုက်လာသောအခါ အထိတ်တလန့် ဖြစ်ပြီး နောက်ဆုတ် ရှောင်တိမ်းဖေးရှိုက်ရ၏။ အိုယန်စေလည်း တုံ့ဆိုင်းခြင်း မရှိတော့ဘဲ လန်ကျုံ့ကျူလက်ကိုဆွဲကာ အမှောင်ရိပ်ထဲ ပြေးသွားဝင်ရောက်သွားလေတော့သည်။ ချားယွင်ကျဲတို့သုံးယောက်မှာ နောက်မှ လိုက်ပါခြင်း မပြုရဲကြတော့ပေ။ အဝေးသား ကြေခင်ကြည့်နေကြရလေတော့သည်။

★

## အခန်း (၁၁၀)

### အရေးပေါ်သော ပုဂ္ဂိုလ်

ချားယွင်ကျဲနှင့် မော်လူထုံတို့ နှစ်ယောက် ကျိုစို့အင်း၏ ဒဏ်ရာကို ကုသပေးသည်။ တစ်ခဏအတွင်းမှာပင် ကျိုစို့အင်း၏ သွေးကြောခလေကြောများ ပြန်သည်၍ အကောင်း ပကတိအတိုင်း ပုံမှန် ပြန်ဖြစ်လာသည်။ ကျိုစို့အင်းက ဒေါသအကြီး ရေရွယ်နေ၏။

"ကျုပ်အစ်ကိုက ငါးကောင်မ လက်ချက်ကြောင့် သေရတာဗျ၊ ကျုပ်တစ်သက်လုံး ဒီကောင်မကို မခေကျဘူး၊ သူ့ခေါင်းကို ဖြတ်ပြီး အစ်ကို့အတွက် ကလဲ့စား မချေရသမျှ တလောပတ်လုံး ကျုပ် မသေသေးဘူး"

သူ့မျက်လုံးများက ဒေါသကြောင့် နီရဲနေ၏။ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေ၏။ မော်လုထုံကသည်း သေးမှ



အားပေး သည်။ သူပါဝင်ရောက်ကလဲ့စားချေမည့်အကြောင်း ပြောသည်။

ချားယွင်ကျဲကား ငိုင်တွေ စဉ်းစားနေမိ၏။ သူ့အတွေးများကား ခရီးရှည်သွားလေ၏။ လင်ကျုံကျူသည် ယို့ထောင်ဆင့်၏ လူ့ကစ်ယောက် ဖြစ်၏။ ယခု လန်ကျုံကျူ လွင်ရှုံးလာသောအခါ သူ၏ အင်အားဖြစ်သည့် လုံဗင်၊ မန်းရှိုကျိုက သည်း တာ့ထုံတွင် ကျန်ရစ်ခဲ့ကောင်းမှ ကျန်ရစ်မလိမ့်မည်။ လန်ကျုံကျူ တစ်ယောက်တည်း ဤနေရာသို့ ကျူးကျော် ဝင်ရောက်လိမ့်မည် မဟုတ်ပေ။ သူ့ကို အကူအညီပေးသည့် ထုပ်စု ရှိနိုင်ပေသည်ဟု ချားယွင်ကျဲ စဉ်းစားမိသည်။

ချားယွင်ကျဲသည် အိုယန်ဓေနှင့် လန်ကျုံကျူကို၏ ဆက်သွယ်မှုကို ရိပ်မိနေသော်လည်း သူတို့နှစ်ယောက် မည်ကဲ့သို့ တွေ့ဆုံဆွေးနွေး ဆက်သွယ်ခြင်းကိုမူကား သိရှိထားခြင်း မရှိပေ။ သူတို့နှစ်ယောက် အသက်ပေးချစ်သူများအဆင့်သို့ ကူးပြောင်း ရောက်ရှိသွားခဲ့သည်ကိုလည်း မသိခဲ့ပေ။ အိုယန်ဓေက မိမိကို အနိုင်ယူ တိုက်ခိုက်ခဲ့ပုံများကိုသာ တွေးပြီး ဒေါသ ထွက်မဆုံး ဖြစ်နေမိတော့သည်။

ယုံးယောက်သားမှာ ကိုယ့်အတွေးနှင့်ကိုယ် တဖက် ငြိမ် ယက်နေကြ၏။ ထိုအတွေးများ၏ အဆုံးသတ်ကား အိုယန်ဓေအပေါ် ကလဲ့စားချေရန်သာ အဓိကဖြစ်လေ၏။

အတန်ကြာမှ ချားယွင်ကျဲက စကားစသည်။

“ခုနကမိန်းမညို အိုယန့်ဝေလို့ခေါ်တယ်၊ ထန်းရင်စန်းရဲ့ တပည့်မပေါ့”

ထန်းရင်စန်းလျှော ပြောလိုက်ပြီးခါမှ မိမိကိုယ်မိမိ လိပ်ပြာမလုံဖြစ်ကာ ဘေးပတ်ဝန်းကျင်ကို မျက်လုံးတစ်ဝေ့ ကြည့်လိုက်မိ၏။ ထန်းရင်စန်းရှိနေပြီး ထိုစကားလုံး ကြားသွားပါက သူ့အတွက် မည်သို့မျှ ခွင့်လွှတ်သက်ညှာခြင်း ရရမည်မဟုတ်ချေ။ လူရိပ်လူခြည် မတွေ့ရသဲ သူ့အနေနှင့် စိတ်ချလုံခြုံမှု ရှိပြီဟု ယူဆမိ၏။ ချားယွင်ကျဲက စကားပြန်ဆက်၏။

“အိုယန့်ဝေနဲ့အတူ ပါလာတဲ့ ယောက်ျားကတော့ လန်ကျူကျူလို့ခေါ်တယ်၊ လျိုထင်ဆင့်ရဲ့ ကိုယ်ရံတော် သက်တော်စောင့် တစ်ယောက်ပေါ့၊ လိုထင်ဆင့် တော့ထုံကနေ ထွက်သွားတာ ရက်အတော်ကြာခဲ့ပြီ၊ ဒီကောင်က ဘာဖြစ်လို့ ဒီမြို့ထဲမှာ ရှိနေသေးတာလဲ မသိဘူး၊ ခုနက သူ လွှတ်လွှတ် သွားတာ ရှက်စရာကောင်းတဲ့အပြင် ဒေါသဖြစ်စရာလဲ ကောင်းတယ်”

မောင်လုထုံက တအံ့တဩ ပြောသည်။

“အိုယန့်ဝေက ထန်းရင်စန်းရဲ့ တပည့် ဟုတ်လား၊ ထန်းရင်စန်းက ကျုပ်တို့ဘက်ကလူမဟုတ်ဘူးလား၊ သူ့တပည့်က ဘာဖြစ်လို့ လျိုထင်ဆင့်ရဲ့ ကိုယ်ရံတော်နဲ့ ပူးပေါင်းနေရတာလဲ၊ သူတို့က တုဆုကြဲကို ဘာကြောင့် လုပ်ကြံရတာတဲ့လဲ”

“ဘယ်တုန်းက လုပ်ကြံခဲ့တာလဲ”

ချားယွင်ကျဲက စိတ်ပျက်လက်ပျက်ဖြင့် ပြောသည်။



“ဒီကိစ္စတွေကို ပြောရရင် အရှည်ကြီးပါပဲဗျာ၊ အားလပ်ကြကြိုက်တဲ့ တစ်နေ့ကျမှပဲ ခင်ဗျားတို့ကို ကျုပ် အသေးစိတ် ပြောပြပါတော့မယ်”

ကျိုရိအင်းက သိချင်စိတ်ကို မအောင့်နိုင်။

“အကြမ်းဖျင်းလောက်ကိုတော့ ပြောပြဗျာ”

“ကောင်းပြီလေ၊ ခင်ဗျားတို့ နားလည်လောက်အောင်တော့ အကြမ်းဖျင်း ပြောပြပါမယ်”

ချားယွင်ကျဲက အိုယန့်ဝေ တို့ ထွက်သွားသည့်ဘက်သို့ စိတ်မချသလို လှမ်းကြည့်ပြီးမှ ပြောလေ၏။

“အိုယန့်ဝေရဲ့ သိုင်းပညာနဲ့ ရုပ်လက္ခဏာကိုတော့ ခင်ဗျားတို့ သဘောလောက် နားလည် သိကျွမ်းကြပြီးပြီ ထင်ပါတယ်”

မောင်လုထုံတို့က ခေါင်းညိတ်ပြလိုက်၏။

“ဒီလိုမိန်းမမျိုးရှိနေတော့ ပန်းပွင့်ရှိရာ လိပ်ပြာလာသလို သူ့အလှက ယောက်ျားတွေကို မြူဆွယ်မျှားခေါ်နေသလို ဖြစ်နေတော့တာပေါ့၊ သူ့ကိုကြိုက်တဲ့လူတွေဆိုတာ နည်းမှနည်းတဲ့၊ တုဆုကြဲလဲ အဲဒီအထဲမှာ တစ်ယောက်အပါအဝင်ပေါ့၊ အိုယန့်ဝေက သူ့ကို ဂရုစိုက်တာမဟုတ်ဘူး၊ သူ့တင်မကပါဘူးလေ၊ တခြားလူတွေအပေါ် သူက သိပ်အကောင်ကြီးတာမဟုတ်ဘူး၊ လန်ကျူကျူနဲ့ ဘယ်လိုကနေ ဘယ်လိုသိကျွမ်းခဲ့တယ်ဆိုတာတော့ ကျုပ်လဲ မသိဘူးဗျာ၊ ကျုပ်မပြောနဲ့ သူ့ဆရာတောင်မှ သိပုံမရဘူး၊ သူသိတယ်

ဆိုရင် သူ့စိတ်သဘောထားနဲ့ ဒီလိုကိစ္စမျိုးကို ဘယ်လို
ယက်ခံမှာ မဟုတ်ဘူး''

ချားယွင်ကျဲ စကားဆုံးခါကာရပ်နားလိုက်ပြန်သည်။ ကျိုစို့
အင်းက စကားအမှုင်အမြွက်မခံဘဲ မရမကမေးသည်။

"သူတို့က တုဆုကြဲကို ဘာကြောင့် လုပ်ကြရတာလဲ
အဲဒီအကြောင်းကလေး ပြောတော့ ပြောပြစမ်းပါဦး''

ချားယွင်ကျဲမှာ ထိုအကြောင်းကို ပြောပြရန် စိတ်ကူး
ရှိပြီးသား ဖြစ်၏။ ကျိုစို့အင်းတစ်ယောက် သိလိုစိတ် လှုံ့
ဆော်ကာ မအောင့်နိုင် မအည်းနိုင် မေးမြန်းလာသဖြင့် ရယ်
လိုက်သည်။

"နေခင်ကြီးကျိုက သိပ်စောကြီးတောင်းဗျား၊ ပြောမှာ
ပါဗျာ''

သူက ရယ်ရယ်ပြုံးပြုံး ပြော၏။

"အဲဒီ အိုယန်ဝေဆိုတဲ့ ခွေးမက လန်ကျုံကျုံနဲ့
ပေါင်းမိတော့ သူ့ဆရာကိုလဲ ဂရုမစိုက်တော့ဘူး၊ ဆရာ့
ပေါ်စဉ်ကိုလဲ မလိုက်တော့ဘူး။ သူ ထင်ရာ လုပ်တော့တာပဲ
တုဆုကြဲကို သူတို့ ခပ်စောစောကတည်းက လုပ်ကြခဲ့တာဖြစ်
မယ်၊ လူသတ်သမားတွေ ပိုင်းဖမ်းကြ၊ မလွတ်စေနဲ့လို့ အော်
ဟစ်သံကြားလို့ ကျုပ်လဲ ထွက်ကြည့်ရတာ၊ လူသတ်သမား
ဆိုတာ ဘယ်သူမှန်းလဲ မသိ၊ ဘယ်နှစ်ယောက်မှန်းလဲ မသိ
ဘူး၊ နောက်ပိုင်းကျမှ မာတူးနဲ့တွေ့လို့ သိလိုက်ရတာ၊ ခင်
ဗျားတို့ မာတူးတို့တော့ သိကြသလား၊ သူက ဝမ်ကုံး
(ဝမ်ကျင်)ရဲ့ ဘဏ္ဍာစိုးလေ၊ သူနဲ့တွေ့မှ လူသတ်သမား



အိုယန်ဝေ ဖြစ်မှန်းသိရတယ်၊ ဒီလို အစကတည်းကသာ
သိမယ်ဆိုရင် ကျုပ်သူ့ကို အဘယ်လွှတ်ခံပါ့မလဲ၊ ကျုပ်သာ
သူ့ဆရာရဲ့ မျက်နှာကို မငဲ့ညှာ မစောင့်ထားရင် ဟင်း....
သင်းလား၊ ကျုပ်ရင်ဘတ်အောက်မှာ ပြားပြားမှောက်
နေပြီ''

ချားယွင်ကျဲ ပြောရင်း အိုယန်ဝေက ဒေါသထွက်လာ၏
ဝင်တိုဘွင်လည်း အိုယန်ဝေကိုတင်နေ့စွေတွင် အမြွက်အသက်
လတ်ကားချေမည်ဟု ကြုံးဝါးနေမိသည်။ သူတို့သို့တွေးတော
နေစဉ်မှာပင် မော်လုထုံ၏ စကားများက သူ့အတွေးကို
ဖြတ်တောက်ပစ်လိုက်တော့သည်။

"အိုယန်ဝေက ထွက်ပြေးသွားပြီး နေခင်ကြီးကျို၊
ဘာမှလဲ အကြောင်းထူးလာမှာမဟုတ်ဘူး၊ ဒီတော့ ကျုပ်
တို့ ခင်ဗျားအစ်ကိုကို အရင်ဆုံး မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြရင်
ကောင်းလိမ့်မယ်''

သူတို့အားလုံး နောက်ကြောင်းပြန်လှည့်လာကြ၏။

သို့စဉ် ချားယွင်ကျဲက လှမ်းအော်လိုက်လေ၏။

"ဘယ်သူလဲတော့''

ကျိုစို့အင်းနှင့် မော်လုထုံတို့နှစ်ယောက်မှာ ကြောင်စီစီ
ဖြစ်သွားကြ၏။ သူတို့နှစ်ယောက် ဘာကိုမျှ မမြင်တွေ့လိုက်
ကြရသဖြင့် ချားယွင်ကျဲက ထိုသို့လှမ်းအော်မေးလိုက်သောအခါ
အံ့မှုပင် အံ့သြနေကြသည်။

"ချားယွင်ကျဲသား၊ ကျုပ်ပါ၊ မာတူးပါ၊ ဟိုကောင်မ
ရုပ်ကို ရှာတွေ့ခဲ့သလား''

"နောင်ကြီးမာဟူးလား"

"သူ့ကို ဘယ်နည်းနဲ့မှ မလွှတ်ခဲ့စေနဲ့၊ သိပ်အရေးကြီးတဲ့ စွည်းကို ခိုးယူသွားပြီ"

အိုယန်စေတို့ကား ချိုက်မမီတော့သော နေရာသို့ ရောက်သွားခဲ့ချေပြီ၊ ယခုမှလာသတိပေးခြင်းမှာ အလွန်ပို ဖြစ်နေလေပြီ။ မိုးရွာနှိမ့်မှ ထွန်ချခြင်းသာပေတည်း။ ချားယွင်ကျဲ ကမကျေနပ်သည့် လေသံဖြင့်....

"ပြောမနေပါနဲ့တော့ နောင်ကြီးမာဟူး၊ ရှက်စရာကောင်းနေပါပြီ၊ အိုယန်စေက လစ်ထွက်သွားတာ ကြာလှပြီ..."

မာဟူး မျက်စိမျက်နှာ ပျက်သွား၏။ စိုးရိမ်သောလေသံဖြင့်—

"ဒုက္ခပါပဲဗျာ—ဒုက္ခပါပဲ၊ ခင်ဗျားပြောတာ တကယ်ပဲလား ချားယွင်ကျဲ"

ချားယွင်ကျဲက ဘာမှပြန်မပြောဘဲနေ၏။

မာဟူးက ရုတ်တရက် စွပ်စွပ်စွဲစွဲလှမ်းသ၏။

"ချားယွင်ကျဲ ...ဘယ်လိုဖြစ်ပြီး သူကလွတ်သွားရတာလဲ၊ တော့ ခင်ဗျား သူနဲ့အပေါင်းအသင်းတစ်ခုခုလုပ်မိပြီး သူ့ကိုလွှတ်ပေးလိုက်တာ ထင်တယ်"

ချားယွင်ကျဲမှာ ခံထားရသည့်အထဲ စွပ်စွဲခံရပြန်သဖြင့် လွန်စွာ ဒေါသထွက်သွားရ၏။ သို့သော် မာဟူးကိုကား အကြီးအကျယ် အတိုက်အခံ မလုပ်ရဲပါချေ။



"ဒီလိုစကားမျိုးတော့ မပြောစမ်းပါနဲ့နောင်ကြီးမာဟူး၊ ကျုပ် အဲဒီလိုလူစားမျိုး မဟုတ်ပါဘူး၊ ဒီကလူတွေလဲ ခုနက ဒီနားမှာ ရှိနေကြတာပဲ၊ သူတို့ကို မေးကြည့်ပါလား၊ သူ့အစ်ကိုနဲ့ တခြား လူတစ်ယောက်တောင်မှ အဲဒီ ကောင်မစုတ် လက်ချက်နဲ့ သေသွားရတယ်၊ စိတ်ပျက်နေရတဲ့အထဲ ခင်ဗျားက ဒီလိုစွပ်စွပ်စွဲစွဲ ပြောဆိုလာတာတော့ မကောင်းပါဘူးဗျာ"

ကျိုစို့အင်းနှင့် မော်လူယုံတို့နှစ်ယောက်မှာ နေပြည်တော်မှ ရောက်လာကြသည့် ဧည့်သည်တော်များ ဖြစ်သည့်အပြင် နန်းတွင်း ကိုယ်ရံတော် တပ်သားများလည်း ဖြစ်ကြသည်။ ထို့ကြောင့် မာဟူးမှာ သူတို့နှစ်ယောက်ကို အထင်မသေးရဲပေ။ မော်လူယုံတို့က အကျိုးအကြောင်း ဝင်ပြောသက်သေခံသောအခါ ချားယွင်ကျဲကို ထပ်မံမစွပ်စွဲရဲတော့ပေ။

"ချားယွင်ကျဲ၊ ကျုပ်တို့ ဘယ်လိုနည်းပဲဖြစ်ဖြစ် သူ့ကို မိအောင် လိုက်ရမယ်၊ တုဆုကြဲရဲ့ အင်္ကျီအိတ်တွေထဲမှာ လျှို့ဝှက်ချက်တွေ အများကြီးရှိတာ ခင်ဗျားမသိဘူး၊ ကျုပ်တို့သာ အဲဒီအင်္ကျီကို ပြန်ရအောင် မရှာနိုင်ခဲ့ရင် သွားပြီ၊ ဒုက္ခတွေ့ပြီ"

ဝမ်ကျင်တစ်ယောက် တစ်ဖက်ရန်သူများနှင့် လျှို့ဝှက်စွာ ပူးပေါင်းနေသည့် ကိစ္စကို ချားယွင်ကျဲ ယခင်ကတည်းက သိခဲ့ပြီး ဖြစ်ပေသည်။ မာဟူးက ညှိုးမှုလောက်ပြောလိုက်သည်

နှင့်ပင်သူ့အနေနှင့် အကြောင်းရင်းကို ကောင်းစွာနားလည်လိုက်၏။ ထိုအခါကျမှ သူသည် လွန်စွာ စိတ်လှုပ်ရှားသွားတော့သည်။

မေမ်လည်း ကျိုဝိုအင်းတို့နှင့် စကားစမြည် ပြောဆိုရန် အခွင့်အလမ်း အချိန်အခါ မပေးနိုင်တော့ဘဲ မဂ္ဂဟူးနှင့်အတူ အရေးတကြီး ထွက်ခွာရလေတော့သည်။

*

## အခန်း (၁၀၉)

### ရမ်းကားသူများ၏ စိတ်ကူး

အိုယန်ဖေနှင့် ယန်ကျုံကျူတို့နှစ်ယောက်မှာ အခက်အခဲများကို ညီညီညွတ်ညွတ် ကျော်လွှားခဲ့ကြသဖြင့် စိတ်ထက်ကြွ ပေါ့ပါးနေကြသည်။ ထို့ကြောင့် ပြေးလွှားနေတွင်လည်း အဆောတ်ကမယား ခရီးပေါက်ပေသည်။ စိတ်ချရလောက်သည့် အကွာအဝေးရောက်သောအခါ ယန်ကျုံကျူက အိုယန်ဖေအား ပြော၏။

"အိုယန်ဖေ...ရန်သူတွေ လိုက်မလာနိုင်တော့ဘူး ထင်တယ်၊ နေရာတစ်ခုခု ရှာ ခဏလောက် အနားယူကြရင် မကောင်းဘူးလား"

အိုယန်ဖေက စိုးရိမ်စိတ် မပြေသေးဘဲ ခေါင်းကို ခါယမ်းလိုက်သည်။

"ဟင့်အင်း...နားလို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်သေးဘူး၊ ဘုဆိုကြဲရဲ့ အကျိုက်ကို အစ်ကိုဝက်ထားတော့ သူတို့က ဘယ်လိုမှ လွယ်လွယ်နဲ့ လွှတ်ပေးမှာမဟုတ်ဘူး၊ အခုလောက် သွားနေတာကိုတောင်မှ ကျွန်မတော့ ဆွေးနေသေးတယ် အောက်မေ့နေတာ၊ ဘာမှ စဉ်းစားမနေနဲ့၊ နားသင့်တဲ့အချိန်ရောက်ရင် ကျွန်မတို့ နားကြတာပေါ့"

လန်ကျုံ့ကျူ ရယ်လိုက်၏။

"ခင်းက သွားလို့ပြောနေသမျှ ကျုပ် ဘယ်တော့မှ မရပ်နားတော့ပါဘူးကွာ၊ မင်းနဲ့သာ အတူသွားနေရမယ်ဆိုရင် ခြေထောက်တွေပါတိုပြီး ပြုတ်ကျသွားပါစေ ကျုပ် သွားနိုင်ပါတယ်"

အိုယန်စေ ရှက်သွားပြီး လန်ကျုံ့ကျူ၏ လက်မောင်းကို လိမ်ဆွဲလိုက်သည်။

"ပေါက်ကရတွေ လျှောက်ပြောမနေစမ်းပါနဲ့၊ ရှင့်ကိုလဲ ခြေထောက်နှစ်ဖက် ပြုတ်အောင် မလျှောက်ခိုင်းပါဘူး၊ အဓိပ္ပာယ်မရှိတာ၊ သူများက ရှင့်ကို စေတနာနဲ့ ပြောတာများ၊ တွန်း...."

ချစ်သူနှစ်ဦးမှာ လွန်စွာ ကြည်နူးသွားကြ၏။

ထို့နောက် နှစ်ယောက်သားမှာ ကိုယ်ဖော့ပညာ အစွမ်းကုန် ထုတ်သုံးကာ ပြေးကြပြန်သည်။ တက်ညီလက်ညီ ပြေးကြခြင်းဖြစ်၍ လွန်စွာ ခရီးတွင်ကြ၏။ အိုယန်စေ၏ လုံ့လဝီရိယရှိခြင်းကား အခွန့်ပင် ဖြစ်တော့၏။

"ဒေါင်....ဒေါင်...ဒေါင်....ဒေါင်...ဒေါင်"



ချုန်းမောင်းခေါက်သံ ငါးချက် ထွက်ပေါ်လာ၏။ အရုဏ်ပင် တက်ပြေလာသည်။ ရောင်နီသန်းပြေလာသည်။ မာဟူးမှာ ယခုထက်ထိ အိုယန်စေတို့ကို မတွေ့ရှိရသဖြင့် ချားယွင်ကျဲကို လှမ်းမေး၏။

"ချားယွင်ကျဲ၊ အိုယန်စေတို့ ပီဘက်ကို ထွက်ပြေးသွားတာ သေချာရဲ့လားဗျာ"

ချားယွင်ကျဲ မျက်မှောင်ကြုတ်လိုက်၏။ တစ်လျှောက်လုံး သူ့ကို အပြစ်တင်စကား ချည်းသာ ဆိုလာသဖြင့် သိပ် သည်း မခံနိုင်တော့ချေ။

"နေဝင်ကြီးကလဲဗျာ၊ ခင်ဗျား သိပ်အပြောရခက်တာပဲ၊ ကျုပ်တို့တွေ့လိုက်တဲ့အချိန်က အမှောင်အားကောင်းတုန်းပဲဗျ၊ အလင်းရောင် ကောင်းကောင်းရတဲ့ အချိန်တောင်မှ ပီလောက် လမ်းခွဲတွေများနေတဲ့ဥစ္စာ၊ သူတို့နဲ့ကျုပ်တို့ တွေ့ချင်မှ တွေ့မှာပေါ့၊ သူတို့ ပီဘက်ကို ထွက်ပြေးသွားတာတော့ ကျုပ်အသေအချာ မြင်လိုက်တာပဲ၊ နောက်ပိုင်း ဘယ်လမ်းက သွားတယ်ဆိုတာတော့ မသိဘူး၊ တစ်နေရာရာမှာ နားနေသလား၊ ဆက်ပဲ ပြေးသွားသလားဆိုတာ ကျုပ် ဘယ်လိုလုပ် သိနိုင်ပါမလဲ"

မာဟူးမှာ ထိုအကြောင်းအရာများကို မသိမဟုတ်၊ သိပါ၏။ သူ့စိတ်ထဲတွင် စိုးရိမ်ပူပန်လွန်းသောကြောင့် မေးမိမေးရာ မေးလိုက်ခြင်း ဖြစ်ပေသည်။

"မအေးရျာ၊ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ကိုတော့ တွေ့အောင် ရှာပြီး ကုဆုကြဲရဲ့ အကျိုးရအောင် ရှာရမှာပဲ၊ ကဲ...ဆက် လိုက်ကြဦးစို့"

သို့ဖြင့် နှစ်ယောက်သားဆက်၍ ပြေးလွှားပြန်သည်။ မိုးသင်းလာသည့် အချိန်တွင်ကား သူတို့ရှေ့တွင် လူ သုံး ယောက် ကို တွေ့ရှိလိုက်ကြရသည်။ မိစ္ဆာလင်မယားနှင့် လျှံ ပုစိန်တို့ပင်တည်း။ ထိုသုံးယောက်၏ အဝတ်အစားများမှာ မြင်မကောင်း ရှုမကောင်းအောင်ပင် စုတ်ပြတ်နေ၏။ မော ဟူးက ထိုသုံးယောက်ကို တွေ့လျှင် တအံ့တသြ မေးကြ၏။

"နောင်ကြီးတို့...ဘယ်လိုများ ဖြစ်ကြတာလဲဗျာ"

မိစ္ဆာမကြီး၏ ယောကျ်ားမှာ တိုဘာနုင်ဖြစ်၏။ မောဟူး၏ အမေးစကားကြောင့် တိုတာနုင် မျက်စိမျက်နှာပျက်သွား သည်။ သူ့ထံမှ စကားသံထွက်မလာနိုင်ခင်မှာပင် မိစ္ဆာမ ကြီးက ဒေါသအချက်ကြီးစွာပြော၏။

"မေးမနေပါနဲ့တော့၊ ဒီအကြောင်း ပြန်ပြောရရင် လူ့ဘို ဒေါသချောင်ခော်နဲ့ သွားတာပဲ၊ ခေါ်ခေါ်တာပဲ ရန်ငြိုးရှိတဲ့လူ နှစ် ယောက်နဲ့ တိုးမိလို့ သူတို့နှိပ်စက်တာ ခံလိုက်ရတယ်လေ"

ချားယွင်ကျဲ့ မျက်လုံးများ အရောင်တောက်ပလာ၏။ တအံ့ တသြ လေသံမျိုးဖြင့် မေး၏။

"ဟုတ်ပြီ၊ ဒါဆိုရင်တော့ အခေါ်ကာလေး ထူးဆန်းနေ ပြီ ခင်ဗျားတို့၊ ကျွန်တော်က ရှေ့တွင်မိုလို့ ခင်ဗျားတို့ ကို ပြောပြနေတာ မဟုတ်ဘူးနော် ခင်ဗျားတို့ရဲ့ သိုင်း ပညာဟာ အထွတ်အထိပ် ရောက်နေပြီလို့ မပြောနိုင်ဘူးလေ



မယ့် သိုင်းလောကမှာရှိတဲ့ ဘာမန်သိုင်းသမားတွေက ခင်ဗျား တို့ကို မယှဉ်ရဲပါဘူး၊ ခင်ဗျားတို့သုံးယောက်ကို လူနှစ် ယောက်က ရှုံးနိမ့်ခဲ့ရတယ်ဆိုတော့ နည်းနည်း အံ့ဩစရာ ကောင်းမနေဘူးလား၊ အဲဒီလူတွေက ဘယ်သူတွေဖို့လို့လဲ၊ ဘာကြောင့် ဒီလောက်တောင် ရှုံးနိမ့်ခဲ့ကြရတာလဲ"

မိစ္ဆာမကြီးမှာ ချားယွင်ကျဲ၏ မြှောက်ပင့်စကားကြောင့် ရင်ထဲတွင် အမောက်ကလေး ပိတ်ဖြစ်သွားရသည်။ ချားယွင် ကျဲကို မျက်စောင်းတစ်ချက် ထိုးလိုက်ပြီး...

"ချားယွင်ကျဲ၊ မင်းရဲ့ ချီးကျူးစကားကတော့ နည်း နည်းပိုသွားပြီကွယ်၊ အင်း...ပြောရမယ်ဆိုရင် ပြောရဦးမှာ ပေါ့၊ သိုင်းလောကကို ဝင်လာကတည်းက ကျုပ်တို့ သုံး ယောက်နဲ့ အနိုင်ယူဘိုက်ခိုက်ခဲ့ရတာ သိပ်နည်းခဲ့တယ်၊ တို တာနုင်နဲ့ ပေါင်းသင်းပြီးခဲ့တဲ့နောက်ပိုင်း အဆင့်မြင့် သိုင်း သမားကြီးတွေနဲ့လဲ ပိုပြီးတွေ့ကြုံခဲ့ရတယ်၊ ခုနက ဟိုခွေး ကောင်နဲ့ ခွေးကောင်မကတော့..."

ဒေါသကြောင့် သူမစကားမဆက်နိုင်။ မောဟူးမှာ ဝူး ဆောင်ရင်းမှ အကြီးအကျယ် စိတ်လှုပ်ရှားသွားသည်။ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်ဆိုလျှင် အို ယန်ဝေနှင့်ယန်ကျူကျူတို့နှစ်ယောက် မဖြစ်နိုင်ပါသလော။

"ဟိုခွေးကောင်နဲ့ ခွေးကောင်မဆိုတဲ့ဘာစ်ကွဲရဲ့ တိုက်ခိုက် တာ ခံလိုက်ရတယ်ဟုတ်လား၊ သူတို့က ဘယ်လိုလူလဲ၊ အသက်သုံးဆယ်လောက် ရှိကြပြီလား"

မဟူး၏ အမေးစကားကြောင့် မိစ္ဆာမကြီးသည် ရုတ်တရက် ကြောင်စီစီ ဖြစ်သွားသည်။ လျှံပုစိန်က ဝင်ပြောသည်။

"ဟုတ်တယ်၊ အသက်သုံးဆယ် အရွယ်လောက်ပါပဲ၊ သူတို့ရဲ့ ဆရာကြီးမဘက သိလို့လား"

မဟူးမှာ အိုယန်ခေတ်ဖြစ်ရမည်ဟု တထစ်ချယုံကြည်ကာ ဝမ်းသာသွားပါသည်။ ခေခဖေဇကာ သူနှင့် ချားယွင်ကဲ့တို့နှစ်ယောက်တည်းသာ ရှိသဖြင့် အိုယန်ခေတ်ရဲ့ ထိန်းချုပ်ရန် ခက်ခဲလိမ့်မည်ဟု တွက်ဆမိ၏။ ယခုမိစ္ဆာလင်မယား နှင့် လျှံပုစိန်တို့ပါရှိနေကြပြီမို့ သူ့အတွက် တစ်ပန်းသာ အောင်နိုင်ရမည်ဟု တွေးမိပြီး ဝမ်းသာသွားခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ရယ်ရယ်မောမောဖြင့်....

"အခုနသင့်လိုက်တာဗျာ၊ ကျုပ်တို့လဲ သူတို့နှစ်ယောက် နောက်ကို လိုက်နေကြတာ၊ ခင်ဗျားတို့ ကျုပ်တို့ကို သူတို့ ရှိမယ့်နေရာ လမ်းပြပေးနိုင်မလား၊ သူတို့ကို ရှာတွေ့ရင် ခင်ဗျားတို့အတွက်လဲ ကာလံ စားချေနိုင်တဲ့အပြင် ကောင်း ကောင်းလဲ ဂုဏ်အပြုခံရမယ်၊ သူတို့နှစ်ယောက်ဟာ ဝမ်ကျူးထုံ အရဲ့ရှိနေတဲ့လူတွေပဲ၊ ခင်ဗျားတို့သာ သူတို့ နှစ်ယောက်ကို ထိန်းချုပ်ဖို့အကူအညီပေးနိုင်မယ်ဆိုရင် ရရှိမယ့် ဂုဏ်ထူးတွေကတော့ နည်းမှာမဟုတ်ဘူး"

မဟူးက အားတက်စွာ ပြော၏။

မိစ္ဆာမကြီးက အလျင်အမြန်ဝင် ပြော၏။



"ကောင်းပြီလေ၊ ကျွန်မတို့က ဂုဏ်ထူးဆိုတာတွေကို အယ်လိုမှ ဂရုမစိုက်ပါဘူး၊ သူတို့အပေါ်မှာ မကျေမနပ်နိုင်လို့ သူတို့ကိုရှာပြီး စာရင်းရှင်း ကလဲ့စားချေချင်တာပဲ ရှိတယ်၊ ကဲ...သူတို့ သိပ်ဝေးဝေးမသွားနိုင်ခင် လိုက်ကြရအောင်"

ဤသို့ဖြင့် လူငါးယောက် ပူးပေါင်းမိသွားပြီး အခရှ ဆီသို့ ထပ်မံပြေးလွှားကြလေတော့၏။ သူတို့၏ခြေသံများကို မြန်နိုင်သမျှမြန်အောင် လှမ်းကြလေသတည်း။ နေလယ် ရောက်သည့်တိုင် ရှေ့မှလူများကို မမီနိုင်သေးပေ။ တိုတာဂုနဝ်မှာ ဆာလောင်မွတ်သိပ်လာဟန်ရှိ၏။

"ခင်ဗျားတို့ မဆာကြသေးဘူးလား၊ ကျုပ်တို့ စားစရာ သောက်စရာလေး အရင်ရှာကြရအောင်၊ ရှေ့မှာ ကျိုကျူးရွာပဲ"

ကျိုကျူးရွာဆိုသည်မှာ ချားယွင်ကျဲ့မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး ရုတ်တရက် တောက်ကာငေးကာမေး၏။

"မနောင်ကြီး မဟူး...ခင်ဗျားကို ဟူလောင်တာ့နဲ့ ဟူလောင်အေ့တို့ အရင်တုန်းက ဘာတွေပြောသွားတယ် ဆိုတာ မှတ်မိသေးရဲ့လား၊ ကျိုကျူးရွာဌ နေရာကောင်းတစ်ခု မဟုတ်ဘူး၊ ကျုပ်တို့ သတိရှိမှ ဖြစ်လိမ့်မယ်"

လျှံပုစိန်ကလည်း ဟူလောင်အေ့နှင့် ဟူလောင်တာ့ဆို၍ ဝင်ပြော၏။

"ခင်ဗျားတို့သာ စကားအစမဖော်ရင် ကျုပ်လဲ မေ့ လောက်ပြီဗျို့၊ ဟူလောင်တာ့နဲ့ ဟူလောင်အေ့ဟာ ဒီရွာ

မှာပဲ သေဆုံးသွားကြရတယ်၊ ဟူဌရဲ့ ပြောစကားအရဆိုရင်တော့ သူတို့ ကျီကျေးရွာမှာ နေကြတာကို ကျီဟုန်ဖွေ့ဘာမှ မတတ်နိုင်ဘူးတဲ့၊ နောက်မှ ကျီဆိုတဲ့ လူတစ်ယောက် ရောက်လာပြီး သူ့ခြေထောက်ကို ရိုက်ချိုးပစ်သတဲ့၊ ဒါ့ပေမယ့် ကျီဆိုတဲ့ လူကလဲ သူ့အဖေရဲ့ ပြိုင်ဘက်မဟုတ်တော့ ကျီကေးရွာကို အကူအညီဘာမှ မပေးနိုင်ခဲ့ဘူး၊ နောက်ပိုင်း အချိန်သိပ်မကြာခင်မှာဘဲ အမျိုးသမီး ချောချောလေး တစ်ယောက် ကျီဟုန်ဖွေ့ဘုံဆီကို ရောက်လာတယ်၊ အဲဒီ အမျိုးသမီးလေးက လိုထင်ဆင့်ရဲ့ သမီးတဲ့၊ သူ့လက်ချက်ကြောင့်ပဲ ဟူလောင်တို့ တစ်အိမ်သားလုံး သေဆုံးခဲ့ရသတဲ့၊ အခုကျုပ်တို့တစ်တွေ အခွင့်ကြုံတုန်း ဟူညီအစ်ကိုတွေအတွက် ကလဲ့စားချေပေးခဲ့ဖို့ ကောင်းတယ်''

မာဟူးမှာ နားထောင်ရင်းမှပင် ရင်ထဲတွင်တဒိတ်ဒိတ်ခုန်လာ၏။

စကား ပြောရန် ဟန်ပြင်နေစဉ်မှာပင် ချားယွင်ကျဲက လှုပြီး ဝင်ပြော၏။

''နောင်ကြီး မာဟူး၊ ဒီအတိုင်းဆိုရင် အိုယန်ခဝလဲ ကျီကေးရွာထဲမှာ ပုန်းအောင်းကောင်း ပုန်းအောင်းနေလိမ့်မယ် ထင်တယ်''

မာဟူး မျက်မှောင်ကြုတ်လိုက်ကာ...

''ကျုပ်လဲ အဲဒီလို တွေးမိတာပဲ''

ချားယွင်ကျဲကို ဖြေရင်းမှ ဟိုတာ့နင်ကို လှည့်ပြောပြန်သည်။



''နောင်ကြီးဟို... သိပ်နောက်ကျလို့ မဖြစ်ဘူး၊ ကျုပ်တို့ သွက်သွက်လက်လက် လုပ်ကြမှဖြစ်လိမ့်မယ်၊ တော်ကြာသူတို့ လစ်ပြေးသွားဦးမယ်''

ဟိုတာ့နင်မှာ ကလဲ့စားချေရမည့်အပြင် နာမည်ကောင်းရကာ ဂုဏ်ပြုခြင်းလည်း ခံရမည်ဆိုသဖြင့် ရင်ကော့လိုက်မိသည်။ သူ့အကျီများ မြင်မကောင်းအောင် ဝုဇ်ပြတ်သတ်နေသည့်ထို သတိရမှ မျက်နှာပျော်ကာ ပီတိများသည်း ကြက်ပျောက်ငှက်ပျောက် ပျောက်သွားလေတော့သည်။

★

## အခန်း (၁၁၀)

### အသုဘ အခမ်းအနား

ဖြူညိုညိုအရောင်ကာ တဖြည်းဖြည်းစိမ်းလာ၏၊ အမှောင်သည် တစ်စတစ်စ ကြည်လင်ပြတ်သားလာ၏။ ကျေးရွာသည် မေဟူးတို့မျက်စိရှေ့တွင် ထင်းထင်းကြီးဖြစ်လာ၏။ ၎င်းတို့ ဝါးဝေယာဉ်လုံး၏ရင်မှာ ရွာကိုမြင်သည်နှင့် စိတ်လှုပ်ရှားလာကြ၏။

ထိုစဉ်....

"ဝုန်း"

ကျယ်လောင်သော ပေါက်ကွဲသံကြီးတစ်ခုသည် ကျေးရွာမှ ထွက်ပေါ်လာလေ၏။

ချောင်းယွင်ကဲ့တို့လူစုမှာ ထိတ်လန့် တုန်လှုပ်သွားကြသည်။ ရှေ့သို့ကြည့်နေကြသော်လည်း မည်သည့်အရာမျှ ချက်ချင်းမမြင်ရ



ရပေ။ မေဟူးမှာ အားလုံးထဲတွင် တာဝန်အရှိဆုံးဖြစ်သဖြင့် စိတ်ပူပန်မှုသည်း ကြီးမားသည်။ ထို့ကြောင့် သူသည် ရှေ့သို့ အပြေးဆုံးပြေးသွားသော၏။ ရွာအဝင်တံခါးသို့ ရောက်သောအခါ အထဲသို့ အရိပ်အမြည်ကြည့်လိုက်သည်။

တစ်ရွာလုံး ငြိမ်သက်နေ၏။ ကျိုဟွန်ဟွေ၏ အိမ်ဝန်းကျင် တစ်ဝိုက်တွင် ဝမ်းနည်းပူဆွေးမှု အရိပ်အယောင်တို့ဖြင့် ဖုံးလွှမ်းပတ်ထားသည်။ ကျိုဟွန်ဟွေ ကွယ်လွန်အနိစ္စရောက်သဖြင့် ရွာသူရွာသားများ ဝမ်းနည်းကြေကွဲနေကြခြင်း ဖြစ်မည်ဟု မေဟူး တွက်ဆလိုက်သည်။ ရွာစောင့်တို့မှာ မေဟူးတို့လူစုကို မမြင်ဖူး မတွေ့ဖူးသော်လည်း တားဆီးဝင်ခြားခြင်း မပြုကြ။ အမည်နာမကိုသာမေးပြီး ရွာတွင်းသို့ ခေါ်ဆောင်သွား၏။

ရွာသူရွာသားတိုင်း၏ မျက်နှာများမှာ မရွှင်မပျမြဖြစ်နေကြ၏။ ဆွေးရိပ်သမ်းသော မျက်နှာများဖြင့် အိုဝရင့်ရော်နေကြသည်။ ရွာစောင့်များက မေဟူးတို့ကို ခန်းမဆောင်ကြီးအတွင်းသို့ ခေါ်ဆောင်သွားကြသည်။ ထိုခန်းမဆောင်ထဲ၌ ကျိုဟွန်ဟွေ၏ အလောင်းကို ပြင်ဆင်ထားသောသည့် တကား။

မေဟူးမှာ ကျိုဟွန်ဟွေ၏အလောင်းကို တွေ့လိုက်ရသောအခါ စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားသည်။ မကောင်းသော အတိတ်နိမိတ်ဟု ယူဆလိုက်သည်။ ရန်သူကိုလိုက်၍ ဖမ်းသောမှ လူသေနှင့် အရင်ဦးစွာ တွေ့ဆုံရခြင်းသည် အမင်္ဂလာ တစ်ရပ်ဟု သူ ယူဆနေသည်။ မေဟူးမှာ ကျိုကျေးရွာထဲဝင်

လာမိတာ မှားလေပြီဟု နောင်တရသွားမိသည်။ ကျိုဟုန်ဖေ့၏ အခေါင်းကို ရွံရှာမုန်းတီးသောအကြည့်ဖြင့် စိုက်ကြည့်လိုက်၏။

ခန်းမဆောင်ထဲမှာသော အခေါင်းကို ဖေးဝိုင်းကြပ်နေသူများ ရှိမနေလျှင် ကျိုဟုန်ဖေ့၏အခေါင်းရှေ့တွင် ခေးထိုးထားသော နာမည်တံမွှည်းစုတိုင်ကို ဖြုတ်ထုရိုက်ချိုးပစ်မိမည်မှာ သေချာ၏။ တံတွေးကို ထွေးနဲ့ထွေးပစ်လိုက်မိမည်မှာလည်း သေချာ၏။ ယခုသော်ကား တံတွေးကိုပင် အတင်းမြိုချလိုက်ရပြီး ကျိုဟုန်ဖေ့၏အခေါင်းကို စိတ်မပါ လက်မပါ ဦးညွှတ်အလေးပြုလိုက်ရတော့သည်။

တကယ်ဆိုလျှင် ကျိုဟုန်ဖေ့သည် မာဟူးတို့နှင့် ဆန့်ကျင်ဘက် ရန်သူတစ်ပတ်တည်း။ ယခုကဲ့သို့ ရန်သူ၏အခေါင်းကို မာဟူး အလေးပြုရခြင်းမှာ ဤအကြိမ်သည် ပထမဆုံးအကြိမ်ပင် ဖြစ်တော့သည်။ သူတို့အားလုံးမှာ နာမည်လိမ် နာမည်ဝှက်များဖြင့် ရွာအတွင်းသို့ ဝင်ရောက်လာခဲ့ကြရ၏။ သို့သော် ခန်းမဆောင်ထဲရောက်ရှိပြီး မကြာခင်မှာပင် အသက်သုံးဆယ်ခန့်ရှိသော လူသန်ကြီးတစ်ယောက်က လျှံပုစိန်၏ ပခုံးကို ကာရင်းတနှီးပုတ်ကာ နှုတ်ဆက်စကားဆိုလိုက်သည်။

“နောင်ကြီးလျှံ၊ ကြည့်စမ်းပါဦးဗျာ.... ကျုပ်တို့တစ်တွေ မတွေ့ကြကာ အတော့်ကိုကြာခဲ့ပြီပဲ၊ ခင်ဗျားကော ဘယ်နှယ်လဲ၊ အရောင်းအဝယ် လုပ်ငန်းတိုင်ငနိုး ကောင်းတယ်မဟုတ်လား”



လျှံပုစိန်မှာထိတ်လန့်တုန်လှုပ်ခြင်းနှင့်အတူ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ထိုသူကို လှည့်ကြည့်မိ၏။ သူ လုံးဝ မမှတ်မိ။ အံ့အားသင့်စွာ ပြန်မေးမိ၏၊

“ငါ့ညီက ဘယ်သူများပါလိမ့်၊ ကျုပ်မှတ်ဉာဏ်နည်းလို့ မမှတ်မိတာကို ခွင့်လွှတ်ပါ”

ထိုလူသန်ကြီးက သဘောကျစွာ ရယ်မောလိုက်ပြီး....

“ခင်ဗျားတတော့ တကယ်ပါပဲ နောင်ကြီးလျှံရာ ဘယ်နှယ်ကြောင့် ကျုပ်ရဲ တောင် မေ့နေရတာလဲ၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ဖူနုစန်း တောင်ခြေမှာ ကျုပ်တို့ ပူးပေါင်း အလုပ်လုပ်ခဲ့ကြတယ်လေ၊ ခင်ဗျားခေါင်းထဲမှာ အသေအချာလေး စဉ်းစားကြည့်စမ်းပါဦး”

လွန်ခဲ့သော ငါးနှစ်ခန့်က ကျိုနန်ပြည်နယ် ဖူနုစန်း တောင်ခြေတွင် လျှံပုစိန်မှာ သူနှင့် ရန်ငြိုးရှိသော အိမ်တစ်အိမ်မှ ပစ္စည်းများကို လုယူတိုက်ခိုက်ခဲ့သည်။ ထိုစဉ်က ရန်သူ အင်အား တောင့်တင်းများပြားသောကြောင့် ရန်သူလက်တွင်း၌ အသက်ဆုံးရှုံးရတော့မလို့ အခြေအနေ ဖြစ်ခဲ့ရ၏။ ထိုစဉ်မှာပင် လူငယ်တစ်ယောက် ရုတ်တရက် ဝင်ရောက်လာပြီးလျှင် သူ့ဘက်မှ ကူညီတိုက်ခိုက်ပေးခဲ့သည်။

ထိုလူငယ် ဝင်ရောက်ကူညီ တိုက်ခိုက်ပေးသောကြောင့် ရန်သူများကို အနိုင်ရရှိကာ တွန်းလှန်ချေမှုန်းပစ်ခဲ့နိုင်၏။ ဥစ္စာပစ္စည်းများကိုလည်း ရယူနိုင်ခဲ့၏။ လျှံပုစိန်မှာ ထိုလူငယ်ကို ကျေးဇူးဆပ်သည့်အနေနှင့် ပစ္စည်းအားလုံး၏ လက်

ဆောင်အဖြစ် ပေးအပ်ခဲ့သည်။ လှုံ့ပုစိန်က သို့အကြောင်း ဆက်စပ်ပြီး တွေးလိုက်သည်။

လွန်ခဲ့သောငါးနှစ်တာသက ထိုဖြစ်ရပ်များကို သူ့မျက်စိထဲတွင် တရေးရေး မြင်ယောင်လာသည်။ ထိုလူငယ်ကိုလည်း သတိရမိ၏။ သို့သော် တစ်ခုသော သတင်းအရ ထိုလူငယ်မှာ ရန်သူ၏လက်ချက်ကြောင့် သေဆုံးသွားခဲ့ပြီဟု သတင်းကြားရမိသည်။ ယခုကဲ့သို့ အမှတ်မထင် ပြန်လည်တွေ့ဆုံလိုက်ရသောအခါတွင်တော့ သူ့စိတ်ထဲတွင် ဝမ်းသာကြည်နူးသွားမိသည်။ လက်ရှိ မိမိတို့ နာမည်လိမ်ဖြင့် ရွာထဲသို့ ဝင်ရောက်လာခဲ့သည့်အဖြစ်ကို သတိမထားမိတော့ချေ။ ထိုလူ၏ ကျောက်ဆောင်းကို ဝမ်းသာအားရ တင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိတော့သည်။

"အားနာလိုက်တာဗျာ၊ ငါ့ညီရဲ့နာမည်ကိုတောင် ကျုပ်မေ့နေမိတယ်၊ သတ်ထိုးအသိအကျွမ်းတွေပဲ"

ထိုလူက ရယ်လိုက်ပြီး—

"ငါးနှစ်တောင်ကျော်ခဲ့ပြီပဲဗျာ၊ တကယ်လို့ လမ်းပေါ်မှာ ရုတ်တရက် တိုးမိကြရင် ကျုပ်လဲမှတ်မိချင်မှ မှတ်မိမယ်၊ ကိုယ့်ကိစ္စတွေနဲ့ကိုယ်ဆိုတော့လဲ တချို့အကြောင်းအရာတွေကို မေ့တတ်လျော့တတ်တာပေါ့ဗျာ၊ မှတ်ထားဦး၊ ကျုပ်နာမည် ကျန်းတာ့ဝေ"

လှုံ့ပုစိန်မှာ ထိုနာမည်ကို အမှန်တကယ်ပင် မှတ်မိ သိရှိခြင်း မရှိပါပေ။ တစ်ဖက်လူမှ ထုတ်ဖော် ပြောဆိုလာသဖြင့်



ကန့်ဆောင်တာ ကိုယ့်ခေါင်းကို ရှုယ်လက်ဝါးဖြင့် ရိုက်ပုတ်လိုက်ပြီး ပြည့်တမ်း ရေရွတ်နေမိသည်။

"ဟုတ်တယ်...ဟုတ်တယ်၊ ကျုပ်ဘာကယ့်ကို အသုံးမကျတဲ့လူပါပဲဗျာ၊ ဒါနဲ့ နေစမ်းပါဦးညီလေးကျန်းရဲ့၊ ခင်ဗျားက ဘာလုပ်ပြီး ကျိုတွန်တွေနဲ့ တော်တော်ရင်းနှီးသလား"

ကျန်းတာ့ဝေက ခေါင်းကို ခါယမ်းလိုက်ပြီး တိုးတိုးလေးသံဖြင့် ပြော၏။

"ရင်းနှီးဖို့နေနေသာသာ သူ့မျက်နှာကိုတောင် မမြင်ဖူးသေးဘူး၊ အသိမိတ်ဆွေနဲ့ ယှက်လာတာ"

လှုံ့ပုစိန်က စကားပြောဟန်ပြင်လိုက်ပြီးမှ ဘာမှမပြောဘဲ တိတ်နေ၏။ ကျန်းတာ့ဝေက ဟရင်းတနှီးပင် သူ့လက်ကို အသာဆွဲပြီး အစ်နေရာတွင် ထိုင်ချကာ တီးတိုးစကားပြောပြနေကြသည်။ လှုံ့ပုစိန်က သူ့အဖြစ်အပျက်များကို ပြောပြလိုက်လျှင် ကျန်းတာ့ဝေက ဝမ်းသာ တကြီးဆည်အန်ဖြင့်—

"ဒီလိုဆိုရင် နောင်ကြီးလှုံ့အတွက် လမ်းစတွေ့ပြီပေါ့၊ ကျုပ်ကိုလဲ ကူညီပေးရမယ်နော်"

လှုံ့ပုစိန်က ခေါင်းညိတ်ကာ သဘောတူကြောင်းပြလိုက်၏။ သူ့စိတ်ထဲတွင် ကျန်းတာ့ဝေကို ချွေးယွင်ကျဲ၊ မာကူးတို့နှင့် တွေ့ဆုံ မိတ်ဆက်ပေးလိုနေသည်။

ကျို ကျေးရွာသူကြီး ကျိုတွန်တွေ သေဆုံးသွားသဖြင့် သားနှစ်ယောက်ဖြစ်သော ကျိုထုံနှင့် ကျိုဖျူတို့မှာ ဖခင်အသုဘအတွက် အလုပ်ရှုပ်နေကြသည်။ ထို့အတွက်

အခြားမည်သည့် တိုင်းပြည်သားနှင့်မျှ ဂရုမထားနိုင်ကြချေ။ ရွာထဲတွင် လူသွားလူလာ မပြတ်ရှိပြီး အိမ်တွင်လည်း အိမ်နီးချင်း မိတ်ဆွေများ ရှိနေသဖြင့် သူတို့သည် လူစိမ်းများကို စစ်ဆေးမနေနိုင်အားချေ။

ခန်းမဆောင် အသုဘ အခမ်းအနားထဲတွင်ကား ထူးထူး ခြားခြားပင် အုပ်စုနှစ်စုကွဲနေကြ၏။ တစ်စုကား ချားယွင်ကဲ့ တို့ အုပ်စု ငါးယောက်၊ ကျန်းတာ့ဝေနှင့် သူ့မိတ်ဆွေ သုံးယောက်တို့ပင်တည်း။

နေမွန်းတည့်ခဲ့ပြီမို့ အပူရှိန်က တဖြည်းဖြည်း မြင့်တက် လာ၏။ ထိုအချိန်မှာပင် ရွာထဲသို့ နောက်ထပ်လူသုံးယောက် ရောက်ရှိလာကြသည်။ ထိုအထဲတွင် အမျိုးသမီးတစ်ယောက် ပါသဖြင့် ချားယွင်ကဲ့မှာ မစင်နံ့ရသောခွေးကဲ့သို့ ခေါင်း ထောင်ထောင် ဖြစ်သွား၏။ ကျန်းတာ့ဝေသည်လည်း ထို အမျိုးသမီးလေးကို တွေ့လိုက်ရသဖြင့် လျှံပုစိန်တို့အကြောင်း ပြောကာ ရွာအပြင်ဘက်သို့ ထွက်လာခဲ့တော့သည်။

ထို့နောက် ရွာစောင့်တို့ ထိုအမျိုးသမီးလေးအား ခေါ် ခိုင်းလိုက်သည်။ အမျိုးသမီးလေးရောက်လာသည်။ သူသည် ပတ်ဝန်းကျင်ကို လှည့်ပတ် အကဲခတ်ကြည့်ရှုလိုက်၏။ လူရိပ် လူယောင် မတွေ့ရတော့မှ ထိုအမျိုးသမီး၏ လက်နှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ကာ မေးလိုက်၏။

"ဖိန်အော်…မင်း…မင်း…ဘယ့်နှယ်ကြောင့် ဒီကိုရောက် လာရတာလဲ"



ထိုအမျိုးသမီးကလေးကား ရှိဖိန်အော်ပင်တည်း။ ရှိဖိန် အော်ကား ကျန်းတာ့ဝေ၏ လက်မောင်းဖုံးပေါ်တွင် မှီခွေ ကာ တီးတိုးလေသံဖြင့်….

"ကျွန်မ ထင်စန်းတောင်ကို ပြန်ရောက်တော့ အစ်ကို ဒီကိုရောက်နေတယ်ဆိုလို့ လိုက်လာခဲ့တာပါ"

ကျန်းတာ့ဝေအား မျက်စောင်းတစ်ချက် ထိုးလိုက်ပြီးလျှင် ရယ်ချယ်မောမောပင် ပြောပြန်၏။

"အစ်ကိုကသာ ကျွန်မတို့ လူသွတ်မခေါ်ချင် ကျွန်မ တကယ်ပဲ မှတ်မိနိုင်မှာ မဟုတ်ဘူး"

ကျန်းတာ့ဝေကလည်း မြူးရယ်ကာ ပြောသည်။

"မင်းလဲ အရင်ကထက်ပိုပြီး ချောလာလှလာတော့ ကျုပ်လဲ မျက်စိမှောက်လုနီးပါး ဖြစ်မိသွားတယ်"

ယခု ကျန်းတာ့ဝေဆိုသူကား ကျိုကျန်ရှန်ပင်တည်း။ လွန်ခဲ့သော ငါးနှစ်ခန့်က လျှံပုစိန် ဓားပြတိုက်ခဲ့သည်ကို ကျန်းတာ့ဝေက အကူအညီပေးခဲ့၏။ ထိုဖြစ်ရပ်များကို အခွင့် အခါ ကြုံကြိုက်သဖြင့် ကျိုကျန်ရှန် ကောင်းစွာ သိမြင်ခွင့်ရ ခဲ့သည်။ နောက်ပိုင်းတွင် ကျန်းတာ့ဝေကို ကျိုကျန်ရှန်ကပင် သတ်ဖြတ်ခဲ့၏။

ကျိုကျန်ရှန် ကျိုကျေးရွာသို့ ရောက်ရှိနေစဉ်မှာပင် လျှံ ပုစိန်တို့ လူသိုက် ရေးကြီးသုတ်ပျာ အမူအရာဖြင့် ရွာထဲသို့ နာမည်လိမ်နှင့် ဝင်ရောက်လာခဲ့သည်ကို သတိပြုမိ၏။ သူတို့ တွင် ကောက်ကျစ်ယုတ်မာသော အစီအစဉ်များရှိနေမည်ကို ကျိုကျန်ရှန် သိပြီးသားဖြစ်သည်။ ထို့ကြောင့် ကျန်းတာ့ဝေ

တနီ ရုပ်ပြောင်းရုပ်လွဲဖြစ်ကာ လျှံပုဇိန်တို့အား စုံစမ်းကြည့်ရာ ထင်သည့်အတိုင်းပင် ဖြစ်နေ၍ စိတ်မကောင်းဖြစ်အောင် ဖြစ်သွားရတော့သည်။

ကိုကျန့်ရှန်က ထိုအကြောင်းများကို ရှီဖိန်အောင်အား ပြောင်း၍ ပြောသားလိုက်၏။ ထို့နောက် ရွာထဲမှ တခြားရှိသည့် လူအချို့ကိုလည်း ရှီဖိန်အောက်မှတစ်ဆင့် အကြောင်းကြားသိစေလိုက်သည်။ တစ်ဆက်တည်းမှာပင် သူမသားခေါင်းကို ချုပ်တည်းသားပေးရန် အကြိမ်ကြိမ်မှာကြားလိုက်ရသည်။ ချားယွင်ကျဲတို့နှင့် အချိန်မကျသေးဘဲ ပြဿနာမဖြစ်စေရန် သတိပေးရ၏။

“ဘယ်လိုအခြေအနေမျိုးပဲ ရောက်နေရောက်နေ ခေါင်းထွက်မိစေနဲ့၊ အချိန်ကျမှ လှုပ်ရှားဖို့ဖြစ်နေတယ်၊ ကြားလား”

ရှီဖိန်အောင်မှာ ချားယွင်ကျဲ၏ မျက်လုံးသူငယ်ကို မြင်ခဲ့ပြီးဖြစ်၍ လွန်စွာ ခေါင်းထွက်နေခဲ့သည်။ ကိုကျန့်ရှန်က သတိပေးလိုက်မှ သူမ၏ ခေါင်းကို မျိုသိပ်ချုပ်တည်းထားလိုက်ရလေတော့သည်။

★

## အခန်း (၁၁၀)

### စုစည်းညီညာ ထိုကျေးရွာ

ညနေစောင်းခဲ့ပြီ။

အပူဒဏ်များ တဖြည်းဖြည်း လျော့ပါးလာသည်။ ကျိကျေးရွာထဲတွင် စမ်းနည်း ပုဆွေးဖွယ်ကောင်းသော ဂီတတေးသံများ လွှမ်းမိုးလာ၏။ ငြိမ်သက်ကြေကွဲစွာ ကျိတုန်ယွေ၏ အသုဘကို လိုက်ပို့ကြသည်။ အမြန့်လမ်းတွင်ကား ချားယွင်ကျဲမှာ အချစ်၏ ရန်သူတော်တစ်ယောက်ကို ရုတ်တရက် တွေ့ရှိလိုက်ရတော့သည်။ ထိုသူကား လျှံပုဇိန်၏ အသိမိတ်ဆွေ ကျန်းတာ့ခေပင် ဖြစ်တော့သည်။

ကျန်းထာ့ခဲဝ တစ်ယောက် ရှီဖိန်အောင်နောက်မှ ထက်ကြပ်မကွာ ကပ်ပါနေသည်ကို ချားယွင်ကျဲ မျက်စိထဲ ကြည့်မရအောင် ဖြစ်ခဲ့နေ၏။ တစ်ခါတစ်ခါတွင်ကား အသားချင်းထိ

ကပ်လုမအောင် လျှောက်နေကြသည်မို့ ချားယွင်ကျဲစိတ်ထဲ မရိုးမရှုဖြစ်သွားရသည်။ မိမိနှင့် ရှိဖိန်အော်မှာ မည်သို့မျှ သိကျွမ်းပတ်သက်ခြင်း မရှိသေးလည်း စိတ်ထဲတွင် မနှစ်မြို့ တိုရှည်ဖြစ်ကာ ကျန်းတာ့ဝေအပေါ် မျက်မုန်းကျိုးနေမိ တော့သည်။

လျှံပုစိန်၏ ပခုံးကိုပုတ်လိုက်ပြီး ဒေါသထွက်နေသော မျက်နှာအမူအရာဖြင့်...

“နောင်ကြီးလျှံ၊ ခင်ဗျားမိတ်ဆွေက ဘယ်လိုလူလဲဗျ၊ ဘာဖြစ်လို့ ဒီလျှောက်ထိအောင် သောင်းကျန်းနေရတာလဲ၊ ကျုပ် ကြည့်ရင်းကြည့်ရင်း ဒေါသထွက်လာမိပြီဗျာ”

လျှံပုဒိန် ဘာမျှမတတ်နိုင်။ ကျန်းတာ့ဝေကို မည်သို့ လူစားမျိုးဖြစ်သည် သူမသိကြောင်းပြော၏။ ထိုအချိန်မှ ပင် ရှိဖိန်အော်မှာ ပန်းပွင့်ကလေးတစ်ပွင့်ကို ခူးဆွတ်လိုဟန်ရှိ နေ၏။ သို့သော် သူမ၏ အရပ်ကပု၍ ပန်းပွင့်ကိုမမီ။ ပတ် ဝန်းကျင်ကို တံချူကလေးများ တွေ့နိုးနိုးရှာကြည့်၏။ မတွေ့၊ ကျန်းတာ့ဝေက သူမအနီးသို့ တိုးကပ်သွားပြီးလျှင် စကား အနည်းငယ်ပြော၏။

မည်သည့်စကားများ ပြောဆိုသည်ကို ချားယွင်ကျဲ မသိ ပေ။ ရှိဖိန်အော်တစ်ယောက် ခေါင်းတညိတ်ညိတ် လုပ်နေ သည် ကိုသာ သတိထားမိ၏။ ကျန်းတာ့ဝေက ရှိဖိန်အော်အား ပန်းပွင့်အဖြူလေးနှစ်ပွင့် ခူးပေးလိုက်သည်ကို တွေ့၏။ ရှိဖိန် အော်က ပြုံးရွှင်ကျေနပ်ကာ ထိုပန်းပွင့်နှစ်ပွင့်ကို ခေါင်း



တွင် ပန်ဆင်လိုက်လျှင် ချားယွင်ကျဲမှာ အနုကျွံခတ်မိတော့မလို ဖြစ်ကာ ထိုအနားသို့ ပြေးသွားမိမလိုပင် ဖြစ်သွား၏။

မာဟူးက ပြဿနာဖြစ်တော့မည်ကို တွေးမိကာ ချား ယွင်ကျဲ လက်ကို ဆွဲထားလိုက်၏။

“နေစမ်းပါဗျာ၊ အရေးထဲ ခင်ဗျားက ဘာလို့ ဒီလောက် တောင် ဒေါသကြီးနေရတာလဲ”

ချားယွင်ကျဲ မတတ်သာသဖြင့် အံကြိတ်ကာ နေလိုက်၏။ သို့သော် ကျိုကျန်ရှန်နှင့် ရှိဖိန်အော်တို့မှာ ရယ်ရယ်မြူးမြူး စကားပြောဆိုနေခြင်းကို မြင်နေရခြင်းက သူ့အတွက် ဒေါသ ကို မြှုဆည်ခံရသလို ဖြစ်ခန်၏။ နောက်ဆုံးတွင် မာဟူးကို ပင် ဂရုမစိုက်တော့ဘဲ ထိုစုံတွဲဆီသို့ ခပ်သွက်သွက်ထွက်သွား မိလေတော့၏။

လမ်းအကွေ့အချိုးတစ်ခုသို့ ချိုးလိုက်မိလျှင် ကျန်းတာ့ ဝေမှာ ရှိဖိန်အော်နှင့် အတူဆိုင်ကာ စကားစမြည် ပြောဆို နေသည်ကို တွေ့လိုက်ရ၏။ ချားယွင်ကျဲသည် ကျိုကျန်ရှန်တို့ ရှေ့ ခါးထောက်ပြီး ရန်စကား စတင် ပြောလေတော့၏။

“မင်းက ဘာလုပ်နေတာလဲ၊ ဒီကအမြန်ဆုံး ထွက်သွား စမ်း”

ချားယွင်ကျဲသည် သူအစဉ်အမြဲပြုမူခဲ့သည့် ရိုင်းစိုင်းစွာပင် ကျိုကျန်ရှန်အား အမိန့်ပေးလေတော့သည်။ ကျန်းတာ့ဝေ၏ မျက်နှာမှာ တည်ငြိမ်သွား၏။ ဘာမျှ မသိနားမလည်ဟန်ဖြင့် ပြန်မေးလိုက်၏။

''ခင်ဗျားတာပြောတာလဲဗျာ၊ တယ့်နှယ်ကြောင့် ကျုပ်ကို ဒီစကားမျိုး လာပြောရတာလဲ''

ရှိဖိနဲ့အောင်ကလည်း ချားယွင်ကျဲ့အို့ ဖျော်ခနဲကြည့်လိုက်၏။ ယခုကဲ့သို့ ချားယွင်ကျဲက စွာဖက်လာသည်ကို စိတ်ဆိုးဟန် မကျေနပ်ဟန်မပြချေ။ သည့်အတွက် ချားယွင်ကျဲမှာပို၍ အားတက်သွားရသည်။ ကျော်လောင်စွာပင် ကျန်းတာ့စေ၏ အောင်ငေးကဲတော့သည်။

''ခင်ဗျားကိစ္စကို ကျုပ်ဝင်စွက်တယ်ဗျာ၊ ဘာဖြစ်သေးလဲ၊ ခင်ဗျားက ငါးမိန်းလေးရဲ့ မြူဆွယ်နေပြီး မသိသူကမာလေးရှောနဲ့''

ရှိဖိနဲ့အောင်ကို မျက်စပစ်ပြလိုက်ပြီး စကား ဆက်ပြန်သည်။

''ဘယ်လိုလဲ ခင်ဗျားသွားမလား၊ မသွားဘူးလား''

ကျန်းတာ့စေအဖြစ် ချင်ပြောင်းထားသော ကျိုကျန်ရှန်ကည် ထရပ်လိုက်လေ၏။

''မင်းကဘယ်သူလဲ၊ သူနဲ့ဘယ်လိုတော်စပ်လို့လဲ၊ သူ့များ ကိစ္စမှာ စွာကျယ်စွာကျယ်နဲ့ ဝင်ရှုပ်ချင်တဲ့ကောင်၊ မင်းလို ကောင်ကို မဆုံးမရင် လောကမှာ မင်းထက်သာတဲ့သူ ရှိတယ် ဆိုတာ မင်းသိမှာမဟုတ်တော့ဘူး''

ချားယွင်ကျဲ ရှူးရှူးရှဲရှဲ ဖြစ်သွား၏။ ပြဿနာကိုရှာလိုသူအတွက် ထိုစကားများက ပြဿနာဖြစ်စေရန် လုံလောက်နေပြီ။ သူသည် မည်သည့်စကားကိုမျှ မပြောတော့ဘဲ ဈေး



သို့ခုန်ဝင်ကာ ကျန်းတာ့စေ၏နှလုံးသားတည့်တည့်သို့ လက်သီးဖြင့် ထိုးသွင်းတိုက်ခိုက်လေတော့၏။

ကျန်းတာ့စေက ရှိုယ်တိုင်းတိမ်းရှောင်းလိုက်ပြီး ညာလက်ဖြင့် ရှိဖိန်အောင်ရှိ ဆွဲထုလိုက်၏။ နှစ်လံခန့် ခုန်ထွက်လိုက်ပြီးလျှင် ရှိဖိန်အောင်၏ နဖူးဆံလေးကို နမ်းရှုပ်လိုက်၏။ ရှိဖိန်အောင်က ငြင်းဆန်ရုန်းကန်ခြင်းမရှိ။ ပြုံးရယ်နေသည်ကိုတွေ့ရသောအခါ ချားယွင်ကျဲမှာ စိတ်ထဲအတော်ကလေး မချမ်းမမြေ့ဖြစ်သွားရသည်။ သို့သော် ယခုမှတော့ မထူးတော့ပြီ၊ တိုက်ရုံသာ ရှိတော့သည်။

ကျန်းတာ့စေဟန်ဆောင်ထားသော ကျိုကျန်ရှန်မှာ ချားယွင်ကျဲ၏ သိုင်းပညာ အဆင့်အတန်းကို ကောင်းစွာ သိရှိထားပြီးဖြစ်ပေသည်။

သူ့ကိုမည်သို့မျှနိုင်အောင်ယှဉ်နိုင်စွမ်းရှိသူမဟုတ်ပေ။ ချားယွင်ကျဲ၏ ပျော့ကွက်ဟာကွက်များကို ကြိုတင်သိရှိထားသဖြင့် ဤပွဲတွင် ကောင်းကောင်းဆုံးမလိုက်မည်ဟု ဆုံးဖြတ်ထားပြီးဖြစ်၏။

ချားယွင်ကျဲက စတင်တိုက်ခိုက်လာသည်နှင့် သူ၏အရေးကြီးသော သေကွင်းသေကွက်များကိုသာ ဖြင်းထန်ရက်စက်စွာ ရွေးချယ်တိုက်ခိုက်သည်။ ကျိုကျန်ရှန်က တစ်ခါတစ်ရံမှသာ တိုက်စစ်ထုတ်သည်။ ထိုတိုက်စစ်သည် အလွန်တရာ ကြောက်စရာကောင်းလှသဖြင့် ချားယွင်ကျဲမှာ ကျိုကျန်ရှန်အား ဂရုမစိုက်ဘဲ မနေရဲတော့ချေ။

သူတို့နှစ်ယောက် လက်ရည်ချင်းယှဉ်ပြိုင် တိုက်ခိုက်နေကြသည်ကို ကြည့်ရှုသူများ တဖွဲဖွဲဖြည်းဖြည်းများပြားလာ၏။ အချို့က ဟားဟားဆိုးဆော်ဟစ်ကြသည်။ အချို့ကလည်း မည်သို့မည်ပုံဖြစ်ပြီး ဤကဲ့သို့ တိုက်ခိုက်ရကြောင်း မေးမြန်း၏။ ရှိုဖိန့်အော်ကား ဆီလျော်အောင် ဖြေ၏။

"ဘယ်လိုအစနဲ့ဘယ်လို ဖြစ်သွားကြမှန်း ကျွန်ုပ်မလဲမသိတော့ပါဘူး၊ အစ်ကိုကြီးကျန်းတာ့ခဝနဲ့ ကျွန်ုပ်မ ဒီမှာထိုင်ပြီး စကားပြောနေကြတုန်း ဟိုလူက မျက်စောင်းကြီးနဲ့ ဝေါ်သဆွက်ပြီး အော်ကြီးဟစ်ကျယ်လုပ်လာတယ်၊ သူတို့ချင်း ဘယ်လိုဖြစ်ကြမှန်း မသိဘူး၊ သူတစ်ခွန်း ငါတစ်ခွန်းနဲ့ စကားလဲ သိပ်များကြရဘဲ အခုလိုထိုးကြိတ်ကြတော့တာပဲ"

သူမက ချားယွင်ကဲ့နှင့် ကျိုကျန်ရှန်တို့နှစ်ယောက် တိုက်ခိုက်နေကြသည်ကို ထိုးညွှန်ပြပြီး နံဘေးမှလူကို ပြန်ပြောလိုက်သည်။

"ကြည့်စမ်းပါဦး၊ သူတို့နှစ်ယောက်တိုက်ခိုက်နေကြတာ ဘယ်လောက်ကြည့်လို့ ကောင်းသလဲ"

မာဟူးမှာ ထိုစကားကြောင့် ရှက်သလို ဖြစ်သွားသည်။ ချားယွင်ကဲ့အား အတိုက်အခိုက် ရပ်လိုက်ရန် အော်ဟစ်တားဆီး၏။ ချားယွင်ကဲ့မှာ သူ၏ဂုဏ်သိက္ခာ ထိခိုက်မည်စိုးသည်သာမက မိန်းကလေးတစ်ယောက်ရှေ့တွင် မခံကြားလို့ စိတ် ကြီးမားနေသဖြင့် တိုက်ခိုက်ခြင်းကို မရပ်ချေ။ ကျိုကျန်ရှန်နှင့် ဆက်လက်တိုက်ခိုက်နေသည်။ ရှိုဖိန့်အော်၏ဘေးမှလူ



က ရန်ပွဲကို ဖျန်ဖြေပေးရန် ရှိုဖိန့်အော်အားပြော၏။ ရှိုဖိန့်အော်က ခေါင်းခါပြီးပြောသည်။

"ကျွန်ုပ်မက ဘာဖြစ်လို့ ဖျန်ဖြေပေးရမှာလဲ၊ သူတို့နှစ်ယောက်ရဲ့ တိုက်ကွက်တွေကို ကျွန်ုပ်မကြည့်ချင်တယ်၊ ကျွန်ုပ်မတော့ သူရဲကောင်းနဲ့ပဲ မိတ်ဆွေဖွဲ့လိုတယ်၊ တိရစ္ဆာန်စိတ်ရှိတဲ့လူမျိုးကို မိတ်ဆွေမလုပ်ချင်ဘူး"

သူမ၏ စကားများက ချားယွင်ကဲ့၏အချက်ကို ထိသွားသည်။ ကျိုကျန်ရှန်မှာ တိုက်ကွက်ပေါင်းလေးဆယ်ခန့် ယှဉ်ပြိုင်ပြီးသောအခါ ချားယွင်ကဲ့၏ အကြောင်းကို ကောင်းစွာ သဘောပေါက် နားလည်သွားသည်။ ထို့ကြောင့် ချားယွင်ကဲ့၏ ဒေါသကို လှုပ်ခတ်ပေါက်ကွဲစေလိုသည့် ရည်ရွယ်ချက်ဖြင့် တိုက်ပွဲစည်းဝိုင်းအတွင်းမှ ခုန်ထွက်လိုက်ပြီးလျှင် ကျယ်လောင်စွာ ခနဲ့လိုက်သည်။

"ခင်ဗျားဟာ ဘာလုပ်ချင်သေးသလဲ၊ လေပြောကြီးတဲ့ လူကြီး"

"သိပ်စကားများမနေနဲ့၊ ငါ့တိုက်ကွက်ကို လွတ်အောင် ရှောင်လိုက်စမ်း"

ချားယွင်ကဲ့မှာ ရှိုဖိန့်အော်ဘက်သို့ မျက်စောင်းတစ်ချက် ထိုးကြည့်လိုက်ပြီးလျှင် ပို၍ပြင်းထန်သောတိုက်ကွက်များဖြင့် တိုက်ခိုက်ပြန်လေသည်။ နှစ်ယောက်စလုံးမှာ လက်နက်မသုံးဘဲ လက်ချည်း တိုက်ခိုက်နေကြခြင်းဖြစ်သည်။

လက်ဝါးရိုက်ချက်များ၊ လက်သီးထိုးချက်များက တဟူးဟူး တဝှီးဝှီး မြည်ဟည်းကာ ကြောက်ထန့်စရာကောင်းလှပေ

သည်။ တိုက်ကွက်ပေါင်းသုံးဆယ်ခန့် နောက်ထပ် တိုက်ခို
ကြပြီးလျှင် ကျော်ကျန်ရှန်က ရုတ်တရက် အော်ဟစ်လိုက်ပြ
သည်။

"ခင်ဗျား အရှုံးမပေးသေးဘူးလား၊ ကိုယ့်ကိုယ်ကို မချု
ချိန်နိုင်ရင် ကျုပ်ရဲ့ ရက်စက်တယ်လို့ အပြစ်မတင်နဲ့နော်"

ချားယွင်ကဲ့မှာ အရှုံးမပေါ်သေးသည့်အပြင် အထ
စီးမှုပင် ရရှိနေသေးသည်ဟု ကိုယ့်ကိုယ်ကို ထင်မှတ်နေ

ထို့ကြောင့် မည်သို့မျှ အရှုံးမပေးနိုင်သေးချေ။ မာန် သွ
အော်ဟစ်ကာ မရပ်မနားပင် ခုန်အုပ်တိုက်ခိုက်ပြန်သည
ကျော်ကျန်ရှန်က သူ့တိုက်ကွက်များကို ရှောင်တိမ်းရင်း နံဘေး
ကြည့်နေသူများကို အော်ဟစ်တိုင်တည်လိုက်၏။

"ဆရာကြီးနဲ့မိတ်ဆွေအားလုံး ကျေးဇူးပြုပြီး သက်သ
လုပ်ပေးကြပါဗျာ၊ ကျွန်တော် ရက်စက်ရတော့မယ်"

ချားယွင်ကဲ့ မျက်လုံးများ မီးကျီခဲမှာ တစင်းစင်
တောက်ပလာပြီးလျှင်...

"သိပ်ကြွားမနေစမ်းနဲ့၊ အစွမ်းရှိရင် တိုက်ကွက်အကု
ထုတ်လိုက်၊ တကယ်လို့ ငါ အသုံးမကျဘဲ မင်းရဲ့လက်ချက်
အရှုံးပေါ်ခဲ့ရင် မင်းကို ငါက ဆရာလို့ခေါ်လိုက်မယ်"

သူသည် စကားကို ပေါ့ပေါ့ဘန်တန်ပင် ပြောချလိုက်
လေ၏။

ကျော်ကျန်ရှန်က ကြည့်နေသည့်သူအားလုံးဘက်သို့လှည့်က
တိုင်တည်ပြန်၏။



"မိတ်ဆွေတို့၊ ကျုပ် ရက်ရက်စက်စက် လုပ်ရတော့မယ်၊
အားလုံးကို ကြိုတင်ပြီး ကျုပ် တစ်ခုတောင်းပန်ပါရစေ၊
ကျုပ် နိုင်သည်ဖြစ်စေ ရှုံးသည်ဖြစ်စေ ကျုပ်ဘက်က အယ
သွေ့ ဝင်ပြီးမကူညီပါနဲ့၊ ဒီလိုကူညီတာဟာ ကျုပ်ကို အထင်
သေးလို့ပဲလို့ ယူဆရပါလိမ့်မယ်၊ တကယ်လို့ ကြွားဖြတ်ပြီး
ဝင်ပါချင်တဲ့သူ ရှိနေရင်တော့ ကျုပ်က မိတ်ဆွေရှိသတော
သားနိုင်တာကို ခွင့်လွှတ်ဖို့ ကြိုတင်ပြီး တောင်းပန်ထားပါ
ရစေ"

စကားဆုံးသည်နှင့် လေချွန်သံရှည်တစ်ချက် ချွန်လိုက်၏။

"ရှီ....."

သူ၏လေချွန်သံကြောင့် ကြည့်နေသူများ မျက်စိမျက်နှာ
ပျက်သွားကြသည်။ ချားယွင်ကဲ့သည်ပင် ကြက်သီးများထလာ
မိတော့သည်။

ချားယွင်ကဲ့ အကြီးအကျယ် နောင်တရ စိတ်ပျက်သွား
တော့သည်။ ကျော်ကျန်ရှန်နှင့် တိုက်ကွက်ပေါင်းတစ်ရာနီးပါး
တိုက်ခိုက်ခဲ့သည့်တိုင် ကျော်ကျန်ရှန်တွင် ဤမျှထက်မြက်သော
အတွင်းအားများ ရှိနေလိမ့်မည်ဟု မခန့်မှန်းနိုင်သဖြင့် သူ့
ကိုယ်သူ လွန်စွာ စိတ်ပျက်သွားခြင်း ဖြစ်သည်။ ခုနရှသော
လေချွန်သံမှတစ်ဆင့် ကျော်ကျန်ရှန်၏ အတွင်းအားကို ခန့်မှန်း
နိုင်ခြင်းသာ ဖြစ်တော့သည်။

သို့သော် သူ့နောင်တကား နှောင်းနောင်တ ဖြစ်သွားခဲ့
ရချေပြီ။ အရပ်ကျားဟု ထင်မှတ်ကာ ကျောပေါ်တက်စီးမိ
ပြီးမှ သက်ရှိကျားဟု သိလာသောအခါ ခုန်ဆင်း၍မဖြစ်

တော့ပေ။ နှုတ်ဆွံ့ စကားကျွံခဲ့ပြီးချေပြီ။ ကိုယ့်ကိုယ်ကို အစွမ်းကုန် ကာကွယ်ရန်သာ ဂရုစိုက်ရတော့သည်။

ကျော်ကျန်ရှန် တိုက်ကွက် စတင် ဖော်ထုတ်လိုက်သည့်ပြီ ယခင်ကထက် နှစ်ဆခန့် အင်အားတိုက်ကွက်ပါ တိုးလာခဲ့၏၊ လှုပ်ရှားမှုများက အဆမတန် သွက်လက်လာသဖြင့် ချားယွင်ကျဲမှာ ကျုံးတော့မ၏ အရိပ်သို့သာ လက်ခံနဲ့ လက်ခံ ဖြစ်နေရတော့သည်။ သူ၏ အကောင်းဆုံး အထက်မြက်ဆုံးသော တိုက်ကွက်များကို ထုတ်သုံးတိုက်ခိုက် သော်လည်း မျှသို့မျှ အကျိုးမရှိတော့ပေ။

တိုက်ကွက်ဆယ်ကွက်ခန့် အတွင်းမှာပင် ချားယွင်ကျဲ ပခုံး၊ ပေါင် တို့ လက်ဝါးရိုက်ချက်မိသွား၏။ ဒဏ်ရာ ပြင်းထန်လှသည်မဟုတ်သော်လည်း ထိုထိချက်များမှာ ချားယွင်ကျဲကို ကြီးစွာ အရှက်ရစေသည်။ ထို့ထက်ပို၍သည်ကား ကျော်ကျန်ရှန်က သေ့ သော့ဝင်လာခြင်းပင်တည်း။

“ဘယ်လိုလဲ၊ ကြောက်နေပြီလား၊ ကျုပ်ကို ဒူးထောက်ပြီး အရှုံးပေးပါပြီလို့ မတောင်းပန်သမျှ ခွင့်လွှတ်မှာမဟုတ်ဘူး၊ ဘယ်လိုလဲမိတ်ဆွေ၊ တောင်းပန်မလား”

ချားယွင်ကျဲ နဖူးချွေးကြီးများ တင်းသွား၏။ ရှက်စိတ်ယင်ကိုက်သို့တိုင်အောင် ဝင်ဆောင့်သည်။ သူသည် ဒေါသဖြစ်ဖြစ်နှင့် တရကြမ်း ဝင်တိုက်ခဲ့သည်။

ထို့ကြောင့် လူရိပ် နှစ်ရိပ် ဝ လုံး လုံးထွေးသဲကွဲတော့အောင်ပင် ဖြစ်လာ၏။ တိုက်ကွက် ဆယ်ကွက်အတွင်းမှာပင် အခြေအနေတာ ပြောင်းလဲသွားသည်။



“ဝုန်း”

လက်ဝါးရိုက်သံတစ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာပြီးလျှင် ကျော်ကျန်ရှန်မှာ နောက်သို့ အနည်းငယ်ဆုတ်သွား၏။ ချားယွင်ကျဲကား ကြိုးပြတ်သွားသော စွန်တစ်ကောင်ပမာ ဆယ်ဂမခန့် လွင့်စဉ် ထွက်သွားတော့သည်။ ‘ကျော်ကျန်ရှန်က ကိုယ်ဖော့ကာ ဆက်လိုက်၏။ သို့သော် မဟုတ်တော ချားယွင်ကျဲကို ဝင်ရောက်ကယ်ဆယ်လိုက်ရသည်။

ကျော်ကျန်ရှန်၏ ဒေါသနှင့်တိုက်ကွက်များက ချားယွင်ကျဲမှ လင်းညင့် မဟုတ်ဆိုသို့ ကူးပြောင်းသွားတော့သည်။ ထိုအချိန်တွင် ရှိဖိန်အောင်ကလည်း အနားမှကြည့်နေသူများအား အော်ဟစ်ကာ တပ်လှန့်လိုက်၏။

“သိုင်းလောကမိတ်ဆွေကြီးတို့၊ ဒီလူအားလုံးဟာ တိုင်းပြည်ရဲ့ သစ္စာဖောက်ဝမ်ကျောင် နောက်လိုက်တွေချည်းပဲ၊ အခု ကျိုးကျေးရွာသူကြီးလဲ သုံးသွားခဲ့ပြီ၊ ခုအချိန်မှာ သူတို့က ကျိုးကျေးရွာကို တိုက်ခိုက်ဖို့ရောက်လာကြတဲ့သူတွေပဲ၊ ကျွန်မတို့အားလုံးတွေဟာ ရွာသူကြီးရဲ့မိတ်ဆွေတွေ ဖြစ်ပါတယ်၊ ရွာသူကြီးမရှိတဲ့အချိန်မှာ သူ့ရွာအတွက် ကာကွယ်အကျိုးပြုသင့်တယ်၊ ရပ်ကြည့်မနေကြပါနဲ့၊ ဒီလူတွေ မလှုပ်နိုင်အောင် အပြတ်ဆုံး တိုက်ခိုက်ကြပါစို့”

ရပ်ကြည့်နေသူများမှာ ကျိုဟန့်ဟွေ၏ အသုဘလိုက်ပို့ကြသူများဖြစ်သဖြင့် ကျိုဟန့်ဟွေမိတ်ဆွေများချည်း ဖြစ်ကြ-၏။ ရှိဖိန်အောင်က ယခုကဲ့သို့ သွေးထိုး လှုံ့ဆော်ပေးလိုက်သည့်အခါတွင်ကား ဒေါသထွက်လာပြီး ဝင်ရောက်တိုက်ခိုက်၏

ကြတော့သည်။ တစ်ဦးချင်း တိုက်ပွဲမှ အုပ်စုံလိုက် တိုက်ပွဲအဖြစ်သို့ အနေအထားပြောင်းလဲသွားတော့သည်။ မာဟူးမှာ မိမိတို့ဘက်မှ လူအင်အားနည်းပြီး အနေအထားမကောင်းကြောင်း တွက်ဆမိသည်။

ထို့ကြောင့် သူ့လူများအား အမြန်ဆုံး ဆုတ်ခွာရန် အမိန့်ပေး လိုက်၏။

"ဆုတ်ကြ…နောက်ကို အမြန်ဆုတ်ကြ"

သို့သော် တိုက်ပွဲက အရှိန်အဟုန်ပြင်းထန်လာသည်။ ကိုကျန်ရှန်နှင့် ရှီဖိန်အော်တို့နှစ်ယောက်၏ ကြံ့ခိုင်ပြင်ဆင်ထားမှုကြောင့် သူတို့အုပ်စုကို ဝိုင်းဝန်း တားဆီးထားကြသဖြင့် အလွတ်ရုန်းထွက်ပြေးရန် မလွယ်တော့။ မလွဲမရှောင်သာဘဲ အသက်လု တိုက်ခိုက်ကြရတော့သည်။ ထိုအချိန်မှာပင် လျှံပုစိန်က ဓားကို ရွှမ်းခနဲဆွဲထုတ်ကာ ကိုကျန်ရှန်အား ရှုတ်ချပြစ်တင်ဆည်။

"ကျွန်းတော့ပေ…ခင်ဗျား သိပ်ကောက်ကျစ်တဲ့လူပဲ၊ မိတ်ဆွေအချင်းချင်း ဒီလိုသစ္စာမဲ့တာ သိပ်ယုတ်မာတဲ့လုပ်ရပ်ပဲ"

ကိုကျန်ရှန်မှာ မာဟူးကို အပြင်းအထန် တိုက်ခိုက်နေပြီးမှ အေးစက်စက်လေသံဖြင့် ပြန်ပြောသည်။

"အပိုတွေ ပြောမနေနဲ့၊ ဘယ်သူက သစ္စာမဲ့တာလဲ၊ ခင်ဗျားတို့သာ ရန်သူနဲ့ပေါင်းပြီး တိုင်းပြည်ကိုသစ္စာဖောက်နေကြတာ၊ ကိုယ့်ကိုယ်ကိုမှမရှက်၊ နေခင်လာနောက်သားတွေရဲ့



စကားနာတိုးမှာကိုမှ မရှက်ဘဲ တိုင်းပြည်ကို ရောင်းစားကြီးစားဝံ့သေးတယ်၊ လျှံပုစိန်…ခင်ဗျားနဲ့အတူပါလာကြတဲ့သူတွေ ဘယ်သူတွေလဲဆိုတာ ဖွင့်ပြောလိုက်ပါ၊ ဝမ်ကျင်ရဲ့နောက်လိုက်တွေပဲ မဟုတ်လား"

လျှံပုစိန်မှာ လူအများ၏ ဝိုင်းဝန်းတိုက်ခိုက်ခြင်းကို ခံနေရသည့်အပြင် ဟုတ်မှန်ရာများကို အပြောခံလိုက်ရသဖြင့် မျက်နှာ မည်းသွားသည်။ ကျန်းတော့စေကို သေမတတ် မုန်းတီးနာကြည်းသွားတော့သည်။

မိစ္ဆာမကြီးတား သူမ၏ခင်ပွန်း ဟိုတာ့နင်ဘတ် သိုင်းပညာ ပို၍ထက်မြက်၏။ ဓားနှစ်လက်ကို အစွမ်းကုန် ခုတ်ယမ်းတိုက်ခိုက်နေသဖြင့် ထိခိုက်ဒဏ်ရာရခြင်းမရှိဘဲ ချက်သာနေ၏။ လင်မယားနှစ်ယောက် ကျောချင်းကပ်ကာ ကိုဟွန်ပေ၏ မိတ်ဆွေ သိုင်းသမားလေးယောက်ကို ခုခံ တာကွယ်နေရသည်။ လျှံပုစိန်၏ နားချင်းရှစ္စာ အော်ဟစ်လိုက်သံကို ကြားလိုက်ရ၏။ သို့သော် ပြည်သည့်အကူအညီမျှမပေးနိုင်ခဲ့ချေ။

ရှီဖိန်အော်တို့အုပ်စုသည် ဒေါသဘကြီး တိုက်ခိုက်ကြ၏။ ထိုစဉ် လျှံပုစိန်က ကြောက်လန့်စွာ သူ့လူများ၏အမည်မှန်များကို ထုတ်ဖော်အော်ဟစ် အကူအညီတောင်းရာ အားလုံးသည် ရှီဖိန်အော်၏စကားများ မှန်ကန်ကြောင်း သိသွားလေတော့သည်။

လျှံပုစိန်က…

“ခင်ဗျားတို့ ကျုပ်တို့ကို အမြန်ဆုံးသာ လက်လိုက်ကြပါစေ၊ ကျုပ်တို့ မှားပါတယ်၊ ကျုပ်တို့ ခင်ဗျားတို့ရွာကို တိုက်ခိုက်မိကြပါတယ်”

လိုတကားသံ ထွက်ပေါ်လာပြီးသည့်နောက်တွင် လျှံမှုစိန်၏ ကကားသံ တိတ်သွားတော့သည်။ ရှိဖိန်အော်လား ချားယွင်ကျဲနှင့် အတူ တိုက်ခိုက်နေရသည်။ ချားယွင်ကျဲမှာ ဒဏ်ရာ အနည်းငယ်ရရှိထားသော်လည်း ကြွကြွခံ၍ တိုက်ခိုက်နေ၏။

သူ၏ သတ္တတ်သတ်နက်မှာ ပျောက်ဆုံးနေခဲ့သည်။ ရှိဖိန်အော်က ဓားရှည်ဖြင့်တိုက်ခိုက်ရာ သူက ကျွမ်းကျင်ပျော့ပျောင်းနှင့် ခုခံ တိုက်ခိုက်ရပေသည်။ ဆိုင်းသခေါးကောင်းကို မည်သည့် အဓိကလက်နက် ဆယ်ရှစ်မျိုးစလုံးကို တတ်ကျွမ်းတိုက်ခိုက်နိုင်သော်ဖြစ်သော်လည်း မိမိသုံးနေကျလက်နက် မဟုတ်လျှင်မူ စွမ်းရည်ထက်နိုး မပေါ်တော့ပေ။

ရှိဖိန်အော်က ချားယွင်ကျဲအပေါ် မုန်းတီးစိတ် ပြင်းထန်ပြီး အခလောတကြီးတိုက်ခိုက်နေ၍သာ ချားယွင်ကျဲ ခုခံနေနိုင်ခြင်း ဖြစ်သည်။ အကယ်၍ ရှိဖိန်အော်သာ စိတ်အေးလက်အေး အေးဆေးတည်တည် တိုက်ခိုက်ပါက ချားယွင်ကျဲသည် စောစောကတည်းက ရှုံးနိမ့်ပြီးဖြစ်နေပေမည်။

လူခလေးငယ်တွင် မာဟူးတစ်ယောက်သည်သာ သိုင်းပညာ အတတ်မြင့်ဆုံးဖြစ်နေ၏။ သူသည် ကလောင်တံလက်နက်ကို အသုံးပြုတိုက်ခိုက်သည်။ ထိုလက်နက်မှာ တိုက်စစ်အတွက်သာ အားကိုးအားထားပြုနိုင်ပြီး ခံစစ်အတွက် အင်



အား မရှိလှပေ။ ကိုကျန်ရှန်က ကျွမ်းကျင်ဖြင့် အစွမ်းကုန် တိုက်ခိုက်ခြင်းပြုနေသော်လည်း တိုက်စစ်ကိုမပန်တီးနိုင်ဘဲ ခံစစ်ပြုကာ အသေအကျေ ရှောင်တိမ်းနေရပေသည်။

ထို့ပြင် မိမိဘက်မှလူများ သေသူသေ၊ ထိခိုက်ဒဏ်ရာရသူရဖြစ်သောကြောင့် စိတ်ဓာတ်ကျလာသည်။ အနိုင်တိုက်ခိုက်ဖို့ မဆိုထားနှင့်၊ ထွက်ပြေးတိမ်းရှောင်ရန်ပင် မလွယ်လှပေ။

နေလုံးကြီးသည် တဖြည်းဖြည်းငုပ်လျှိုးသွား၏။ တလင်းထဲ၌ ဆုတ်ခွာလျက် အမှောင်စပ်သည်များ တစ်စစ ခိုင်းနင်းစင်းလာကလာခဲ့လေပြီ။ တိုက်ပွဲတွင်း၊ မပြီးဆုံးသေး၊ မာဟူးနှင့် ကိုကျန်ရှန်တို့၊ ချားယွင်ကျဲနှင့် ရှိဖိန်အော်တို့ တိုက်ကွက် မပြောင်းတစ်ရေးပျော့ လက်ရည်ယှဉ်ပြီးသည့်တိုင် အရှုံးအနိုင် မပေါ်သေးချေ။ သို့သော် ကိုကျန်ရှန်နှင့်ရှိဖိန်အော်တို့ နှစ်ယောက်က မာဟူးနှင့် ချားယွင်ကျဲတို့ နှစ်ယောက်ကို ထွက်မပြေးသာအောင်ပင် ထိန်းချုပ်ထားနိုင်ခဲ့ချေသည်။

“အား”

ဟိုတစ္စနစ်၏ နာကျင်စွာအော်ဟစ်သံ ထွက်ပေါ်လာ၏။ ထို့ကြောင့် မာဟူးက ချားယွင်ကျဲကို အလျင်အမြန်ဆုတ်ခွာရန် အော်ပေါ်တော့သည်။ ချားယွင်ကျဲကား ရှိဖိန်အော်၏ ထိန်းချုပ်မှုအောက်တွင် အရေးအလို့ ကာကွယ်နေရသည်။ မာဟူးမှာလည်း ပါးစပ်မှ ဆုတ်ခွာရန် အော်နေသော်လည်း မှ ကိုယ်တိုင်ကမူ ကိုကျန်ရှန်၏ ကျွမ်းကျင်ပိုင်းအောက်မှ

ချန်းမထွက်နိုင်အောင် ဖြစ်နေရပေသည်။ ထို့ကြောင့် ရှိသမျှသော အခံတောင်းသုံးတိုက်ကွက်များ ဖော်ထုတ်ကာ ထိုးဖောက်ထွက်ပြေးနိုင်ရန် ကြိုးစား၏။ မရ။ ကိုကျန့်ရှန်ကလည်း နွားပိန်တွယ်ကပ်သလို အစွမ်းကုန်ထိန်းချုပ်ထား၏။

ထိုစဉ်မှာပင် စူးရှသလောက် ကြောက်မက်ဖွယ်ကောင်းသော အေးစက်ရယ်မောသံကြီးတစ်သံသည် မှောင်ထဲမှ ရုတ်တရက် ထွက်ပေါ်လာခဲ့တော့သတည်း။

★

## အခန်း (၁၁၂)

### အရေးကြီးသတင်း

တိုက်ပွဲစည်းဝိုင်းအတွင်း၌ ရှိနေကြသူအားလုံး ထိတ်လန့်တုန်လှုပ်သွားကြရသည်။ အတွင်းအားကောင်းလွန်းသူ တစ်ဦး၏ ရယ်သံဖြစ်သဖြင့် အားလုံးပင် သတိထားကြရသည်။ မကြာမီပင် လူရိပ်နှစ်ရိပ်ဟာ ကိုကျန့်ရှန်တို့ တိုက်ပွဲစည်းဝိုင်းအနီးသို့ ရောက်ရှိလာတော့သည်။ အခြေအနေက ရှုပ်ထွေးလှုန်၏။ မာဟူးတို့မှာ လွန်စွာ အားတက်သွား၏။

"ဘယ်ကမိတ်ဆွေများပါလိမ့်"

သူ့အမေးစကား အဆုံးမှာပင် လေထု တုန်ခါသွား၏။

"ဟူး....."

လေလှိုင်းပြင်းအားတစ်ခုက တစ်မုဟုတ်ချင်း ရောက်ရှိလာခဲ့ပြီးလျှင် မာဟူး၏ ကိုယ်ကို ဝင်ဆောင့်၏။ မာဟူး ထိတ်လန့်တကြားဖြစ်ကာ ကိုယ်ဖော့လျက် နောက်ဆုတ်

ရှောင်တိမ်းလိုက်သည်။ သို့သော် ခလအချိန်၏ ဝေ့ဲဆောင့်မှု အဟ်ကြောင့် ခါးရိုးတွင် မျက်ခနဲ နာကျင်သွားပြီး မြေကြီး ပေါ်သို့ ဝုန်းခနဲ လဲကျသွားတော့သည်။

ကျိုကျန့်ရှန်မှာ မာဟူးကဲ့သို့မဟုတ်။ ရန်သူဟု ထင်မှတ် သည်။ ထို့ကြောင့် အော်မေးလိုက်၏။

"တယ်လူလဲဟေ့...ဒီမှာသာနှောင့်ယှက်တာ"

သူသည်လည်း တစ်ခွန်း မေးလိုက်မိရုံနှင့်ပင် လေလှိုင်း တွန်းအားတစ်ချက် ဘာမိခံလိုက်ရပြန်ကာ နောက်သို့ ယိမ်း ယိုင်သွားရတော့သည်။ ရန်ပွဲမှာ အခြေအနေ ပြောင်းလဲသွား ရတော့သည်။ အမှောင်ထုအပ်အသွဲ့ ရောက်ရှိလာသူ နှစ် ယောက်ရှိသည်။ မည်သူကမျှ ခန့်မှန်းနိုင်ကြပေ။

သို့သော် အခြေအနေကိုကားနားလည်လိုက်ကြ၏။ ရောက် ရှိလာသူနှစ်ဦးမှာ ကျိုကျန့်ရှန်တို့၏ တိုက်ပွဲ၌ လာရောက် နှောင့်ယှက်ခြင်း မဟုတ်ပါပေ။ အချင်းချင်း တိုက်ခိုက်လာ ကြရင်းမှ ညှိနေရာသို့ နယ်ကျွံလာကြခြင်းသာဖြစ်ကြောင်း သည်။

ထိုနှစ်ယောက်မှာ ညော်သူ့ဂိုဏ်း ဂရုစိုက်တဲ့ တိုက်ခိုက် နေကြသည်။ ကျိုကျန့်ရှန်တို့သည်း သူတို့နှင့်ပတ်သက်၍ မည် သူမျှ မေးမြန်းစူးစမ်းခြင်း မပြုကြတော့ပေ။ မေးခွန်းတစ်သဲ ထွက်လာသည်နှင့် တိုက်ကွက်အစ်ကွက် ရောက်ရှိလာသည်ကို ကြောက်ရွံ့နေကြသည်။

ထို့ကြောင့် ကျိုကျန့်ရှန်မှာ အသံမထွက်ရဲတဲ့ ငိုင်နေမိ၏။ သတိရ၍ ရှာဖြည်းပင် မာဟူးတို့ကို လိုက်လံရှာဖွေကြည့်၏။



မာဟူးနှင့် ချားယွင်ကျဲဘို့ နှစ်ယောက်မှာ ယိုအခွင့်အရေး ကောင်းကို အမိအရယူကာ ရှောင်တိမ်းထွက်ပြေးသွားခဲ့ကြ ပြီ။ ထို့အတူ မိတ္တာနကြီးသည်လည်း သူ၏ ဝင်ပွန်းသည့် တိုတာ့နိုင်ကို ထားရစ်ခဲ့ကာ အလွှတ်ချွန်း ထွက်ပြေးသွား ပေပြီ။

ရှီဖိန့်အော်မှာ ချားယွင်ကျဲနှင့် မာဟူးတို့ နှစ်ယောက် လွတ်မြောက်သွားသည့်အတွက် စိတ်ထဲတွင် မကျေနိုင် မချမ်း နိုင် ဖြစ်နေမိ၏။ ထိုနှစ်ယောက် လွတ်မြောက်သွားခြင်းမှာ မပေါ် ပေါ့တဲ့ ရောက်ရှိလာသော အမျိုးအမည်မသိ လူနှစ် ယောက်ကြောင့် ဖြစ်ကြောင်း ရှီဖိန့်အော် သိနားလည်သည်။

ထို့ကြောင့် သူ့ခရင်ထဲတွင် ထိုနှစ်ယောက်အပေါ် ဒေါသ ထိုင်းသခဲ့ကြသော၏။ ချားယွင်ကျဲ့ ဒို့ မတိုက်ခိုက်ရသဖြင့် ထိုဒေါသများကာ တိုက်ခိုက်နေကြသူ အဆင့်ဖြင့် သိုင်းသမား နှစ်ဦးထံသို့ ရောက်ရှိသွားရသည်။ သူသည်အနေနှင့် ထိုသူ နှစ် ယောက်အား ခါးဖြင့်ဝင်ရောက်တိုက်ခိုက်ရခြင်း မရှိ။ ထို့ ကြောင့် လက်နက်ပုန်းကို ရွှေက်ထုတ်ကာ အခိုးကောင်း လူ တစ်ယောက်၏ နောက်ကျောဖြင့်ဆီသို့ ပစ်မ ကြိုဖျိုက်သည်။

ရှီဖိန့်အော်မှာ သိုင်းပညာအရည်အချင်း နဂိုကပင်ညံ့ဖျင်း သူ မဟုတ်။ ကျိုကျန့်ရှန်နှင့် တွေ့ဆုံခြင်း၊ သိုင်းပညာ အဆင့် တက်ခဲ့ခြင်းတို့ကြောင့် ယခုအချိန်အဘွင်း များစွာ တိုးတက် နေခဲ့ပြီ ဖြစ်၏။ သူမ၏ လက်နက်ပုန်း ထုတ်ပေါ်တိုက်ခိုက်မှု က ပြင်းထန် ထိရောက်လှပေသည်။ သို့သော် သူမ၏ လက်နက် ပုန်းများကား ဝင်လာရပြင်အတိုင်း ပစ်ပေါက်လိုက်သော

ကျောက်တုံး ကျောက်ခဲလေးများပမာ အချည်းနှီး ဖြစ်သွားခဲ့ရချေသည်။

ရှိဖိန်အောင်စိတ်ထဲ ထိတ်လန့်တုန်လှုပ်သွားသလို မကျေနပ်စိတ်လည်း ဖြစ်လာပါ၏။ ထို့ကြောင့် နောက်ထပ် လက်နက်ပုန်းဖြင့် ပစ်ခတ်ပြန်သည်။

"ဗို..."

သည်တစ်ခါ ပစ်လွှတ်လိုက်သော လက်နက်ပုန်းများက ပထမတုန်းကကဲ့သို့မဟုတ်။ ထူးခြားသောအကျိုးသက်ရောက်မှု ဖြစ်ပေါ်စေခဲ့သည်။ ယင်းကား လားရာပြောင်းလဲကာ ရှိဖိန်အောင်ထံသို့ ပြန်လည် ပြေးဝင်လာကြခြင်းပင်တည်း။ ရှိဖိန်အောင် အကြီးအကျယ် တုန်လှုပ်ကာ လက်ထဲမှ ဓားဖြင့် ရိုက်ချ ကာကွယ်လိုက်ရသည်။

"ထန်း....ထန်း"

လက်နက်ပုန်းများက သူမ၏ ဓားဖြင့် ဖယ်ထုတ်ခြင်း ခံလိုက်ရသော်လည်း သူမ၏ ဓားရိုးကိုင်လက်ခွကြားတွင် ထုံကျဉ်သွားကာ သူမ၏ ဓားရှည်သည်ပင် လွတ်ကျသွားလုမတတ် ဖြစ်ခဲ့ရတော့သည်။ ရှိဖိန်အောင်မှာ မျက်လုံးပြူးသွားပြီးလျှင် နောက်သို့ ကြောက်အားလန့်အား ဆုတ်လိုက်ရချေသည်။ နောက်ထပ် လက်ဆော့ရန်စိတ် ပေါ်တော့ချေ။

ထိုသူနှစ်ယောက်ကား ကျိုကျန့်ရှန်၏ရှေ့ မြေကွက်လပ် နေရာတွင် နာရီစက်ခန့် တိုက်ခိုက်ကြပြီးလျှင် လေချွန်သံရှည် တစ်ချက်နှင့်အတူ ဝေးရာသို့ ရုတ်ခြည်း ပြေးထွက်သွားကြပြန်သည်။ သူတို့နှစ်ယောက်သည် မည်သူနှင့်မည်သူ အနိုင်



ရသည်ကို မသိလိုက်ရသလို မည်သူမည်ဝါဖြစ်မှန်းလည်း မသိလိုက်ရချေ။

တိုက်ပွဲကား ပြီးပြီ။ အဆုံးသတ်သွားခဲ့ချေပြီ။ ကျိုကျန့်ရှန်က တိုက်ပွဲအခြေအနေကို စောင့်ကြည့်ရ၏။ လျှို့ပုစိန်ကား တိုက်ပွဲကျ သေဆုံးနေပေပြီ။ ဟိုတာ့နင်မှာ သေလုဆဲဆဲ အသက်ငင်နေပြီ။ ကျိုကျန့်ရှန်တို့ဘက်မှ လူသုံးယောက် ကျဆုံးခဲ့သည်။ ထိုအတွက် ကျိုကျန့်ရှန် မျက်မှောင်ကြုတ်လိုက်သည်။

တိုက်ပွဲတစ်လျှောက်လုံးတွင် ဟိုတာ့နင်တို့ဇနီးမောင်နှံနှင့် လျှို့ပုစိန်တို့ရဲ့ မိမိတို့ဘက်မှ ထိန်းချုပ်ထားနိုင်ခဲ့၏။ မိမိတို့၏ လက်ချက်ကြောင့်သာလျှင် ထိုသူများ ထိခိုက်ဒဏ်ရာ ရရှိခဲ့ခဲ့၏။ သခွ မိမိတို့ဘက်မှ လူသုံးယောက် အဘယ်ကြောင့် ကျဆုံးရလေသနည်း။

ကျိုကျန့်ရှန် စိတ်ထဲတွင် သံသယဝင်လာကာ ထိုလူ သုံးယောက် သေဆုံးရပုံကို စမ်းမြန်းကြည့်သည်။ နောက်မှရောက်လာသောသူနှစ်ဦး၏ လက်ချက်ဖြစ်ကြောင်း အဖြေပေးကြ၏။ ကျိုကျန့်ရှန် အားမျှမတတ်သာတဲ့ ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။ ထို့နောက် သေဆုံးသူများကို မြှုပ်နှံသင်္ဂြိုဟ်ခြင်း၊ ဒဏ်ရာရသူများအား ဆေးကုသခြင်းတို့ကို ပြုလုပ်စေးလိုက်၏။

ထိုစဉ် သူတို့အထဲမှ လူတစ်ယောက်၏ အထိတ်တလန့် အော်ဟစ်သံကို ကြားလိုက်ရတော့သည်။

"ဟို...ကျွန်မှာကြည့်ပါဦး၊ မီးတွေလောင်နေပြီ"

ကျိုကျန့်ရှန် လှမ်းကြည့်လိုက်၏။ ရွာဘက်တွင် မီးခိုး မီး ညွန့်များ တလိပ်လိပ်တက်လာသည်ကို တွေ့လိုက်ရ၏။

"မြန်မြန်လာကြ၊ ကျုပ်တို့ ခံလိုက်ရပြီ"

ကျိုကျန့်ရှန် အေခ်ယာခ်ကာ ရှေ့မှဦးဆောင်ပြေး၏။ ရွာထဲသို့ ရောက်လျှင် ဝိုင်းဝန်းကာ မီးငြိမ်းသတ်ကြ၏။ ချားလှင်ကျဲနှင့် မာဟူးတို့ ကောက်ကျစ်ယုတ်မာစွာ မီးရှို့သွားခြင်းပင်တည်း။ သူတို့၏ ဖောက်ချက်ကြောင့် ယခင် ဟူခလောင်တာနှင့် ဟူခလောင်အောင်တို့နေခဲ့သော စာကြည့်တိုက် မီးလောင်ခံရ၏။ လုစင်တို့ တစ်ချိန်က တည်းခိုခဲ့ဖူးသော အဆောက်အအုံ တစ်စိတ်တစ်ဒေသကိုလည်း မီးထဲပါသွားခဲ့သည်။

ကျိုကျန့်ရှန်မှာ မည်သို့မျှ သည်းမခံနိုင်လောက်အောင်ပင် တစ်ကိုယ်လုံး ဒေါသဆတ်ဆတ်တုန် ဒေါသဖြစ်သွားရတော့သည်။ ကျိုတုံနှင့် ကျိုကျူတို့ညီအစ်ကိုနှစ်ယောက်ကား အကြီးအကျယ်ပင် စိတ်လှုပ်ရှား မျက်နှာပျက်နေမိတော့သည်။ ဖခင်သေဆုံးရသည့်အထဲ ရွာကိုပါ မီးရှို့စော်ကားခဲ့သည်မို့ စိတ်မကောင်းဖြစ်မိကြသည်။ ထို့ပြင် သိုင်းလောကမိတ်ဆွေအချို့ အသေဆုံးနှင့် သေခဲ့ရသည်ကိုလည်း ယူကျုံးမရ ဖြစ်ကြတော့သည်။

ထိုနေ့ည သန်းခေါင်တွင် ကျိုကျန့်ရှန်က ကျိုကျူတို့ညီအစ်ကိုနှစ်ယောက်နှင့် ရှေ့ရေး ဆွေးနွေးတိုင်ပင်ကြသည်။ ထိုနှစ်ယောက်က ဘာမျှ မပြောတတ်၊ ကျိုကျန့်ရှန်ကသာ အကြံပေးခြင်း ဖျောင်းဖျခြင်းတို့ကို ပြုရပေသည်။



"ငါညီတို့၊ မင်းတို့အစ်နဲ့ အန္တရာယ်ကင်းကင်း နေချင်ရင် ဒီရွာမှာ ဆက်မနေသင့်တော့ဘူးလို့ ကျုပ် ပြောပါရစေ"

ကျိုကျူတို့ညီအစ်ကိုနှစ်ယောက်မှာ ကျေးရွာအပေါ်တွင် သံယောဇဉ်ကြီးမားလှသည်မို့ မခွဲနိုင်မခွာရက်ဖြစ်နေ၏။ သူ့ကို အစ်နှင့် ရန်သူက မကျေမနပ်နှင့် နောက်တစ်ကြိမ် ပြန်လာဦးမည်ကို တွေ့ကြုံမသိမဟုတ်၊ သိထား၏။ သူတို့ညီအစ်ကိုနှစ်ယောက်မှာ သိုင်းပညာကလည်း သိပ်မကျွမ်းကျင်၊ သိုင်းလောက မိတ်ဆွေများကိုလည်း ရွာတွင် ရက်ရှည်လများ ခေါ်ထားနိုင်ရန် တောင်းပန်အကူအညီ တောင်းခံ၍သည်း မဖြစ်၊ အတန်ကြာ စဉ်းစားပြီးမှ ဖခင်၏ အသုဘရက်လည် လေးဆယ့်ကိုးရက်ပြည့်အောင်စောင့်ပြီးမှ ပြောင်းရွှေ့ကြရန် ဆုံးဖြတ်လိုက်ကြသည်။

လေးဆယ့်ကိုးရက်ဆိုသောအချိန်မှာ များပြား ကြာမြင့်လှသည်ကို ကျိုကျန့်ရှန် ကောင်းစွာနားလည် သဘောပေါက်သော်လည်း သူတို့၏ ဆုံးဖြတ်ချက်ကို မည်သို့မျှ မစောဒက မတက်တော့။ သူတို့နှင့် ဘိုကျေးရွာတို့၏ဆက်ဆံမှုမှာ တခြားသူများနှင့် မတူခဲ့၊ ပိုမို၍ နက်ရှိုင်းစွာ ခင်မင်မှု ရှိနေပေသည်။ ထို့ကြောင့် အခြားသိုင်းလောကမိတ်ဆွေများ အသီးသီး နှုတ်ဆက်ပြန်သွားကြသော်လည်း သူနှင့် ရှီဖိန်အော်မှာ ကျိုကျေးရွာတွင် သောင်တင်ကျန်ရစ်ခဲ့ရတော့သည်။

လေးဆယ့်ကိုးရက် ပြည့်သောအခါတွင်ကား ကျိုတုံနှင့် ကျိုကျူတို့ညီအစ်ကိုနှစ်ယောက်မှာ ဖခင်ဖြစ်သူ၏ အုဘ်ဂူ

ရှေ့တွင် ငိုယိုအန်တော့ကြပြီးလျှင် သူတို့၏ မိသားစုနှင့်အတူ အခြားတစ်နေရာဆီသို့ မထင်မရှား ပြောင်းရွှေ့သွားကြတော့သည်။ ထိုအခါကျမှ ကျိုကျန့်ရှန်နှင့် ရှီဖိန်အော်တို့သည်လည်း ထပ်စန်းတောင်တက်သို့ ခရီးဆက်နိုင်ခဲ့ကြသတည်း။

ကျိုကျန့်ရှန်တို့ ခရီးထွက်လာခဲ့ကြရာတွင် လမ်းခရီး၌ ရှီဖိန်အော် နေထိုင်မကောင်းဖြစ်သည်။ ထို့ကြောင့် အသချမ်းအိမ်တစ်အိမ်တွင် ဝင်၍ အနားယူရသည်။ အိမ်ရှင်များက ဂရုစိုက်သလို ကျိုကျန့်ရှန်ကလည်း ရှီဖိန်အော်ကြပ်ကြပ်မတ်မတ် ပြုစုသည်။ သို့ဖြင့် အတော်ကလေးသက်သာသွားသည်။ ထို့ကြောင့် ညတာတွင် စကားမြည်ပြောကြ၏။

တို့အကြောင်းသည်အကြောင်းစကားများ တောင်စဉ်ရေမရ လျှောက်ပြောနေကြရင်းမှ ရှီဖိန်အော်က မေး၏။

"အစ်ကို...တို့ညက ကျွန်မတို့ တိုက်ခိုက်နေကြတုန်း ရောက်လာခဲ့တဲ့သူတွေက ဘယ်သူတွေလဲ၊ အစ်ကိုစဉ်းစားမိရသလား"

ရှီဖိန်အော်က ထောက်ကာငေးကာ မေးလိုက်ရာ ကျိုကျန့်ရှန် ရယ်မောလိုက်မိလေ၏။

"မင်းက တော်တော်တကယ်ပဲ ထူးထူးဆန်းဆန်းတွေ လျှောက်တွေးနေတော့တာကိုး၊ သူ ဘယ်သူလဲဆိုတာ ကျုပ် ဘယ်လုပ် သိနိုင်မှာလဲ၊ မင်းကိုတောင်မှ ဒီအကြောင်း ကျုပ် မေးခဲ့ဖူးတာလို့ မှတ်နေပြီလား"



"မပြောတတ်ဘူးလေ၊ အစ်ကိုက သိုင်းလောကမှာ သိတဲ့ကျွမ်းတဲ့လူ များတယ်မဟုတ်လား၊ ဒါဒီဘုန်းက အမေသာချောကြည့်ခဲ့ဒီလို ဖြစ်လာကောင်းဖြစ်နေမှာပေါ့၊ နည်းနည်းလောက် အချိန်ယူ စဉ်းစားကြည့်ရင် အဖြေရချင်ရမှာပေါ့၊ ကျွန်မ ဒီလိုမေးလိုက်တာနဲ့ ဘာဖြစ်သွားရတာလဲ၊ ရှင့်အတွက် ဘယ်လောက် အကျိုးယုတ်သွားလို့လဲ"

ရှီဖိန်အော်က ဒေါသကလေးဖြင့် ပြောသဖြင့် ကျိုကျန့်ရှန်မှာ တဟဲဟဲ ရယ်နေရတော့သည်။

"ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်၊ ခင်ဗျားပြောတာ မှန်ပါတယ်၊ ကျွန်တော် မှားသွားတယ်ဆိုပဲ ဘတ်မှတ်လိုက်ပါတော့"

ရှီဖိန်အော်မှာ ကျိုကျန့်ရှန်၏ စကားကြောင့် ကိုယ်ဖေးကို လှုပ်ခါအောင် ရယ်မိလေ၏။

"အဘင်း...တင်း...အစ်ကို မရှက်ဘူးလား၊ ယောကျ်ားရင့်မကြီးတစ်ယောက် ဖြစ်လျက်နဲ့ အဖြစ်တွေ ဝန်ခံသို့ဝန်ခံ၊ တအယ့်ကို မျက်နှာအရေထူတာပဲ"

ကျိုကျန့်ရှန်က ရယ်လိုက်မိပြီး...

"ပညာရှိဆိုတာ ကိုယ့်အမှားကိုယ်သိရင် ဝန်ခံတတ်ရတယ်၊ ဒီလို ဝန်ခံလိုက်လို့ ဘာဖြစ်သွားမှာလဲ၊ ဝန်မခံဘဲနေရင် သူ့အမှားဟာ မမှားဘဲ အမှန်ဖြစ်သွားနိုင်မှာတဲ့လား"

"ဘာပဲဖြစ်ဖြစ် ရှင်ဟာတော့ သိပ်ပြီး မျက်နှာအရေထူတာပဲ၊ ပညာရှိတွေ အာဘွေ လုပ်မနေနဲ့၊ ဟင်း...သိပ်ပိုတဲ့လူကြီး"

ကျိုကျန်ရှန် ပြုံးရိုက်၏။ တစ်ခုတစ်ခုကိုတွေးလိုက်မိဟန်ဖြင့် တစ်ယောက်တည်း ကျိတ်ရယ်နေလေ၏။ ပြီးမှ ရုတ်တရက်—

"မျက်နှာက အရေထူတယ်ဆိုတာကို မပြောရင် ကောင်းလိမ့်မယ်၊ ပြောကြစတမ်းဆိုရင် မင်းကငါ့ထက်ပိုပြီးအရေထူတာပေါ့"

ရှိုဖိန့်အော် ပြုံးကြောင်ကြောင်လေး ဖြစ်သွား၏။

"ဘာလဲ…ရှင် ဘာကိုပြောတာလဲ"

ကျိုကျန်ရှန်ကထိုစကားကိုမဖြေဘဲစကားလွှဲပြောလိုက်သည်။

"မင်းတို့ ပုံပြင်တစ်ပုဒ်ပြောပြမယ်၊ နားထောင်မလား"

ရှိုဖိန့်အော်က ဘုမသိဘမသိ ခေါင်းညိတ်ပြ၏။

"ပြော…နားထောင်မယ်"

ကျိုကျန်ရှန်က ရှိုဖိန့်အော် လဲလျောင်းနေသည့် ခုတင်အနီးသို့ တိုးကပ်သွားသည်။ ထို့နောက် သူမ၏လက်ကလေးကို တယုတယ ပွတ်သပ်ပေးပြီး ပုံပြင်ကို တိုးတိုးလေးစတင်၍ ပြောတော့သည်။

"ရှေးတုန်းကပေါ့ကွာ၊ ဝိညာဉ်တစ်ခုဟာ မရဏမင်းကြီးရဲ့ ရှေ့မှာ ရှိုက်ကြီးတငင် ငိုကြွေးနေသတဲ့၊ မရဏမင်းကြီးက အကျိုးအကြောင်းမေးတော့ သူဟာသူတစ်ပါးကိုမှီပြီး လူမဖြစ်လိုဘူးလို့ပြောတယ်၊ တကယ်လို့ အဲဒီလို မဖြစ်မနေ ဖြစ်ရမယ်ဆိုရင်လဲ မုတ်ဆိတ်မွေးရှည်လျားတဲ့ လူတစ်ယောက် ဖြစ်လိုပါတယ်လို့ တောင်းဆိုလိုက်တယ်၊ မရဏမင်းကြီးကလဲ သူ့ကို အရင်ဘဝကကံစွဲတွေ စစ်ဆေးပြီးတော့မှ လူ့ဘဝမှာ မုတ်ဆိတ်ရှိတဲ့လူတစ်ယောက် မြန်မြန်ဖြစ်ခွင့်ပြုလိုက်တယ်၊ ဒီတော့ ဝိညာဉ်ဟာ ဝမ်းသာအားရနဲ့ လူ့လောကဘက်ကို ထွက်လာခဲ့တော့တယ်"



ရှိုဖိန့်အော်က စိတ်ဝင်တစား နားထောင်နေမိ၏။ ကျိုကျန်ရှန်က သူမ၏ ဆံနွယ်လေးများကို သပ်တင်ပေးပြီးမှ စကားဆက်ပြော၏။

"အဲဒီဝိညာဉ်ဟာ လူပြန်ဖြစ်လာတဲ့အချိန်မှာစွဲစွဲမြဲမြဲမှတ်မိတာက သူ့ကို မရဏမင်းက မုတ်ဆိတ်ရှည်နဲ့လူတစ်ယောက်ဖြစ်ခွင့်ပြုလိုက်တယ်ဆိုတဲ့အချက်ပဲ၊ ဒီ့ပြင်ကိုတော့ သူဘာမှ သတိမရတော့ဘူး၊ ကလေးဘဝတုန်းကတော့ မုတ်ဆိတ်မွေး မပေါက်လို့ ကိစ္စမရှိပေမယ့်အရွယ်ရောက်ပြီး အသက်နှစ်ဆယ်ကျော်လာတော့လဲ မုတ်ဆိတ်မွေးက တစ်ပင်မှ ပေါက်မလာခဲ့တော့ သူ့ခမျာ တော်တော်ပဲ ဒေါသထွက်အောင့်နေခဲ့တယ်၊ သူ့စိတ်ထဲမှာ မုတ်ဆိတ်ရှည်ကြီး ချက်ချင်းပဲထွက်လာချင်တော့တာပေါ့"

ရှိုဖိန့်အော်မှာ ပုံပြင်တစ်ပုဒ်ဟု သတိမရနိုင်တော့ဘဲ ကျိုကျန်ရှန်ကို ဖြတ်မေး၏။

"သူက ဘာဖြစ်လို့ ဒီလိုမုတ်ဆိတ်မွေးအရှည်ကြီးကိုမှ ရချင်ရတာလဲ၊ သူ့အတွက် ဒီမုတ်ဆိတ်ရှည်က ဘာအကျိုး ရှိလို့လဲ"

"မမေးနဲ့ဦးလေ၊ ကိုယ်ပြောတာကို ဆုံးအောင် နားထောင်ဦးမှပေါ့၊ ပြီးရင် မင်းနားလည်လာပါလိမ့်မယ်"

ကျိုကျန်ရှန်၏စကားကို ရှိုဖိန့်ဘော်က မျက်မှောင်ကြုတ်၍ ဖြင့် ငြိမ်နေလိုက်၏။

ကျိုကျန်ရှန်က မသိကျိုးကျွန်ပြုကာ စကားဆက်၏။

"အဲဒီလူဟာ အသက်နှစ်ဆယ့်သုံးနှစ်အရွယ် ရောက်တာ တဲ့အခါမှာ ဘယ်သူ့မှသည်းမခံနိုင်တော့ဘူး၊ သူက လောက ပါလနတ်မင်းကြီးဆီမှာ ဒီကိစ္စနဲ့ပတ်သက်ပြီး အမှုသွားလျှော် တယ်၊ မရဏမင်းကြီးက သူ့ကိုဖိတ်ညာပေါ်တယ်လေ၊ အဲဒီ ရှိုလဲဆိုင်ရော မရဏမင်းကြီးမျာ အကြီးအကျယ်ထိတ်လန့် သွားတယ်၊ သူ့ရဲ့ဝိညာဉ်သက်ပါးတွေကို လော့ ပြီး တိုင်ချက်ဖွင့်တဲ့သူကို ငရဲပြည်ကို ခေါ်သွားခဲ့စေတယ်၊ ပြီး တော့ လောကပါလ နတ်မင်းကြီးဆီမှာ အမှုစစ်ဆေးခဲ့သ ဆိုပါတော့"

ကျိုကျန်ရှန်စကား ခဏအရပ်တွင် ရှိုဖိန့်ဘော်က စိတ်ဝင်စား လာကာ မေးသည်။

"သူ့ အမှုကလဲ ကြီးကျယ်သားနော်၊ လောကပါလနတ် မင်းကြီးဆီတောင် ရောက်ရတယ်လို့"

ကျိုကျန်ရှန်မှာ သူ့အတွေးနှင့်သူ သူ့စိတ်ကူးနှင့်သူ ပြုံး ရိုက်မိသည်။

ခဏကြာမှ—

"အဲဒီလိုအမှုစစ်ရော မရဏမင်းက အခြေကြောင်းအရာ လျှော်စွာ အမှုနိုင်သွားခဲ့တယ်၊ အဲဒါကို မုတ်ဆိတ်ရှည်ချင်တဲ့ လူက မကျေနပ်နိုင်ဘူး၊ သူ့အနေနဲ့ မုတ်ဆိတ်မွေးတွေ ဘယ်လောက်ပဲရှည်ပါစေ၊ ဟာစီကျိုယ်လုံးဆို ပတ်ထားရရင်



တော်သေးတာပေါ့၊ သူ့ရုပ်ကိုကြည့်ပါဦး၊ ဒါပေမယ့်အခုတော့ သူ့မှာက မုတ်ဆိတ်မွေးတို့လို့ တစ်ပင်မှ မပေါက်တော့ ဘွေ့ ဘွေ့ချောချောသာဖြစ်နေရတာပေါ့၊ ပြောတာပေါ့၊ မုတ်ဆိတ် မွေးက တစ်ချောင်းမှသာ ပေါက်မနေခဲ့ဘူး၊ ဒီတော့ မရဏမင်းကြီးလဲ ဘယ်လိုဖြစ်တာလဲဆိုပြီး စိတ်ပူသွားတော့ သူ့ရဲ့ဝိညာဉ် မင်းမေ့ပြီးပေါ်ပြီး ချက်ချင်းပဲ ပြန်စစ်ဆေးခိုင်း လိုက်တယ်"

"ခင်...ခင်...ခင်၊ ပုံပြင်ကတော့ တကယ့်ပုံပြင်ပဲ"

ရှိုဖိန့်ဘော် ပါးစပ်လေး စိတ်ပြီး ရယ်လိုက်သည်။

ကျိုကျန်ရှန်က ခေါင်းငုံ့ကြည့်ကာ...

"ဘာရယ်တာလဲ ရှိုဖိန့်ဘော်"

"ဘာမှမဟုတ်ပါဘူး၊ အစ်ကိုပြောမှာသာ ဆက်ပြော စမ်းပါ"

"မရဏမင်းရဲ့ ဝိညာဉ်မင်းတွေလဲ ပြန်ရောက်လာရော အဲဒီ လူနဲ့ပတ်သက်တဲ့ မှတ်တမ်းမှတ်ရာတွေ အကုန်ပြန်ပို့ပါလာ တယ်၊ ဒီလူဟာ ဘယ်ပြည်နယ် ဘယ်ကျေးရွာမှာ ဘယ်နှစ် တယ်လ ဘယ်ရက်က မွေးတယ်၊ အခုဆို အသက်ဘယ်လောက် ရှိပြီပေါ့၊ ဒီတော့မှ မရဏမင်းကြီးလဲ ဒီလူ့အသက် နှစ် ဆယ့်သုံးနှစ်ရှိပြီ၊ ဆယ့်ရှစ်နှစ်ကာလည်းက ပေါက်ရမယ့် မုတ် ဆိတ်မွေးဟာ အခုထက်ထိ တစ်ပင်တစ်မွေးမှ မထွက်သေးဘူး ဆိုတော့ အံ့ဩသွားရတာပေါ့၊ အဲ...မရဏမင်း အံ့ဩသလို ပဲ တရားလိုလူလဲ အံ့ဩတာပဲ၊ မှတ်တမ်းစာအုပ်ထဲမှာ သူ့

အကြောင်းအရာတွေ အသေအချာ မှတ်တမ်းတိုးထားတာလို့ သူ တွေ့လိုက်ရတာသိုး''

''တင်...သူက ဘာဖြစ်လို့အံ့ဩရတာလဲ''

ရှိဖိန်အောင်က တအံ့တဩထနဲ့ဖြင့်မေးသည်။ ကျိုကျန်ရှန်က တည်ငြိမ်လေးနက်စွာပင်....

''ဘာဖြစ်လို့ အံ့ဩရတာလဲဆိုတော့ မှတ်တမ်းစာအုပ်ထဲမှာ သူ့နာမည်အားကပ်လျက်မှာ မှတ်ချက်လေးတစ်ခု ပါနေလို့ပေါ့''

''အဲဒီမှတ်ချက်က ဘာတဲ့လဲ''

''သူ့မျက်နှာအရေပြားက တစ်လက်မလောက် အထူရှိနေလို့ ဘယ်နည်းနဲ့မှ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး ထွက်မလာနိုင်လို့ ရေးထားလို့ပဲပေါ့''

''ခစ်...ခစ်...ခစ်''

ရှိဖိန်အောင် ရယ်လိုက်သည်။ ကျိုကျန်ရှန်တို့လည်း—

''ကြည့်စမ်း—ကြည့်စမ်း၊ အဟုတ်မှတ်လို့ နားထောင်နေတာ၊ ပေါက်ကရတွေ တော်တော်ပြောတာပဲ၊ ကဲ....ပြောဦး၊ ပြောဦး''

ယက်သီးဆုပ်ကလေးဖြင့် ကျိုကျန်ရှန်၏ လက်မောင်းကို မနာမကျင်လေး ခိုက်လိုက်သည်။ ကျိုကျန်ရှန်က တည်တည်ငြိမ်ငြိမ်ပင်—

''မင်း စဉ်းစားကြည့်လေ၊ ကျွိုယ့်မှာက မုတ်ဆိတ်မွေးတွေနဲ့၊ မင်းက အခုထက်ထိ မုတ်ဆိတ်မွေးဆိုလို့ တစ်ပင်မှတော်



ထွက်မလာသေးဘူး၊ ဒီတော့ မင်းရဲ့မျက်နှာက အရေခွံက ကိုယ်ထက်ထူနေလို့ပေါ့၊ မဟုတ်ဘူးလား''

ရှိဖိန်အောင် ကိုယ်ကလေးတသိမ့်သိမ့်လှုပ်အောင် ရယ်လိုက်မိတော့သည်။ ကျိုကျန်ရှန်မှာ ယခုကဲ့သို့ ကျွဲပတ် ဝေ့ဝိုက်ကာ ပြောဆိုလာလိမ့်မည်ဟု မထင်မှတ်ခဲ့။ သည့်အတွက် ရယ်လည်းရယ်၊ ကျိုကျန်ရှန်တို့ စကားနိုင် လုပြောရပါမည်လားဟုသည်။ စိတ်ကောက်လိုက်မိသည်။ သို့ဖြင့် နှစ်ယောက်သားမှာ ရယ်လိုက် စိတ်ကောက်လိုက်၊ ချော့မော့ နှစ်သိမ့်လိုက်၊ ဖြုံ့ချိုရယ်မောလိုက်ဖြင့် ကြည်နူးပေါ့ပါးစွာပင် အချိန်များကို ကုန်ဆုံးလာခဲ့တော့သည်။

ဝေဒနာ ခံစားနေရချိန်တွင် စိတ်လက် ပေါ့ပါးစေရန် တိုတောင်းသည့်အကြောင်းများကို ရယ်စရာမောစရာ ဖွဲ့ဆို ပြောပြနေမိကြသဖြင့် ရှိဖိန်အောင်ရောဂါမှာ အတော်ကလေး နေသာထိုင်သာရှိလာခဲ့သည်။

ထိုအိမ်တွင် သုံးရက်ခန့် အနားယူပြီးသည့်အခါ ပကတိအတိုင်း ကျန်းမာလာခဲ့ပေသည်။ ထို့ကြောင့် သုံးရက်မြောက် ညမှာပင် နောက်တစ်နေ့နံနက် ခရီးထွက်ရန်အတွက် ပြင်ဆင်မှုများ ပြုလုပ်ကြတော့သည်။

''ဒေါင်...ဒေါင်...ဒေါင်''

သန်းခေါင်ကျော် အုန်းမောင်းခေါက်သံသုံးချက် ထွက်ပေါ်လာသည်။ ကျိုကျန်ရှန်တို့ကား နံနက်မိုးလင်းသည်နှင့် ခရီးဆက်နိုင်ရန် အထုပ်အပိုးများ ပြင်ဆင်ကြသည်။ ထိုအချိန်တွင်ပင် ငြိမ်သက်နေသောလေက ရုတ်တရက် ဖျူးခနဲ တိုက်

ခဲတံကိုင်၏။ ကျိုကျန်ရှန်တို့ အိမ်ကလေးမှာ သိမ့်ခနဲ့ဖြစ်ပြီး ခေါင်းထိုးသား ရပ်တန့်သွားရပြန်သည်။

"ခေါက်...ခေါက်...ခေါက်"

ထိုလေတိုးသံအဆုံးမှာမင် တံခါးခေါက်သံကို ကြားလိုက်ရသည်။ ကျိုကျန်ရှန်တို့နှစ်ယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိ၏။ အသင့်ဖြစ်မိကြ၏။

"အပြင်က ဘယ်သူလဲ"

ကျိုကျန်ရှန်၏စကားအဆုံးတွင် အပြင်ဘက်မှ အေးစက်စက်စကားသံ ထွက်ပေါ်လာတော့သည်။

"ဆိုယန်နဝမ်နဲ့ယန်ကျူကျူတို့နှစ်ယောက် ဟိုစန်းထောင်မှာ အဖမ်းခံနေရတယ်၊ အမြန်ဆုံး သွားကယ်လိုက်ကြပါ"

လူစင်၏ရှုတ်ဖျားမှ ယန်ကျူကျူဆိုသောသား အမည်နာမတို့ ခဏခဏပြောခဲ့ဖူးသည်ကို ကျိုကျန်ရှန် သတိရလိုက်၏။ သူ့ခင်ဗျာသိုပင် လိုသင်ဆင့်ကို စောင့်ရှောက်နေသူ ဖြစ်ကြောင်း သတိရသောအခါ တံခါးကြောင့် ရင်ထဲတွင် တုန်ခနဲဖြစ်ကာ တံခါး ကို လျှပ်တစ်ပြက်ဆွဲဖွင့်ပြီး အပြင်သို့ ထွက်ကြည့်လိုက်သည်။ လူရိပ်တစ်ခု အမှောင်အလွှမ်းကွာသွားသည့်နေရာဆီသို့ ပျောက်ကွယ်သွားလေပြီတည်း။

★

အခန်း (၁၁၃)

သတင်းစိစစ်ခြင်း

ကျိုကျန်ရှန်မှာ ထိုလူရိပ်နောက်သို့ အတင်းပြေးလိုက်၏။ ရှေ့မှလူ၏ ကိုယ်ဖော့ပညာက တောင်းမွန်လွန်းသဖြင့် မမီး ထိုကြောင့် ဝါးစပ်က အော်ဟစ်ကာမေး၏။

"မိတ်ဆွေကြီး...ခဏနေပါဦး၊ အကျိုးအကြောင်း ရှင်းအောင် ပြောသွားစမ်းပါဦး"

ရှေ့မှ ပြေးနေသည့်လူရိပ်က နောက်သို့ငဲ့ကြည့်ကာ ပြေးရင်းမှပင်...

"လူကယ်မယ်ကိစ္စဆိုသော အမြန်သွားလိုက်စမ်းပါ၊ ဘာလို့ ဒီခလောက်အထိ လျှာရှည်ချင်နေရသလဲ"

ကျိုကျန်ရှန်မှာ အော်ဟစ်လိုက်ရသဖြင့် မျက်နှာရဲခနဲ ဖြစ်သွား[illegible]ရသည်။ ရှိမိန်အော် သူ့နောက်မှလိုက်လာခဲ့သည် ကိုမြင်လျှင် နောက်ပြန်လှည့်ကာ ရှိမိန်အော်အားပြော၏။

"ဆက်နက်တွေ၊ ပစ္စည်းပစ္စယတွေ စစ်ဆေးကြည့်လိုက်၊ တို့ အခုချက်ချင်းပဲ သွားကြမယ်"

ရှီဖိန်အေဒ်မှာ ကျိုကျန့်ရှန်တစ်ယောက် စိတ်ပါလက်ပါ တက်တက်ကြွကြွရှိနေသည်မို့ ကလန်ကဆန်မလုပ်ဘဲ အတိုက်အခံမလုပ်ဘဲ ရှင်းရှင်းပျပျပင် ပြော၏။

"သွားမယ်ဆိုရင် သွားကြတာပေါ့၊ ဘာတွေများ စစ်ဆေးနေစရာလိုသေးလို့လဲ၊ ငွေသားနည်းနည်းလေးတော့ ဘိန်းရှင်အတွက် ချန်ထားခဲ့လိုက်တယ်"

"ကောင်းပြီ၊ ဒါဆိုရင် တို့တစ်တွေ အခုချက်ချင်းပဲ ခရီးထွက်ကြတာပေါ့"

ရှေ့မှ သတင်းပေးသူကလည်း ပျောက်ကွယ်သွားပြီ။ သူတို့သည် ရွာတစ်ရွာသို့ဝင်ကာ မြင်းတစ်ကောင်စီ စယ်ကြ၏၊ ထို့နောက် ခရီးဆက်ထွက်ခဲ့ကြသည်။

လမ်းတစ်လျှောက်တွင် အန္တရာယ်အယှက် အဟန့်အတား ဟူ၍ မတွေ့ရပေ။ ရှီဖိန်အေဒ်တို့နှစ်ယောက်မှာ အတွေးကိုယ်စီဖြင့် ခရီးဆက်နေကြလေ၏။

တာ့ထုံမှ စ၍ ထွက်လိုက်လျှင် ထင်ခန်းတောင် အရှေ့ဘက်တွင် တည်ရှိသည့် ဖေးတိုခန်းတောင်က အနောက်တောင်ဘက်အရပ်တွင်တည်ရှိပေသည်။ တာ့ထုံနှင့်မှု ထင်ခန်းတောင်သက် ဖေးတိုခန်းတောင်က ပို၍နီးကပ်မှုရှိပေသည်။ ကျိုကျန့်ရှန်နှင့် ရှီဖိန်အေဒ်တို့ နှစ်ယောက်မှာ ထိုတောင်ပေါ်သို့ ရောက်ဖူးခြင်း မရှိသော်လည်း ထိုတောင် တည်ရှိနေသည့် နေရာတို့ကား ကောင်းစွာ သိရှိထားကြပေသည်။



နှစ်ယောက်စလုံးမှာ လန်ကျုံကျူနှင့် တိုက်ရိုက် ပတ်သက်မှုမရှိကြပေ။ ထိုသော် လန်ကျုံကျူသည် လုစင်၊ လို့စုရောင်တို့နှင့် တစ်ဖွဲ့တည်း ဖြစ်ကြောင်း၊ ခင်မင်ရင်းနှီးကြောင်းကိုကား ရိပ်မိကြ၏။ လန်ကျုံကျူတို့ ယခုကဲ့သို့ အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် အဖြစ်ကို လုစင်တို့လည်း သိရှိကြမည် မဟုတ်၊ ထို့ကြောင့် ကျိုကျန့်ရှန်တို့နှစ်ယောက်မှာ ယခုကဲ့သို့ ကယ်တင်ရေးခရီး ထွက်ခဲ့ရခြင်း ဖြစ်ပေသည်။

သူတို့၏မြင်းများကို အသားကျ စီးနင်းနေခြင်းမှ ကသန့်နိုင်း စီးနင်းလာကြ၏။ မြင်းခွာသံတခေါက်ခေါက်ဖြင့်ဖြောင်းက စည်းဝါးအကျ ထွက်ပေါ်လာခဲ့ကြပေသည်။

မြင်းများကြောင့် များစွာ ခရီးပေါက်ခဲ့ကြပေသည်။

ရှီဖိန်အေဒ်မှာ အိုယန့်စေဆိုသော အမည်ကို ကြားမိသည်နှင့် လွန်စွာ စိတ်ဝင်စားမိသည်။ ထိုအမည်ကို သူမကောင်းစွာ ရင်းနှီး သိကျွမ်းခဲ့ရဖူး၏။ သိုင်းပညာရေး ကိုယ်ပေ့ပညာပါ ပထမတန်းစား အဆင့်ရောက် အမျိုးသမီး သူရဲကောင်းတစ်ဦး ဖြစ်ပြီး မိမိသက် များစွာ သာလွန်ကြောင်း သိရှိထားသည်။ ထိုကဲ့သို့ ထက်မြက်သည့်အမျိုးသမီးဖြစ်သေ မျိုးကို ရေးမဆွ ကတည်းကပင် သိကျွမ်းခင်မင်ခွင့်ရှိ လိုခဲ့၏။

ယခုကဲ့သို့ အခွင့်အလမ်း ကြုံကြိုက်လာသော အခါတွင်ကား ရှီဖိန်အေဒ် စိတ်ထဲ ဝမ်းသာသလိုပင် ခံစားရ၏။ ထိုကဲ့သို့သော အမျိုးသမီးမျိုးကို လိုက်လိုက်လှဲလှဲ အကူအညီပေး လိုစိတ်လည်း ဝင်မိ၏။ ထို့အတူ သူမ၏ ခေါင်းထဲတွင် အတွေးတစ်ခုကလည်း ဝင်လာ၏။ ထိုအတွေးကား သတင်း

လာရောက် ပေးပို့သူနှင့် ပတ်သက်၍ဖြစ်သည်။ ထိုသံသယ အတွေး ဝင်လာလျှင် ရှီဖိန်အောင်မှာ ကိုကျန်ရှင်ကို ထုတ်ဖော် မေးလိုက်မိတော့သည်။

“အစ်ကို၊ စောစောက သတင်းလာပို့တဲ့သူကို အစ်ကို သိသလား”

ကိုကျန်ရှင်မှာ ထိုသူ နောက်သို့ လိုက်ခဲ့သော်လည်း မိခဲ့ခြင်း မရှိ။ ထို့အပြင် ထိုသူ၏ လူရုပ်ကိုလည်း ကွဲပြားအောင် မြင်လိုက်ရခြင်း မရှိ။ ထို့ကြောင့် မည်သူမည်သူဝါ ဖြစ်သည်ကို ခန့်မှန်း၍ မပြောနိုင်ချေ။

“ဟင့်အင်း၊ ကိုယ်လဲ ဘယ်သူဆိုတာ မပြောနိုင်အောင်ပဲ။ ဘာဖြစ်လို့လဲ ဖိန့်အောင်”

ရှီဖိန်အောင်က သက်ပြင်းကလေး ချလိုက်ကာ....

“ဘာဖြစ်ရမလဲ အစ်ကိုရယ်၊ သူက အိုယန်ဝေနဲ့ လန်ကျကျူတို့ နှစ်ယောက် ဟောဟိုစန်းတောင်ပေါ်မှာ အချုပ်သင့်နေရတယ်လို့ သတင်းလာပေးခဲ့တယ် မဟုတ်လား”

“အင်း...ဟုတ်တယ်လေ”

“အဲဒီလိုသိသွားရင် သူကိုယ်တိုင်က ဘာလို့ သွားမကယ်ဘဲ ကျွန်မတို့ကို လာသတင်းပေးရတာလဲ၊ ပြီးတော့ ဘာကြောင့် သူက ဒီ့ပြင် တစ်လမ်းကို ထွက်သွားရတာလဲ”

ကိုကျန်ရှင် ဘာမျှ ပြန်လည်မဖြေကြားချေ။ ထိုအတွေးများကို သူလည်း စောစောကတွေးခဲ့ပြီးဖြစ်သည်။ ထိုအတွေးအတွက် အဖြေကို သူမရခဲ့ပေ။



ထို့ကြောင့် နှုတ်ပိတ်ကာ ခရီးဆက်ခဲ့ပြန်၏။

လမ်းက တဖြည်းဖြည်း ကြမ်းလာ၏။ တောအုပ်များ ခင်တန်းများကို ဖြတ်ကျော်လာရ၏။ ကိုကျန်ရှင်တို့ နှစ်ယောက်မှာ နောက်ပြောင်ကျီစယ်ခြင်းပင် မပြုနိုင်ကြဘဲ ကိုယ့်အတွေးဖြင့်ကိုယ် အယောင်နှင်နေကြသည်။ အတော်အတန် ခရီးပေါက်ခဲ့လျှင် ရှီဖိန်အောင်မှာ တစ်စုံတစ်ခုကို အတွေးပေါ်၍ စဉ်းစားမိသွားပြန်သည်။ မျက်မှောင်ကလေးကြုတ်လိုက်ပြီးလျှင် ကိုကျန်ရှင်အား မေးပြန်သည်။

“အစ်ကို၊ ကျွန်မစိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေပြန်တယ်”

“ဘာလဲ ရှီဖိန်အောင်၊ ဘာတွေဇဝေဇဝါ ဖြစ်နေရတာလဲ”

“အိုယန်ဝေတို့နှစ်ယောက်က ဘယ့်နှယ်ကြောင့် ဟောဟိုစန်း တောင်ပေါ်ကို ရောက်နေရတာလဲ၊ ဟိုလူ သတင်းပေးသွားသလို ဟောဟိုစန်းတောင်ပေါ်မှာ တကယ်ပဲ ရှိနိုင်ပါ့မလား၊ တမင်သက်သက် လှည့်ဖြားလိုက်တာ၊ ချောက်တွန်းလိုက်တာတော့ မဖြစ်နိုင်ပါဘူးနော်”

ကိုကျန်ရှင် ရယ်လိုက်မိသည်။ စေ့စပ်သေချာသူ တစ်ယောက် ဖြစ်သဖြင့် ထိုအတွေးကို သတင်းရရှိထားကတည်းက တွေးတောခဲ့ပြီး ဖြစ်ပေသည်။ သူ့အနေနှင့်ကား သတင်းမှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ အမှားအမှန်သည် ဟောဟိုစန်း တောင်ပေါ်ရောက်မှ သိလိမ့်မည်ဟု တွေးပြီး ဖြစ်၏။ ထို့ကြောင့် သူ့ခံယူချက် သဘောထားကို ရှီဖိန်အောင်အား ဖြတ်ဖြတ်သားသားပင် ပြော၏။

"ဒီမှာ ဖိုးအောင်၊ တို့တစ်တွေ လိမ်ညာခံရတာ မရှိရ တော့ဘူး နောက်မှဖြစ်မယ့် ပြဿနာပါ၊ ဟောဒီကိစ္စ၊ အောင် ပေါ်ကို ရောက်မှ သိရမှာ၊ အခုလောလောဆယ်မှာက မိတ် ဆွေမ ာင်းအတွက် အကူအညီ အထောက်အမှောက် ပေးနိုင်ဖို့ သာ အဓိက၊ သွားသင့် မသွားသင့်၊ ဟုတ်ရိုး မဟုတ်ရိုး သံသယစိတ်တွေနဲ့ တွေးဝေ အချိန်မဆွဲသင့်ဘူး၊ အဲဒီလို လုပ် နေရင် မိတ်ဆွေကောင်းကို အကူအညီပေးဖို့ ာ်ဖြေး အချိန်ဆွဲနေသလို ဖြစ်တော့မှာပေါ့"

ရှိဖိန်အောင်က နှုတ်ခမ်းကလေး စူ လိုက်၏။

"အစ်ကို့ကို ကျွန်မမေးတာ အထမြောက်ပဲဥစ္စာ၊ ဘာကြောင့် အချိန်ဆွဲသလေး ဘာလေး စွပ်စွဲနေရတာလဲ"

"အချိန်ဆွဲတယ်လို့ စွပ်စွဲနေတာ မဟုတ်ပါဘူးကွာ၊ အမြန်ရောက်နိုင်လေ ကောင်းလေပဲလို့ ပြောတာပါ"

"ထားပါ… အဲဒါ ပြောမနေပါနဲ့တော့၊ ကျွန်မလဲ ဒီ လောက်တော့ သိပါသေးတယ်၊ အခု ကျွန်မသိချင်တာက ဒီ သတင်း ဟုတ်မဟုတ် မှန်မမှန် ဆိုတာပဲ"

ကျော်ကျွန်ရှိန် စဉ်းစားခြင်းပင်မပြုဘဲ ကောက်ကာငင်ကာ အဖြေပေး၏။

"ကိုယ့်အထင်ပြောရရင်တော့ ဟုတ်မှန်တဲ့ သတင်းတစ် ရပ်ဖြစ်တယ်လို့ ယူဆရမှာပဲ"

"ဘာကြောင့် အစ်ကိုက ဒီလိုပြောနိုင်ရတာလဲ"

"ဘာကြောင့်ပြောနိုင်ရလဲဆိုတော့ တို့ကိုလာပြီးသတင်း ပေးတဲ့လူဟာ သာမန် အညာဒရတကမဟုတ်ဘဲ အဆင့်မြင့်



ဆိုင်းပညာရှင်တစ်ယောက် ဖြစ်နေတယ်၊ လိမ်ညာ သတင်း ပေးတယ်ဆိုရင်လဲ တို့ကို လမ်းကြောင်းလွဲစေချင်တဲ့သဘော နဲ့ ချောက်ချချင်တဲ့သဘောတွေပဲ ရှိရမယ်၊ ဖင်း စဉ်းစား ကြည့်လေ၊ တို့ကို ချောက်ချချင်တယ်ဆိုရင် ဒီလောက်အထိ အချိန်ကုန်ခံနေပါ့မလား၊ သတင်းပေးတဲ့လူဟာ ဘယ်နည်းနဲ့ မဆို တို့နှစ်ယောက်ထက် ဆိုင်းပညာ အဆင့်မြင့်လွန်းတယ်၊ တို့နှစ်ယောက်ပေါင်းလို့တောင်မှ သူ့ကို မမီနိုင်ဘူးလို့ ဖို့ယ် ထင်တယ်၊ ဒီတော့ တို့ကို ချောက်ချတာလားဆိုတဲ့ သံသယ အချက်က ကင်းလွတ်သွားပြီနော်"

ရှိဖိန်အောင် ခေါင်းညိတ်ပြလိုက်၏။

"အဲဒီလို ချောက်ချရမယ့် ရည်ရွယ်ချက် မရှိဘူးဆိုတာ ကျိုးတော့ အစ်ကိုရှင်းပြလို့ နားလည်ပါပြီတဲ့၊ ခုနောက်တစ် ချက်က လမ်းကြောင်းလွဲပစ်လိုက်တာတော့ ဘာကြောင့်မဖြစ် နိုင်ရတာတဲ့လဲ"

ကျော်ကျွန်ရှိန် ပြုံးပြီး ရှိဖိန်အောင်ကို ငဲ့ကြည့်လိုက်၏။ ရှိဖိန် အောင်က သူ့ထံမှ စကားသံကို ငံ့လင့်နေ၏။ ကျော်ကျွန်ရှိန် မြင်းကို ဇက်သတ်လိုက်၏။ လေးဘက်ကျ ပြေးစေပြီးမှ ပြော လေ၏။

"လမ်းကြောင်းပြောင်းလွဲတယ်ဆိုတာဟာပြီးတော့မဖြစ် နိုင်သေးတာပါကွာ၊ တို့နှစ်ယောက် ကျိုကျေးရွာကထွက် ပြီး ဘယ်ကိုသွားကြမလို့လဲ"

"ထင်စန်းတောင်ကို ပြန်ကြမှာလေ"

"တို့ ထင်စန်းတောင်ကို ပြန်ကြမယ်ဆိုတာ တို့ရောက်ခဲ့တဲ့လမ်းကြောင်းအရ လူတိုင်းသိနေနိုင်တယ် မဟုတ်လား"

ရှီဖိန်အော် ခေါင်းညိတ်ကာ လျှာရှည်ရန်ကော၊ အခေါ အမြန်းထူရန်ကော ဟူသည့်သဘောဖြင့် မျက်စောင်းတစ်ချက် ခဲလိုက်၏။ ကျိုချန်ရှန်ကာ အပြုံးမပျက် ဆက်ပြော၏။

"လမ်းကြောင်းလွှဲမယ်ဆိုရင် တို့ကို လတ်တလော အခြေအနေမှာ ထင်စန်းတောင်ကို မရောက်စေချင်လို့ပဲ၊ ဒါဆိုရင် ထင်စန်းတောင်မှာပြဿနာရှိနေရမယ်၊အဲဒီ ပြဿနာဟာလဲ သေးသေးမွှားမွှား မဟုတ်နိုင်ဘူး၊ ကြီးကြီးမားမားပဲ ဖြစ်ရမယ်၊ ဒါမှသာ လမ်းကြောင်းလွှဲတာတို့ ဘာတို့ အကွက်ချပြီးစီစဉ်ရမှာကိုး၊ကျုပ်သိရသလောက်တော့ ထင်စန်းတောင်မှာ ဘာပြဿနာမှရှိတာ မဟုတ်ဘူး၊ သူ့ဘာသာ တစ်သီးတခြားစီလို့နေတာ—"

"ဒီမှာ ဖိန်အော်၊ ကိုယ့် အမှန်အတိုင်းပြောမယ်၊ မင်းတို့ ထင်စန်းတောင်ရဲ့ ခေါင်းဆောင်သုံးယောက်ထဲမှာ အထက်မြက်ဆုံးလို့ မင်းတစ်ယောက်ပဲရှိတယ်၊ သိုင်းလောကထဲ ဦးဟို လျှောက်သွားပြီး ရန်မီးရန်စွယ်ရယ်လို့ ဖြစ်နိုင်တာ မင်းတစ်ယောက်တည်းပဲရှိတယ်၊ ဒါ့အပြင် မင်း သိုင်းလောကထဲ လျှောက်သွားမနေဘဲ တောင်ပေါ်မှာနေတုန်းကတော့ ထင်စန်းတောင်ကို ပြဿနာလုပ်ချင်တာတို့ ဘာတို့ဆိုတာ မင်းနဲ့ပဲ စရမှာ....

"အခု မင်းနဲ့ ကိုယ့်လို အဓိကကျတဲ့ လူနှစ်ယောက်ကို ဖယ်ထုတ်ပြီး ထင်စန်းတောင်ကို ပြဿနာ ရန်ငြိုးရန်မီးမွေး



ယ်ဆိုတာ ဖြစ်နိုင်ပါသလား၊ အင်အားနဲ့ထုတ်ရလောက်အောင် တို့ဆီသို့ သတင်းပေးခဲ့တဲ့လူရဲ့ သိုင်းပညာအဆင့်က တို့လောက်ပဲ ရှိနေလို့လား၊ အသေအချာ စဉ်းစားရင် အဖြေပေါ်ပြီးသားပါကွာ၊ ကိုယ်ကတော့ အဲဒီအချက်တွေကြောင့်ပဲ သတင်းဟာ အမှန်လို့ ယူဆလိုက်တော့တယ်"

ရှီဖိန်အော် ဘာမျှမပြောသာတော့ဘဲ သက်ပြင်းကိုသာ လေးလေးကြီး ချလိုက်တော့သည်။

ထို့နောက် တိတ်ဆိတ်စွာဖြင့် ခရီးဆက်ခဲ့ကြတော့သည်။

*

# အခန်း (၁၁၄)

## အစကြွင်းစေခဲ့သူသည်

အိုယန်ဝေနှင့် လန်ကျုံကျူတို့နှစ်ယောက်မှာ ရှေ့သို့ အလီသုံးဆယ် ပြေးခဲ့ကြလေသည်။

ထိုစဉ် သူတို့၏ရှေ့ဘက်ဆီမှ မြင်းသုံးကောင်နှင့် လူသုံးယောက်တို့ တွေ့လိုက်ကြရ၏။

ထိုသူများကား လျှံပုစိန်၊ ဟိုတာ့နှင်နှင့် မိစ္ဆာမကြီးတို့ ပင်တည်း။

ထိုသုံးယောက်ကား လန်ကျုံကျူရော အိုယန်ဝေနှင့်ပါ ရန်ငြိုးများ ရှိထားခဲ့ကြလေသည်။

အကြောင်းအားဖြင့် အိုယန်ဝေက မိစ္ဆာလင်ခယားကို အနိုင်ယူ ရိုက်ခိုက်ခြင်း၊ လျှံပုစိန်ကို ဒဏ်ရာရစေခဲ့ခြင်းတို့ ပြုလုပ်ခဲ့ဖူးလေသည်။



ယခုကဲ့သို့ မျက်နှာချင်းဆိုင် ဆုံတွေ့ကြရာတွင် အိုယန်ဝေမှာ ရှေ့ဘက်ကရန်သူက တပ်လိုက်လာမည်ကို ကြိုတင်တွေးသိထားသောကြောင့် တိုက်ခိုက်ခြင်းဖြင့် အချိန်မဖြုန်းလို၍ ဖြစ်နိုင်လျှင် ရှောင်ထွက်သွားရန် စိတ်ကူးသည်။

သို့သော် မိစ္ဆာမကြီးက ရရှိသည့်အခွင့်အရေးကို လက်လွှတ်မခံ။ မြင်းပေါ်မှ အလျင်အမြန်ပစ် ခုန်ဆင်းလိုက်ပြီး အိုယန်ဝေနှင့် လန်ကျုံကျူတို့ကို တိုက်ခိုက်လေ၏ ဝိန်ခေါ် အဖြင့် အိုယန်ဝေ၏စိတ်ကူး ပျက်ရလေသည်။

အိုယန်ဝေမှာ တိုက်ခိုက်လိုစိတ်ရှိသည်မဟုတ်ပေ။

သို့သော် ရှေ့ဘက်မှ ရန်သူလိုက်လာသည့်အချိန်တွင် လျှံပုစိန်တို့၏ မြင်းများကိုကား သူမ သဘောကျ နှစ်ခြိုက်သွားမိသည်။

ထို့ကြောင့် ငြင်းဆန်ခြင်းမပြုတော့ဘဲ ခုန်ဝင်ကာတိုက်ခိုက်တော့သည်။

မိစ္ဆာမောင်နှံတို့မှာ အိုယန်ဝေ၏ ပြိုင်ဘက်မဟုတ်ချေ။ ထို့ကြောင့် တိုက်ကွက်နှစ်ဆယ်မပြည့်ခင်မှာပင် မိစ္ဆာမကြီးမှာ အဝတ်အစားများစုတ်ပြတ်သတ်ကာ ဒဏ်ရာရ၏။ လျှံပုစိန်မှာ ဟိုအာ့နှင်တို့ အခြေအနေမကောင်းသည်ကို တွေ့ရလျှင် ဓားရှည်ဝှေ့ယမ်းကာ တိုက်ပွဲစည်းအတွင်းသို့ ခုန်ဝင်လိုက်သည်။ လန်ကျုံကျူမှာ ရိမ်းသွားမိ၏။ သုံးယောက်နှင့် တစ်ယောက် ဖြစ်လာသဖြင့် အိုယန်ဝေ၏ အခြေအနေ မကောင်းနိုင်ဟု တွက်ဆကာ ဝင်ရောက်ကူညီတိုက်ခိုက်ရန် ဆုံးဖြတ်လိုက်၏။

ကြို့သို့သော် အိုယန်စေတ အဝင်မခံ၊ လက်ဝါးကာ တား
မြစ်ထားပြီးလျှင် အော်ဟစ်သတိပေးလိုက်၏။

"ကိုမြင်းခွေကို ဖမ်းချည်ထားလိုက်၊ ကျွန်မတို့အတွက်
အဲဒီမြင်းတွေက သိပ်အဖိုးတန်တယ်"

လန်ကျုံကျူမှာ အူကြောင်ကြောင် ဖြစ်သွားသည်။ အို
ယန်စေ ပြောသလိုပဲ လုပ်မှပါလေဟု တွေးကာ ဘာမျှ
မပြောသာတော့ဘဲ လျှံပုစိန်တို့၏ မြင်းသုံးကောင်ကို ကြိုးမှ
ဆွဲကာ သစ်ပင်အစ်ပင်တွင် ချည်နှောင်ဟန်ပြင်လိုက်၏။ ထို
စဉ်မှာပင် သူ့အနီးသို့ လေအဟုန်တစ်ချက်က လာဟပ်၏။
လျှံပုစိန်တို့ရှိ ခေါင်ယာင်ပြတိုက်ကွက် သုံးလေးကွက် တိုက်
ခိုက်ပြီး ရောက်ရှိလာသော အိုယန်ဝေပင်တည်း။

လန်ကျုံကျူ ကြောင်ကြည့်နေပြန်၏။ အိုယန်ဝေက စိတ်
မရှည်ဘဲ မြင်းတစ်ကောင်ပေါ် လွှားခနဲ ခုန်တက်လိုက်၏။

"ဘာလုပ်နေတာလဲ၊ မြင်းပေါ်တက်လေ၊ မပြေးကြရင်၊
ရှင်က ရန်သူနဲ့ မိုးလင်းတဲ့အထိ တိုက်ခိုက်နေချင်သေးလို့
လား"

ပြောပြောဆိုဆိုပင် လန်ကျုံကျူ လက်ထဲမှ ဓားရှည်ကို
ဆွဲယူလိုက်ပြီးလျှင် ဝှေ့ယမ်းလိုက်၏။

"ရွှမ်း"

ဓားရောင်တစ်ချက် ဖြတ်ခနဲ လက်သွားသလို မြင်း တစ်
ကောင်သည်လည်း တုံးခနဲလဲကျသေဆုံးသွားသည်။ လန်ကျုံ
ကျူလည်း မြင်းတစ်ကောင်ပေါ် လွှားခနဲ ခုန်တက်လိုက်
သည်။ ထို့နောက် မြင်းကို ကဆုန်ချပြေးလာမိကြတော့၏။



အိုယန်ဝေက လျှံပုစိန်တို့ကို အော်ဟစ် နှုတ်ဆက်သည်။

"ရှင်တို့ကို အစတုန်းကတော့ သတ်စတုံးလုပ်ခဲ့လိုပဲ၊
ဒါပေမယ့် အခုလိုမြင်းနှစ်ကောင် အကူအညီပေးလိုက်တဲ့
ကျေးဇူးကြောင့် ဒီတစ်ခေါက်တော့ ခွင့်လွှတ်လိုက်မယ်၊
နောက်မှပဲ တွေ့ကြသေးတာပေါ့"

လျှံပုစိန်တို့လူသိုက်မှာ အကြီးအကျယ် ဒေါသထွက်ကြ
သည်။ ခရီးဆက်စရာ မြင်းကလည်း မရှိတော့သဖြင့် နောက်
ပိုင်းတွင် အော်ဟစ်ကျိန်ဆဲရင်း ကျန်ရစ်ခဲ့ကြတော့သည်။

အိုယန်ဝေတို့မှာ အခုတော့ကလေး ဇိုးပေါက်အောင်
ကဆုန်စိုင်းလာခဲ့ပြီးမှ မြင်းကိုဇက်သတ်ကာ အရှိန်တန့်လိုက်
၏။ ထို့နောက် အိုယန်ဝေက ဖြည်းဖြည်းပြော၏။

"ကျွန်မတို့ ဖြည်းဖြည်းသွားရင်း ခဏလောက် စဉ်းစား
ကြရင် ကောင်းမယ်"

လန်ကျုံကျူက...

"ဘာများ စဉ်းစားစရာလို့သို့လဲ၊ ကျုပ်တို့ ရန်သူ နယ်
နိမိတ်က လွတ်လာပြီ၊ မြင်းလဲရှိနေပြီပဟုတ်လား"

အိုယန်ဝေမှာ လန်ကျုံကျူကို မျက်စောင်းကလေးခဲပြီး
ကြည့်လိုက်၏။

"ရှင့် ခေါင်းတော်ကို နှံသေးတာပဲ၊ အယ်နှယ်စဉ်းစား
စရာမရှိရမှာလဲ၊ စဉ်းစားစရာတွေမှ အများကြီးရယ်"

လန်ကျုံကျူ မျက်မှောင်ကြီး ကြုတ်နေမိတော့သည်။ အို
ယန်ဝေက ရယ်ရယ်မောမောနှင့်ပင် သူ့ကို မေးခွန်းထုတ်
သည်။

"တဲ...အခု ကျွန်မတို့ ဘယ်ကိုသွားရမယ်လို့ ရှင်ထင်သလဲ၊ ရှေ့ဘက်မှာက မနေပြည်တော်အထိ ခေါက်တဲ့လမ်း၊ အဲဒီလမ်းလိုက်သွားရင် ရန်သူနဲ့ တိုးချင်တိုးမိနိုင်တယ်၊ လမ်းထစ်သွမ်းလောက်သွားလိုက်၊ ရန်သူနဲ့တွေ့လိုက် တိုက်ပွဲတစ်ခုလောက် တိုက်လိုက် လုပ်နေရင် နောက်ဆုံးမှာ မဒဟူးတို့ ရှာဖွေယဉ်ကျဲတို့ မိသွားမှာပဲ၊ ပြီးတော့ တိုတာနှင်တို့ လျှပ်စီးတို့ လူရုနဲ့ မတိုးနိုင်ကြဘူးလို့ ပြောလို့မရဘူး၊ သူတို့ချင်း တကယ်လို့ တွေ့ဆုံမိလိုက်ကြရင် ကျွန်မတို့အကြောင်း ပြောမိကြမှာပဲ၊ အဲဒီကျရင် ကျွန်မတို့ရဲ့ခြေရာကိုလဲ ခံမိသွားကြမှာပဲ"

လန်ကျုံကျူမှာ သည်တော့မှ သူတို့ခရီး၌ တွေးရာများလှအောင်ကြောင်း သိရှိလာရတော့သည်။

"အို...ဟုတ်တယ်၊ ဟုတ်သားပဲ၊ ဒီအချက်ကို ငါ ဘာလို့ မစဉ်းစားမိခဲ့တာပါလိမ့်"

"စဉ်းစားရာမလိုပါဘူးလေ၊ အားလုံးအဆင်ပြေနေပြီ မဟုတ်လား"

ထိုယန်ခဏက လန်ကျုံကျူ၏ စကားနှင့် ပြန်၍ပြောလိုက်သည်။ လန်ကျုံကျူမှာ မျက်နှာပူရဲသွား၏။ အနေရအထိုင်ရက်သွားဟန်ဖြင့် ကိုယ့်ရယ်ကို အပြစ်တင်စကား ဆိုသည်။

"ပြောပါတော့ကွာ၊ ပြောပါတော့၊ ကျုပ်က တကယ့်ကို နုံနုံအအလူတစ်ယောက်ပဲ၊ ဒါနဲ့တောင်မှ မင်းက ကျုပ်ကို့ တိုဟာအနေးလိုက်၊ ဒီဟာမေးလိုက် လုပ်နေတော့တာကိုး"

"တဲ...ရှင်၊ ကျွန်မတို့ ခရီးပြင်း နှင်လိုက်ကြဦးစို့"



ထိုယန်ခဏက မြင်းကို စက်ကုန်ဖွင့်ကာ ဝိုင်းကာ လမ်းအကွေ့ကို ချိုးသွားသည်။ လန်ကျုံကျူကည်း မနေသာတော့ဘဲ သူ၏မြင်းကို နောက်မှ ထက်ကြပ်မကွာ ခွာခုံချ အပြင်းလိုက်ရတော့သည်။

သူတို့ခရီးထွက်ခဲ့သည်မှာ နေ့တစ်ဝက်ခန့်တိုင်ခဲ့ပြီ၊ ဗိုလ်ယန်ခဏတို့မှာ မည်သည့်အနှောင့်အယှက် အဟန့်အတားမှ မကြုံတွေ့ရသေးပေ။ သူတို့နှစ်ယောက် ရွာလယ်ရှိ စားချိုင်လောက်တွင် ခဏအနားယူကြ၏။ စားပြီးသည်နှင့် ခရီးဆက်ကြ၏။

မြင်းပေါ်မှနေ၍ လန်ကျုံကျူက ပြောလိုက်သည်။

"ကျုပ် ညီတော်မမောင်လုခင် ပြောဖူးတာကို ကျုပ်သတိရတယ်၊ သူ့မိတ်ဆွေတချို့ ထင်စန်းတောင်ပေါ်မှာ ကြီးစိုးနေတယ်လို့ ပြောတယ်၊ အဲဒီကို သွားကြရင် မကောင်းဘူးလား"

"ခစ်...ခစ်...ခစ်"

"ဘာရယ်တာလဲ၊ ကျုပ်ကတကယ်ပြောနေတာ၊ ညီလေး လှုခင်ရဲ့မိတ်ဆွေတွေက ကျုပ်တို့ ကောင်းကောင်း လက်ခံမှာပါ"

"လှုခင်ရဲ့ မိတ်ဆွေတွေက ကျွန်မတို့ကိုဂရုစိုက်ကြမယ်ဆိုတာ ကျွန်မနားလည်ပါတယ်၊ အခုကျွန်မတို့ရောက်နေတာ ဘယ်မှာလဲ၊ ထင်စန်းတောင်နဲ့ ဒီလမ်းနဲ့ တခြားစီပဲ၊ အဲဒီကို သွားမယ်ဆိုရင် တာထွက်နေရာကနေ ပြန်ဖြတ်ရဦးမယ်၊ နောက်ကြောင်းကို ပြန်လှည့်ရဦးမယ်၊ မဒဟူးတို့နဲ့ကွဲခဲ့

ထိုးသွားနိုင်တာပေါ့၊ အစတုန်းကသာ ဒီလိုသိလိုက်ရင် သိပ်ကောင်းတာပေါ့၊ အခုမှ လာပြောနေတော့ နောက်ကျနေပြီ''

''ကျုပ်လဲ မပြောမလို့ပါပဲကွယ်၊ မင်းက ကျုပ်ပြောတာကိုတောင်မှ မစောင့်ဘဲ မြင်းလှည်းကို ဒုန်းစိုင်းပြီး လမ်းအကွေ့ဆီ ချိုးခဲ့တာပဲ၊ မင်းကိုတစ်လမ်းထားခဲ့ပြီး ကျုပ်တစ်ယောက်တည်း သွားလို့ ဖြစ်မလားကွယ်''

လန်ကျူကျူ၏ စကားသံတွင် မေတ္တာကရုဏာသံများ ပါနေ၏။

အိုယန်ဒုဝေမှာ မာဆတ်ဆတ် ပြောမိခြင်းအတွက် စိတ်မကောင်းဖြစ်ရသည်။

''တောင်းပန်ပါတယ်ရှင်...တောင်းပန်ပါတယ်၊ ပြီးခဲ့တဲ့ကိစ္စတွေကို ပြန်ပြီး ပြောမနေစမ်းပါနဲ့တော့၊ ရှင်ပဲမှားမှား၊ ကျွန်မပဲ မှားမှား မှားတာကတော့ မှားခဲ့ပြီးပြီ၊ ထပ်ပြောနေလို့လဲ အပိုပါပဲ''

''ကျုပ်မှားတယ်ပဲ ထားလိုက်ပါကွယ်၊ ကျုပ်မှားတယ်လို့ပဲ ထားလိုက်ပါ''

''အစတုန်းကတော့ ရှင့်ကိုကျွန်မမပြောတော့ဘူးလို့ နေခဲ့မလို့၊ အဲ...ခုတော့ မပြောမဖြစ်လို့ ပြောရတော့မယ်၊ ရှင်က ဘာဖြစ်လို့ အကြောင်းအရာတစ်ခုကို လေးလေးနက်နက် မစဉ်းစားရတာလဲ၊ ထိထိရောက်ရောက် မတွေးရတာလဲ၊ အခုလို နှစ်ယောက်အတူ လှုပ်ရှားရတဲ့အခါ ရှင်မှားရင်လဲ



ကျွန်မဒုက္ခရောက်သလို ကျွန်မမှားရင်လဲ ရှင်ဒုက္ခတွေ့သွားနိုင်တာပေါ့''

လန်ကျူကျူ ရယ်လိုက်၏။ ဘာမျှစကားမပြန်။ အိုယန်ဖေဆာသာ ပြုံးလိုက်ပြီး...

''တကယ်တော့ ရှင်ကော ကျွန်မကော နှစ်ယောက်စလုံး ဘယ်သူမှမမှားကြဘူး၊ မှားတာကတော့ ရန်သူပဲ''

သူမစကားကြောင့် လန်ကျူကျူမှာ စိတ်သက်သာရာ ရသွားခဲ့သည်။ ထိုစဉ်မှာပင် အိုယန်ဝေသည် တစ်စုံတစ်ခုကို တွေးတောမိလိုက်ဟန်ဖြင့် ရုတ်တရက် ထခုန်လိုက်၏။ လန်ကျူကျူ၏ လက်မောင်းနှစ်ဖက်ကို ဝမ်းသာအားရ ဖမ်းဆုပ်လိုက်ကာ...

''ကြည့်စမ်း မေ့နေလိုက်တာ၊ ကျွန်မစဉ်းစားမိပြီ၊ သွားမယ်၊ ရှင့်ကိုကျွန်မ သိပ်ကောင်းတဲ့ နေရာတစ်ခုကိုခေါ်သွားပေးမယ်''

လန်ကျူကျူလည်း ဘာမသိဘာမသိ သူမကဲ့သို့ပင် လိုက်၍ ဝမ်းသာအားရပြောမိသည်။

''ဟုတ်လား၊ မင်း စဉ်းစားလို့ရပြီလား၊ အဲဒီနေရာက သိပ်ကောင်းတာပဲလား''

''သိပ်ကောင်းတယ်၊ အဲဒီနေရာကိုကြည့်ပြီး ရှင် ကျေနပ်သွားလိမ့်မယ်၊ ဖြစ်မှဖြစ်ရလေရှင်ရယ်၊ ဒီလောက်ကောင်းတဲ့ နေရာကို ကျွန်မ မေ့နေတာပဲ၊ ကဲ...ကဲ...ဘာမှလုပ်မနေနဲ့၊ မြင်းပေါ်တက်၊ ခရီးဆက်ကြမယ်''

လန်ကျူကျူသည် အိုယန်စေက မြင်းပေါ်တက်ခိုင်းသည် နှင့် မြင်းပေါ်တက်လိုက်ရသည်။ ထိုနေရာကို မြင်ရုံနှင့်ပင် စိမ်းကျေနပ်စေရမည်ဟု အိုယန်စေက ရဲရဲကြီးအာမခံချက်ပေး နေသဖြင့် မည်သို့သော နေရာမျိုးပေပါတည်းဟု သိချင်နေ၏။ ထို့ကြောင့် နောက်ထပ် ဘာမျှ မေးမြန်းခြင်း မပြုတော့ဘဲ အိုယန်စေနောက်မှ လိုက်ပါသွားလေတော့သည်။

အိုယန်စေမှာ လန်ကျူကျူကဲ့သို့ ရဲရင့်ရိုးသားသော ချစ် သူတစ်ယောက်နှင့် လက်တွဲသွားနေရသဖြင့် အန္တရာယ်တိုင်း ဂရုမစားမိလောက်အောင် စိတ်ထဲတွင် မပူပါနေသည်။ စိမ်းလန်းစိုပြည်သော သဘာဝရှုခင်းများကို ငေးမောခံစား ရင်း လန်ကျူကျူနှင့် စကားစမြည် ပြောဆိုရသည်မှာလည်း ကျွန်နာကြည်နူးဖွယ်ကောင်းလှသည်။

အိုယန်စေမှာ မြင်းကိုစိုင်းနှင်ရင်း သူမ၏ဘဝကို ပြန်လည် သုံးသပ်နေမိသည်။ ယခင်က သူမသည် ရုပ်သေးရုပ် ကြိုးဆွဲ သည့်အတိုင်း လုပ်ခဲ့ရသည်။ ကိုယ်ပိုင်အတွေးအခေါ် ဆုံး ဖြတ်ချက်ဆို၍ မရှိခဲ့။ သူမစိတ်ထားများ ပြောင်းလဲလာပြီး လန်ကျူကျူနှင့် တွေ့ဆုံပြီးသည့်နောက်ပိုင်းတွင် သူမ၏ဘဝ သည် ပြောင်းလဲစပြုလာ၏။ ကိုယ်ပိုင်အတွေးအခေါ်နှင့် စိတ်ကူးစိတ်သန်းကလေးများကို လွတ်လပ်စွာ အသုံးချ နိုင်သည်။ မိမိကိုယ်မိမိ တန်ဖိုးရှိသော လူသားတစ်ယောက် အဖြစ် သတ်မှတ်လာနိုင်သဖြင့် ကျေနပ်လာသည်။

ထို့ပြင် ဇာဆုကြိုးကဲ့သို့ဖြစ်ခဲ့ပြီး တာ့ထုံမှ ထွက်ပြေး လာကတည်းက နောက်ပိုင်းတွင် လန်ကျူကျူ၏စိတ်သဘော



ထားကို ပိုမို သိနားလည်ခွင့် ရလာ၏။ မိမိ လူခွဲ မဟုတ် ကြောင်း သိနားလည်လိုက်ရသဖြင့် ကျိတ်၍သည်း ဝမ်းသာ ရသည်။ လန်ကျူကျူသည် သူမအပေါ် ခံယူချက်စွန့် ချစ်ခင် သော စိတ်ဓာတ်ရှိသည် မဟုတ်ပါလား။

လန်ကျူကျူ၏သိုင်းပညာသည် သူမထက် အဆင့်မြင့် ပေ၏။ ကိုယ်ဖော့ပညာတွင်သာ သူ့ကို မမီသေး။ သို့သော် သူသည် သူမကို ထားရစ်ခဲ့ခြင်း မရှိပေ။ သူမကို ကာကွယ် စောင့်ရှောက်ပေသည်။

အသားစိုသည့်အတူတူ အနာခံသည့် အတူတူ နေ အတူ ပူအတူ စိတ်ထားရှိခြင်းက ဝမ်းသာစရာ မဟုတ်ပါ လား။ လန်ကျူကျူတစ်ယောက်သည် ရက်ပိုင်းအတွင်း သူမ အပေါ် စောင့်ရှောက်ခဲ့သည်ကို တွေးပြီး လွန်စွာပီတိဖြစ်မိ၏။

“အဟင်း...ဟင်း...ဟင်း”

အိုယန်စေကား ရုတ်တရက်ရယ်မောလိုက်သည့်အတွက် လန် ကျူကျူစိတ်ထဲတွင် အထူးပင်အံ့အားသင့်သွားသည်။

“ဘယ်လိုဖြစ်နေတာလဲ အိုယန်စေ၊ ဘာကြောင့် ရယ် နေရတာလဲ”

လန်ကျူကျူက အိုယန်စေ၏ခံစားမှုကို နားမလည်သဖြင့် ခပ်ငေါက်ငေါက်ကလေး လှမ်းမေးလိုက်သော်။ အိုယန်စေ မျက်စောင်းကလေးထိုးမှ ထိုရယ်သံသည် သူ့အတွက်အန္တရာယ် မရှိသော ရယ်သံဖြစ်ကြောင်း လန်ကျူကျူ ရိပ်မိလေတော့ သည်။

★

# အခန်း (၁၁၅)

## ရန်သူ့နယ်မြေသို့

နှစ်ရက်နှင့်တစ်ည ကုန်လွန်ခဲ့ပြီ။ အိုယန်စေနှင့် လန်ကျုံကျူတို့မှာ ဟွန်ယောင်စန်းခံတောင်ကို ကျော်ဖြတ်ပြီး လျူ့အောင်တွန်းသို့ ရောက်ရှိလာကြ၏။

လျူ့အောင်တွန်း၏ တည်းခိုရိပ်သာတွင် အနားယူနေစဉ် အိုယန်စေမှာ ဘာမပြောညာမပြောနှင့် အခန်းအပြင်ဘက်သို့ ရုတ်တရက် ထွက်သွားခဲ့သည်။ တစ်ပတ်ခန့် လှည့်ပတ်ကြည့်ပြီးမှ အခန်းထဲသို့ ပြန်ဝင်လာကာ လန်ကျုံကျူအား မေး၏။

"အစ်ကို့...ခုနက ဘာသံကြားလိုက်မိသလဲ"

လန်ကျုံကျူ ခေါင်းယမ်းလိုက်သည်။ အိုယန်စေ၏ ရယ်သံက ဆက်တိုက်ထွက်ပေါ်နေ၏။ အတန်ကြာမှ လန်ကျုံကျူအား တိုးတိုးမှာကြား၏။



"အစ်ကို ဒီနေရာကနေ ဘယ်မှမသွားဘဲ ခဏ စောင့်နေနော်။ ခုနက ကျွန်မ နည်းနည်းထူးခြားတဲ့ အသံ တစ်သံကို ကြားလိုက်ရသလိုပဲ၊ ထွက်ကြည့်တော့လဲ ဘာမှ မမြင်ရဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ သတိထားပြီး သေ ချာကြည့်ပါနော်၊ ကျွန်မ အုန်းမောင်းသုံးချက်တီးလောက် ကျမှ ပြန်ရောက်နိုင်လိမ့်မယ်၊ စိတ်ပူမနေနဲ့"

လန်ကျုံကျူသည် အိုယန်စေတစ်ယောက်တည်း သွားမည်ဆိုသဖြင့် စိတ်ပူသွား၏။

"ဟင်....မင်းက ဘယ်ကိုသွားမလို့လဲ ဝေ၊ ကျုပ်လဲလိုက်မယ်လေ"

အိုယန်စေက လန်ကျုံကျူကို ပြုံးပြသည်။ ထို့နောက် ကြည့်ကြည့်ရှုရှုပင် ရှင်းပြသည်။

"မလိုက်ခဲ့ပါနဲ့၊ ဒီမှာပဲနေခဲ့စမ်းပါ၊ အဲဒီနေရာက အစ်ကို့ တို့ ယောကျ်ားလေးတွေ လိုက်ခဲ့လို့ ရတာမဟုတ်ဘူး၊ မိန်း ကလေးတွေပဲ သွားလို့ရတာ၊ ကျွန်မစကားကိုသာ နား ထောင်စမ်းပါ၊ အစ်ကိုပါ လိုက်ခဲ့လို့ရတဲ့နေရာဆိုရင် ကျွန်မ အစ်ကို့ကို ချန်ထားခဲ့ပါ့မလား"

လန်ကျုံကျူ ခေါင်းညိတ်ရတော့သည်။ အိုယန်စေ၏ စကား မှန်သည် မမှန်သည်ကိုတော့ သူမသိပါ။

"ကျုပ်က အလကားနေရင်း လိုက်ချင်နေတာမဟုတ်ပါ ဘူး၊ မင်းအတွက် အန္တရာယ်လေး ဘာလေးတွေ့ရင် ကူညီ တိုက်ခိုက်ပေးရအောင်လို့ပါ"

"ကျွန်မ ယုံကြည်ပါတယ်၊ အခြေအနေက မလိုအပ်သေး လို့ပါ"

လန်ကျူကျူ စိတ်ပျက်လက်ပျက် ပခုံးတွန့်လိုက်သည်။

"ကောင်းပါပြီတဲ့ဗျာ၊ ဒီကတိုင်းဆိုလဲ ကျုပ် အိမ်တော် အဖြစ်နဲ့ နေခဲ့ပါ့မယ်၊ ဒါပေမယ့် တောတောသွားပြီးမှ တော့ ခဏကလေးတော့ ပြန်လာခဲ့ပါကွယ်၊ နို့မို့ ကျုပ် စိတ်ပူ နေရလိမ့်မယ်"

လန်ကျူကျူ၏ ဝေတနာမှာ စကားအရေရော သပြုအပ္ပ အရပ် ပေါ်လွင်နေ၏။

အိုယန်ဝေက ချစ်စဖွယ် အခါင်းညိတ်ပြပြီးနောက် တည်း ခိုဆောင်မှ ထွက်ခွာသွားလေတော့၏။

အိုယန်ဝေသည် လန်ကျူကျူကို နှုတ်ဆက်ပြီး လျှို့ဝှက် တွန်းမထွက်တာ တေးဟိုစန်းတောင်ဆက်ဆီသို့ ဦးတည်ခဲ့၏။

ကိုယ်ဖော့ပညာ အစွမ်းကုန်သုံးကာ အလျင်အမြန် ပြေး လွှားလာခဲ့၏။

တေးဟိုစန်းတောင်ကို လွန်ခဲ့သောနှစ် အပိုင်းအခြားက အိုယန်ဝေ ရောက်ခဲ့ဖူးသည်။ သူ့အတွက် လမ်းပန်းအခြေ အထားများကို ကျွမ်းကျင်ရင်းနှီးခဲ့၏။

အစောင့်အကြပ်၊ ထောင်ချောက်များ တည်ရှိရာနေရာကို လည်း သိထား၏။ ထိုနေရာများကို ရှောင်တိမ်း လာခဲ့ရာ တောင်ထိပ်ဆီသို့ ခဏအတွင်းမှာပင် ရောက်ရှိလာ၏။



ဗွာနာချုပ်အနီးသို့ ရောက်သောအခါ စကားပြောသံသဲ့ သဲ့ကို သူ ကြားလိုက်ရသည်။ အမှောင်ထဲတွင် ငြိမ်သက် စွာ စောင့်နေလိုက်၏။

တစ်ခုံတစ်ယောက်က...

"တာဝယ်ပဲလား၊ လုပ်ကြံတွေ့ခေါ်တာတဲ့ သတင်းလား တော့ မသိဘူး၊ ညပိုင်းလောက်မှာ လုပ်ကြံမယ့်လူတွေ လာ မယ်ပြောကြတယ်၊ ဒါပေမယ့် ကြည့်ရတာ နည်းနည်းလေးမှ အရွန်းအစ သဲလွန်စဆိုတာကို မမြင်မိသေးဘူး"

အိုယန်ဝေ ဆက်လက် နားစွင့်နေလိုက်၏။

ထိုသူများ ဆက်ပြောနေသည့်အကြောင်းမှာ တစ္ဆေသရဲ များအကြောင်း ဖြစ်နေသဖြင့် ထိုသူများသည် သရဲတစ္ဆေကို ကြောက်၍ ယုံကြည်ကြသူများဖြစ်ကြောင်း သိခွင့်ရလိုက်ပေ သည်။

ထိုနှစ်ယောက် သရဲကြောက်တတ်ကြမှုန်း သိလိုက်သဖြင့် အိုယန်ဝေသည် သူတို့နှင့်တမင်နီးကပ်အောင်လျှောက်ပြီး သစ် ရွက်တချို့နှင့် မြက်ခြောက်အချို့ကို ခေါက်ပစ်လိုက်သည်။

ဝုစ်

သစ်ရွက်နှင့်မြက်ခြောက်တို့သည် ထိုသူနှစ်ယောက်၏လည် ပင်းကို ထိသွား၏။

ထိုနှစ်ယောက်မှာ ပိုးကောင်ကိုက်သည့်အထင်ဖြင့် တစ် ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ သက်ဖြေအဲ့ကြည့် လိုက်ရာ သစ်ရွက်နှင့်မြက်ခြောက်တို့ ဖြစ်နေသည်ကို တွေ့ လိုက်ရသဖြင့် ထိတ်လန့်သွားကြသည်။

သူတို့ထိုင်နေသော အခန်းထဲသို့ လေတိုက် ပါဘဲလျက် အအေးကြောင့် သစ်ရွက်နှင့်မြက်ခြောက်တို့ ရောက်ရှိလာ သည်ကို စဉ်းစားမရနိုင်အောင် ဖြစ်သွားကြသည်။

သူတို့သည် သရဲအကြောင်းကို ရုတ်တရက် စဉ်းစား လိုက်မိကြသောအခါ တုန်လှုပ်သွားကြလေသည်။

ထိုစဉ် အိုယန်စေက အခန်းထဲမှ မီးအိမ်၏မီးညွှန့်ကို ယိမ်းထိုး လှုပ်ရှားစေလိုက်သည့်အခါတွင်မူ မူလအခန်းထဲ၌ မနေရဲကြတော့ဘဲ ထွက်ပြေးသွားကြလေတော့သည်။

ထိုနှစ်ယောက်မှာ တောင်ပေါ်စခန်း၏ ဆင်းသမားများ ဖြစ်ကြပေသည်။ ထိုနှစ်ယောက် ဌာနချုပ်ဘက်ဆီသို့ ပြေး ထွက်သွားသည့်အခါ အိုယန်စေက အခွင့်အရေးကို လက် လွှတ် ဆုံးရှုံးမခံဘဲ မှောင်ရိပ်ထဲသို့ ခုန်ဝင်ပုန်းကွယ်လိုက် သည်။ မည်သို့ပင်ဖြစ်စေ သူမ သတိထားရမည်ကား အမှန် ပင် ဖြစ်တော့သည်။

သူမသည် အမှောင်ထဲ စမ်းတဝါးဝါးလျှောက်သွားနေရ ၏။ ကိုယ်ဖော့ကာ အိမ်ခေါင်မိုးပေါ်တက်လိုက်၊ သစ်ပင် များပေါ် ခုန်ကူးလိုက်ဖြင့် တောင်ပေါ်ဌာနချုပ်စခန်းဆီသို့ ခက်ခက်ခဲခဲရောက်အောင် သွားခဲ့ရပေသည်။

သူမ ထိုစခန်းကို တွေ့ရသောအခါ လွန်စွာ အံ့သြသွား ရသည်။ ယခင်နှစ်ပိုင်းက သူမ ရောက်ရှိခဲ့ဖူးသဖြင့် ဤနေရာ တစ်ဝိုက်ကို ကောင်းစွာ မှတ်မိနေ၏။ ယခင်က ဤနေရာတွင် ဘာမျှမရှိချေ။ ကျောက်တုံးကြီးများ၊ သစ်ပင်ပေါက်ကလေး များ အနည်းငယ်မှအပ မည်သည့် အဆောက်အအုံမျှ ရှိမနေ



ပေ။ တစ်နှစ်ကျော်ကာလအတွင်း ဤသို့ အပြောင်းအလဲကြီး ပြောင်းလဲသွားရသည်ကို သူမ လွန်စွာ အံ့သြနေရပေသည်။

တောင်ပေါ်တွင် စခန်းသုံးခုကို တသီ တတန်းကြီး ဆောက်လုပ်ထားသည်။ နောက်ထပ်ပေတစ်ရာခန့် အကွာတွင် လည်း အခန်းတစ်ခု ရှိနေသေးသည်။ ထိုနေရာများကို လေ့ လာဆန်းစစ်ရင်း အတိတ်ကအရိပ်များကို သူမ ပြန်လည် သတိရလာသည်။

ဤနေရာတွင် သူမ သိုင်းပညာကောင်းစွာ လေ့ကျင့်ခဲ့ ဖူးသည်။ ကျောက်တုံးကျောက်ခဲများကို လက်ဝါးဖြင့် ရိုက်ချ လေ့ကျင့်ဖူးသည်။ သစ်ပင်များကိုလည်း လက်ဝါးဖြင့် ရိုက်၊ ခြေဖြင့်ကန် စသဖြင့် အကြိမ်ကြိမ် လေ့ကျင့်ခဲ့ဖူး၏။ သူမ အတွေးလွန်နေစဉ် ရုတ်တရက် အသံတစ်သံကိုကြားလိုက်ရ သည်။ ပတ်ဝန်းကျင်ကို မျက်လုံးကစားလိုက်သည်။ ကိုယ်ဖော့ ကာ ရှေ့သို့တိုးကပ်ပြီး စခန်းအတွင်းသို့ ကြည့်လိုက်၏။ စခန်းထဲ၌ မီးရောင်နှင့်အတူ လူအချို့ရှိနေကြောင်း သူမ တွေ့လိုက်ရလေပြီ။

“ဪ....လက်စသတ်တော့ သူတို့က ဒီမှာရှိနေကြတာ ကိုး၊ ဒီလိုသာ စောစောကသိထားရင် ဒီလောက်အထိ ပင် ပန်းနေစရာမလိုပါဘူး။”

အိုယန်စေမှာ ထိုသူများကိုကြည့်ပြီး စိတ်ထဲက ကျိတ်၍ ရေရွတ်လိုက်မိသည်။ ထိုစဉ်မှာပင် ထိုလူလေးယောက်မှာ ရုတ်တရက်ပြိုင်တူ မတ်တတ်ထရပ်လိုက်ကြပြီးလျှင် ဂါရဝ ပြုနေကြသေး၏။

ထိုလူများ၏ လှုပ်ရှားမှုများက အိုယန်ဓေအတွက် လှို့ဝှက်ချက်တစ်ရပ်ဖြစ်သွားသည်။ အဘယ်ကြောင့် ထိုလူများ ဝါရိုးမြူကြသနည်း။

တစ်နေ့သောအကြိမ်တွင် ဝိတ်ထားသော တံခါးမှ လူရှိုးယောက် ထွက်လာကြပြန်သည်။ ရှေ့မှလူမှာ အသက် ငါးဆယ်ခန့်ရှိပြီး အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါး၊ ဝဲဘက်ဆံထိုးမှာ အမျှမရှိဘဲ ပြောင်ပြောင်နေ၏။ ထိုလူကိုမြင်ရုံနှင့် အိုယန်ဓေ ကောင်းစွာ မှတ်မိလိုက်သည်။ နန်းတွင်းတွင် ရှိခဲ့ဖူးသော အမတ်တစ်ယောက် ဖြစ်ပေသည်။

ကျော့ဘက်လက်မည်း အဖြစ် အမည်ကျော်ကြားသော နန်းတွင်းသူ အလောင်းများများမှ ....သူ၏ စော်ကားမှု၊ ခြောက်လှန့်မှုကို ကောင်းစွာ ခံစားခဲ့ကြရဖူးသည်။ အိုယန်ဓေမှာ ထိုသူ၏သတင်းကို ကြားဖူးထားသဖြင့် မြင်ရုံနှင့်ပင် သတိရနေပေသည်။ နောက်တစ်ယောက်ကို ကြည့်လိုက်ပြန်သည်။ ကျော့ဘက်လက်မည်း၏ မညီ့ညောင်အင်ကို ဖြစ်ရပြန်သည်။

"ခြေ...ဒါကြောင့်မို့လို့ မုဆိုးမ နေတာစန်းဆူ၊ ခေတ်ခန်းလန့်နဲ့ မောင်ရင်ရှုပ်တို့က သူ့ကို ဒီလောက်အထိ ဖော်အခြေ ပေးနေကြတာကိုး"

အိုယန်ဓေမှာ ကြည့်ရင်းကြည့်ရင်း ဒေါသထွက်လာ၏။ သူမသည် အခန်းတွင်းသို့ ခုန်ဝင်ရောက်လိုက်သည်။

မောင်ရင်ရှုပ်တို့မှာ အခန်းထဲသို့ လူရိပ်တစ်ရိပ် ဖျတ်ခနဲ ကျရောက်လာသဖြင့် အံ့အားသင့်သွား၏။ တဲအထဲမှ ကျော့ဘက်



လက်မည်းက ချက်ချင်းထိုင်ရာမှ လှည့်ကာ လက်တစ်ဖက်ကို ရှေ့ယမ်းလျက် ထိုင်ခုံမှ ထလိုက်သည်။ အိုယန်ဓေမှာ ကြိုတင်ပြင်ဆင်မှုရှိထားပြီးဖြစ်၍ လွယ်ကူစွာပင် ရှောင်တိမ်းလိုက်သည်။

"ကိုယ်ရဲ့ဘော်ဘော်ကြီးရယ်၊ ဒီလောက်အထိ အကြိတ်အနယ် လုပ်နေစရာမလိုပါဘူး"

ကျော့ဘက်လက်မည်း အံ့အားသင့်သွား၏။ အိုယန်ဓေ၏ ရယ်သံစွက်နေသောစကားကို ကြားလိုက်ရသော အခါတွင်ကား မိန်းမ ထိုက်ဆိုတာမျာမျာဖြစ်သွားသည်။ မျက်လုံးများကို မှေးစင်းရုပ်သိမ်းလိုက်ပြီး အသေအချာ တစ်ချက်စိုက်ကြည့် လိုက်၏။

"အိုယန်ဓေဆိုတာ မင်းမျိုးလား၊ ခင်မျိုးက ခင်မျိုး ဆရာနဲ့အတူ တာဝန်ထိုး၍ လိုက်သွားတယ် မဟုတ်ဘူးလား။ ဘယ်လိုကနေဘယ်လို ဒီကို ရောက်လာရတာလဲ"

အိုယန်ဓေ သဘောကျစွာ ပြုံးရယ်လိုက်၏။

"ကိုယ်ရဲ့ဘော်ကြီးက ဘာကြောင့်ပဲ ရဲစရာမဖြစ်တာတာ ကိုးနော်၊ ရှင်က ခုနမြည်တော့မှာ ကျေးရာစ်သူရင်ကို ကာကွယ် စောင့်ရှောက်နေရတာမဟုတ်လား။ ဘယ်လိုကနေဘယ်လို ဒီကိုရောက်နေရတာလဲ"

အိုယန်ဓေ သူ့စကားနှင့်သူ ပြန်ပြောလိုက်သည်။

ကျော့ဘက်လက်မည်း စကားမပြောနိုင်အောင် ဖြစ်သွားရလေတော့သည်။

★

## အခန်း (၁၁၆)

### ထောင်ဝေါ်စခန်းသို့ ထိုးဖောက်ခြင်း

အိုယန်စေ ပေါ့ပေါ့ပါးပါးပင် ရယ်လိုက်သည်။ ထို့နောက် ကျောက်လက်မည်း နံဘေးမှလူကို စေ့စေ့စပ်စပ် ကြည့်လိုက်ပြီးလျှင်—

"ကိုယ်ရံတော်ကြီး၊ ရှင်နဲ့ပညာသင်ဖက် ညီအစ်ကိုတွေက ဘာဖြစ်လို့ ဒီမှာလာဆုံနေကြတာလဲ၊ ကြုံမှ ကြုံတတ်ပါလေတယ်ရှင်၊ သူတို့ ဘယ်သူတွေများပါလိမ့်၊ ကျွန်မတို့ မိတ်ဆက် မပေးနိုင်ဘူးလား"

ရယ်ရယ်မောမော ပြောနေသော အိုယန်စေ၏ ကိုယ်ရံတော်ကြီးက ရမ္မက်ဆိုးဝေဝေသော မျက်လုံးများဖြင့် စိုက်ကြည့်လိုက်သည်။ သူ့မျက်လုံးများက အိုယန်စေ၏ တစ်ကိုယ်လုံးကို ထက်အောက်စုန်ဆန် သုံးသပ်ကြည့်ရှုနေသည်။ အိုယန်စေ ပြောသည့်စကားများကိုမကြား။ အိုယန်စေ၏ ခန္ဓာကိုယ်ကို သာ မျက်လုံးဖြင့် သုံးသပ်ကြည့်နေသည်။

သူ၏ ပညာသင်ဖက် ညီဖြစ်သူကသာ ဝင်ပြော၏။

"အို...ဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့၊ ဒါတွေဟာ ကျုပ်တို့လူတွေချည်းပါပဲ"

ပြောပြောဆိုဆိုပင် မစ်ရင်ရှုပ်တို့နှင့် မိတ်ဆက်ပေး၏။ အိုယန်စေက သူတို့အနေနှင့် သံသယမေးခွန်းများ မမေးရအောင် စကားကို အချင်မပြတ် လျှောက်ပြောသည်။ မေးခွန်းများလည်း တသီတတန်းကြီး လျှောက်မေးနေခဲ့သည်။

"ကျွန်မမှတ်မိသလောက်ပြောရရင် ပြီးခဲ့တဲ့ လပိုင်းတွေလောက်တုန်းက ဒီနေရာကို တခြားသူ တစ်ယောက်က ဆိုင်စီး လွှမ်းမိုးသွားခဲ့တယ် အဲဒီလူတွေ အခု ဘယ်ရောက်သွားပြီလဲ၊ ထွက်ပြေးကုန်ကြပြီလား"

ကိုယ်ရံတော်ကြီး ကျောက်လက်မည်းမှာ သခုမှပင် အသက်ဝင်လာသလို စကားပြောဆိုခြင်း ပြု၏။

"အဲဒီလူတွေကို ခင်ဗျားသိလို့လား"

အိုယန်စေ ခေါင်းညိတ်ပြလိုက်၏။

"သိရုံတင်ဘယ်ကမလဲ၊ ကျွန်မတို့အတွက် သုံးဖို့ခွဲဖို့ဆိုပြီး ငွေသားတွေတောင် ပေးသွားခဲ့သေးတယ်၊ အခု ကျွန်မ မိတ်ဆွေတစ်ယောက် နေထိုင်မကောင်းဖြစ်တာ ငွေလိုနေလို့ သူတို့ကို လာရှာတာ၊ အခုလို အပြောင်းအလဲ ဖြစ်သွားမယ်လို့ မထင်မိဘူးလေ"

ကိုယ်ရံတော်ကြီးက အိုယန်စေကို အကဲခတ်သောအကြည့်ဖြင့်သာ စူးစိုက်ကြည့်နေသည်။ ဘာမျှမပြော။ အိုယန်စေ သူ့ဘာသာသူပင် ဆက်ပြောနေသည်။

"အခုရှိ အပြောင်းအလဲဖြစ်သွားတာလဲ ဆိုပြီး ကောင်း မကြည့်ရဲ နှလုံးဖြန့်ကျရင် ကျွန်မမိတ်ဆွေကို ဒီမှာ ကောင်း ကောင်း အနားယူဖို့ ခေါ်လာခဲ့မယ်၊ သူတစ်ပါးဆီမှာ အားယူ ဆေးကုတာထက်စာရင် ဒီမှာက ပိုကောင်းတာ ပေါ့၊ မသကာ ကျွန်မထွက်သွားဦး ... ပြုစုမယ့်လူမရှိမှာ ထိုး စိုးရိမ်မယူနဲ့ရတော့ဘူး၊ ဘယ်လိုလဲ ကိုယ်ရဲ့တော်ကြီး၊ ကျွန်မတို့မိတ်ဆွေကို ဒီနေရာခေါ်လာပြီး အနားယူခိုင်းတာကို ရှင်သဘောနဲ့ မကန့်ကွက်ပါဘူးနော်"

ကိုယ်ရဲ့တော်ကြီးမှာ အိုယန်ဝေ၏ သွက်လက်ချက်ချာပုံ၊ လှပချောမောပုံ၊ မျက်နှာခပေးတို့ကို ကြည့်ပြီး စိတ်ထဲ၌ ကျိတ်၍ အံ့ဩသွားမိသည်။ သူ့အတွက် သားကောင် တစ်ကောင် ပေးပြီးသည့်ပြင် ထွက်ဆလိုက်သည်။ ထိုမျှသာမက အိုယန်ဝေ က နောက်ထပ် အမဲကောင်တစ်ယောက်ကို ခေါ်လာဦးမည် ဆိုသောအခါ ပြောဖွယ်ရာမရှိတော့ပေ။ မည်သို့ပင်ဖြစ်စေ အိုယန်ဝေမှာ မိန်းမသားတစ်ယောက်ဖြစ်သဖြင့် သူမ၏ မိတ် ဆွေသည်လည်း မုချ မိန်းကလေးတစ်ယောက်ပင် ဖြစ်ရမည် ဟု သူတွက်ဆလိုက်သည်။

"ကောင်းသားပဲ၊ ကိုယ့်လူအချင်းချင်းတွေဆိုတော့ စိတ်ချရတာပေါ့၊ ခေါ်လာခဲ့ပါ၊ ဒီမှာ အနားယူမယ့်သူကို မကန့် ကွက်ပါဘူး၊ သွားခဲ့ရင် ပြုစုမယ့်သူမရှိတာမျိုးနဲ့ တော်ကြာ ရောဂါသည်းလာပါဦးမယ်၊ ဒီကိုမြန်မြန်သာခေါ်လာခဲ့ပါ"

ကိုယ်ရဲ့တော်ကြီးကား စေတနာမေတ္တာ ရေစီးကမ်းပြိုလျက် နေသတည်း။



အိုယန်ဝေက အားလုံးကို ကျေးဇူးတင်စကား ပြောဆို နှုတ်ဆက်ပြီး ဟောဟိုဝန်း တောင်ပေါ်မှ ဆင်းသွားလေ တော့၏။

အိုယန်ဝေထွက်သွားပြီးနောက် ယန်ကျုံကျူမှာ အိပ် ခန်းထဲတွင် တစ်ယောက်တည်း နေမထိုင်မသာဖြစ်နေ၏။ အချိန်မောင်းခေါက်သံ နှစ်ချက်တီးသောအခါ ဝနာခံမငြိမ် ဖြစ်သော်လည်း သုံးချက်တီးလျှင်မူ လူမှာ ထိုင်လိုက်ထလိုက် လူးလှိမ့်လျှောက်လိုက်နှင့် မတည်ငြိမ်၊ ဘာလုပ်၍ ဘာကိုင်ရ မှန်း မသိသည့် လူတစ်ယောက်လို ပျာယာခတ်လာ၏။ လေး ချက်တီးသည့်တိုင် အိုယန်ဝေ ပြန်မလာသေးပေ။

ယန်ကျုံကျူ စိတ်ပူလာသည်။ သူသည် တည်းခိုဆောင် ထဲ၌ အငြိမ်မနေနိုင်တော့ဘဲ ခေါက်တုံ့ခေါက်ပြန် လမ်း လျှောက်နေရတော့ပြီ။

သူအပြင်ထွက်လိုက်ချင်ကြံပါသော်လည်း မည်သည့်နေရာ သို့ လိုက်ရမှန်း မသိ၊ မည်သို့ သွားရမှန်းမသိ ဖြစ်နေသလော်။ ထို့ပြင် အိုယန်ဝေက သူ့အား အပြင်ထွက် မလျှောက်ရန် သတိပေးသွားချက်ကိုလည်း ပြန်လည် သတိရမိသည်။ ထို့ ကြောင့် အပြင်ထွက်မည့် စိတ်ကူးများ ပျောက်ပြားသွားရပြန် သည်။

အကယ်၍ အိုယန်ဝေ ပြန်ရောက်ပြီး သူ့ကို ရှာမတွေ့ပါ က အိုယန်ဝေ စိတ်ပူရဦးမည်၊ သို့သော် ချက်ချင်း အကြံ ရပြီး စာတစ်စောင် ဝတောင် စာရေးတော့သည်။ ကျူးကျူးဆွ

ထွေကား မပါပါ။ အိုယန်စေ ပြန်လာပါက ဤနေရာမှ စောင့်ရန်သာ ဖြစ်ပါသည်။

သူ အပြင်ဘက်သို့ ရောက်သည့်အချိန်တွင် လူရိပ်တစ်ရိပ် ဖြေးလွှားလာသည်ကို ဖျတ်ခနဲ တွေ့လိုက်ရ၏။ ထိုလူရိပ်မှာ အိုယန်စေဖြစ်ဖို့ များစေသည်။ ထို့ကြောင့် သူသည် နံရံထောင့် တစ်နေရာတွင် အလျင်အမြန် ပုန်းကွယ်နေလိုက်လေတော့သည်။

အိုယန်စေသည် အခန်းထဲသို့ ပေါ့ပေါ့ သွက်လက်စွာ ရောက်ရှိလာခဲ့သည်။ ရောက်ရောက်ချင်းပင် ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုသည်။ လန်ကျူကျူကို မတွေ့ရသဖြင့် သူမ စိတ်ပူသွား၏။ တစ်ခန်းလုံး လှည့်ပတ်ရှာဖွေရာ စားပွဲပေါ်မှ စာရွက်ကို တွေ့လိုက်ရသဖြင့် ကမန်းကတန်း ကောက်ဖတ်ကြည့်မိသည်။ ထိုအခါ အိုယန်စေမျက်နှာကလေး အိုသွားလေတော့၏။

“ဘယ်လိုလုပ်မလဲ၊ ဒုက္ခပဲ၊ သူ ငါ့ကိုသွားရှာတာ ကျိန်းသေ ဖြစ်ရမယ်၊ ငါ ဘယ်သွားတယ်ဆိုတာ သူ သိမှ မသိတဲ့ ဘယ်လိုလုပ်ပြီး ရှာလို့ရမှာတဲ့လဲ၊ ရန်သူနဲ့ ဝင်တိုးမိရင်တော့ ဒုက္ခပါပဲ၊ ဘုရား...ဘုရား...သူ့အာမှ မဖြစ်ပါစေနဲ့”

အိုယန်စေ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိ၏။

“မဖြစ်ဘူး မဖြစ်ဘူး ဒီအတိုင်းနေလို့မဖြစ်ပါဘူး၊ သူ့ကို ငါကိုယ်တိုင် လိုက်ရှာဦးမှ ဖြစ်မှာပါ”

ပြောပြောဆိုဆိုပင် အိမ်ခန်းထဲမှ လှည့်ထွက်လိုက်၏။



ထိုအခါကျမှ လန်ကျူကျူနှင့်မျက်နှာချင်းဆိုင် ဝင်တိုးမိတော့သည်။

“အိုယန်စေ၊ ဘာကြောင့် အခုမှ ပြန်လာရတာလဲ၊ ကျုပ်မှာဖြင့် စိတ်ပူလိုက်ရတာ၊ အခု ဘယ်ကိုထပ်သွားဦးမလို့လဲ”

လန်ကျူကျူ ပုန်းအောင်းနေခဲ့သည်ကို အိုယန်စေမသိပေ။ လန်ကျူကျူတစ်ယောက် အခုမှ အပြင်မှပြန်ရောက်လာသည်ဟုပင် ထင်မှတ်မိသည်။

“ဪ...ရှင်က ပြောရတယ် ရှိသေးလား၊ ဒီနေရာမှာ ကျွန်မကို စောင့်နေပါ၊ လျှောက်မသွားပါနဲ့လို့ ပြောထားလျက်နဲ့ များ၊ အခုတော့ ရှင့်ကိုတောင်မှ ကျွန်မက ပြန်ပြီး စောင့်နေရသေးတယ်၊ ကျွန်မ မေးရမှာတို့ ရှင်က အရင် မေးတယ်၊ ဟုတ်...ဟုတ်နေသေးတော့၊ တရားခံက အရင် ဦးအောင် အမှုဖွင့်တယ်ဆိုတာ ဒါမျိုးပဲ”

အိုယန်စေက ကတ်ထက်လန်အောင် ရန်တွေ့လေတော့၏။ ထိုအခါ လန်ကျူကျူက တဟားဟား ရယ်လေတော့သည်။

“ဟား...ဟား၊ မင်းက ကျုပ်ကိုစောင့်တယ် ဟုတ်လား၊ ကျုပ်ရေးထားတဲ့စာတောင်မှ မင်းမြောက်သေးရဲ့လား ဆိုတာလဲ ကြည့်ပါဦး၊ မင်းကိုကျုပ်က ဘယ်လောက်အထိ စောင့်နေခဲ့ရသလဲ၊ ပြောတဲ့အချိန်အတိုင်း ပြန်ရောက်မလာလို့ ကျုပ် ဘယ်လောက်အထိ စိတ်ပူခဲ့ရသလဲဆိုတာကော မင်း သိရဲ့လား၊ အခု ကျုပ်ကို နည်းနည်းလောက်လေး စောင့်ရ

ဘာကြောင့် မင်းဘယ်သူ့လောက် စိတ်ပင်ပန်းနေရသလဲ၊ အိုး
မောင်းသုံးချက်တီးကျော်အောင် အိပ်စက်ရတဲ့ဒုက္ခကိုများ မင်း
နည်းနည်းလောက် မှန်းဆမကြည့်မိဘူးလား''

အိုယန်ဝေ ကျေကျေနပ်နပ် ငိုရယ်လိုက်မိ၏။ ထို့နောက် ဈေးဟိုစန်းတောင်ပေါ်သို့ မိမိသွားရောက်ကာ သတင်း စုံစမ်းခဲ့ရသည့် အဖြစ်အပျက်များကို လန်ကျုံကျုံအား ပြော ပြလေတော့၏။ လန်ကျုံကျုံအား ဖျားနာနေသည့် လူနာ တစ်ယောက်အဖြစ် ဟန်ဆောင်ပြီး ဈေးဟိုစန်းတောင်ပေါ်သို့ တက်မည်။ ထို့နောက်ဆင့် ကိုယ်ရုံဆော်ကြီးတို့လူစုကို သုတ် သင် ရှင်းလင်းပစ်မည် စသည်ဖြင့် ရှင်းလင်း ပြောပြလေ တော့၏။

ကိုယ်ရုံဆော်ကြီး သိုအခ်ကိုနှစ်ယောက်ဟူ အိုယန်ဝေ ပြောပြောပြောနေသဖြင့် လန်ကျုံကျုံမှာ စိတ်ထဲတွင် သိလို ဆန္ဒပြင်းပြလာသည်။

''ကိုယ်ရုံဆော်ကြီးဆိုတာက ဘယ်သူလဲ၊ သူ့ပညာသင် ဖက် ညီအစ်ကိုတွေဆိုတာကတော့ ဘယ်သူတွေလဲ၊ သူတို့ရဲ့ သိုင်းပညာ အဆင့်အတန်းကကော ဘယ်လောက်ရှိသလဲ''

အိုယန်ဝေက ပြုံးလိုက်၏။

''ကျွန်မ တကယ်ပဲ မေ့သွားတယ်၊ ကြည့်စမ်း....စိတ်က သိပ်ဝေဝါးနေမိတာဘဲ။ ကိုယ်ရုံဆော်ကြီးရဲ့ တခြားတွဲ နာမည်က လပ်လျှိုကျန်းစုလို့ခေါ်တယ်၊ နန်းတွင်း ကိုယ်ရံ ဆော်တင်ဖွဲ့ကပေါ့၊ သူ့ညီအစ်ကိုတော် နာမည်ကတော့ ဝမ်းတီမ်းမာလို့ခေါ်တယ်၊ ဖုံမင်ဆောက်လို့လဲ တချို့က



သိကြတယ်၊ သူတို့ကိုတွေ့ရင် ဘယ်တော့မှ သူတို့ရဲ့ တွဲနာမည် တွေကို မခေါ်မိစေနဲ့နော်၊ ခေါ်မိလို့လဲလိုက်ရင်တော့ ရှင် ယောက်ျားသားဘူး ဖြစ်သွားလိမ့်မယ်''

လန်ကျုံကျုံ မောင်းညီတုံပြုလိုက်၏။

ထို့နောက် လူမမာဟန်ဆောင်ရတော့သည်။ လန်ကျုံ ကျုံသည် လူစင်ထဲမှ ရုပ်ပြောင်းရုပ်လွှဲပညာကို သင်ယူထား ခဲ့သူဖြစ်၍ မျက်နှာတစ်ပြင်လုံး မွဲခြောက်အောင် ပြု ပြင်ခြင်းဖြင့် မကျန်းမာသည့် လူနာတစ်ယောက်အသွင် ရုပ် ပြောင်းသည်။

နောက်တစ်နေ့မိုးလင်းသည်နှင့် အိုယန်ဝေနှင့်အတူ စောင် ခရီးထွက်တော့သည်။ တောင်တက်လမ်းတစ်လျှောက်လုံးတွင် လပ်လျှိုကျန်းစု၏ ကြိုတင်ခွင့်ပြုထားချက်ကြောင့် အဝစိ အခြား အတားအဆီးမရှိ တောင်ပေါ်သို့ ရောက်ရှိလာလေ တော့သည်။

လပ်လျှိုကျန်းစုသည် အိုယန်ဝေနှင့် အခြားမိန်းကလေး တစ်ယောက် ရောက်လာမည်ဆိုသဖြင့် မျှော်လင့်တကြီး စောင့်စားနေရာမှ တောင်ထိပ်ပေါ်သို့ ရောက်လာသော လန် ကျုံကျုံ၏ မွဲခြောက်ခြောက် မျက်နှာကို မြင်တွေ့ရသော အခါ အကြီးအကျယ် စိတ်ပျက်သွားလေတော့သည်။ မျှော် လင့်ချက် ပျက်သွားသဖြင့် အိုယန်ဝေ အပေါ်တွင် စိတ်ဆိုးသွား မိလေတော့သည်။

သူတို့ ဈေးဟိုစန်းတောင်ပေါ်သို့ နေ့ခင်းဘက်အချိန်၌ ရောက်ရှိလာခဲ့ကြ၏။ သူတို့ရောက်ပြီး မကြာခင်မှာပင် ပေး

ထားခဲ့သောအခန်းသို့ လူလတ်ပိုင်းအရွယ် လူတစ်ယောက်က အစာရေစာ လာပို့သလို အကြောင်းပြပြီး အခန်းထဲသို့ ရောက်လာ၏။ အခန်းထဲသို့ ရောက်လာသည်နှင့် လန်ကျုံ့ကျူ အား တီးတိုးလေသံဖြင့်—

"ဆရာလေး လန်ကျုံ့ကျူ၊ ခင်ဗျား ဘယ်လိုလုပ်ပြီး ဒီသို့ ရောက်လာရတာလဲ"

တအံ့တသြမေးလိုက်၏။ လန်ကျုံ့ကျူ ထိုအမေးကြောင့် အကြီးအကျယ် တုန်လှုပ်သွားရလေတော့သည်။

★

## အခန်း (၁၁၃)

### တိုက်ခွဲ တူသည်

လန်ကျုံ့ကျူ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ အကြီးအကျယ် မျက်နှာပျက်သွားသည်။ တံခါးပေါက်ကို ကိုယ်ဖြင့် ပိတ်ဆို့ကာ ထိုသူ၏ ထွက်ပေါက်ကို ပိတ်ထားရင်း လေသံ ဖိနှိမ့်၊ ဒေါသစွက်သော လေသံဖြင့် မေး၏။

"ခင်ဗျား ဘယ်သူလဲ ပြောစမ်း"

ထိုသူက စိတ်ပူပန်သော မျက်လုံးများဖြင့် စတ်စန်းကျော်လို ကျိုးကန်းတောင်းမှောက် ကြည့်လိုက်ပြီး—

"ဆရာလေးလန်၊ ကျေးဇူးပြုပြီး စကားတို့ ကျယ်ကျယ် မပြောပါနဲ့ဗျာ၊ ကျွန်တော်တို့မှာ အရေးကြီးတဲ့ကိစ္စ ပြောစရာရှိလို့ပါ"

ထိုသူ၏ ပုံစံက ဤတောင်ပေါ်စခန်းမှ မတွေ့ဘူးသည့် မျက်ကလဲ့ဆန်ပုံရှိလှသဖြင့် လန်ကျုံ့ကျူ အနည်းငယ် စိတ်လက် ပေါ့ပါးသွား၏။

လန်ကျုံ့ကျူက…

"တာကိစ္စများပါလိမ့်မျာ၊ ပြောစရာရှိတာကို ပြောပါ"

"ကျွန်တော်က ဆရာကြီးလိုဘင်ဆင့်ဆီမှာ စားဖိုမှူးလုပ်ခဲ့ဖူးပါတယ်၊ နောက်တော့ ဆရာကြီးကို အဆိပ်ခတ်တဲ့အပြစ် ကျူးလွန်မိခဲ့ပါတယ်၊ ဆရာကြီးလိုဘ ကျွန်တော့်ကို မသတ်ဘဲ အသက်ကို ချမ်းသာခွင့်ပေးခဲ့ဖူးပါတယ်၊ ခုနက ကျွန်တော် ကြည့်မိလို့ကံရှိုရဲ့ ခင်ဗျားကို ဆရာလေးလန်ကျုံ့ကျူပဲ ဆိုတာကို မှတ်မိသိရှိလိုက်တယ်"

လန်ကျုံ့ကျူ ခေါင်းညိတ်လိုက်သည်။ ယခုမှပင် စားဖိုမှူး၏ရုပ်ထွေ့ ပြန်၍ ပုံဖမ်းမိတော့သည်။ စားဖိုမှူးမှာ အရေးကြီးသော အစီအစဉ်အပိုင်းသို့ ရောက်လာ၍ သားမသိ၊ စကားသံကို တိုးနိုင်သမျှ တိုးပစ်လိုက်သည်။

"တောစောတုန်းက ကျွန်တော် သတင်းတစ်ခု ကြားခဲ့ရတယ်၊ အဲဒါကတော့ ခင်ဗျားကို ကျုပ်အမြင် နောက်ထပ်တစ်ယောက်သိနေတာပဲ၊ အဲဒီလူနာမည်က ရှမ်းမော်စိမ်းလို့ ခေါ်တယ်၊ ဓမ်တိုက်ရှင်းရဲ့ လူယုံတော် တစ်ယောက်ပေါ့၊ အခု ခင်ဗျားအကြောင်းကို ဖွင့်ဟဖို့ စိမ်းတိမ်းမာဆီ ကို သွားပြီး အကြောင်းကြားနေတယ်၊ ခင်ဗျားအတွက် ကြိုတင် ပြင်ဆင်မှုရှိအောင် လာပြောရတာပါပဲ၊ ကျွန်တော် သွားလိုက်ဦးမယ်၊ ဆရာကြီးလိုဘင်ဆင့်ကိုတွေ့ရင် ကျွန်တော်က သူ့ကိုသာ ကျန်းမာကြောင်းမေးတဲ့အကြောင်း စကားလက်ဆောင်ပါးလိုက်ပါပါ"



စားဖိုမှူးသည် စကားဆုံးသည်နှင့် လှစ်ခနဲထွက်ပြေးသွားလေတော့သည်။ စားဖိုမှူး၏စကား အမှန်တကယ်ပင်ဖြစ်လေသလား၊ လီဆယ်ပြောကြားသော စကားများလောသားဆိုသည်ကို လန်ကျုံ့ကျူ အောင်းစွာ မခွဲခြားတတ်ပေ။ အိုယန့်စေပြန်ရောက်သော အခါတွင်ကား စားဖိုမှူး ပြောခဲ့သမျှတို့ကို သူမအား တစ်လုံးမကျန် ပြန်ပြောပြလိုက်သည်။

အိုယန့်စေမှာ ထိုစကားကိုကြားလိုက်ရလျှင် အံ့ဩ ထိတ်လန့်သွား၏။ တစ်ခဏမျှ စဉ်းစားပြီးနောက်…

"အင်း—ဘယ်တတ်နိုင်မလဲလေ၊ ဖြစ်လာမှတော့ ဘယ်သူ့ကို အပြစ်တင်လို့ရတော့မှာလဲ၊ ကျွန်မစိတ်ထင်ပြောရရင်တော့ စားဖိုမှူးရဲ့စကားကို ယုံရမလိုပဲ၊ ကဲ—အစ်ကို ဘယ်မှလျှောက်ထွက်မသွားနဲ့ဦး၊ အခန်းထဲမှာသာ သတိနဲ့နေ၊ ကျွန်မသွားလိုက်ဦးမယ်၊ ချက်ချင်းပဲ ပြန်လာခဲ့မယ်"

သူမသည် အခန်းထဲမှ လှစ်ခနဲထွက်သွား၏။ ထွက်သွားပြီး မကြာခင်မှာပင် ရုတ်ရုတ်သဲသဲ ဆူသံညံသံများကို လန်ကျုံ့ကျူ ကြားရသည်။ လန်ကျုံ့ကျူ အသင့်ပြင်ထားရသည်။ သူမမှာဟန် ဆောင်သားသူဖြစ်၍ အပြင်သို့ မားမားမတ်မတ် မထွက်ရဲပေ။

မကြာမီ အိုယန့်စေ အခန်းထဲသို့ ပြန်ရောက်လာခဲ့သည်။ မျက်နှာပေါ်တွင် ဒေါသအရိပ်အယောင်များ လွှမ်းမိုးနေ၏။ လန်ကျုံ့ကျူ မမေးမီခင် အိုယန့်စေက တိုးတိုးရှင်းပြလေ၏။

"ရှမ်းမော်စိမ်းဆိုတဲ့လူကို ကျွန်မ ရှင်းလိုက်ပြီ၊ စိမ်းတိမ်းမာတို့ စညာသင်ဖက် ညီအစ်ကိုတွေ မရှိကြဘူး၊ တောင်

အောက်ထို့ ဆင်းသွားကြတယ်၊ ရှင် ဦးမှာ စေးအေးအေး ဆေးနေဦးနော်၊ လပ်ကျို ကျန်းစူးတို့ ပြန် လာ ခဲ့ သည့်တိုင် အောင် လှုပ်လို့မရအောင် ကျွန်မ ရှင်းစရာရှိတာလေးတွေ ရှင်းလေးဦးမယ်၊ လူတို့နဲ့ ကျွန်မ ထိုက်ခိုက်နေပြီဆိုတဲ့ တိုက်ပွဲ တွေကြားမှ ရှင်ထွက်လာပြီး ကူညီတိုက်ခိုက်လှည့်နော်''

လန်ကျုံ ကျူ ခေါင်းညိတ်လိုက်၏၊ သူ ဘာပြောရော ယုံ ဆေးသနည်း၊ အစစအရာရာ အိုယန်ဝေက ဦးဆောင်ဖြေရှင်း နေသည် မဟုတ်ပါလော၊ မည်သို့ဖြစ်စေ...

ယခုအခြေအနေကား အေးဆေးဆေးဆေး အခြေအနေ မဟုတ်တော့ပေ၊ ထစ်ခနဲဖြစ်သည်နှင့် ဓားထုတ်ရမည့်အခြေ အနေ ဖြစ်လာပေပြီ။

လန်ကျုံ ကျူသည် ငတ်ပီရိယဖြင့် နားစွင့်နေ၏၊ အိုယန် ဝေ၏ အစွမ်းသတ္တိကို ယုံကြည်သော်လည်း ရန်သူ နယ်မြေ တွင်းဖြစ်၍ စိုးရိမ်မှုတော့ရှိပေသည်၊ ထိုစဉ် အိုယန်ဝေ၏ အော်သံ ထွက်ပေါ်လာလေ၏။

''ဖိုယ်ရဲတော်ကြီး၊ ဘယ်မှာလဲ၊ သူနဲ့ မျက်နှာချင်းဆိုင် တွေ့ပြီး ဆွေးနွေးချင်တယ်၊ သူက ဘယ်လို စိတ်ထားရှိလို့ ကိုကောင်က ကျွန်မကို လာခေါ် ကားရ တာ လဲ၊ ဒီမှာ ကျွန်မတို့ကို နေရာမပေးနိုင်ရင်လဲ ကိုယ့်ဘာသာဘို့ယ် နေရာ သစ် တစ်ခုနေရာကို ရှာယူမယ်၊ ကျွန်မ မလာခင်ကတည်းက ဖိုယ်ရဲတော်ကြီးကို ပြောပြီးသားပါ၊ သူကိုယ်တိုင် ကျွန်မတို့ရဲ့ လာခဲ့ဖို့ ဖိတ်ခေါ်လိုက်တာပဲ၊ ကျွန်မတို့က ကြိုတင်မပြောဘဲ အခုမှ ဒီကိုလာပြီး ဒုးခထောက်ခအဘင်းပန်နေတာမဟုတ်ဘူး၊



ကျွန်မကို သူဘာ လာပြီး အနိုင်ကျင့်တယ်၊ ဒါကြောင့် ခုတ် ယောက် ဘားလောသမ်အောင် ဆုံးမပေးလိုက်တယ်၊ ကဲ... ဘယ်သူက ဒီကိစ္စနဲ့ပတ်သက်ပြီး မကျေနပ်ဘူးလဲ ပြောပါ''

သူမ၏ ရန်စွယ်ခေါ်ခေါ် ပြောလိုက်သော စကားသံ၏ အဆုံးတွင် အခြားလူရှည်ပိုင်း ယောကျ်ား တစ် ယောက် ၏ အသံကို လန်ကျုံ ကျူ ကြားလိုက်ရပြန်သည်၊

''အိုယန်ဝေ...ခင်ဗျားစကားက တကယ်ပဲ မှန်ပါတယ်၊ ခင်ဗျားတို့ကို လာခဲ့ဖို့ ဖိုယ်ရဲတော်ကြီးက ဝမ်းမန်းဘာသာ ဖိတ်ခေါ်ခဲ့တယ်ဆိုတာလဲ ဟုတ်ပါတယ်၊ သူပြောတဲ့ စကား တွေကိုလဲ ကျွန်တော် ကြားခဲ့ပါတယ်၊ ဒါပေမယ့်...''

ထိုသူက စကားကို ခေတ္တဖြတ်လိုက်၏၊

အိုယန်ဝေ၏ စိတ်မရှည်စွာပြောလိုက်သံ ထွက်ပေါ်လာ သည်၊

''ဒါပေမယ့် ဘာဖြစ်သလဲ ပြောပါ''

''ကျွန်တော်က စကားကို ပွင့်ပွင့်လင်းလင်း ပြတ်ပြတ် သားသားပြောတတ်လို့ ခွင့်လွှတ်ပါ၊ ဒီနေရာမှာ ခင်ဗျားဟာ ဧည့်သည်တစ်ယောက် ဖြစ်နေပါတယ်၊ အိမ်ရှင်တစ်ယောက် မဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ရှမ်းမော်စီမ်းက ခင်ဗျားတို့ မဟုတ်မဟတ်တွေ လုပ်ခဲ့သည့်တိုင်အောင် ခင်ဗျား အနေနဲ့ သူ့ကို သတ်ဖြတ်ဆုံးမဖို့ မသင့်ပါဘူး၊ သူမှားတဲ့ အချက် အလက်တွေကို ကိုယ်ရဲတော်ကြီးကို ပြောပြသင့်ပါတယ်၊ ကိုယ်ရဲတော်ကြီးကသာလျှင် သူ့ကို ဆုံးမ အပြစ်ပေးလိုက် ပါတယ်၊ ဘယ်လျှင့်ဝတ်အရပဲဖြစ်ဖြစ် ဧည့်သည်က အိမ်ရှင်

ကို မစော်ကားဘူးလို့ အဆိုရှိပါတယ်၊ အခုတော့ ခင်ဗျားရဲ့ ရှုပ်ရပ်ဟာ တရားလွန်သွားပြီလို့ ကျွန်တော်ပြောပါရစေ”

အိုယန်စေက အေးတိအေးစက် ရယ်လိုက်သည်။

“ရှင်က ဒီလိုဘက်လိုက်ပြီး ပြောနေတယ်၊ နာကျင် မခံ မရပ်နိုင်ဖြစ်ပြီး ပြောနေတယ်ဆိုကတည်းက ရှင်ဟာ သူ့ရဲ့ တစ်ဖွဲ့တည်း တစ်သွေးတည်းဆိုတာ ထင်ရှားပါတယ်၊ ကျွန်မ က လူတကာရဲ့ အနိုင်ကျင့်တာကို ခံနေရတဲ့သူ ဖြစ်မနေဘူးလား၊ ကျွန်မက အစော်ကားခံထားပြီးမှ အဆုံးအဖြတ် ခံယူဖို့ ထိုင်ရဲတော်ကြီးကို စောင့်နေရမှာတဲ့လား၊ ရှင့်အမေ ရှင့်နှမတွေ ဒီလို အစော်ကားခံရရင်တော့ ရှင်က ဒီလိုပဲ စောင့်ခိုင်းမှာပဲလား”

သူမသည် ပြောပြောဆိုဆိုဖြင့် လက်ဝါးရိုက်ချက်တစ်ချက် ထပ်လိုက်လေ၏။

“ဝုန်း”

သူမရှေ့ရှိ စားပွဲမှာ ကျိုးပဲ့လွင့်စဉ်သွားသည်။ သူမ၏ ကြမ်းတမ်းသော အပြုအမူကြောင့် မုဆိုးမလေး အုပ်စုသည် လွန်စွာ ဒေါသဖြစ်သွားကြသည်။

မော်ရင်ရှုပ်က....

“ဒီမှာ အိုယန်စေ၊ မင်းကို ကျုပ်တို့ ကြောက်နေကြတယ်လို့များ ထင်နေသလား၊ မင်းက တကယ်ပဲ သတ္တိရှိပြီး စိန်ခေါ်လာခဲ့ပြီဆိုရင်တော့ ကျုပ်တို့က အသင့်ပါပဲ”



အိုယန်စေမှာ သူ့စကားဆုံးသည်နှင့် ကိုယ်ကို ဆန့်ထုတ်လိုက်၏။ ထိုနောက် မော်ရင်ရှုပ်၏ နားရင်းနှစ်ဖက်ကို ရိုက်ချလိုက်၏။

“ဖြန်း”

မော်ရင်ရှုပ် နောက်သို့ဆုတ်သွား[illegible]တော့စန်းလန်နှင့် ကော့စန်းဆူတို့နှစ်ယောက်မှာ ဆရာဖြစ်သူအစော်ကားခံလိုက်ရသဖြင့် လွန်စွာ ဒေါသထွက်သွား၏။ ဓားရှည်များကို ရွှမ်းခနဲထုတ်ကာ အိုယန်စေအား ဘယ် ညာ နှစ်ဖက် ညှပ်လျက် တိုက်ခိုက်ကြတော့သည်။ မုဆိုးမလေးသည် မနေသာတော့ချေ။ သူ၏ သံဂေါ်ဓားရှည်ကို ဆွဲထုတ်ကာ တရွှမ်းရွှမ်း ဝှေ့ယမ်းလျက် ကူညီတိုက်ခိုက်လာသည်။

အိုယန်စေကား ပကတိ တည်တည်ငြိမ်ငြိမ်ပင် ရှိ၏။ မည်သည့်လက်နက်မျှ ထုတ်ခြင်းမရှိ၊ လက်နှစ်ဖက်နှင့် ကိုယ်ဖော့ပညာကိုသာ အသုံးပြု တိုက်ခိုက်သည်။

ဓားရောင်များ တလက်လက် တရိပ်ရိပ်ကြားတွင် အိုယန်စေမှာ ခုန်ချည်ပျံချည် ကူးချည်သန်းချည်ဖြင့် ရှောင်တိမ်း တိုက်ခိုက်နေလေ၏။ လိပ်ပြာကလေးတစ်ကောင် လှုပ်ရှား ပျံသန်းနေသည်နှင့် လွန်စွာတူလှ၏။ ပေါ့ပါးဖျတ်လတ်လွန်းလှသဖြင့် ရန်သူများ၏ မျက်စိထဲ၌ ရိပ်ခနဲရိပ်ခနဲ ဖြစ်နေတော့သည်။ တိုက်ကွက်နှစ်ဆယ် မတိုင်ခင်မှာပင် သူမ၏လက်ဝါးသည် မော်ရင်ရှုပ်၏ ရင်ဝဆီသို့ ဝင်သွားခဲ့လေတော့သည်။

“ဝုန်း”

“အား”

ပေစ်ရင်ဖြူပိ လွင့်စဉ်သွား၏၊ တံခါးကို လူး ပွင့်ထသွား သည်။ သို့သော် ယမရပ်နိုင်သေး၊ ဝေါခနဲ ဓားတစ်ချက် ထိုးအန်ကာ အသက်ပျောက်သွားလေတော့သတည်း။

မုဆိုးမသော တွဲခံ ကျွန်းကြည့်ရာမှာ ထိုမြင်ကွင်းကို မြင် ရသည်နှင့် အကြီးအကျယ် တုန်လှုပ်သွားသည်။ တစ်ဖက် ရန်သူမှာ မိမိတို့၏ မြိုင်ဘက်မှ ယူလာကြောင်း ကောင်းစွာ နားလည်သွား၏။ ထို့ကြောင့် လက်ချောင်း ထွက် ပြေး ရန် တန့်ပြင်လိုက်၏။ သို့သော် နောက်ကျခဲ့လေပြီ၊ အိုယန်ဝေက သမ်းစွန်ငှက် တစ်ကောင်ပမာ ပျံဝဲလူးလာလျက် လက်ဝါး ရိုးဓါးချက်တစ်ချက် ထုတ်လိုက်သည်။

"ဝုန်း"

အိုယန်ဝေ၏ လက်ဝါးရိုက်ချက် အမိအရ လှိုက်ရသည့် သူ့ ထယ်ဘက်လက် တစ်ခုလုံး တွဲလဲကျသွား၏။ တိုက်ပွဲတွင် ကော့စန်းလန်နှင့် တော့ဝန်းဆူတို့ နှစ်ယောက်သာ ကျန်ရှိ တော့သည်။ သူတို့အနေနှင့် ရန်သူကို မည်သို့မျှ ရင်ဆိုင်နိုင် စွမ်း မရှိတော့ပေ။ ထိတ်လန့်တုန်လှုပ်ခြင်း ကြီးစိုးလာသော အခါ တိုက်ကွက်များ အလွဲလွဲအချော်ချော် ဖြစ်ကုန်တော့၏။

မကြာမြင့်မီအချိန်မှာပင် အိုယန်ဝေ လက်တွင်း၌ အသက် ပေတော့မည် ဖြစ်ကြောင်း သူတို့ သိလာ၏။ သို့သော် သူတို့ အားတက်စရာ အော်ပေါက်သံသည် မဆိုင်းနှင့်အတူ ကျယ်လောင်စွာ လွင့်ပျံလာလေတော့သည်။

"မအောက်တန်းစား၊ သူတစ်ပါးပြောတဲ့စကားကို သာ က နားထောင်ဖို့ ကျုပ် မယုံခဲ့ဘူး၊ မင်းတို့ဘီလို ကျေး



တန်းလိမ့်မယ်ကို ဘယ်သူက ယင်ခဲ့မိမှာလဲ၊ ယောက်ျား ချို ချင်တာနဲ့ သာရာလုပ်တဲ့သူကိုတော့ အားခံသတဲ့လား၊ မင်းမှာ ရှိသမျှ အစွမ်းအစတွေအကုန်ထုတ်လိုက်စမ်း၊ ဒီတောင်ပေါ် ကနေ လွတ်အောင် ထွက်ပြေးနိုင်သလား၊ မထွက်ပြေးနိုင်ဘူး လားဆိုတာ ကြည့်ရအောင်"

စကားသံနှင့်အတူ လူရိပ်ပါ ရောက်လာ၏။ တစ်ဆက် တည်းပင် ပေါက်နတ်များ၏ မဲ့ထုတ်ထိုးခွဲသံကလည်း ကျယ် လောင်စွာ ပေါ်ထွက်လာသည်။ အခြေအနေကား ပြောင်း လဲသွားပေပြီ။ အိုယန်ဝေမှာ ကြည့်ရင်းမှပင် ရင်ထဲတွင် ထိတ်သွား၏။ ရောက်ရှိလာသူ နှစ်ယောက်ကား ထပ်လျှို ကျွန်းစူးနှင့် စိမ်းဘမ်းမေတို့ပင်တည်း။

စိမ်းဘမ်းမေက ဓားရှည်တစ်လက်ကို အသုံးပြု တိုက်ခိုက် ၏။ သူ့ ဓားရောင်က ငွေခြည်အလင်းတန်း ထိုးပဲ့ရိုပ် သွယ် ဖြာကာ အိုယန်ဝေ၏ အရေးကြီးသော သေကြောင်းသေကွက် များဆီသို့ အခါကာလ ရွေးချယ်တိုက်ခိုက်၏။

အိုယန်ဝေက တိုက်ကွက် နှစ်ကွက်မျှ ရှောင်တိမ်း နေခဲ့ကာ ထုတ်မဖော်လိုက်ပြီးမှ ခါးတွင်ပတ်ထားသော ခါးပတ်ရှည်ကို ဖြေချ ဆွဲယူလိုက်သည်။

"ရွှီး"

ခဏချင်း တစ်ချက် ရှေ့ ယမ်းလိုက်ရာ ခါးကြိုးသည် မြွေတစ်ကောင်ကဲ့သို့ လှုန့်လူးထွက်သွားသည်။ နှစ်ကွက်ခန့် တိုက်ခိုက်လိုက်သည်နှင့် ကော့စန်းလန်နှင့် တော့ဝန်းဆူတို့ နှစ်ယောက်မှာ ထိတ်လန့်တကြား အော်ဟစ်လိုက်ကြ၏။

“အား”

သူတို့နှစ်ယောက်လက်ထဲတွင် လက်နက်များ မရှိတော့။ မေသနှစ်လက်က အိုယန်ဝေ၏ ခါးပတ်ရှည်ကြောင့် လက်လွှင်းမှ လွှတ်ထွက်သွားရလေပြီ။ နှစ်ယောက်သား ထိတ်ထိတ်လန့်လန့် ဖြစ်နေကြလေပြီ။

ကောဇဝန်းလန်းတို့ ညီအစ်ကိုနှစ်ယောက်ကား တိုက်ပွဲစည်းဝိုင်းအပြင်သို့ ထွက်လိုက်ရပြီဖြစ်၏။ ဓားရှည်တစ်ချောင်းကို ရှသဖွယ်ဆောင်ပြီး နံဘေးမှ ရပ်ကြည့်နေကြရတော့သည်။ လပ်လျို့ကျန်းစုံးမှာ တိုက်ပွဲက်သုံးဆယ်ခန့် ကိုက်ခိုက်ပြီးသည်နှင့် ဘေးမှရပ်ကြည့်နေသူများကို အော်ဟစ် သတိပေးလေတော့၏။

“ကောဇဝန်းလန်း၊ မင်းတို့ ဟိုရောဂါသည်ကိုအမြန်ဆုံးသွားရှာကြစမ်း၊ မင်းတို့ရဲ့ ကလန်ကဆန်လုပ်ရင် တစ်ခါတည်း ခေါင်းကိုသာ ဖြတ်ချခဲ့ကြ”

ကောဇဝန်းလန်းတို့ ညီအစ်ကိုနှစ်ယောက်မှာ ထိုအခါကျမှ ရောဂါသည်ကို သတိရတော့သည်။ သူတို့၏ဆရာ မော်ရင်ရှုပ်အတွက် လန်ကျူကျူကို ဓားလဲ့ ခါးမြောပစ်ရမည် မဟုတ်ပါလား။ ထိုသူနှစ်ယောက် ဝမ်းသာအားရ ပြေးထွက်သွားကြသည်ကိုကြည့်ပြီး လပ်လျို့ကျန်းစုံး အိုယန်ဝေအား လှောင်ပြောင် ပြောဆိုလေတော့၏။

“အိုယန်ဝေ၊ ဟိုကိုလာန ရောဂါသည်က မင်းကောင်လား၊ ဟဲ—ဟဲ၊ သူ့အတွက် အသက်ရှည်စရာလမ်း မရှိတော့ဘူး၊ မင်းအသက် ငယ်ငယ်ရွယ်ရွယ်လေးနဲ့ လောကကြီးမှာ



ဘယ်လိုဆက်ပြီး နေမလဲ၊ မင်းအတွက် ကိုယ့်အမှား ကိုယ်ပြင်နိုင်မယ်ဆိုရင် အချိန်တွေ နောက်မကျသေးပါဘူး၊ ဒီညမှ မဖျော်ရင်တော့ မင်းရဲ့ရောဂါသည်ကြီးနဲ့ အတူ...”

“အား”

ဝူးရှကျယ်လောင်စွာ မှအော်ဟစ်သံတစ်သံကို တိုက်ခိုက်နေရာမှ ကြားလိုက်ကြရသည်။ စကားပြတ်သွားသော လပ်လျို့ကျန်းစုက တဟားဟားရယ်ကာ ဆက်လက်ပြောဆိုလေသည်။

“ဟား...ဟား...ဟား...အိုယန်ဝေ၊ အခုအချိန်ကစပြီး မင်းဟာ မုဆိုးမလေး ဖြစ်ပြီ၊ မင်းလို မုဆိုးမလေး တစ်ယောက် ရှေ့ခရီးဆက် ဘယ်လိုနေသွားမလဲ၊ ဟဲ...ဟဲ...ဟဲ”

အိုယန်ဝေ ဒေါသထွက်သွား၏။ လပ်လျို့ကျန်းစုံးက စည်းမဲ့ကမ်းမဲ့ စကား ပြောနေသည်မဟုတ်ပါလား။ သူမက ဖျတ်ခနဲကြည့်လိုက်သဖြင့် မုဆိုးမလေးဖြစ်ရသွားသူ ကျန်းကြည့်ပေါ်မှာ အနေရခက်သလိုဖြစ်သွား၏။ သို့သော် သူသည် ကူခြေဆည်ပြီး လပ်လျို့ကျန်းစုံး၏ စကားကို ဆက်ထောက်ပေးသည်။

“မုဆိုးမလေး၊ မင်းတို့ လပ်လျို့ကျန်းစုံးက ရှေ့ဆက် ဘယ်လိုနေသွားမလဲလို့ မေးနေတာ ကြားလား၊ သူမိဝ်ပေးတာကို မင်း နာခံလိုက်ပါ၊ ရှေ့ဆက်ပြီး ဒုက္ခရောက်ချင်ရင် သူ ပြောသလိုသာ လုပ်ပေတော့”

သူသည် ပြောရင်း အိုယန်ဝေကို ဝင်ရောက်တိုက်ခိုက်လေတော့၏။

အိုယာန်ဝေမှာ ကောဇာစန်းသန်းတို့ ညီအစ်ကိုနှစ်ယောက်ကို နှင့် ထိတ်ခိုက်ပြီး ဖြစ်သဖြင့် သူတို့နှစ်ယောက်၏ အစာကို ကောင်းစွာ သိသည်။ သူတို့နှစ်ယောက်ပေါင်း တိုက်ခိုက် သည့်တိုင် လန်ကျူကျူကို အနိုင်တိုက်ခိုက်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် လယ်ကျိုကျန်းစု ပြောနေသည့် စကားများကို စိတ်ထဲတွင် မည်သို့မျှ မခံစားရပေ။

ထို့ကြောင့် အောင်သံထွက်လာသည်နှင့် ကောဇာစန်းလျံး တို့ညီအစ်ကိုနှစ်ယောက်အနက် တစ်ယောက်ယောက် ထိခိုက် အကျအရှ ရသွားပြီကို နားလည်သည်။ လယ်ကျိုကျန်းစုနှင့် မုဆိုး မလေး တွဲခံ ကျန်းကြည်ပေါ်တို့သာ အားမှန်းညာမှန်း မရိပ်မိ ဘဲ သူတို့လူနှစ်ယောက် အနိုင်ရပြီ ထင်နေကြခြင်း ဖြစ်ပေ သည်။

"အား"

နောက်ဆက် ခုန်ကျယ်လာခဲ့သော အောင်ဟစ်သံတစ်သံ က ထွက်၍ လာပြန်သည်။

အိုယာန်ဝေ လှောင်ရယ် ရယ်လိုက်ရင်းမှ...

"လယ်ကျိုကျန်းစု... ဘယ်နှယ်လဲ၊ ရှင် အခု ကြားပြီ မဟုတ်လား၊ ရှင့်မိတ်ဆွေက ရှင့်ကို လှမ်းခေါ်နေပြီလေ၊ သူတို့နဲ့အမြန် လိုက်သွားဖို့ ပြင်ပေတော့"

"ဩ"

ပြောရင်းမှပင် လက်ညှိုး လှုပ်ယမ်းလိုက်၏။ ခါးပတ်ရှည် က တွန့်လိမ်ခွေသော ကြာ မုဆိုးမလေးထံသို့ တိုးဝင်သွား ပြီး လက်ကို ရစ်ပတ်လိုက်သည်။ ထို့နောက် အိုယာန်ဝေ



ဆောင့်ဆွဲလိုက်ရာ မုဆိုးမလေးတွဲခံ ကျန်းကြည်ပေါ်မှာ အလိမ့်လိမ့်အဆင်းသွားရလေတော့၏။

အိုယာန်ဝေမှာ ရန်သူရှေ့ တိုက်ခိုက်ရင်း လန်ကျူကျူတို့ ဘက်သို့ အာရုံရောက်နေပေသည်။ မုဆိုးမလေးရှေ့ လွှင့်ထွက် သွားအောင် တိုက်ခိုက်နိုင်ခဲ့သော်လည်း သူမ၏အတွေးသည် တိုက်ပွဲထဲရှိ မနေချေ။ လန်ကျူကျူတစ်ယောက် ကောဇာစန်း လန်းတို့ ညီအစ်ကိုနှစ်ယောက်တွေ့ အနိုင်တိုက်ခိုက်ခဲ့ပြီးလျှင် သူမထံသို့ မချွေး ယာရောက်ကူညီ တိုက်ခိုက်ရပေမည်။ အဘယ်ကြောင့် ရောက်မလာသနည်း။

သူမ တွေးနေဆဲမှာပင် အပြင်ဘက်ဆီမှ အော် ဟစ်သံ ဆက်တိုက်ချင်း ထိစတ်သံတို့က ပိုမိုများပြားကျယ် လောင်လာသည်။ လန်ကျူကျူကလည်း ရောက်မလာသေး။ အိုယာန်ဝေ စိတ်ပူစ ပြုလာလေပြီ။

အိုယာန်ဝေမှာ လန်ကျူကျူ၏ သိုင်းပညာ အဆင့်အတန်း ကို ကောင်းစွာ သိတော်ပေါက်၏။ သာမန်သိုင်းသမား ဆယ်ယောက် ဆယ့်ငါးယောက်ခန့် ဝိုင်းဝန်းတိုက်ခိုက်သည် ကို လန်ကျူကျူ ဂရုစိုက်၊ အလွယ်တကူ ထွင်းဖောက်ထွက် လာနိုင်မည်မှာ မလွဲပေ။ ဤမျှ အချိန်ကြာနေပါလျက် ဖောက် ထွက်မလာနိုင်ခြင်းက လန်ကျူကျူ ရင်ဆိုင်နေရသည့် သိုင်း သမားသည် သာမန်သိုင်းသမားမဟုတ်ကြောင်း သက်သေပြ သလို ရှိနေသည်။

လန်ကျူကျူကို မည်သည့် ထိပ်တန်းဆိုင်းသမားကမျှ ထိန်းချုပ်ထားသလဲ၊ ထိုသူကို လန်ကျူကျူ ယှဉ်ပြိုင်နိုင်ပါ့မလား။ အိုယန်ဝေ စိတ်ထဲ၌ ဆေးလ်သွားရသည်။

အိုယန်ဝေ အတွေးလွန်သွားသဖြင့်ပင် စိမ်းတိမ်းမာ၏ ဓားဦးက သူမထံသို့ လျှပ်တစ်ပြက် ထိုးဝင်လာတော့သည်။ သူမ ရှောင်တိမ်းလိုက်သော်လည်း လုံးဝလွတ်အောင် မရှောင်နိုင်လိုက်ပေ။ စိမ်းတိမ်းမာ၏ ဓားဦးက သူမ၏ အပေါ်အင်္ကျီကို တစ်လွှာမခန့် ထိုးခွဲသွားလေတော့သည်။

'ဖြဲ'

အပေါ်အင်္ကျီပြဲသွားသဖြင့် အတွင်းခံအင်္ကျီ ပေါ်လာသည်။ ထိုအခါ အိုယန်ဝေ ဒေါသကြောင့် ကဆတ်ဆတ်တုန်သွားရတော့သည်။

မျက်နှာပြင်တစ်ပြင်လုံးလည်း ရှက်စိတ်ကြောင့် စန်းရောင် လွှမ်းသွားရလေတော့သည်။

★

## အခန်း (၁၁၈)

### အထိနာသူများ

အိုယန်ဝေ၏အင်္ကျီ ပေါ်သွားသဖြင့် ဇပ်လျှို ကျန်းစူး၏ မျက်လုံး ပြူးကျယ်သွား၏။ သဘောကျ အူမြူးသွားပြီး တခွိခွိ ရယ်လိုက်လေတော့၏။ ထို့နောက် လှောင်ပြောင်သည်။

''အိုယန်ခဝေ၊ ရွှေခင်းကြောင်တောင်ကြီးတောင်မှ မင်း ဒီလောက် အရှက်မဲ့တာ မလွန်လွန်းဘူးလားကွာ၊ အင်း... မင်း ဒီလို ယုတ်မာပက်စက်လို့လဲ ဟိုကောင် ရောဂါသည် ဂိလာန ဖြစ်နေမှာပဲ''

အိုယန်ဝေ၏ဒေါသသည် အထွတ်အထိပ်သို့ ရောက်သွားတော့သည်။ သူမ၏ အပြင်းထန်ဆုံး တိုက်ကွက်များသည်...

''ဝှစ်....ဝှစ်...ဝှစ်''

''ဝှီး''

ခါးပတ်ရှည် ဝေ့ယမ်းသံနှင့် လက်ဝါး ရိုက်သံများ ချောက်ချားဖွယ်ရာ ထွက်ပေါ်လာသည်။ လင်းလျှိုကျွန်းစူးနှင့် စိမ်းတိမ်းမာတို့ နောက်ဆုတ်ပေးလိုက်ကြရသည်။

အိုယန်စေသည် ဓားရိပ်များ ယွက်ဖြာအောင် တိုက်ခိုက်ပြီး ခါးပတ်ရှည်ဖြင့် ရုတ်တရက် သိမ်းရုပ်လိုက်၏။ ခန္ဓာကိုယ် တစ်ခြမ်းစောင်းကာ နောက်မကျောဘက်သို့ လက်ကို ခပ်ဖြန်း ဖြန်း ခပ်ဆတ်ဆတ်လေး လှည့်ချလိုက်သည်။

"ရွှီး"

ခါးပတ်ရှည်က လင်းလျှိုကျွန်းစူး၏ ညာလက်ဆီသို့ ရိုင်ခနဲ ထွက်သွား၏။ လင်းလျှိုကျွန်းစူးအား မြေကြီးနှင့် တိုက်ရိုက် အသေသတ်ပစ်လိုက်မည်ဟု စိတ်ကူးပြီး ယိုသို့ လှုပ်ရှားခြင်း ဖြစ်သည်။ သို့သော် လင်းလျှိုကျွန်းစူးကား တိုက်ပွဲ အတွေ့အကြုံ ရင့်ကျက်သည့် ပါးနပ်လိမ္မာသူလည်း ဖြစ်လေသည်။

အိုယန်စေတစ်ယောက် ခါးပတ်ရှည်ကို လှုပ်ရှားခိုက်မှာပင် သူမ၏အကြံအစည်ကို ရိပ်မိ၏။ ထို့ကြောင့် အတွင်းအားသုံးကာ လေထဲတွင် ကျွမ်းအကြိမ်ကြိမ် အထပ်ထပ်ထိုးလိုက်ပြီး အဆောက်အအုံ ခေါင်မိုးပေါ်သို့ ရောက်ရှိသွားလေတော့သည်။

လင်းလျှိုကျွန်းစူးမှာ အိမ်ခေါင်မိုးပေါ်တွင် ရပ်နေရင်း အောက်သို့ ငုံ့ကြည့်ပြီး ကျယ်လောင်စွာ အော်တော့သည်။



"ကောင်းတယ်ဟေ့...ကောင်းတယ်၊ ဒီကောင့်ကို ထုရိုက် သတ်ပစ်စမ်း၊ ဒီကောင့်ကို အရှင်မထားနဲ့၊ အစိတ်စိတ် အမြွာမြွာဖြစ်အောင် ခုတ်သတ်လိုက်စမ်းဟေ့"

ရှူ့အော်သံနှင့် အပြင်ဘက်မှ အော်သံများက အိုယန်စေ၏ နှလုံးသားကို ချွန်ထက် စူးရှသော မြှားတံများဖြင့် တစ်ချက်ပြီးတစ်ချက် ထိုးစိုက်လိုက်သကဲ့သို့ နာကျင်စွာ ခံစားလိုက်ရလေသည်။ အပြင်ဘက်တွင် အခြေအနေ မည်သို့မည်ပုံ ဖြစ်နေခဲ့သည်ကို သူမ မမြင် မတွေ့ရသော်လည်း လန်ကျူကျူ တစ်ယောက် အပြင်းအထန် တိုက်ခိုက်ရင်ဆိုင်နေရပြီဟု နားလည်လိုက်မိသည်။

လင်းလျှိုကျွန်းစူး၏စကားကို အပြည့်အဝ မယုံကြည်ရသော်လည်း လုံးဝမတုံ့ပြန်နိုင်မှာလည်း ယူဆ၍မရ၊ ထို့ကြောင့် သူမအနေနှင့် လန်ကျူကျူ၏ အခြေအနေမှန်ကို သိလိုလာသည်။ စိမ်းတိမ်းမာနှင့် တိုက်ခိုက်လိုစိတ်ပင် မရှိတော့ပေ။ စိမ်းတိမ်းမာ၏ ဓားချက်ကို ရှောင်တိမ်းလိုက်ပြီးလျှင် အပြင်သို့ ခုန်ထွက်လိုက်၏။

သို့သော် စိမ်းတိမ်းမာက အလွတ်မပေး။ တိုက်ကွက်များ တရစပ်ထုတ်လျက် အိုယန်စေကို ထိန်းချုပ်ထားနိုင်ရန် ကြိုးစားသည်။ အိုယန်စေသည် သူမအား ထိန်းချုပ်ရန် ကြိုးစားသည့် စိမ်းတိမ်းမာကို ဒေါသထွက်သွားသည်။

"ခြေသြော်...ရှင်က တကယ့်ကို သေချင်နေပြီကိုး"

ဟုအော်ပြောပြီးသည်နှင့် တိုက်ကွက်များ အစွမ်းကုန် ထုတ်ဖော်တိုက်ခိုက်၏။ ခါးပတ်ရှည်ဝေ့ယမ်းသံ တရွှီးရွှီး

ပေါ်လာသည်။ အောက်ခါးရိုက်ယံများကလည်း တဝုန်းဝုန်း လှိုင်းသနေ၏။ စိမ်းတိမ်းမာမှာ မျက်လုံးထဲတွင် ရောင်စဉ်များ သာ လက်ပြာနေပြီး အိုယန်ဝေတွင် ဤမျှ ထက်မြက်သော ရိုက်ကွက်များ ရှိနေလိမ့်မည်ဟု မထင်မှတ်ခဲ့။

အံ့ဩမှင်တက်ခြင်းတို့ ကြီးစိုးနေသဖြင့် အိုယန်ဝေအား မြန်လည် တိုက်စစ်မဆင်နိုင်တော့ပေ။ အိုယန်ဝေ ကိုထိန်းချုပ် ထားရန် ကြိုးစားခဲ့ရာမှ အသေအလဲ ခုခံနေရတော့သည်။ အိုယန်ဝေ၏ လှုပ်ရှားမှုများမှာ မြန်ဆန်လှသဖြင့် ခါးပတ် ရိုင်နှင့် လက်ခါးရိုက်ပုံ သူ့မျက်လုံးထဲ မသဲကွဲတော့ပေ။ တဖြည်းဖြည်း နောက်ဆုတ်ရင်း နောက်ဆုတ်ရင်းနှင့် ချောင် ပိတ်မိသွားတော့သည်။ နောက်သို့ တင်ဆုပ်ရော သူ့အတွက် နေရာ မရှိတော့ချေ။

လပ်လျှိုကျန်းစူးမှာ အိမ်ခေါင်မိုးပေါ်မှ ထိုအခြေအနေ ကို မြင်လိုက်ရသောအခါ လွန်စွာ ထိတ်လန့်တုန်လှုပ်သွား သည်။ စိမ်းတိမ်းမာမှာ အခြေအနေ မကောင်းတော့ပြီဖြစ်၍ အောက်သို့ ခုန်ချကာ စိမ်းတိမ်းမာကို ကူညီရန် ဟန်ပြင်လိုက် သည်။ ထိုစဉ်မှာပင် အိုယန်ဝေ၏ ခါးပတ်ရှည်က စိမ်းတိမ်း မာ၏ ဓားရှည်ကို ဆွဲယူလွှင့်ပစ်လိုက်ပြီး သူမ၏လက်ချောင်း ကလေးများကလည်း စိမ်းတိမ်းမာ၏ သွေးကြောကို ထိုးပိတ် ပြီး ဖြစ်နေတော့သည်။

“အု”

အိုယန်ဝေက ပျော့ခွေ ကျသွားသော စိမ်းတိမ်းမာကို ဆွဲယူလိုက်၏။ တစ်ဆက်တည်းပင် နောက်မှ ခုန်ဝင်တိုက်ခိုက်



လာသော လပ်လျှိုကျန်းစူး၏ တိုက်ကွက်ကို စိမ်းတိမ်းမာနှင့် ပ်ကိုက်တွေ့ဆုံ ရင်ဆိုင်ပေးလိုက်တော့သည်။

“အို”

လပ်လျှိုကျန်းစူး အကြီးအကျယ် ထိတ်လန့် ချောက်ချား သွားသည်။ တိုက်ပွဲအတွေ့အကြုံ များပြား ရင့်ကျက်သူဖြစ်၍ သူ့တိုက်ကွက်ကို ကမန်းကတန်း ရုပ်သိမ်းလိုက်ရသည်။ ကံ ကောင်း ထောက်မသဖြင့် သူ၏ဂိုဏ်းတူညီကို သူ့လက်ချက် ဖြင့် မသတ်မိခြင်း ဖြစ်တော့သည်။

လပ်လျှိုကျန်းစူးမှာ လွန်စွာ ရင်ထိတ်သွားရသည်။

အိုယန်ဝေက လပ်လျှိုကျန်းစူး ထိတ်လန့်ပြီး နောက်သို့ ဆုတ်လိုက်စဉ်မှာပင် ကိုယ်ဖော့ကာ ခုန်ထွက်လိုက်ပြီး လန် ကျုံကျု တိုက်ခိုက်နေရာသို့ ထိုးဖောက်ဝင်ရောက်လိုက်သည်။ လပ်လျှိုကျန်းစူးမှာ မည်သို့မျှ မတားနိုင်တော့ပေ။ သူ၏ ဂိုဏ်းတူညီ စိမ်းတိမ်းမာဟစ်ယောက် အိုယန်ဝေ၏လက်ထဲ တွင် အချုပ်အနှောင် ခံနေရပြီမဟုတ်ပါလား။

လန်ကျုံကျုထံသို့ ဘိုးရှဲဝင်သွားစဉ် ရန်သူများက အိုယန် ဝေအား ဝိုင်းဝန်းဆီးခုတ်ကြသည်။ ထိုအခါ အိုယန်ဝေက စိမ်းတိမ်းမာအား ဒိုင်းသဖွယ် ထိုးခံထားသည်။

လပ်လျှိုကျန်းစူးသည် ထိုအဖြစ်ကို မကြည့်ရက်သဖြင့် အိုယန်ဝေနောက်သို့ ပြေးလိုက်ပြီး အော် ဟစ် လိုက် လေ တော့၏။

“ကောင်မစုတ်....ခင်က ငါ့ညီကို လုပ်ကြံရဲဘယ်ဆိုတော့ ငါ့နှ မင်း အသက်ရှင်လျက်နဲ့ တောင်အောက်ကို ဆင်းသွား

နိုင်ခဲ့ရင် ဘယ်တော့မှ ကိုယ်ရဲ့အောက်သလုပ် ပလုပ်အားတဲ့သူ မဟု''

သူသည် ပြောပြောဆိုဆို အိုယန်စဝ၏ခေါက်တော့မှ စဲ ရောက်တိုက်ခိုက်တော့၏။ အိုယန်စဝမှာ စိတ်ထဲတွင် ယောက် ယက်ခတ်နေသည်။ အဘယ်ကြောင့်ဆိုသော် လန်ကျူကျူကို ရန်သူသုံးယောက်က ဝိုင်းဝန်းတိုက်ခိုက်နေသည်ကို တွေ့ရသောကြောင့်တည်း။ အဝတ်အစားများသည်း စုတ်ပြတ် သတ်ကာ ဒဏ်ရာတို့မှာသည်း သွေးများ ယိုစီးကျနေ သည်။

အိုယန်စဝမှာ လန်ကျူကျူသည်ကြည့်ပြီး စိတ်ထိခိုက်သွား သည်။ လင်ချိုကျန်းစူးတို့ စကားဖြင့် တုံ့ပြန်ပြောဆိုခြင်း မပြုတော့ဘဲ စိမ်းတိမ်းမာ၏ခန္ဓာကိုယ်ကို နောက်သို့ဆွဲယမ်း လျက် လင်ချိုကျန်းစူး၏တိုက်ကွက်ကို ဆီးခံပေးလိုက်သည်။ ညာလက်မှလည်း လက်ဝါးရိုက်ချက် တစ်ချက်ဖြင့် ပြင်းထန် စွာ ရိုက်ထုတ်ပြီးချင်း လန်ကျူကျူအား အော်ပြောလိုက် သည်။

''အစ်ကိုလန်ကျူကျူ...စိတ်မပူပါနဲ့၊ ကျွန်မ လာခဲ့မယ်''

ပြောပြောဆိုဆိုပင် ပြင်းထန်သောတိုက်ကွက်ကို ထုတ်သုံး တိုက်ခိုက်၏။ လန်ကျူကျူအား တိုက်ခိုက်နေသော ရန်သူ သုံးယောက်မှာသည်း တဖြည်းဖြည်း နောက်ဆုတ်ရတော့၏။ လင်ချိုကျန်းစူးမှာ အိုယန်စဝတွင် ဤမျှ အစွမ်းထက်မြက် သော ခွန်အားရှိနေသေးသည်ကို တွေ့လိုက်ရသော အခါ အလွန်ပင် အံ့သြသွားတော့သည်။



လင်ချိုကျန်းစူးမှာ ဒေါသထွက်လာသည်။ အသံနက် ကြီးဖြင့် အော်ဟစ်အမိန့်ပေးလိုက်သည်။

''တက်ကြ၊ အားလုံး ဝိုင်းတိုက်ကြ''

သူ့လူများသည် ဝိုင်းဝန်းတိုက်ခိုက်နိုင်းသော်လည်း အား လုံးမှာ အိုယန်စဝနှင့် လန်ကျူကျူတို့နှစ်ယောက်၏ အစွမ်း အစကို သိထားကြသဖြင့် အရှေ့မဝင်ရဲကြပေ။ အဝေးမှနေ၍ စောင့်ကြည့်နေကြသည်၊ အိုယန်စဝနှင့် လန်ကျူကျူတို့ ယှဉ်ရပ်မိကြပြီ။

အိုယန်စဝက တိုးတိုးအားပေးစကားပြော၏။

''အစ်ကို...ဒီအုပ်စုကို ကျွန်မတို့နှစ် ယောက် ကောင်း ကောင်း ထိန်းနိုင်ပါတယ်''

လူသည် ပြောရင်းဆိုရင်းပင် စိမ်းတိမ်းမာ၏ သွေး ကြောကို ဖွင့်ပေးလိုက်၏။

''အင့်''

စိမ်းတိမ်းမာမှာ သက်ပြင်းချလိုက်၏၊ သို့သော် အိုယန် စဝ၏ ချုပ်နှောင်ခြင်းကိုကား ခံနေရဆဲပင်။ အချိန်မရွေး ပင် အိုယန်စဝ၏ လက်ချက်ဖြင့် သေဆုံးသွားနိုင်ပေသည်။ အိုယန်စဝက ယခုကဲ့သို့ သွေးကြောဖွင့်ပေးလိုက်သဖြင့် လင် ချိုကျန်းစူးသာမက ကျန်သူများပါ တအံ့တသြဖြစ်သွား ကြသည်။

အိုယန်စဝက ခေါင်းပြူးကလေး ပြုံးလိုက်ပြီးလျှင်...

''ဒီမှာ တွေ့တယ်မဟုတ်လား ကိုယ်ရဲ့တော်ကြီး၊ စိမ်း တိမ်းမာ အသက်ရှင်လျက် ရှိနေပါသေးတယ်၊ ရှင် ကျွန်မကို

ဆက်ပြီး တိုက်ရဲရင် တိုက်ခိုက်ကြည့်စမ်း၊ ကျွန်မ သူ့ကို လက်ဝါးတစ်ချက်တည်းနဲ့ အသေ သတ်ပစ်လိုက်ပြီးမှ ရှင်တို့အသေအချော ဆက်ပြီး စာရင်းရှင်းမယ်၊ ကျွန်မတို့ဘာလဲ နှစ်ယောက်တည်းရှိတယ်ဆိုပြီး ရှင် အထင်သေးလို့ကတော့ မှားသွားမှာပေါ့၊ ကျွန်မ ညနေရောက်တဲ့အထိ တောင့်ခံထားလိုက်ရုံနဲ့ ရှင်တို့အားလုံး ဒီတောင်ပေါ်မှာ သေသွားကြမှာပဲ၊ ရှင့်ဂိုဏ်းတူညီအပေါ်မှာ စာနာထောက်ထားမယ်ဆို ရင်ကျွန်မ ရှင့်ကို သက်ညှာလိုက်မယ်၊ ဘာလုပ်ရမလဲဆိုတာ ရှင့်ဘာသာရှင် စဉ်းစားပေတော့"

အိုယန်စေ၏စကားက ပြတ်သားလှသည်။

လပ်လျှိုကျန်းစူးမှာ အိုယန်စေ၏ စောစောက အသုံးပြု တိုက်ခိုက်ခဲ့သော အတွင်းအားကိုကြည့်ပြီး စိတ်ထဲတွင် တွေဆကြည့်နေမိ၏။ ဆက်လက်တိုက်ခိုက်၍ မိမိတို့အတွက် အကျိုးထူးမည်မဟုတ်။ မိမိ၏ပညာသင်ဖက်ညီ စိမ်းတိမ်းမာသည်သာ သူမ၏လက်ချက်ဖြင့် သေဆုံးရပေလိမ့်မည်။

အတန်ကြာစဉ်းစားပြီးမှ သူ သက်ပြင်းချလိုက်သည်။

"ကောင်းပြီ၊ မင်းကသာ ကျုပ်ညီကို ကျုပ်လက်ထဲပြန်ပေးရင် မင်းတို့ကို ဘာမှ ဒုက္ခမပေးဘဲ တောင်အောက်ကို အေးအေးဆေးဆေး ဆင်းခွင့်ပြုလိုက်မယ်၊ ဘယ့်နှယ်လဲ"

အိုယန်စေသည် ထိုစကားကို ကြားလိုက်ရသောအခါ တခစ်ခစ်ရယ်မောနေလေတော့၏။

"ရယ်စရာ ကောင်းလှချည်လား၊ ကိုယ့်ရဲ့ဘောင်ကြီးရယ် ရှင် တမင် ပြက်လုံးထုတ်နေသလား"



လပ်လျှိုကျန်းစူး မျက်မှောင်ကြုတ်သွားလေသည်။

"ကျုပ်ပြောတာ မင်း မရှင်းဘူးလား"

"နားရှင်းသားပဲ၊ ရှင်က မပြောသင့်မပြောထိုက်တဲ့စကားကို ပြောနေတာပဲ၊ ဒီတောင်ပေါ်မှာ ကျန်နေရစ်ခဲ့ရမှာက ရှင်တို့ မဟုတ်ဘူး၊ ကျွန်မတို့ပဲ၊ ရှင်လုပ်ရမယ့် အလုပ်က ဒီတောင်ပေါ်ကနေ ရှင့်ဂိုဏ်းတူညီရယ်၊ ရှင့်မိတ်ဆွေတွေရယ် တို့ ခေါ်ပြီး အေးအေးသက်သာဆင်းသွားရမှာ"

လပ်လျှိုကျန်းစူး၏မျက်နှာ တွက်ခနဲပျက်သွား၏။ ထိုသို့သော တောင်းဆိုချက်မျိုးကို သူမထံမှ တောင်းဆိုသလိမ့်မည်ဟု မထင်မှတ်ခဲ့ပေ။ သူသည် ဘာမျှမပြောဘဲ အမှတ်မထင်ပင် လန်ကျုံကျူကို တိုက်ခိုက်တော့သည်။

လန်ကျုံကျူမှာ သွေးများသိစိမ့်စီးကျနေ၏။ သို့သော် ထိုဒဏ်ရာတို့မှာ အရေပြားအပေါ်တွင်သာ ထိခိုက်ထားသည့် ဒဏ်ရာများဖြစ်၍ သူ့အတွက် ပြဿနာမရှိလှချေ။ ထို့ပြင် သူသည် အမြဲတမ်း သတိရှိသူဖြစ်၍ ပယ်စန်းကျင်တစ်ခုလုံးကို အမြဲတမ်း သတိထား စောင့်ကြည့်နေခဲ့လေသည်။

လပ်လျှိုကျန်းစူး မပြောမဆို ရိပ်ခနဲ လှုပ်ရှားလိုက်သည်နှင့် သူ့ဓားများကလည်း လျှပ်စစ်ဖြင့်တို့ဆိုက်သလို လပ်လျှိုကျန်းစူး၏ လက်ကောက်ဝတ်ဆီသို့ ဝူးခနဲ ထိုးဝင်သွားတော့သည်။ လပ်လျှိုကျန်းစူးရင်ထဲတွင် ထိတ်ခနဲဖြစ်ကာ လက်ကို အလျင်အမြန် ပြန်လည် ရုပ်သိမ်းလိုက်ရသည်။ နောက်သို့ ခြေလှမ်းနှစ်လှမ်း ဆုတ်ပြီး တိုက်ကွက်ပြောင်းလိုက်ရ၏။

လန်ကျူ့ကျူသို့ အထင်မသေးဝံ့တော့ပေ။ သတိထား၍ တိုက်ခိုက်ရတော့သည်။

လန်ကျူ့ကျူမှာ နာကျင်သော ဝေဒနာကို အောင့်အည်း၍ မျိုသိပ်ထား လင်လျို့ကျန်းစူးနှင့် တိုက်ခိုက်နေရသည်။ အိုယန့်ခေ ရှိနေခြင်းကလည်း သူ့အတွက် ဘာမှအားမပေး။ လင်လျို့ ကျန်းစူးကား ကျားမြီးဆွဲမိသကဲ့သို့ ဖြစ်နေပြီဟု သူ့ဘာသာ စိတ်ပျက်သွားသည်။

ထိုစဉ်—

"အား"

စူးစူးဝါးဝါး အော်သံတစ်သံထွက်လာသဖြင့် တိုက်ကွက်ကိုရပ်ကာ ထိုနေရာသို့ ကြည့်လိုက်မိသည်။ အိုယန့်ခေ လည်ချက်ကြောင့် ဓားတော်သားတစ်ယောက် အသက်ပျောက်သွားသည်ကို တွေ့ရ၏။

လင်လျို့ကျန်းစူး ရင်ထဲတွင် ဒေါသနှင့် မကျေချင်စိတ်များ ဝင်ရောက်လာသည်။ သို့သော် သူ့ဒီထက်ဘာမျှ ပိုမလုပ်နိုင်ချေ။ ဤအခြေအနေ၌ အိုယန့်ခေတစ်ယောက် မိုးချုပ်သည်အထိ သူတို့ကို တောင့်ခံရင်ဆိုင်သွားနိုင်မှာ [illegible]ပေသည်။ ထို့ပြင် မိုးချုပ်၍ သူတို့ဘက်မှ စစ်ကူရောက်ရှိလာမည်ဆိုပါက မလွယ်တော့ဟု လင်လျို့ကျန်းစူး တွေးပိုင် ချွေးစားနေမိသည်။

သူ့စိတ်ထဲတွင် ဆန့်ကျင်ဘက်ဝန်ပိုးကြီးတစ်ခုကို ပိုးနေသလို ခံစားနေရ၏။



အိုယန့်ခေ မကောင်းဆိုးရွားကို သဘောတူညီရမည်တော့မည်။ သို့သော် ထိုအခွင့်အရေးကို မိမိက တောင်ကာ မပြောဆိုခွင့်ပြုလိုက်မည်ဆိုပါက မိမိဂုဏ်သိက္ခာ ကျဆင်းသွားနိုင်ပေသည်။ သူ့အနေနှင့် မည်သို့ပြုလုပ်ရမည်မသိအောင် ဝေခွဲရခက်နေတော့၏။

အိုယန့်ခေသည် သူ့စိတ်ထဲမှ အတွေးများကို ရိုက်ချိုးသည့်အသံ ခါးပတ်ကို တစ်ချက်ဆွဲယမ်းလိုက်၏။

"ရွှမ်း"

အရုပ်ကျားကဲ့သို့ မာန်တဝင့်ဝင့် ဖြစ်နေသော မုဆိုးမလေးတွဲ၏ ကျန်းကြည်ခေါ်မှာ နောက်သို့ ကြောက်လန့်တကြား ဆုတ်သွားလေတော့၏။ တကယ်လုပ်မည်ဆိုတော့လည်း တကယ်ကြောက်ကြပေတကား။

★

## အခန်း (၁၁၉)

### ထစ်ခေကျား ဖြန့်တိုက်စစ်

အိုယန့်စေကေ ခါးပတ်ရှည်ကို ဖြန့်ရုပ်သိမ်းလိုက်ပြီး....

"ထုံယ်ရံတော်ကြီး၊ ရှင့်ကိုကျွန်မ နောက်ဆုံးပြောမယ်၊ တကယ်လို့ ရှင်ဒီနေရာကနေ ချက်ချင်းထွက်သွားမယ်ဆိုရင် စိမ်းတိမ်းမာအတွက် လူ့လောကမှာ အသက်ပိုပြီး ကြာရှည်ရှင်သန်နေထိုင်ရမယ်၊ တကယ်လို့ သဘောမတူခဲ့ဘူးဆိုရင်တော့ ကျွန်မ အခုချက်ချင်းပဲ သေမိန့်ချရလိမ့်မယ်၊ ရှင့်သဘောထားကိုသာ အမြန်ဆုံး ပြောစေတော့"

လပ်လျို ကျန်းစူးမှာ မည်သို့မျှ မတတ်နိုင်တော့သဖြင့် ခေါင်းညိတ်သဘောတူရတော့သည်။

"ကောင်းပြီ၊ ကျုပ်သဘောတူတယ်၊ ဒါပေမယ့် မင်းကို ကျုပ် အခုကတည်းက ပြောထားမယ်၊ မင်းတို့ ကျုပ်လာပြီး ကလဲ့စားချေမယ်၊ ဒါပဲ"

"အဟင်း...ဟင်း...ဟင်း၊ ရှင့်ဆိုလဲ ကျွန်မက ကြိုပြီး ဆိတ်ခေါ်ရလိမ့်မယ်၊ အဲဒါကတော့ ရှင် နောက်တစ်ခေါက်



ပြန်လာတဲ့အခါကို စက်မသာခင် တောင်ခြေမှာ ရှင့်အတွက် အကောင်းဆုံး ခေါင်းတလားတစ်ခု ကြိုတင်မှာခဲ့ပါ၊ နို့မို့ဆိုရင် ရှင့်အသုဘအတွက် ကျွန်မ ဘာမှ စီစဉ်ပေးနိုင်မှာ မဟုတ်ဘူး"

လပ်လျို ကျန်းစူး ခေါ်သထွက်သွားသည်။ ခေါ်သသွက်လည်း မတတ်နိုင်ပေ။ သည်းခံရတော့သည်။ အိုယန့်စေက လှ ခေါ်သကို ဂရုမစိုက်ချေ။

"ရှင်နဲ့အတူ မုဆိုးမတို့ကဲ အတူတူ လိုက်သွားကြ၊ ကျွန်မ သူတို့ကို အထင်လဲမကြီးဘူး၊ သိလဲမသိချင်ဘူး၊ တခြားလူတွေဟာ ကျွန်မနဲ့ နေခဲ့ချင်စိတ် ရှိမယ်ဆိုရင် နေခဲ့ကြ၊ ဝမ်းပန်းတသာ ကြိုဆိုတယ်၊ သူတို့ကိုရှင်ဘာယ်ကျိုးမှ အနှောင့်အယှက်မပေးပါနဲ့၊ ကျွန်မကလဲ သူတို့ကို အဓွန့် မနေနိုင်ဘူး၊ ကဲ...ကျွန်မစကားကုန်ပြီ၊ ရှင် နောက်တစ်ခါရောက်လာမှာကို စောင့်နေမယ်"

အိုယန့်စေက စိမ်းတိမ်းမာကို လွှတ်ပေးလိုက်သည်။ စိမ်းတိမ်းမာ၏ မီးလျှံ မီးတောက်များမှာ ဝင်းဝင်းနီသောမျက်လုံးများက အိုယန့်စေကို စိုက်ကြည့်လိုက်သည်။ သူတို့အုပ်စုထွက်သွားဟန် ခြေလှမ်းပြင်လိုက်မှ အိုယန့်စေက တစ်စုံတစ်ခုကို သတိရဟန်ဖြင့် တားဆီးလိုက်သည်။

"ကိုယ်ရံတော်ကြီး....ခဏနေပါဦး"

လပ်လျို ကျန်းစူးက ခေါ်သခက်ထန်စွာ ကြည့်လိုက်ရင်း...

"ဘာလဲ၊ မင်း ဘာလုပ်ချင်သေးလို့ ကျုပ်တို့ကို တားထားရတာလဲ"

"နေဝင်ကြီး စိမ်းတိမ်းမာအတွက် ပေးဆောင်ကာ ပေးလိုက်ချင်သူပါ"

"ဘာလက်ဆောင်လဲ"

"အဲဒီ လက်ဆောင်ကို မြင်ရင် တကယ်ပဲ အံ့သြသွားမှာပါ"

ပြောပြောဆိုဆိုနှင့် စိမ်းတိမ်းမာ လွတ်ကျသွားခဲ့ရသော ခါးရှည်ကို ကောက်ယူကာ လှမ်းပစ်ပေးလိုက်၏။

လင်လျှိုကျွန်းစူး ယိုင်ခနဲ ဖြစ်သွား၏။ စိမ်းတိမ်းမာမှာ ဒဏ်ရာရရှိထားသည်မို့ အတွင်းအားများ ပုံမှန်အတိုင်း ပြန်လည် စုစည်း၍ မနိုင်သေး။

ယခုကဲ့သို့ အိုယန်ဓေ ပစ်ပေးလိုက်သော ဓါးကို ဖမ်းယူလိုက်လျှင် အတွင်းအားများ ပျံ့လွင့်ကာ အတွင်းဒဏ်ရာ ရသွားနိုင်ပေသည်။ ထို့ကြောင့် ရှေ့သို့တက်ကာ စိမ်းတိမ်းမာထက် အလျင် ဓါးရှည်ကို ဆုပ်ဖမ်းယူလိုက်၏။

"ဖြတ်"

သူ့အထင်နှင့် သူ့အမြင် လွဲသွားရသည်။ အိုယန်ဓေက အတွင်းအားဖြင့် ဓါးသို့ ပစ်လွှတ်လိုက်သည်ဟု သူ ထင်မှတ်ခဲ့၏။ တကယ်တမ်း ဓါးကို ဖမ်းယူလိုက်သောအခါတွင်ကား အတွင်းအားဖြင့် လုံးဝပစ်ပေါက်လိုက်ခြင်းမဟုတ်ဘဲ သာမန် ရိုးရိုး ပစ်ပေါက်လိုက်ခြင်းသာ ဖြစ်နေသောကြောင့်တည်း။ စိုးရိမ်စိတ်ကြီးမိသည်ကိုပင် ရှက်သွားရတော့သည်။

စိမ်းတိမ်းမာက ထိုဓါးကို လှမ်းယူလိုက်ပြီး မြေကြီးပေါ်သို့ ဒေါသတကြီး ပစ်စိုက်ချလိုက်သည်။



"အိုယန်ဓေ၊ ငါးကြွင်းကြွင်းသတိထားလိုက်ပါ၊ မင်းနဲ့ ကျုပ် တစ်နေ့နေ့မှာ ပြန်ဆုံတွေ့ပါဦးမယ်လို့ ကျုပ် ကတိသစ္စာဆိုခဲ့တယ်"

လင်လျှိုကျွန်းစူးသည် နောက်လိုက် နောက်ပါ၊ ဆယ်ယောက်ကျော်ဖြင့် တောင်ပေါ်မှ တောင်အောက်သို့ ဆင်းသွားတော့သည်။ သူတို့၏အဖြစ်ကား၊ နန်းတော်ဘုရင်က နန်း တော်ဟို စွန့်ခွာသွားရသည်နှင့် ပုံရှိချေတော့သည်။

အိုယန်ဓေသည် လင်လျှိုကျွန်းစူးတို့ ထွက်ခွာသွားသည်နှင့် ကျန်နေခဲ့သော လူများကို ဟေးဟိုးစန်းတောင် တစ်နေရာတွင် စုစည်းလိုက်သည်။ ထို့နောက် အရှင်ပြည်ကြီးကို ချစ်မြတ်နိုးဖို့၊ တိုင်းပြည်အပေါ် သစ္စာမဖောက်ဖို့ အရေးကြီးသည့် စကားများကို ပြောကြားသည်။ ထို့ပြင် မိမိတို့၏ ဆန္ဒသဘောအတိုင်း ဤတောင်ပေါ်တွင် နေလိုကနေ၊ မနေလိုက သွားလိုရာ သွားနိုင်ကြောင်းလည်း လွတ်လပ်စွာ ဆုံးဖြတ်ခွင့် ပေးလိုက်သည်။

အိုယန်ဓေ၏ စကားသံသည် သူတို့ အသည်းနှလုံးထဲ စွဲဝင်သွားလေ၏။ သူတို့အားလုံး တိုင်းပြည်ချစ်ကြသူချည်း မဟုတ်ပါလော၊ တစ်ယောက်မျှ တောင်ပေါ်မှ ဆင်းသွားခြင်း မရှိဘဲ အိုယန်ဓေ၏ လက်အောက်တွင်သာ နေရစ်ကြသည်။

အိုယန်ဓေက လူတို့ညီ နေရာတာဝန်များ ခွဲဝေ ချမှတ်ပေးသည်၊ တောင်၏ လုံခြုံမှုများအတွက် အစောင့်အကြပ်

အစီအစဥ်များကို အသေးစိတ်စီစဥ် နေရာချသည်။ သူမ စီစဥ်ပြီးသည့်အချိန်တွင် မိုးစုပ်စုပ်ချုပ်ခဲ့လေပြီ။

ထိုညတွင် မဟာဘိုစန်း တောင်ပေါ်တွင် ကြီးကျယ် ခမ်းနားသော စားသောက်ပွဲကြီးတစ်ပွဲ ကျင်းပသည်။ အိုယန်ဝေက အားလုံးအတွက် တမင်စီစဥ်ပေးခြင်းဖြစ်သည်။ တောင်ပေါ်ရှိ သိုင်းသမားအားလုံး အိုယန်ဝေနှင့် လန်ကျုံကျူတို့ကို အားကိုးခင်မင်သွားကြလေတော့၏။

ဤသို့ဖြင့် အိုယန်ဝေနှင့် လန်ကျုံကျူတို့ နှစ်ယောက်မှာ မဟာဘိုစန်း တောင်ပေါ်တွင် နှစ်လခန့် ကြာမြင့်ခဲ့သည်။ မည်သည့်အန္တရာယ်ကိုမှ မတွေ့ကြရပေ။ ထိုအချိန်တွင် ရန်သူတင်ကြိမ် လာရောက်ခဲ့ဖူးသော်လည်း အပြင်းအထန် ရင်မဆိုင်လိုက်ရဘဲ တပ်လှန့် ထွက်ပြေးသွားခဲ့သည်။

တစ်ညတွင်ကား...

ထိုနေ့ ညနေစောင်းသည်နှင့် ကျင်မိန်နှင့် လျှူခအော်တွန်း နေရာများတွင် သံသယဖြစ်ဖွယ် လူစိမ်းများ ရှိနေကြောင်း၊ သူမ၏ ကင်းစောင့်က သတင်းလာပို့ခဲ့သည်။ အိုယန်ဝေ စိတ်ထဲတွင် အနည်းငယ် စိုးရိမ်ထိတ်လန့်သွား၏။ ထိုသူတို့ သတင်းအတိအကျ ရရှိစေရန် အသေအချာထပ်မံ၍ စုံစမ်းခိုင်းလိုက်၏။ ထို့နောက် သူမနှင့်လန်ကျုံကျူတို့နှစ်ယောက် တိုင်ပင်ဆွေးနွေးကြသည်။

တောင်ပေါ်တွင် လူအရေအတွက် မနည်းလှ။ သို့သော် အဆင့်မြင့် သိုင်းပညာ တတ်ကျွမ်းသူမှာ လွန်စွာမှပင် နည်းပါးသည်။ အကယ်၍ ရန်သူက အင်အားများပြားပြီး တစ်



ရှိန်ထိုး ဝင်ရောက်တိုက်ခိုက်လာလျှင် မိမိတို့အနေဖြင့် ခုခံနိုင်မည် မဟုတ်ဟု လန်ကျုံကျူက အိုယန်ဝေကို ပြော၏။ ထိုအခါ အိုယန်ဝေက ရယ်မောလေတော့၏။

"ဒါတွေကို ကျွန်မနားလည်ပါတယ်၊ အရေးကြီးတာက ဒီအချက်တွေ မဟုတ်ပါဘူး၊ ရန်သူက အခုချက်ချင်းပဲ ရောက်လာတော့မယ်၊ ကျွန်မအနေနဲ့ အဆင့်မြင့် သိုင်းပညာရှင်တွေဆီက အခုလက်ငင်း အကူအညီ ရှာမရနိုင်ဘဲ တောင်ပေါ်မှာ လက်ရှိ ရှိတဲ့ အင်အားအခြေအနေနဲ့ ရန်သူကို အလက်မထင် တိုက်ခိုက်ကြရလိမ့်မယ်၊ သူတို့မျှော်လင့်မထားတဲ့ တိုက်ကွက် ဗျူဟာတွေနဲ့ တိုက်ရလိမ့်မယ်၊ ကျွန်မတို့အနေနဲ့ အရေးပေါ် လတ်တလော အသုံးပြုရမှာက ဒီနည်းပဲရှိတယ်၊ နောက်ဖြစ်လာမယ့်ပြဿနာတို့ နောက်ပိုင်းမှ ကြည့်ရှင်းဆိုင်ရမှာပဲ၊ ကျွန်မတော့ ဒီလိုပဲတွေးမိတယ်"

လန်ကျုံကျူ ဘာမျှမပြောနိုင်တော့ပေ။

ဤသို့ဖြင့် တဖြည်းဖြည်း အမှောင်ကြီးစိုးလာတော့သည်။ လန်ကျုံကျူလည်း သတိဖြင့် စောင့်နေသည်။ မကြာမီ လူရိပ်တစ်ရိပ် ပြေးလာကြောင်း တွေ့ရသည်။ တောင်ခုလတ်မှ ကင်းသမားတည်း။

"ကဲ...ဆိုစမ်း၊ ဘာသတင်းလဲ"

"ချွေ့ဆိုတဲ့ လူတစ်ယောက် ကင်းစခန်းသို့ ရောက်လာပါတယ်"

လန်ကျုံကျူမှာ ထိုသတင်းကိုကြားမိသည်နှင့် အံ့ဩသွားသည်။

"ရွှေ့ဆိုတဲ့လူ ဘယ်သူလဲ၊ ဒီလိုနာမည်နဲ့မိတ်ဆွေဆိုလို့ ငါမှာ မရှိခဲ့ပါဘူး၊ အင်း…အိုယန်ဒေဇရဲ့မိတ်ဆွေများ ဖြစ်နေလေသလား၊ ငါ သူ့ကို မေးကြည့်ဦးမှပါ"

ထိုအတွေး တွေးမိသည်နှင့် အိုယန်ဒေဇကို မေးမြန်းကြည့်ရန် သူမဆီသို့ လာခဲ့၏။ သူမကား အခန်းဒုတင်ထက်တွင် အပူအပင်ကင်းမဲ့သော ကလေးတစ်ယောက်ပမာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက် ရှိနေလေသည်။ ထို့ကြောင့် သူမ၏ နှိုးခြင်း မပြုတော့ဘဲ စခန်း အပြင်ဘက်သို့ ထွက်လာခဲ့တော့သည်။

ရွှေ့ဆိုသူကား အသက်ငါးဆယ်ခန့်ရှိပြီး တည်ငြိမ် ရင့်ကျက်လှပေသည်။ မြင်ရုံနှင့်ပင် အဆင့်မြင့် သိုင်းပညာရှင် တစ်ယောက်ဖြစ်ကြောင်း ယန်ကျူကျူ ကောင်းစွာ သဘော ပေါက် နားလည်လိုက်၏။ ထို့ကြောင့် လက်နှစ်ဖက် ဆုပ်၍ ဂါရဝပြုလိုက်၏။

"ကျွန်မယော် ယန်ကျူကျူပါခင်ဗျာ၊ ဆရာကြီးက ဘယ် သူများပါလဲမှ၊ ဘွဲ့ထူးနာမည်လေး သိပါရစေခင်ဗျာ"

ယန်ကျူကျူသည် မိမိကိုယ်မိမိ မိတ်ဆက်ရင်း တစ်ဖက်လူ၏ အမည်ကို ယဉ်ကျေးစွာ မေးလိုက်သည်။ သူ၏ပွင့်ပွင့် လင်းလင်းရှိမှုကို တွေ့ရလျှင် ထို ရွှေ့ဆိုသူက ခေါင်းခေါ်ကာ ရယ်မောလိုက်၏။ သူ့ရုပ်သံဆုံးခင် တစ်ဝက်တစ်ပျက်မှာ ပင် ယန်ကျူကျူက ပျာပျာသလဲတောင်းပန်သည်။

"ဆရာကြီးခင်ဗျား၊ ကျေးဇူးပြုပြီး အသံကျယ်ကျယ်မရယ် ပါနဲ့ခင်ဗျာ၊ အိပ်နေတဲ့သူ ရှိနေလို့ပါခင်ဗျာ"



ထိုသူက ရယ်ရှိန်ကို ရုတ်တရက်သတ်လိုက်ပြီး ယန်ကျူ ကျူကို ကြောင်စီစီကြည့်လိုက်၏။ ပိတ်စင်ဟန်တားခြင်း ရှိ တဲ့ ပွင့်လင်းရိုးသားစွာ တောင်းပန်နေသည်ကို တွေ့ရှိ[illegible] ခေါက်သဖြင့် အာယ်ရပ်ပြီး ပြန်မေးသည်။

"မိတ်ဆွေကြီး ယန်ကျူကျူ—ကျုံကျန်ရှင်၊ ယုဇင်တို့ရဲ့ မိတ်ဆွေတွေလား၊ လူကြီးမင်းလိုယင်ဆင့်ဆီမှာ အမှုထမ်း ခဲ့ဖူးပါသလား"

ယန်ကျူကျူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ဆရာကြီးက ကျွန်တော့်ကို ဘယ် လိုများ သိထားပါသလဲခင်ဗျာ"

ထိုသူက ဆေးတံကို မီးတို့ရှိုက်ဖွာလိုက်ပြီးမှ—

"သူတို့က ကျုပ်ရဲ့မိတ်ဆွေတွေပါပဲ၊ ဒါကြောင့် သူတို့ ဆီက တစ်ဆင့် မိတ်ဆွေကြီးရဲ့နာမည်ကို ကြားသိရင်းနှီးခဲ့ ဖူးပါတယ်၊ အခု ဒီကိုလာခဲ့တာ မိတ်ဆွေကြီးနဲ့ ကိစ္စတစ်ခု ကို တိုင်ပင်ဆွေးနွေးချင်လို့ပါ၊ အထဲကို ဝင်ထိုင်ခွင့် ပြုပါ့ လား"

ယန်ကျူကျူသည် သူ၏ဧည့်ဝတ်ပျက်ကွက်သည်ကို သတိ ရကာ အားနာသွား၏။ အလျင်အမြန် တောင်းပန်ပြီး ခန်းမ ထဲသို့ ဖိတ်ခေါ်သွားသည်။

ထိုသူကား ရွှေ့တုံးဝင်တည်း။ ရွှေ့တုံးက ဧည့်ခန်းဆောင် တွင်းသို့ရောက်သည်နှင့်…

"အရင်နှစ်ပိုင်း တွေတုန်းကတော့ ကျုပ်လဲ ကျင်ဖိန့်နေ ရာ ဖြတ်ကျော်သွားလာခဲ့ဖူးပါတယ်၊ တားမြို့စန်းတော ရဲ့

နာမည်ကိုလဲကြားဖူးပါတယ်၊အဲဒီတုန်းကတော့ ဖေားဖျှိစန်း ဓောင် ဘယ်မှာရှိနေသလဲဆိုတာကို မသိခဲ့ရဘူး၊ သတိလဲ မထားမိဘူး၊ နောက်တော့ မိတ်ဆွေကြီးရဲ့နာမည်ကို ကြား လိုက်မိမှ ကျုပ်စိတ်ထဲ လှုပ်ရှားသွားခဲ့မိတယ်၊ အထူးအဆန်း တအံ့ဘသြလို့လဲ ဖြစ်သွားမိတယ်၊ မိတ်ဆွေကြီးက လူကြီးမင်း ဆိုသင်ဆင့်နဲ့ တာ့ထုံမှာ အတူတူရှိနေခဲ့တာ မဟုတ်လား။ ဘယ်လိုကနေဘယ်လို ဒီနေရာကို ရောက်လာရတာပါလဲ''

ချွေ့တုံးက အခန်းမတ်ပတ်လည်ကို မျက်စိကစားကြည့်ပြီး မေးလိုက်သည်။ လန်ကျူ့ကျူက ပြောရန်ဟန်ပြင်လိုက်သည်။ ထိုစဉ်မှာပင် အိုယန်စေ၏ သဲအောက်ကျစွာရယ်မောလိုက်သည့် အသံသည် ထွက်ပေါ်လာလေတော့၏။

''အဟင်း…ဟင်း၊ သူဓောဝ်ကောင်း နတ်ကောင်းခေါ်မ တယ်ဆိုတဲ့ကောား တကယ့်ကို မှန်တာပဲလား၊ ရန်သူရဲ့ အင်အား များသွန်းနေလို့ ရင်ဆိုင်ဖို့ခက်ခနတဲ့အချိန်၊ကျွန်မ နဲ့ အစ်ကိုလန်ကျူ့ကျူတို့ သိပ်ပြီး စိုးရိမ်နေရတဲ့အချိန်မှာ အခုလို ဆရာကြီးချွေ့ရောက်လာတာ ဝမ်းသာစရာ ကောင်း လိုက်တာ''

သူမက အသံလွင်လွင်လေးနှင့် ပြောပြီးသည်နှင့် အိပ်ခန်း ထဲမှ အပြင်သို့ ထွက်လာခဲ့သည်။ ခန်းမဆောင်ထဲသို့ ရောက် လျှင် ချွေ့တုံးကို ဦးစွာ ဦးညွှတ်ဂါရဝပြုလိုက်သည်။ ပြီးမှ လန်ကျူ့ကျူဘက်သို့လှည့်ကာ အပြစ်တင်စကား ဆိုလိုက်၏။



''အဝိဂျိုလန်ကျူ့ကျူ…ဆရာကြီးချွေ့ဆိုတာ ဘယ်သူလဲ၊ ရှင်သိသလား၊ သိုင်းလောကမှာ နာမည်ကြီးတဲ့ နတ်လက်ဝါး ချွေ့တုံးဆိုတာပဲပေါ့''

ချွေ့တုံးက ခပ်အေးအေးပင်။

အိုယန်စေကား ဆက်ပြောနေ၏။

''ဆရာကြီးချွေ့ဟာ သွေးကြောကိုင်တဲ့ပညာလို့ တစ်ဖက် ကမ်းခတ် ထူးချွန်တယ်၊ သူ့ဆေးတံကိုကြည့်တာနဲ့ ရှင် သိဖို့ ကောင်းတယ်''

ထိုအခါ လန်ကျူ့ကျူ ပျာပျာသလဲဖြစ်သွားရသည်။

''ဆရာကြီးချွေ့…အခုလို အကြောင်းမသိဘဲ မလေးမစား ဆက်ဆံမိတာကို ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော် ဂါရဝပြု တောင်းပန်ပါရစေ''

''ဟား…ဟား…ဟား''

နတ်လက်ဝါးချွေ့တုံး ကျယ်လောင်စွာ ရယ်မောလိုက်၏။ သူ့ရယ်သံက ခန်းမဆောင်တစ်ခုလုံး ပဲ့တင်ထပ်သွားလေ သည်။

''တောင်းပန်နေစရာ မလိုပါဘူးဗျာ၊ မိတ်ဆွေကြီးကလဲ ကျုပ်ကို မဖွယ်မရာ မလေးမစား မလုပ်ခဲ့ပါဘူး''

သူသည် ပြောရင်းမှပင် အိုယန်စေကို အကဲခတ်ကြည့်ပြီး ဆက်မေးပြန်သည်။

''ဒါနဲ့ ဒီကာမိန်းကလေးကကော ဘယ်သူများပါလိမ့်၊ ကျုပ်မျက်စိတွေ မှုန်နေပြီ၊ မမှတ်မိနိုင်တာကို ခွင့်လွှတ်နော်''

အိုယန်စေက အေးဆေးတည်ငြိမ်စွာပင်….

"ဆရာကြီးရွှေ့က ကျွန်မကို မေ့နေပြီထင်တယ်၊ လွန်ခဲ့တဲ့ သုံးနှစ်ကျော်ကျော်လောက်တုန်းက ကျွန်မကိုပညာသင်ပေးခဲ့တဲ့ ဆရာသမားနဲ့အတူ ဆရာကြီးရွှေ့တို့ရွာကို ရောက်ခဲ့ဖူးတယ်လေ၊ ဆရာကြီးရဲ့ ဆေးတံရိုက်ချက်ကြောင့် ကျွန်မရဲ့ ဆရာ အရှုံးနဲ့ရင်ဆိုင်ခဲ့ရတယ်လေ၊ ဆရာကြီးရွှေ့ မှတ်မိပြီလား"

ထိုအခါ ရွှေ့တုံးမှာ ကွက်ခနဲ မျက်နှာပျက်သွားရလေတော့၏။ အံ့အဩ မျက်လုံးချက်ဆန်ပြူးကာ ပြော၏။

"မင်းဆရာကို ကျုပ်က ဆေးတံနဲ့တစ်ချက်ရိုက်ပြီး အနိုင်ယူဖူးတယ်ဆိုတော့ မင်းက ချိုစန်းလန် (ထန်းရင်စန်း)ရဲ့ တပည့်များလား"

အိုယန်စေက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ်"

ရွှေ့တုံး ကြောင်စီစီဖြစ်သွားသည်။ သံသယမျက်လုံးများဖြင့် အိုယန်စေ၏မျက်နှာကိုကြည့်လိုက်၊ လန်ကျုံကျူ၏မျက်နှာကို ကြည့်လိုက်ဖြင့် အကဲခတ်နေတော့၏။ ဆန့်ကျင်ဘက် မျဉ်းနှစ်ကြောင်း အဘယ်ကြောင့် ဤနေရာတွင် လာ၍ခေါင်းဆုံ မိကြရလေသနည်း။

လန်ကျုံကျူသည် ရွှေ့တုံး၏ သံသယဖြစ်စီနေမှုကို ကောင်းစွာ နားလည်သဘောပေါက်မိသည်။ ထို့ကြောင့် အိုယန်စေတစ်ယောက် ချိုစန်းလန်ထံမှ မည်ကဲ့သို့ ရုန်းထွက်ခဲ့ကြောင်း၊ စိတ်ထား မည်ကဲ့သို့ ပြောင်းလဲသွားပြီဖြစ်ကြောင်း



တိုတို ရှင်းရှင်းပြောပြလိုက်ရတော့သည်။ ရွှေ့တုံးမှာ ထိုအခါကျမှ သက်ပြင်းချမိသည်။

အိုယန်စေသည် သူမအကြောင်းကို လန်ကျုံကျူ ရှင်းပြတော့မည်မှန်း သိလိုက်သဖြင့် ခန်းမထဲမှ ထွက်ခွာသွားခဲ့လေပြီ။

"လန်ကျုံကျူ၊ စောစောက အိပ်နေတဲ့လူရှိလို့ အသံကျယ်ကျယ်မရယ်ဖို့ ကျုပ်ကိုတားမြစ်ခဲ့တယ်၊ အိပ်နေတဲ့လူဆိုတာ အိုယန်စေကို ပြောတာလား"

လန်ကျုံကျူ ခေါင်းညိတ်ပြလိုက်၏။ ရွှေ့တုံးက ပီတိတဝေဝေပြုံးလျက်....

"ကောင်းတယ်...ကောင်းတယ်၊ မင်းတို့နှစ်ယောက် အခုလို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာရှိတာ ဝမ်းသာတယ်၊ မင်းတို့နှစ်ယောက်က တကယ့်လိုက်ဖက်တဲ့စုံတွဲတစ်တွဲပါကွာ၊ အင်း....အိုယန်စေတစ်ယောက် အမှန်ပေါ် ရောက်လာနိုင်ခဲ့တာ သိုင်းလောက တစ်ခုလုံးအတွက် အကျိုးကျေးဇူးရှိသလို တရုတ်ပြည်ကြီးအတွက်လဲ တစ်အားပဲပေါ့"

လန်ကျုံကျူမှာ ရှက်စိတ်ကြောင့် မျက်နှာကြီး နီရဲနေတော့သည်။

သူ အကျဉ်းအကျပ်တွေ့နေစဉ်မှာပင် အိုယန်စေက အဝတ်နှင့်ထမင်းလျာများကို ယူဆောင်လာခဲ့သဖြင့် စိတ်အေးပေါ့ပါးသွားရတော့သည်။ နောက် သုံးယောက်သားမှာ စားရင်းသောက်ရင်းမှပင် ရောက်ရှိလာကြမည့် ရန်သူများကို

မည်ကဲ့သို့ အကွက်ဆင်၍ မည်ကဲ့သို့ ရင်ဆိုင်ကြရမည်ကို အစီအစဉ်ချ ဆွေးနွေးကြသည်။

"ဒေါင်....ဒေါင်"

အုန်းမောင်း ခေါက်သံနှစ်ချက် ထွက်ပေါ်လာခဲ့၏။ သူတို့၏ ဆွေးနွေးမှုသည်း ပြီးစီးသွားလေပြီ၊ ထို့နောက် လူသုံးယောက်မှာ လမ်းကြောင်းသုံးခုခွဲကာ ဝင်ရောက်လာမည့် ရန်သူများကို စောင့်ဆိုင်းနေတော့၏။ သူတို့ စောင့်ဆိုင်းနေသလိုပင် ရန်သူကလည်း ဝင်ရောက်လာခဲ့ကြသည်။

ရောက်လာခဲ့သည့် ရန်သူ၏ အင်အားမှာ မနည်းလှပေ။ သူတို့သည်လည်း အုပ်စုသုံးစုဖွဲ့၊ လမ်းကြောင်းသုံးကြောင်း ခွဲကာ တောင်ပေါ်သို့ ချီတက်လာခဲ့ကြသည်။ ပထမလမ်းကို စမ်းတိမ်းမောက ဦးဆောင်သည်။ ညာဘက်မှ ဝန်းလျှော တောင်ပေါ်သို့တက်မည်။ ဒုတိယလမ်းကိုကား ကော့စန်းလန်းနှင့် မုဆိုးမလေးတို့က ဦးဆောင်ကာ တောင်အနောက်ဘက်မှတက်မည်။ တတိယလမ်းကြောင်းတို့မူ လပ်လျှိုကျွန်းစူး ကိုယ်တိုင် တာဝန်ယူကာ တောင်၏အရှေ့ဘက်မှတက်ကြသည်။

ထိုအစီအစဉ်ဖြင့် သူတို့ တောင်ပေါ်သို့ တက်လာခဲ့ကြသည်။ ကော့စန်းလန်းမှာ ဆရာဖြစ်သူနှင့် ညီဖြစ်သူတို့အတွက် ကလဲ့စားချေရန် လက်တပြင်ပြင် ဖြစ်နေကြ၏။

သူတို့ အုပ်စုသုံးစု ယခုကဲ့သို့ ခွဲခြမ်းပြီးတက်လာခြင်းမှာ မှန်ကန်သည်ဟု ယူဆကြ၏။ တောင်တစ်ဝက်ခန့် ရောက်သည့်တိုင် အိုယန်စေတို့ဘက်မှ လူသူ တစ်ဦးတစ်ယောက်ကိုမျှ



မတွေ့ရှိသေး။ သူတို့စိတ်ထဲတွင် ကျိတ်၍ ဝမ်းသာနေကြသည်။ အိုယန်စေသည် သိုင်းပညာထက်မြက်သော်လည်း အုပ်ချုပ်စီမံမှုအပိုင်းတွင် မကျွမ်းကျင်ဟု သူတို့ ယူဆထားကြသည်။

ကော့စန်းလန်း၏ ခြေလှမ်းများက သွက်သည်ထက်ပို၍ သွက်လာသည်။ ခြေထောက်တစ်ချက် ခုန်လိုက်ရုံနှင့်ပင် တောင်ထိပ်သို့ ရောက်လိုနေသည်။ သူ့စိတ်ထဲတွင် အိုယန်စေအား အပိုင်းပိုင်းအတစ်တစ် ခုတ်ထစ်ပစ်လိုက်ချင်သည်။ ထို့ကြောင့် ကိုယ်ဖော့ပညာကို အစွမ်းကုန် ထုတ်သုံးကာ ပြေးတက်လာခဲ့၏။ ထိုစဉ် သူ့ရှေ့ဆီမှ မြက်ပင်ချုံပုတ်တို့ လှုပ်ရှားသွားသည်ကို ရုတ်တရက် မြင်တွေ့လိုက်ရလေ၏။

ကော့စန်းလန်း၏ အားကြွနေသော ခြေလှမ်းများ ရပ်တန့်သွား၏။ ဆယ်ပေခန့် ရှည်လျားသော မြွေဆိုးတစ်ကောင်က သူ့ရှေ့မှ ရုတ်တရက် ဖြတ်ပြေးသွားခြင်းသာတည်း။

"အမယ်လေး...."

ကော့စန်းလန်း လန့်သွားသည်။ သူသည်ရှေ့သို့ ဆက်မတက်ဝံ့ဘဲ နောက်သို့ဆုတ်ကာ မုဆိုးမ ကျွန်းကြည်ပေါ်နှင့် ပူးပေါင်းလိုက်ရသည်။ ထိုစဉ်မှာပင်....

"ဝှီး...ဝှီး...ဝှီး"

မြားတံများသာ မိုးစက်မိုးပေါက်များပမာ ရုတ်တရက် ထွက်ပေါ်လာတော့သည်။ အမှတ်မထင်ပင် ဝင်ရောက်ခဲ့ကြသူများမှာ ရှောင်တိမ်းရန် ခွင့်မသာကြတော့ပေ။ ကျွန်းကြည်ပေါ်တို့၏ နောက်လိုက်နောက်ပါ အတော်များများ

ဖက်ရာရကြ၏။ အချို့သောသုံးကြတော့၏။ ခေါင်းဆောင်ပိုင်းသော ဓားများက အဆက်မပြတ် မော့ယမ်းနိုင်သဖြင့် အဆက်မသေးမှ လွတ်ကင်းကြသည်။ မောင်သံဟစ်သံ မာန်သွင်းသံများသည် ဓားပြိုင်းကောင်းကြ တစ်ခွင်ကို ပဲ့တင်ထပ်သွားစေလေသည်။

ထိုသို့ ဆမ်းခုလတ်တွင် ရုတ်တရက် အလစ်တိုက်ခိုက်ခံရသည်မှာ ကျန်းကြည်ပေါက်တို့ ရည်းသာမဟုတ်။ သုံးစုခွဲကာ သုံးလမ်းတက်လာကြသော အုပ်စုသုံးစုလုံးကို လန့်ကျကြတို့အုပ်စု သုံးစုက တစ်ပြိုင်နက် တိုက်ခိုက်လိုက်ကြခြင်း ဖြစ်ပေသည်။ အလစ်တိုက်ခိုက်ခံရသဖြင့် ယပ်လျှို ကျန်းစူးတို့မှာ အကြီးအကျယ် ဒေါသထွက်သွားကြရသည်။

ထိုအထဲတွင် စိမ်းတိမ်းမာမှာ အဆိုးရွားဆုံးဖြစ်ချေ၏၊ တစ်ကြိမ်က အိုယန်ဧ၏လက်ထဲတွင် မရှုမလှ ခံခဲ့ရဖူးသည်ဖြစ်ရာ ယခုအကြိမ် ခံရပြန်သောအခါ စိတ်ထဲ မချုပ်တည်းနိုင်တော့ချေ။

"တက်ကြ၊ အားလုံးတက်ကြ"

သူ၏ အသံနက်ကြီးဖြင့် အော်ဟစ်လိုက်သံက မေဟူးကိုစန်းတောင် တစ်ခွင်လုံး ပဲ့တင်ထပ်သွားသည်။ အော်ဟစ်အမိန့်ပေးရင်းမှပင် ဓားရှည်ကို မော့ယမ်းကာ ရှေ့ဦးခေါင်းတက်၏။ မဇတစ်ရာခန့် ခြေလှမ်းလိုက်မိလျှင်—

"ဝုန်း"

သူ့ခြေထောက်၌ တစ်စုံတစ်ရာ ရစ်ပတ်ခြင်းခံရကာ လဲကျသွားလေတော့သည်။ စိမ်းတိမ်းမာ ရင်ထဲထိတ်သွား



၏။ ခြေထောက်ကို အရှိန်ဖြင့် အားပြု၍ တစ်ဝဲလက်ကို မြေပြင်တွင် ထောက်လျက် နောက်သို့ အကြောက်အကန် ခုန်ဆုတ်လိုက်၏။

"ဟူး"

သက်ပြင်းကို လေးလေးပင်ပင်ကြီး ချပစ်လိုက်သည်။ ကတောင်းထောက်မစွာဖြင့် ခြေကျင်းထောက်မှ လွတ်ခဲ့ရချေပြီတကား။ စိမ်းတိမ်းမာသည် သူ့ခြေထောက်တွင် ငြိတွယ်နေသည့် ကြိုးကွင်းကို ဓားနှင့် ဖြတ်တောက်ပစ်လိုက်သည်။ ထို့နောက် သူ့အိုင်းဖမ်းရန် နောက်အကြာသူလေးယောက်ကိုလည်း ထိုးခုတ်သုတ်သင်လိုက်သည်။

ဒေါသနှင့်အာဃာတစိတ်များကြောင့်သူ့ခေါင်းများဆူပွက်နေသည်။ ဓားသို့ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီးလျှင် ခြေတက်သွားပြန်သည်။ သည်တစ်ခါတွင်ကား ထိမ္မာပါးနပ်စွာဖြင့်ချေပြီ။ ကိုယ်ဖော့ပညာသုံးကာ ပြေးတက်၏။ တောင်ချောက်များကိုသည်း ဂရုတစိုက် ရှောင်ကွင်း၏။ တောင်ပေါ် အစင်တော်ပါးရှေ့သို့ ရောက်လုနီးတွင် ရှေ့မှလူရိပ်တစ်ရိပ်က သွားခနဲ ခုန်ထွက်လာသည်ကို တွေ့လိုက်ရလေတော့၏။

မည်သူမည်ဝါဖြစ်သည်စိမ်းတိမ်းမာတို့ဂရုမစိုက်နိုင်။ ဓားကို အစွမ်းကုန် မော့ယမ်းကာ ဓားဦးချွန်ဖြင့် ထိုသူ၏ရင်ဝသို့ လျင်မြန်စွာ ထိုးချလိုက်သည်။

"ရွှပ်"

စိမ်းတိမ်းမာ၏ ဓားက လေထုကိုသာ ထိုးခွဲသွားသည်။ ဓားရှေ့တွင် လူရိပ်ကရှိမနေတော့။ မြင်ကွင်းမှထဲ ပျောက် သွားခဲ့ရချေပြီ။ စိမ်းတိမ်းမာ လန့်ဖျပ်သွားသည်။ မိမိ၏တိုက် ကွက်ဆိုမှု အခုသာအချာ မထုတ်ရသေးခင်မှာပင် သူက ပျောက်သွားခဲ့ပြီ မဟုတ်ပါလား။

စိမ်းတိမ်းမာ အချောက်ချောက်အချားချားဖြင့် နောက် သို့ လှည့်တာ ဓားဖြင့်ခုတ်ချလိုက်၏။

"ထန်း"

ဓားချင်းထိသံက ကျယ်လောင်စွာ ပေါ်ထွက်လာခဲ့သလို မီးပွားကလေးများလည်း ဆောက်ဖြာသွားရသည်။ သူ့ လက် မောင်းတစ်လျှောက်လုံး ထုံကျဉ်ကိုက်ခဲသွားသည်။ ထိုသူ မည်သူနည်း။ သူ အခုသာအချာ ကြည့်လိုက်၏။ လန်ကျူကျူ ပေတည်း။

သူနှင့် လန်ကျူကျူမှာ လုံးဝတိုက်ခိုက်ခဲ့ဖူးသည်မဟုတ် ပေ။ ယခု တိုက်ခိုက်မိပါမှ လန်ကျူကျူ၏ သိုင်းပညာ အဆင့်အတန်း နိမ့်မြင့်ကြောင်း သိရှိနားလည်လိုက်ရတော့သည်။ ထို့နောက် နှစ်ယောက်သားမှာ အကြိတ်အနယ်တိုက်ခိုက်ကြ လေတော့၏။

★

## အခန်း (၁၂၀)

### နိုင်ပွဲ

တစ်ဖက်တွင် လပ်လျှိုကျန်းစူးသည် အိုယန်ခေဝနှင့် ထိပ် တိုက် တွေ့နေ၏။ သူသည် အိုယန်ခေကို အထက်စီးမှ နိုင်သော် ရှိသည်။ အိုယန်ခေ၏ခါးပတ်ရှည်နှင့်မကြာခဏ ထိပ်တိုက် တိုးမိကာ နောက်ဆုတ်သို့သာ ရောက်နေရသည်။

တိုက်ကွက်ပေါင်း ခုနှစ်ဆယ်တိုင်လာခဲ့သည်။ အိုယန်ခေ ၏ ခါးပတ်ရှည်သည် လက်ထဲတွင် ဟွှီးဟွှီးမြည်နေသည်။

လပ်လျှို ကျန်းစူးမှာ ခါးပတ်ရှည်တိုက်ကွက်ထဲ၌ ပိတ်မိ နေသည်။ ယခု နှစ်လအတွင်း လပ်လျှို ကျန်းစူး၏သိုင်းပညာ မှာ တိုးတက်မှု လုံးဝမရှိခဲ့ချေတကား။

"ရွှီး"

အိုယန်ခေ၏ ခါးပတ်ရှည် တိုက်ကွက်အတွင်းသို့ တစ် ဟုန်ထိုး တိုးဝင်လိုက်သည်။ သူ၏အတွင်းအား လေလှိုင်းအရှိန် ဖြင့် အိုယန်ခေအား နောက်သို့ဆုတ်သွားစေပြီး တိုက်ကွက် ခင်းလိုက်သည်။ အိုယန်ခေမှာ ဤသို့ပြုလုပ်လာစလိမ့်မည်ဟု

မထင်ရှားသဖြင့် ခြေလှမ်းနှစ်လှမ်း နောက်ဆုတ်ပေးလိုက်ရသည်။

လပ်ကျို့ကျန်းစုးက အရှိန်သတ်ကာ ဓလယ်ထဲတွင် လှုပ်ခဲ့နေသည့် ဓါးဖက်ရှည်ကိုရုတ်တရက်ဖမ်းဆုပ်သားလိုက်သည်။ အိုယန်ခေ ဟန်ချက်ကိုထိန်းပြီး ဓါးပက်ဓကို ဆွဲ၏။ လပ်ကျို့ကျန်းစုးက မလွှတ်၊ အိုယန်စေရှေ့သို့ ခြေလှမ်းတစ်လှမ်း လှမ်းတက်ကာ ဘယ်လက်ဖြင့် လက်ဝါးရိုက်ချက်တစ်ချက် ထုတ်လိုက်သည်။

"ဟူး"

လပ်ကျို့ကျန်းစုး၏ ရင်စသို့ ပြင်းထန်သော ဓားလိုင်း သား ထိုးဝင်လာသည်။ ရှောင်တိမ်းရန် အချိန်မမီတော့။ နောက်သို့ ခြေလှမ်းဆုတ်ကာ အိုယန်စေ၏ တိုက်ကွက်ကို ရှောင်တိမ်းသည်။ အိုယန်ခေကသည်း အခွင့်အရေးကို လက်လွှတ်မခံ၊ ကိုယ်ခဖော့ခုန်ခင်ကာ ထက်ကြပ်မကွာ ဆက်တက် လိုက်ခိုက်၏။ သူမ၏လက်ဝါးက လျှပ်ပြက်သလိုစင် လှုပ် ရှားသွားသည်။

"ဝုန်း"

"ဖြ"

လပ်ကျို့ကျန်းစုး၏ ကျောပြင်ပေါ်သို့ လက်ဝါးရိုက်ချက် တစ်ချက် မိသွားသည်။ လပ်ကျို့ကျန်းစုး ဓါးသို့တွန့်နဲ့ဖေ၊ ရှိုက်ရာ အင်္ကျီအညို ကုတ်ဆွဲပြီမိလျက်အားဖြစ်သွား၏။

"အိုယန်ခေ...မင်းဟာ ခေသ ချင်ခနတဲ့ မြေခွေးမ ပဲ ကောင်ပဲ၊ ဒီခနမှ မင်းရှို ဂါမဆတ်လိုက်ရရင်..."



လပ်ကျို့ကျန်းစုးမှာ ဒေါသကြောင့် တုန်ယင်နေသဖြင့် စကားဆုံးအောင် မပြောနိုင်ချေ။ အိုယန်ခေက မခိုးမခန့် အပြုံးလေး ပြုံးလိုက်ပြီး...

"ရှင်က ဘယ်လိုလုပ်ချင်သေးလို့လဲ၊ ရှင့်ကို ခေါင်း ထလာဆွဲခဲ့ပြီးမှ ဒီကိုလာခဲ့ဖို့ ကျွန်မခပြောခဲ့တယ်နော်၊ ဘယ် နှယ်လဲ၊ အခု ရှင့်အတွက်ခေါင်းတသားယူလာခဲ့ပြီးပြီလား"

လပ်ကျို့ကျန်းစုး မခံမရပ်နိုင်အောင် ဖြစ်သွားရသည်။

"ငါ့ ခေါင်းထဲ ဝင်ရမလား၊ ခင်းပဲ ငါ့လက်ဝါးဝ မိမလား ကြည့်ကြသေးတာပေါ့"

သူသည် ပြောပြောဆိုဆိုပင် လက်ဝါးကို ဝဲ့ယမ်းကာ ပြန်လှန်တိုက်ခိုက်ပြန်တော့သည်။ ကျောက်သင်ခည်း တွဲခ တားသည်နှင့် ခလျစ်ညီစွာ သူ၏လက်ဝါး တိုက်ကွက်များမှာ မဆိုးလှချေ။

"ဂူန်း"

"ရှဲ"

လက်ဝါးရိုက်သံနှင့် ဓားရှည်ဝေ့ယမ်းသံတို့က တေးမှိုင် စန်း တောင်ကြောတွင် ပြည့်လျှံနေသည်။ အိုယန်ခေက အထက်စီးမှ ထိန်းချုပ်နိုင်ဆဲပင် ရှိ၏။ ထို့ကြောင့် သူ့ကို နှိပ်ယောသည် တိုက်ပွဲဆီသို့ ဝမ်ဝိမ်းက ဝင်ရောက်လာခဲ့သည်။ ထို့နောက် လပ်ကျို့ကျန်းစုးနှင့်အတူ အိုယန်ခေကို ဝိုင်းညှပ် တိုက်ခိုက်တော့သည်။

အိုယန်ခေတွား မမူချေ။ သူမ၏ ဓါးပက်ရှည် လက်နက် ကိုသာ သင်္ကေတန်ဓရောင် ယှက်ဖြာအောင် ဝေ့ယမ်း တိုက်ခိုက်

နေသည်။ ကြောက်ရွံ့ခြင်းမရှိသဖြင့် သူမ၏ အချို့တိုက်ကွက်များမှာ လစ်ကွက် ဟာကွက်များပင် ဖြစ်ပေါ်ခဲ့ပေသည်။

“ဝုန်း”

ကျယ်လောင်စွာ ပေါက်ကွဲသံကြီးတစ်သံ ထွက်ပေါ်လာ၏။ မေးဟိုစန်း တောင်ပေါ်စခန်းတစ်ခုလုံး မီးဟုန်းဟုန်း တောက်လောင်နေခဲ့ပြီဖြစ်သည်။ ဓားသံ၊ လက်နက်သံ၊ တိုက်ခိုက်သံများနှင့်အတူ မီးဝါးမျိုးသဖြင့် တဖျစ်ဖျစ် မြည်သံ၊ ကောင်းကင်ဆီသို့ မီးစွယ် မီးညွန့်များ တက်နေသည်။ မီး အလင်းရောင်ကြောင့် တောင်ပေါ်တွင် နေ့ခင်းအလား သဲကွဲထင်ရှားစွာ တွေ့မြင်နေရသည်။

ကောဇုစန်းလေးနှင့် ကျန်းကြည်ပေါ်တို့သည် အခြားသုံးယောက်နှင့် ပေါင်းကာ တောင်ခြေသို့ တက်လာခဲ့ကြသည်။ တောင်ခြေလက်တွင် မြေကြီးကို မြင်ပြီးကတည်းကပင် ထိုငါးယောက်မှာ မခွဲတော့။ တညီတညွတ်တည်းပင် သွားလာ လှုပ်ရှားကြသည်။ တောင်ပေါ်သို့ရောက်သည်နှင့် နတ်ဆက်ဝါး ချွေ့တုံးနှင့် ရင်ဆိုင်ရတော့သည်။

တိုက်ကွက်ငါးဆယ်မျှ မတိုင်ခင်မှာပင် ငါးယောက်အနက်မှ သုံးယောက် ကျဆုံးကာ ကောဇုစန်းလန်းနှင့် ကျန်းကြည်ပေါ်တို့သာ ကျန်ရှိတော့သည်။ ထိုနှစ်ယောက်မှာ အကြီးအကျယ် ချောက်ချားတုန်လှုပ်သွားကြပြီး လှည့်ခွဲကာ ထွက်ပြေးကြတော့သည်။ ချွေ့တုံး ဆက်မလိုက်ပေ။ တောင်ပေါ်တွင် မီးလောင်နေသဖြင့် တောင်ထိပ်သို့သာ မြန်လည် တက်ခဲ့သည်။



တောင်ထိပ်သို့ မရောက်မီ တွေ့သမျှသော လပ်လျှို ကျန်းစူး၏ နောက်လိုက်ငယ်သား အများအပြားကို ချေမှုန်းပစ်လိုက်သည်။ ထို့နောက် အိုယန်စေဘက်သို့ ပြေးလာခဲ့ပြီး ချောင်ဝင်ရောက်ကူညီတိုက်ခိုက်၏။ တိုက်ကွက် ဆယ်ကွက် အတွင်းမှာပင် ဝမ်စီမ်းကို အကြောခံထိုးပိတ်လိုက်နိုင်ခဲ့သည်။

သူထိုးပိတ်လိုက်သော အကြောမှာ ချည်နှောင်သွားကြော ဖြစ်၏။ ဝမ်စီမ်းအတွက် ဒုက္ခိတတစ်ယောက်ပမာ တစ်သက်လုံး မစွမ်းမသန်မလှုပ်မရှားနိုင်တော့။ ထို့ကြောင့် ဝမ်စီမ်းလည်း ကိုယ့်ရင်ဝကို ဓားဖြင့် ထိုးစိုက် အဆုံးစီရင်လိုက်သည်။

လပ်လျှို ကျန်းစူး အကြီးအကျယ် တုန်လှုပ်သွားရသည်။ အိုယန်စေတစ်ယောက်တည်းဆိုပင် အနိုင် မတိုက်ခိုက်နိုင်ဘဲ ဖြစ်နေစဉ် ချွေ့တုံးပါ ဝင်ရောက်လာသည်ဆိုတော့ မည်သို့မျှ မတွေးဝံ့တော့ပေ။ ထို့ကြောင့် တိုက်ကွက်ကို ရုပ်သိမ်းကာ နောက်သို့ ပြေးသွားတော့သည်။

အိုယန်စေက သူ့နောက်သို့ ဆက်လိုက်ပါရန် ဟန်ပြင်လိုက်သည်။ သို့သော် ချွေ့တုံးက တားဆီးထားလိုက်၏။

“မလုပ်နဲ့ အိုယန်စေ၊ စစ်ရှုံးလို့ ထွက်ပြေးတဲ့ စစ်ပြေး တစ်ယောက်ကို နောက်က လိုက်မဖမ်းသင့်ဘူး၊ တို့အခုနေ ဝန်ကျုံကျူ ဘယ်လိုနေတယ် ဆိုတာကိုသာ သွားကြည့်သင့်တယ်”

“ဟင်...ဟုတ်သားပဲ”

အိုယန်စေမှာ ဒီတော့မှ ဖျာဖျာသလဲဖြစ်သွားတော့သည်။ မှန်ပေသည်။ လပ်လျှို ကျန်းစူးကိုသတ်ရန်ကိစ္စထက် ဝန်ကျုံ

ကျူ၏အသက်ကို ကယ်ရန်က ပို၍အရေးကြီးနေသည်။ ထို့ကြောင့် ချေ့ထုံးနှင့်အတူ လန်ကျုံ ကျူဆီသို့ ပြေးထွက်ခဲ့ရ မလေတော့ချေ။

လန်ကျုံ ကျူကား စိမ်းတိမ်းမာနှင့် အာသအတော တိုက် ခိုက်နေဆဲပင်။ နှစ်ယောက်စလုံးမှာ အစွမ်းကုန် တိုက်ခိုက် ခဲ့ကြသဖြင့် ခြေထောက်ပင် မနိုင်တဲ့ ယဲ့ယိုင် ဖြစ်နေကြ တော့သည်။ အိုယန်ဝေမှာ လန်ကျုံ ကျူအတွက် စိတ်အေး စမ်းသာသွားရသည်။ စိမ်းတိမ်းမာကို ဤမျှအထိ တောင့်ခံ ကာ ထိန်းချုပ်တိုက်ခိုက်နေနိုင်စွမ်း ရှိသည်တွင်ပင် စိတ်ထဲ ကျိတ်၍ ချီးကျူးလိုက်မိသည်။ သူတို့နှစ်ယောက် တိုက်ခိုက် နေသည့် နေရာသို့ ပြေးလာရင်းမှ လန်ကျုံ ကျူအား အော် ဟစ်ကာ အားပေးစကား ဆိုလိုက်သည်။

“အစ်ကို လန်ကျုံ ကျူ မစိုးရိမ်နဲ့၊ ကျွန်မလာပြီ”

လန်ကျုံ ကျူမှာ အိုယန်ဝေ၏အသံကို ကြားရင့်တ်ရလျှင် တစ်အားတက်သွားလေသည်။ လေးလံနေခဲ့ရာမှ တိုက်ကွက်များ သွက်လက်အားပေလာသည်။ သူ့ဓားရှည်မှာ မသွေးသာ နေသာ မြွေတစ်ကောင်အလား စိမ်းတိမ်းမာထံသို့ တိုးဝင် သွားသည်။

“ရှမ်း”

“အား”

စိမ်းတိမ်းမာ၏ပေါင်တွင် ဓားချက် တစ်ချက်မိကာ သွေး များ စီးဖြာကျလာ၏။ တစ်ကိုယ်လုံးလည်း စုတ်ပြတ်သတ်ပြီ၊ ဒဏ်ရာတွေ ပရပွ ဖြစ်နေပြီ။ မည်သို့မျှ လွတ်မမြောက်အောင်



ထွက်ပြေးနိုင်စွမ်း မရှိတော့။ ထို့ကြောင့် သူ့စိတ်ရှိသူတင်း ကာ ဝုန်းခနဲ မြေကြီးပေါ်သို့ ဗင်ထိုင်ချလိုက်သည်။ ထို့နောက် လက်ထဲမှဓားဖြင့် လန်ကျုံ ကျူရင်စတည့်တည့်သို့ စပ်ပေါက် လိုက်တော့သည်။

“ဂွီး”

“ဟာ....”

အိုယန်ဝေမှာ အာမေဋိတ်သံကာလေးပင် ပြုလိုက်မိသည်။ သူမနှင့် လန်ကျုံ ကျူတို့က အလှမ်းကွာဝေးနေသေးသည်။ သူမလက်ထဲမှ ဓါးပတ် လက်နက်ဖြင့်လည်း လန်ကျုံ ကျူ ရင်ဝသို့ ပြေးဝင်လာသောဓားကို ကာကွယ်ရန် လက်လှမ်း မမီ။ ထို့အတူ နတ်လက်ဝါးချွေ့တုံးသည်လည်း မတတ်နိုင်။ သူက ပို၍ အလှမ်းကွာဝေးလွန်းသဖြင့် ကူညီ ကယ်တင်၍ မရနိုင်ချေ။

လန်ကျုံ ကျူရင်ဝသို့ ဓားက နီးကပ်စွာ ပြေးဝင်လာ သည်။ သူ့အတွက် ရှောင်တိမ်းနိုင်ရန် အခွင့်အလမ်းနှင့် အချိန်အခါ မရှိတော့။ ဓားဖျားအောက်တွင် အသက်ပျောက် ရန်သာ ရှိချေတော့သည်။

သိုင်းသမားများသည် သေကွင်းသို့ လက်နက်ထိမိသည့် အခါတိုင်း သေကွင်းလွတ်သည့် ပခုံး၊ လက်ပြင်၊ လက်မောင်း စသည်တို့ဖြင့် လက်နက်ကို အထိခံကြသည်။ လန်ကျုံ ကျူမှာ ထိုသို့ ပြောင်းလဲအထိခံရန် ရှောင်တိမ်းချိန်ပင်မရှိသဖြင့် မျက် လုံးမှိတ် အသေခံရတော့မည့်ကဲ့သို့ ရှိနေသည်။

ထိုစဉ်...

"ဆာနီ"

အခြေအနေက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်။ ယံသံ ချင်း၊ ထိခင်သံ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး ဓားရှည်၏ လားရာလမ်းကြောင်း ပြောင်းလဲသွားသည်။ လန်ကျုံကျူ၏ ရင်ဘတ်ရှေ့ နှစ်လက်မခန့်အကွာမှ ရုတ်တရက် ဘယ်ဘက်သို့ ဦးလည်ကာ ဓားသည် ချော်ထွက်သွား၏။ အင်္ကျီကိုတော့ ရုတ်ဖြဲသွားသေးသည်။

"ဟင်"

စိမ်းတိမ်းမာသည် အကြီးအကျယ်အံ့အားသင့်သွားသည်။ လန်ကျုံကျူသည်လည်း ကိုယ့်ကိုယ်ကို နားမလည်နိုင်ဘဲ ကြောင်ငေးနေမိသည်။

"ရှမ်း"

ဓားရှည်လမ်းကြောင်း သွေဖည်ပြီး ကျောက်တုံးနှင့် ထိမှန်သံ ထွက်ပေါ်လာမှ အိုယန်ဝေလည်း အချောက်ချောက် အချားချားဖြစ်ကာ မျက်လုံးဖွင့်ကြည့်လိုက်၏။ မြင်ရသည့် မြင်ကွင်းကို ကိုယ်တိုင်မြင်ရလျှင် ယုံမည်မဟုတ်။ လန်ကျုံကျူ ဘာမှမဖြစ်ဘဲ မှင်တက်ငေးကြောင်နေသည်ကို တွေ့ရလျှင် ဝမ်းသာသွားရ၏။

"အစ်ကို…အစ်ကို လန်ကျုံကျူ ဘယ်လိုနေသေးသလဲ"

အိုယန်ဝေ လိုက်လှဲတုန်ယင်စွာ မေးကာ ပြစ်လိုက်ပြီး ရှေ့သို့ ခုန်ဝင်လိုက်၏။ လန်ကျုံကျူမှာ သည်တော့မှ သတိဝင်သွားသည်။

"ဘာမှမဖြစ်ပါဘူး"



စိမ်းတိမ်းမာသည် ခေါင်းတွင် ဓားထိမှုအားဖြင့် လှုပ်မပြေးနိုင်တော့ချေ။ အခြေအနေက သူ့အတွက် အရှုံးချည်းဖြစ်နေချေပြီ။ နောက်ဆုံး ပါးစပ်ထက်နုတ်ဖြင့်သာ တိုက်ခိုက်ရတော့သည်။

"အိုယန်ဝေ ခြေခွင်း…ယောကျ်ားယူဖို့အတွက်နဲ့ ဆရာကိုတောင်မှ အာခံသစ္စာဖောက်တယ်၊ ယောကျ်ား ဒီလောက်ပဲ ရှားသလား။ ဒီလောက်ပဲ ယောကျ်ားလိုချင်နေရသလား"

သူသည် အယုတ္တ အနတ္တစကားများဖြင့် ပျစ်ပျစ်နှစ်နှစ် ဆဲဆိုတော့သည်။

အိုယန်ဝေ လျှပ်တစ်ပြက် မျှ ပြန်လိုက်၏။

"ဝုန်း"

စိမ်းတိမ်းမာ လွင့်ထွက်သွားသည်။ သူသည် လူးလဲထလာပြီး အိုယန်ဝေကို ယင်မဲဆဲဆို မြန့်ခဲ့သည်။

"မနာခံ…နင်တို့ကငါ့ကို အများနဲ့တစ်ယောက် အနိုင်ယူသလား ခြေသ၊ ဒီလိုလူမျိုးအတွက် သူ့ရဲကောင်းတို့ နေရာရမလား"

လန်ကျုံကျူက ဒေါသဖြင့် ဝင်ပြော၏။

"အေး…သူ့ရဲကောင်းလား၊ သူယုတ်မာလားသိရအောင် မင်းကို ငါက အစ်စီဖို့ ပို့ပေးလိုက်မယ်"

အိုယန်ဝေက လက်ကာပြလျက်…

"နေ…နေ၊ အစ်ကိုလုပ်ပဲနဲ့ ကောင်းကောင်းအနားယူနေလိုက်စမ်းပါ၊ ဒီဖို့ ဒုစရိုက်ကောင်တွေကို သိုင်းလောက

စည်းကမ်းတွေ ဥပဒေတွေ လျှောက်ပြောမနေနဲ့၊ စိမ်းတိမ်းမာ…ရှင့်ရဲ့ ပညာသင်အစ်ကိုနောက်ကို လိုက်သွားပေတော့"

ပြောပြောဆိုဆို ခါးပတ်ရှည်ကို ဆန့်ထုတ်လိုက်၏။

"ရွှီး"

"ရွှမ်း"

စိမ်းတိမ်းမာ လဲကျသွားသည်။ သူ၏ ဝိညာဉ်သည်လည်း သူ့ခန္ဓာကိုယ်ထဲမှ တစ်ပါတည်း ထွက်ခွာ သွားလေသတော့ သတည်း။

★

## အခန်း (၁၂၃)

### ကယ်တင်ရှင် ဧည့်သူနည်း၊

လန်ကျုံ့ကျူလည်း ဒဏ်ရာဒဏ်ချက် အတော်များများရ လိုက်သည်။ စိမ်းတိမ်းမာ၏ ခြောက်နံချက်တစ်ချက် မိထားသည်က ရင်ထဲတွင် အောင့်နေသည်။ ရန်သူနှင့် အသေအလဲ တိုက်ခိုက်နေစဉ် စိတ်ဆောင်နေသဖြင့်သာ တောင့်ခံနိုင်ခြင်း ဖြစ်ပေသည်။ ယခုအခါတွင်ကား ရန်သူလည်း သေဆုံးခဲ့ပြီ၊ ရန်ကြေးလည်း ပြေငြိမ်းခဲ့ပြီး သူ့စိတ်ကို တင်း ထား ရာမှ လျှော့ချလိုက်သည်။

သူ့ခေါင်းထဲ မူးမိုက်လာသည်။ မျက်လုံးများ ပြာဝေလာသည်။ အိုယန်ဝေဆီသို့ ပြာရီသောမျက်လုံးများဖြင့် လှမ်းကြည့်ပြီး တီးတိုးခေါ်လိုက်၏။

"အိုယန်ဝေ"

သူသည် ထိုအမည်ကိုခေါ်ပြီး ဒူးညွှတ်ပျော့ခွေ သွားရတော့သည်။ အိုယန်ဝေက အလျင်အမြန်ပြေးပွေ့သည်။ ရဝိ

ခွင်ထဲသို့ ပွေ့ပိုက်ထားလိုက်၏။ ရုတ်တရက် ဖြစ်ပေါ်လာသော အခြေအနေကြောင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားရ၏။

"ဆရာကြီးချေ့...ဖြည်းဖြည်းပေါ့ဦး၊ ဒီမှာ အစ်ကို့ လန်ကျူကျူ တယ်ရုံဖြစ်သွားတော့ မယ်ဘူး"

သူမ၏စကားသည် တုန်ယင်နေ၏။ ချေ့တုံးလည်း အထိတ်တလန့်ဖြစ်သွားပြီး ခုန်ဝင်လာသည်။ ချေ့တုံးက လန်ကျူကျူ၏ လက်ကောက်ဝတ်ချေးကြောကို စမ်းသပ်ကြည့်လိုက်၊ နဖူးကို စမ်းသပ်ကြည့်လိုက် လုပ်ပြီးနောက် အိုယန်ဝေအား နှစ်သိမ့်လိုက်သည်။

"ဘာမှ မပူပါနဲ့၊ သူ ဘာမှမဖြစ်ပါဘူး၊ အချိန်ကြာကြာ တိုက်ခိုက်ခဲ့လို့ အားအင်တွေ ကုန်ခန်းသွားတော့တာပဲ။ ခဏကြာရင် ကောင်းသွားမှာပါ၊ သူ့ကို လောတိုက်မခံပါနဲ့၊ လုံခြုံတဲ့ နေရာတစ်နေရာကို ခေါ်သွား၊ အနားယူပါစေ၊ အဖြင်ကကိစ္စတွေ ကျုပ်တာဝန်ထားလိုက်၊ ဘာမှစိတ်မပူနဲ့"

အိုယန်ဝေမှာ ချေ့တုံးအပေါ် ရှက်ခဲ့နိုင်တော့။ လန်ကျူကျူအား မီးမလောင်သည့် အဆောင်တစ်ခုအတွင်းသို့ ပွေ့ချီသွားပြီးလျှင် ဆေးတိုက်ကျွေး၏။ ထို့နောက် သွေးလည်ပတ်မှု မှန်ကန်ပုံမှန်ဖြစ်လာစေအောင် အတွင်းအားဖြင့် အကူအညီပေး၏။ သူမ၏ ဂရုစိုက် ပြုစုကုသမှုကြောင့် လန်ကျူကျူမှာ မကြာမီပင် ပြန်လည်၍ သတိရလာခဲ့သည်။ ပတ်ဝန်းကျင်ကို မျက်စိကစားကြည့်လိုက်ပြီး အိုယန်ဝေအား တီးတိုးမေးလိုက်လေသည်။



"ဟင်—ကိုခွင်ယောက်ဘည်းပဲရှိသလား၊ ဆရာကြီးချေ့ ကော ဘယ်ရောက်နေသလဲ"

အိုယန်ဝေမှာ ဝိုးရီမိစိတ်ဆောင်ကောကြောင့် မျက်နှာကလေး ရှုံ့မဲ့နေ၏။ လန်ကျူကျူ မေးမည်စိုး၍...

"မေးနေဦးမယ့်အစ်ကို့၊ စကားမပြောပါနဲ့၊ အစ်ကို့မှာ ဒဏ်ရာတွေများကြီး ရထားတာပဲ၊ ဒါကြောင့်ဖြစ်လို့ ဆေးဆေး မပြောရတာလဲ"

လန်ကျူကျူ ဘာမှမပြောဘဲ အိုယန်ဝေကိုသာ ငေးစိုက်ကြည့်နေသည်။ အိုယန်ဝေမှာ သည်မျှအထိ စိုက်ကြည့်ခြင်းခံနေရသည်မို့ ရှက်ကာမ်းအမ်းလေး ဖြစ်သွားရသည်။

"ဘာဖြစ်လို့ ဒီလောက်တောင် စိုက်ကြည့်နေရတာလဲ၊ မမြင်ဖူးဘူးလား"

လန်ကျူကျူက ပြုံးလိုက်သည်။

"မမြင်ဖူးလို့ မဟုတ်ပါဘူး၊ လှလို့ ချစ်စရာကောင်းလို့ ကြည့်နေတာပါ၊ ဒီလောက်ချစ်စရာကောင်းတဲ့ မျက်နှာလေးကို အခုမှပဲ မြင်ဖူးရသလားလို့ ကိုယ့်ကိုယ်ကို အပြစ်တင်တဲ့ အနေနဲ့ ကြည့်နေတာ"

"အို..."

အိုယန်ဝေ ပါးပြင်တွင် နှင်းဆီရောင်သန်းသွားသည်။ မျက်နှာကလေးကို အလျှင်အမြန် ငုံ့ပစ်လိုက်မိ၏။ လန်ကျူကျူက အိုယန်ဝေ၏ လက်ဖျားလေးကို ညင်သာယုယစွာ ဖမ်းဆုပ်လိုက်ပြီးလျှင်—

"ကျိုယ့်ကို ပြောပြစမ်းပါဦး၊ ခုနက ကိုယ်ဘယ်လိုဖြစ်သွားရတာလဲ"

အိုယန်စေ ခေါင်းကလေး ပြန်မော့လာ၏။ လန်ကျုံကျူ အား ကြင်နာစွာ ကြည့်လိုက်ပြီး....

"ဒါတွေ မမေးပါနဲ့အစ်ကိုရယ်၊ စိတ်အေးလက်အေးနဲ့ ကောင်းကောင်း အနားယူစမ်းပါ၊ ကျွိုယ်တာသာကျွိုယ်ဘောင် ဘယ်လိုတာနေ ဘယ်လို ဖြစ်သွားရတယ်မသိဘဲ ကျွန်မကို လာ မေးနေတော့ ဘယ်လိုဖြေရမှာတဲ့လဲ"

လန်ကျုံကျူ ငြိမ်သွား၏။ အိုယန်စေကို ထပ်မံ၍ မေး မြန်းဖြန်သည်။

"မင်းတို့ကော ဘယ်လိုက ဘယ်လိုတွေ ဖြစ်ပျက်ခဲ့သလဲ၊ ကျိုယ့်ကို ပြောပြစမ်းပါဦး"

အိုယန်စေ ရှင်းပြရတော့သည်။ ဖြစ်ပျက်ခဲ့သည့် အဖြစ် အပျက်များ၊ ဆပ်လျို ကျန်းစူးနှင့် အပြင်းအထန် တိုက်ခိုက်ခဲ့ပုံ များ၊ စခန်းအပြင်ဘက်မှ တိုက်ပွဲများအကြောင်းတို့ ရှင်း လင်းပြောပြသည်။ သူမ၏စကားဆုံးသောအခါ လန်ကျုံကျူ က သူမ၏ လက်ဖဝါးလေးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ပြီးလျှင် ချီးကျူးစကားပြောသည်။

"မင်း သိပ်တော်တာပဲ၊ မင်းအစီအစဉ်တွေကောင်းခဲ့လို့ ဒီည ရန်သူတွေကို ချေမှုန်းနိုင်ခဲ့တာ"

အိုယန်စေက သူ့လက်ကို ပုတ်ဖယ်လိုက်ပြီးလျှင်....

"မြှောက်ပြောမနေစမ်းပါနဲ့၊ ကျိုယ့်ကိုယ်ကို အားရှိသွား အောင် အနားယူဦး၊ စကားသိပ်ပြောလို့ မောနေဦးမယ်၊



ကျွန်မတစ်ယောက်တည်းတော်လို့ ဒီလိုဖြစ်ရတာ မဟုတ်ပါ ဘူး၊ ဒီညတိုက်ပွဲမှာ ဆရာကြီးတို့ရဲ့ အားတွေ အများကြီး ပါခဲ့တယ်၊ သူသာမရှိရင် ကျွန်မလဲ ဆပ်လျို ကျန်းစူးကိုအနိုင် တိုက်နိုင်မှာ မဟုတ်ဘူး၊ အစ်ကို့ကိုလဲ ကယ်တင်နိုင်မှာ မဟုတ်ဘူး"

သူ့ကို ကယ်တင်သည်ဆိုပါမှ အိုယန်စေမှာ တအံ့တဩ တန် ဖြစ်သွားပြီးလျှင်....

"အင်း...အဲဒီကိစ္စကိုပြောရရင် သိပ်ကို အံ့ဩဖို့ကောင်း တယ်၊ ရန်သူရဲ့ဓားရှည်က အစ်ကို့ဆီကို တန်းတန်းမတ်မတ် တိုးဝင်လာတာပဲ၊ ဒါကို ကျွန်မ အသေအချာ မြင်လိုက်ရ တယ်၊ နောက်တော့ ဘယ်လိုကနေဘယ်လို ဓားလမ်းကြောင်း လွှဲဖယ်ပြီး နောက်ဘက်ထွက်သွားရသလဲဆိုတာ ကျွန်မလဲ မသိနိုင်အောင် ဖြစ်သွားရတယ်"

လန်ကျုံကျူမှာ ထိုအဖြစ်ကို ကျက်သုံးသပ်တွင် မြန်မြင် လာပြီးလျှင် နဖူးပြင်၌ ချွေးကလေးပင်စို့လာ၏၊ ရင်ထဲတွင် လည်း မောသလို ခံစားလာရသည်၊ အိုယန်စေက သူ့ရင် ဘတ်ကို လက်ဖြင့်အသာ ဖိပေးလိုက်ပြီး....

"အစ်ကို...ဘာမှ လျှောက်တွေးမနေနဲ့၊ ကောင်းကောင်း အနားယူလိုက်နော်"

နှစ်သိမ့်စကားပြောပြီး နဖူးပြင်ကို လက်ဖဝါးကလေး ဖြင့် ပွတ်သပ်ပေးလေ၏၊ လန်ကျုံကျူလည်း အသာပင် မှိန်း နေလိုက်၏၊ ထို့နောက် အိပ်ပျော်သွားတော့သည်။

သူအိပ်ပျော်သွားမှ အိုယန်ခေလည်း မီးလောင်ပြင်သို့ ထွက်ခဲ့သည်။ ခန်းကြီးတစ်ခုလုံး ၂၁ မီးဒဏ်ကြောင့် ရေစက် မရှိအောင် ပျက်စီးခဲ့ပြီဖြစ်၏။ အိုယန်ခေ ရောက်လာလျှင် ချေ့တုံးနှင့် ခန်းသားများက မီးငြိမ်းသတ်ပြီး ဖြစ်နေ သည်။

အိုယန်ခေမှာ မချာကြီးရောရှိသည်တို့ကို မှာကြား၊ ပြန် လည်စရာရှိသည်တို့ကို ပြင်ဆင်နေလိုက်သည်။ ထို့နောက် ချေ့ တုံးနှင့် ခမေး၏။

'ဆရာကြီးချေ့၊ အစ်ကို့ကို ဆရာကြီး ဘယ်လိုလုပ်ပြီး ကယ်တင်ခဲ့တာလဲ၊ ကျွန်မ မျက်စိလျှမ်းသွားပြီး ဘာကိုမှမမြင် လိုက်မိဘူး'

ချေ့တုံး အံ့အားသင့်သွား၏။ နောက်မှ စိမ်းတိမ်းမောခ် ဖောရှည်ကို အိုယန်ခေလက်ထဲသို့ ပေးအပ်လိုက်ပြီးလျှင်...

'အဲဒါတော့ မင်းကြည့်လိုက်တာနဲ့ ရှင်းခန် သိသွားမှာ ပဲ အိုယန်ခေ၊ သူ့ကို ကျုပ် ကယ်တင်ခဲ့တာ မဟုတ်ပါဘူး၊ ကျုပ်က ခင်းသက် လေမ်းခဝးတဲ့နေရာမှာ ရောက်မှဲ့ရုတာ ပါတာလား'

အိုယန်ခေ မျက်မှောင်ကလေး ကြုတ်သွားပြီးလျှင်...

''ဆရာကြီးချေ့ ကယ်တင်တာမဟုတ်ဘူးဆိုရင်ဘယ်သူက လာပြီး ကယ်တင်သွားသလဲ၊ အဲဒီတုန်းက သူတို့အနားမှာ ကျွန်မနဲ့ ဆရာကြီးချေ့ပဲ ရှိနေတာယ် မဟုတ်လား''

''ကျုပ် မကယ်တင်ခဲ့တာ အမှန်ပဲ၊ လန်ကျုံကျူကိုကယ် တင်သွားတဲ့သူရဲ့ သိုင်းပညာက အံ့ဩစရာ ကောင်းလောက်



အောင်ကို ထက်မြက်မြန်ဆန်းလှန်းနေကယ်၊ သူ့ ကိုယ်ဖော့ ပညာ ကောင်းလွန်းလို့ ကျုပ်ကောင်မှ သူရှိနေခဲ့တယ်ဆိုတာ သတိမထား မိခဲ့ဘူး''

အိုယန်ခေက အမေလာတကြီးဖြတ်မေး၏။

''အဲဒီလူက ဘယ်သူလဲ ဆရာကြီးချေ့၊ အစ်ကို့ကိုကယ် တယ်ခဲ့တာ ဘယ်သူလဲဆိုတာ ဆရာကြီးချေ့သိတယ်မဟုတ်လား''

ချေ့တုံးက ခေါင်းကို ညင်သာစွာ ယမ်းပစ်လိုက်သည်။

''မသိပါဘူးကွယ်၊ သူဘယ်သူလဲဆိုတာ ကျုပ်စဉ်းစား လို့ မရနိုင်ပါဘူး၊ ဒီသို့လက်နက်ပုန်းမျိုး ဘယ်သူသုံးတယ်ဆို တာ မင်းသိလား၊ ဒီလက်နက်ပုန်းမျိုးကိုတော့ မင်းတွေ့ဖူး ရဲ့လား''

ချေ့တုံးက ခားရှည်ဖုံ ထုတ်ပြလိုက်သည်။ အိုယန်ခေ က အသေအချာကြည့်၏။ ခားရှည်ဆပ်နှင့် ယက်ပေါက်ခန့် အလျားတွင် အပ်ကခေးသုံးချောင်းက ကြိုက်ပုံသဏ္ဍာန် စိုက် ဝင်နေသည်။ အပ်များက ခားမြှား၏ ချွန်းထက်မြက်သို့ မပေါက်ထွက်နေသည်ဖြစ်၍ ထိုသူ၏ အတွင်းအားပညာနှင့် လက် နက်ပုန်းပစ်ခတ်သည့်ပညာ မည်မျှ ကျွမ်းကျင်ထက်မြက်လှသည် ကို သိရှိနိုင်လေသည်။

အိုယန်ခေမှာ ထိုခားနှင့် လက်နက်ပုန်းတို့ကိုကြည့်ပြီးလျှင် အံ့ဩမဆုံးနိုင်အောင် ရှိနေ၏။ ထိုသူ၏ လက်နက်ပုန်းပစ် ပညာနှင့် အတွင်းအားပညာတို့သည် ဇာဖွဖွရီး ကျူးစကား ကြားခဲ့ရတာသည်။ ဒီလက်နက်ပုန်းမျိုးကို သူမ တစ်ကြိမ်တစ် ခါမှ မတွေ့ခဲ့ဖူးချေ။

လန်ကျူကျူ ဒဏ်ရာသို့ အိုယန်ဝေနှင့် ချေ့တုံးတို့က ဂရုတစိုက် ပြုစုကုသကြ၏။ ထို့ကြောင့် နှစ်ရက်ခန့်အတွင်း ထူထူထောင်ထောင်ဖြစ်လာ၏။ လန်ကျူကျူမှာ အိပ်ရာထက်တွင် လဲလျောင်းနေသည်ကို ငြီးငွေ့လာ၏။ ခုတင်ထက်မှထကာ လမ်းလျှောက်သွားယာ ပြုသည်။ အိုယန်ဝေနှင့် ချေ့တုံးက ခွင့်မပြုချေ။ ထို့ကြောင့် မလွှဲသာမရှောင်သာဘဲ ခုတင်ထက်တွင် ငြိမ်ခံနေရတော့သည်။

"အစ်ကို့လို့ အန္တရာယ်ထဲကနေ ဘယ်သူကယ်တင်ခဲ့တယ်ဆိုတာ သိသလားအစ်ကို"

အိုယန်ဝေက လန်ကျူကျူအား အန္တရာယ်အတွင်းမှ လွတ်တင်းခဲ့ရပုံနှင့် ပတ်သက်၍ အစဖော်ပေးလိုက်သည်။ လန်ကျူကျူမှာ ထဆိုင်မိမတတ်ဖြစ်သွားလေ၏။

"သာ...ဘယ်သူ့ကယ်တင်လိုက်တယ် ဟုတ်သလား၊ ဘယ်သူက ကယ်ခဲ့တာလဲ"

"ဘယ်သူဆိုတာတော့ကျွန်မလဲမသိဘူး၊ အမည်မပေးတို့ မသိလိုတဲ့ သူရဲကောင်းတစ်ယောက် ဖြစ်ပါလိမ့်မယ်၊ သူက တြိဂံပုံသဏ္ဌာန်ရှိတဲ့ သံမဏိအပ်ချောင်း လက်နက်ပုန်းသုံးခုနဲ့ ပစ်ပေါက်ကယ်တင်သွားခဲ့တာပဲ"

လန်ကျူကျူ မျက်လုံးများ ဝင်းခနဲဖြစ်သွား၏။ အိုယန်ဝေအား ဝမ်းသာအားရ မေးလိုက်သည်။

"တြိဂံပုံသဏ္ဌာန် သံမဏိအပ် လက်နက်ပုန်းဟုတ်လား" ကိုယ်ကြည့်ချင်တယ်၊ အဲဒီလက်နက်ပုန်းကြည့်ပြီး ကိုယ်တစ်ခုခု မှတ်ချက်ပေးနိုင်လိမ့်မယ်"



အိုယန်ဝေက ဓားကိုသွားယူရန် မတ်တတ်ထလိုက်၏။ လန်ကျူကျူက အိုယန်ဝေကိုပြောသလိုလို သူ့တစ်ကိုယ်တည်း ပြောသလိုလို ရေရွတ်နေ၏။

"သူတကယ်ပဲလာသွားခဲ့သလား၊ ဘာဖြစ်လို့များ ငါ့ကို မတွေ့သွားရတာလဲ"

အိုယန်ဝေမှာ ထိုစကားသံကြောင့် တအံ့တသြဖြစ်သွားကာ နောက်လှည့်ကြည့်လိုက်ပြီးလျှင်...

"သူဆိုတာ ဘယ်သူ့ကိုပြောတာလဲအစ်ကို၊ အဲဒီလူကို အစ်ကို တကယ်ပဲသိသလား"

"ဓားကို သွားယူစမ်းပါ၊ အဲဒါတွေ့ပဲ ကိုယ်ကြည့်ပါရစေ"

အိုယန်ဝေ အပြေးလေး ထွက်သွားသည်။ ကယ်တင်ရှင်ကို လန်ကျူကျူသိလိမ့်မည်ဟု တွက်ဆမိသဖြင့် တက်ကြွနေသည်။ သူမအခန်းထဲသို့ ပြန်ဝင်လာသောအခါတွင်ကား နတ်လက်ဝါ။ ချေ့တုံးကလည်း သူမနှင့်အတူကပ်လျက်လိုက်ပါလာခဲ့လေသည်။ အိုယန်ဝေက ဓားကို လန်ကျူကျူအား ကမ်းပေးလိုက်သည်။ လန်ကျူကျူက အသေအချာ အကဲခတ်ကြည့်ရှုလိုက်ပြီး တိုးတိုးလေး ပြောလိုက်တော့၏။

"ဟုတ်ပါပြီ၊ မမှားပါဘူး၊ ဒါဟာ ကိုယ့်ဆရာရဲ့သံမဏိအပ် လက်နက်ပုန်းပါပဲ"

သူ့စကားကြောင့် အိုယန်ဝေရော ချေ့တုံးပါ ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။ လန်ကျူကျူ၏ ဆရာဖြစ်သူ ဟိန်ကျင်းရသေ့ကြီးတွင် ဤမျှထက်မြက်သောပညာ တတ်

ကျွမ်းသားသည်ကို အုံ့ညြသူ့းသန်း၍ မဘွက်ခေါ။ ညှိသေး ဟိုခန်းလဘင်သပါ၏ မြည်ကျော်သွားခိုက်မှပင် တသည့်ဖြစ် သူ့ အန္တရာယ်နှင့် ရင်ဆိုင်တိုးနေရသည်မှာပင် အဘယ်ကြောင့် ဝင်ရောက်တွေ့ဆုံသွားခြင်း မပြုခဲ့လေသနည်း ဆိုသည်ကိုသာ ထုံအားသင့်နေကြခြင်း ဖြစ်တော့သည်။

တိတ်ဆိတ်မှုက အတော်လွှမ်းမိုးသွားသည်။ မီးကိုင်မဖိုးညွှန့် ကလေးများ ယိမ်းကနေသလို သူတို့သုံးယောက်၏အရိပ်များ လည်း ယိမ်းသိုးနေကြ၏။ သံသယမေးခွန်း သံသယ အကြည့်များက အိုယန့်ဝေနှင့် ချွေ့တုံးတို့ထံ ဖြစ်ပေါ် နေကြ၏။ အတန်ကြာမှ အိုယန့်ဝေက စတင်၍ သူ့မေး၏ ရင် ထဲမှ သံသယအစ စကားကို ထုတ်ဖော် ပြောကြားသည်။

"အစ်ကို့ဆရာရဲ့ လက်နက်ပုန်းဆိုတာ သေချာရဲ့လား၊ မှတ်မှားတာ မှတ်မိရဲ့လား၊ တခြားလိုလူ ဘာဖြစ်လို့ ကျွန်မတို့နဲ့ မျက်နှာချင်း မဆိုင်ဘဲ အခုလာတာကြီး ထွက်သွား ရတာလဲ"

ယန်ကျုံကျူး ဘက်မှ ပြင်းချော့သည်။

"ဟုတ်ပါတယ်၊ ဒီသမားကိုအပ် လက်နက်ပုန်းဟာ ကျွန်တော့် ဆရာရဲ့လက်နက်ပုန်းဖြစ်တာ ကျိန်းသေပါပဲ"

"ဒါဆိုရင် ဆရာက မင်းကို ဘာကြောင့် မတွေ့ရ တာလဲ၊ မင်းနဲ့ ပြဿနာရှိလို့လား"

ချွေ့တုံး၏ အမေးကို ယန်ကျုံကျူး ခေါင်းခါပြလိုက်၏။

"ဟင့်အင်း...ဆရာနဲ့ ကျွန်တော်က ဘာမှ ပြဿနာ မရှိ ပါဘူး၊ သူ ဘာဖြစ်လို့ ကျွန်တော်နဲ့ ဝင်မတွေ့မသွားရသလဲ



ဆိုတာကိုတော့ ကျွန်တော်လဲမသိဘူး၊ ဒါပေမယ့် ကျွန်တော် အမြင် ပြောရမယ်ဆိုရင်တော့ အချက် နှစ်ချက်ကို တွေ့မိ တယ်"

"ခိုပြီးပြောပါဦး...ဘယ်လို အချက်နှစ်ချက်လဲ"

"ပထမအချက်က ဆရာ့မှာ သိပ်ပြီး အရေးကြီးတဲ့ ကိစ္စ တစ်ခုခု ရှိနေလိမ့်မယ်၊ ဒါကြောင့်မို့ ကျွန်တော့်ကို တွေ့ ပြီးတာနဲ့ ဆက်မနေနိုင်တော့ဘဲ ထွက်သွားတာ ဖြစ်ရမယ်၊ နောက်တစ်ချက်ကတော့ ကျွန်တော် အရေးအခင်း တိုက်ပွဲ အောင်မြင်နေတာကို တွေ့လို့ အန္တရာယ်မရှိတော့ပါဘူးလေ၊ ဒီမှာဆက်နေလို့လဲ အကြောင်းမထူးဘူးဆိုပြီး ထွက်သွားတာ ဖြစ်လိမ့်မယ်"

သူ့ခန့်မှန်းချက်ကို အိုယန့်ဝေက လက်မခံနိုင်ပေ။ ဤ ကြောင့် ဇောဒက တက်လိုက်သည်။

"ဟင့်အင်း...အစ်ကိုတွေးသလို မဖြစ်နိုင်ဘူး၊ အစ်ကို့ ဆရာ ရသေ့ကြီးအနေနဲ့ ဒီနေရာမှာ နေချင်ဘဲနေ မရှိဘဲ တိုင်အောင် အားလုံးနဲ့ တစ်ယောက်ချင်းဖြစ်ဖြစ် တွေ့ဆုံပြီးမှ သွားရင်လဲ ဖြစ်တာပဲပဲ၊ ပြီးတော့ သူ့မှာ အရေးကြီးတဲ့ အကြောင်းကိစ္စရှိနေမယ်ဆိုဦးတော့၊ ဒီလောက်အချိန်ကလေး နဲ့ သူ့အတွက် ဘယ်လိုမှ အကျိုးယုတ် နှောင့်နှေးသွားစရာ အကြောင်း မဟုတ်ပါဘူး၊ ကျွန်မစိတ်ထင်ပြောရရင် အစ်ကို့ အကြည့်လွဲသွားပြီး ဒီလက်နက်ပုန်းပိုင်ရှင်ဟာ အစ်ကို့ဆရာ တန်ကောင်းမသေကြီး မဟုတ်နိုင်ဘူး၊ တခြား တစ်ယောက် ယောက် ဖြစ်လိမ့်မယ်ထင်တယ်"

လန်ကျုံ့ကျူ ဘာမျှမပြောတော့ပေ။ အသာငြိမ်နေလိုက်ရတော့သည်။

ရက်သတ္တပတ် အနည်းငယ်အတွင်းမှာပင် တောင်ပေါ်စခန်း၌ ပြန်လည်ပြုပြင်မွမ်းမံခြင်းများ အတန်ပင် ပြီးပြည့်စုံသွားခဲ့၏။ နတ်လက်ဝါး ခွေ့တုံးကလည်း ထွက်ခွာသွားခြင်း မရှိဘဲ ဝိုင်းဝန်းကူညီသည်။

လန်ကျုံ့ကျူသည်လည်း ပကတိ လူကောင်းတစ်ယောက် အဖြစ်သို့ ရောက်ရှိလာခဲ့ချေပြီ။

တစ်နေ့ သူတို့သုံးယောက် တည်ဆောက်ရေး လုပ်ငန်းများ ညွှန်ကြား ကွပ်ကဲနေစဉ် တောင်ခြေမှ ကင်းသမားတစ်ဦး ရောက်ရှိလာသည်။ တောင်ခြေတွင် ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦး၊ မြင်းကိုယ်စီ စီးနင်းကာ ရောက်ရှိလာကြောင်း၊ ကျိုကျန်ရှန်နှင့် ရှိဖိန်အော်တို့ ဖြစ်ကြပြီး စခန်းအကြီးအကဲနှင့် တွေ့ဆုံလိုကြောင်း သတင်းပေးလေ၏။ ခွေ့တုံး ဝမ်းသာသွားသည်။ လန်ကျုံ့ကျူ၏ လက်ကို ဆွဲကာ တောင်ခြေသို့ ပြေးဆင်းခဲ့၏။ အိုယန်ဝေလည်း ပြေးလိုက်ရသည်။

လန်ကျုံ့ကျူမှာ လူစင် ပြောစကားများကြောင့် ကျိုကျန်ရှန်တို့ကို သိရှိထားသည်။ ထို့ကြောင့် ကျိုကျန်ရှန်နှင့် ရှိဖိန်အော်တို့ ရောက်လာကြသည်ဆိုသဖြင့် ဝမ်းသာသွားမိသည်။

တောင်ခြေသို့မရောက်ခင် တောင်ခုလတ်မှာပင် နတ်လက်ဝါး ခွေ့တုံးက ဝမ်းသာအားရ အော်ဟစ်လိုက်၏။

"ကျိုကျန်ရှန်၊ ညီလေး"



ကျိုကျန်ရှန် ပထမ ငေးငေးငေါ ဖြစ်နေ၏။ နှိုးလာမှ ခွေ့တုံးမှန်း သိတွဲပြီပြုံးသွားသည်။

"ဆရာကြီး ခွေ့ပါလား၊ ရောက်နေတာ ကြာပြီလား၊ ဒီနှစ်ယောက်က နေ့ခင်းကြီး လန်ကျုံ့ကျူနဲ့ အိုယန်ဝေ ထင်တယ်"

ခွေ့တုံးက တအံ့တသြလေးဖြစ်ကာ ကျိုကျန်ရှန်နှင့် လန်ကျုံ့ကျူတို့ကို အပြန်ပြန်အလှန်လှန် ကြည့်နေလိုက်သည်။ ထို့နောက်—

"ဟုတ်ပါတယ်၊ သူတို့ နှစ်ယောက်က လန်ကျုံ့ကျူနဲ့ အိုယန်ဝေပဲ၊ ငါ့ညီက ဒီလိုအေးပုံထောက်ရင် မင်းတို့ချင်း မတွေ့ဖူးကြသေးဘူးထင်တယ်၊ နေစမ်းပါဦး၊ မင်းတို့ နှစ်ယောက်က ဒီကို အရေးတကြီးရောက်လာရတာ အကြောင်းများ ရှိလို့လဲ"

ကျိုကျန်ရှန်နှင့် ရှိဖိန်အော်တို့ နှစ်ယောက်မှာ လန်ကျုံ့ကျူနှင့်အတူ တောင်ပေါ်သို့ တက်လာခဲ့ကြသည်။ လမ်းတစ်လျှောက်တွင် သူတို့နှစ်ယောက် ဤတောတိုင်နယ် တောင်ပေါ်သို့ ရောက်လာကြရခြင်းအကြောင်းကို ပြောပြ၏။ သူ့အပြောစကားကြောင့် ခွေ့တုံးနှင့် လန်ကျုံ့ကျူတို့နှစ်ယောက် အံ့အားသင့်သွားကြတော့သည်။

သူတို့ ခရီးစဉ်ကို တွက်ကြည့်လိုက်ကြ၏။ နေ့ရက်များကို ချိန်ကြည့်လိုက်၏။ လန်ကျုံ့ကျူနှင့်စိမ်းတိမ်းမသတို့ တိုက်ခိုက်ခဲ့ကြပြီး နောက်တစ်ညမှာ ရှိဖိန်အော်နှင့် ကျိုကျန်ရှန်တို့ သတင်း ရရှိပြီး ဖြစ်နေသည်။ ထိုသတင်းပေးသူသည် ဤခရီး

ထို တစ်ရက်နှင့် တစ်ညတည်းနှင့် သွားရောက်နိုင်ခဲ့ခြင်းကို သူတို့ တွက်ချက်မိကြလေ၏။

ထိုသူသည် သူ့ကိုယ်တိုင်က ဝင်ရောက် ကူညီခြင်း မပြုဘဲ အဘယ်ကြောင့် ကျီ ကျန်ရှန်တို့ ကို တကူးတက သွားရောက် သတင်းပေးရလေသနည်း။ ကျီကျန်ရှန်တို့ တွေးမိသလိုပင် လန်ကျုံကျူ၏ ခေါင်းထဲ၌လည်း သံသယအတွေးများ ဝင် သွားကြသည်။

ကျီ ကျန်ရှန်နှင့် ရှီဖိန်အော်မှာ လန်ကျုံကျူတို့ကို ကယ် တင်နိုင်ရန် ရောက်လာခဲ့ကြသော်လည်း ယခုအခြေအနေတွင် လန်ကျုံကျူတို့ ပေါ်ဟိုစန်းတောင်သည် ခံတပ်ကြီးသဖွယ် ဖြစ်နေပြီကို တွေ့ရသဖြင့် လွန်စွာ စမ်းသာသွားကြ၏။

သူတို့ရောက်ပြီး မကြာခင်မှာပင် နောက်ထပ်လေးယောက် ရောက်ရှိလာကြသည်။ ကျင်းအော့ချင်ရှို၊ အော့လုံထိုနှင့် တန် ချင်နိုတ်ပင်တည်း။ သူတို့ ရောက်လာလာချင်း ကင်းသမား များနှင့် အထင်လွဲကာ တိုက်ခိုက်ကြသေး၏။ နောက်မှ ကိုယ့် အချင်းချင်းဖြစ်ကြောင်း သိရှိရကာ တောင်ပေါ်သို့ တက် လာခဲ့ကြသည်။

သူတို့နှင့်အတူ ထင်စန်းတောင်၏ သတင်းကို ကျီကျန်ရှန် ကြားလိုက်ရ၏။ သူတို့ ၏ စိတ်ပူနေကြောင်း ကြားလိုက်ရ လျှင် ချက်ချင်းပင် ပြန်ရန် စီစဉ်ရသည်။ လန်ကျုံကျူနှင့် အိုယန်စေတို့ အတန်တန် တားမြစ်သည့်ကြားမှပင် ကျီကျန် ရှန်တို့ ဇွတ်ထွက်လာခဲ့ကြရသည်။ သူတို့နှင့် မရှေးမနှောင်း



မှာပင် နတ်သက်ဝါ၊ ချွေ့တုံးသည့်လည်း တောင်ပေါ်မှ နှုတ်ဆက် ထွက်ခွာသွားတော့သည်။

ပေါ်ဟိုစန်းတောင်သည် ထင်စန်းတောင်ကဲ့သို့ပင် အခိုင် အမာ ဖြစ်လာခဲ့ပြီ။ ကျင်းအော့တို့လူစုမှာ အိမ်ခြေ အတည်တကျ မရှိသူများဖြစ်သဖြင့် အိုယန်စေတို့က တောင်း တောင်းပန်ပန် အနေခိုင်းသောအခါ ထိုတောင်ပေါ်တွင်ပင် အင်အားဖြည့်နေလိုက်ကြသည်။ သူတို့ရောက်ပြီးနောက်ပိုင်း တွင် ပိုင်ရှီသင်းသည်း ရောက်လာပြန်သဖြင့် အင်အားပို ကောင်းသွား၏။ မှာမကြာမီ အချိန်အတွင်းမှာပင် ပေါ်ဟို စန်းတောင်သည် ထင်စန်းတောင်ကဲ့သို့ပင် သိုင်းလောက မိတ်ဆွေများ၏ သတိပြု အရေးထားခြင်းကို ခံလာရတော့ သတည်း။

★

## အခန်း (၁၂၂)

### ကိုယ်စားလှယ်အဖွဲ့

ကျိုကျန့်ရှန်နှင့် ရှိဖိန်အောင်တို့နှစ်ယောက်သည် ဟေးပိနန်းတောင်မှ ပြန်ရောက်ပြီး မကြာမီပင် ဆက်ထပ်လိုက်ကြသည်။ သုံးနှစ်ခန့်ကြာသော် သားယောကျ်ားလေး တစ်ယောက် မွေးဖွားသည်။ သူတို့သည် တစ်ဦးတည်းသော သားကလေးနှင့် ပျော်ရွှင်စွာ နေခဲ့ကြသည်။

ထင်စန်းတောင်မှာ ယခင်နှစ်များနှင့်မတူဘဲ ကျိုကျန့်ရှန်ရောက်လာမှ ပို၍ အင်အား တောင့်တင်းလာခဲ့သည်။ စည်းစနစ်ကျကာ သိုင်းလောကတွင် နာမည်ကျော် ထင်ပေါ်လာခဲ့၏။ ယခင်က မှေးမှိန်ခဲ့သော ထင်စန်းတောင်၏ ကျော်စောသတင်းတို့ သိုင်းလောကမိတ်ဆွေများအပြင် ဝါချုပ်လူမျိုးများပင် သတိထားအလေးထား ပြုလာကြတော့သည်။

ထင်စန်းတောင်သည် သာသာယာယာ ဖြစ်နေသည်။ တောင်ခြေတွင်ကား ဝါချုပ်လူမျိုးသုံးရာခန့်က မြင်းစီးနင်းတိုင်



များပေါ်တွင် အထုပ်အပိုးများ တင်ဆောင်လျက် မြတ်ဆန်းသွားလာနေကြသည်။

သူတို့၏ မျက်နှာများကား ချွေးစို့နေ၏။ သူတို့၏ ဦးခေါင်းများကား မော့နေကြ၏။ သူတို့၏စကားသံများက ဂုဏ်ယူသံဖြင့် ပြည့်လျှမ်းနေ၏။

"ရှုပ်...ရှုပ်...ရှုပ်"

ထိုစဉ် ထင်စန်းတောင်ဆီမှ မြားမိုးရွာချလာတော့သည်။ ဝါချုပ်တို့ တုန်လှုပ်သွားကြ၏။ သူတို့အထဲတွင် သိုင်းလောကအတွေ့အကြုံ ရင့်ကျက်သူတို့ အတော်များများ ပါလာကြသဖြင့် ဝါချုပ်အုပ်စုကို မြားတော်လွှတ်ကင်းရာသို့ အမြန်ဆုံးခေါ်ဆောင်သွားနိုင်၏။ သို့သော် ရန်သူများ ဆက်လက်လာရောက်ဦးမည်ကိုကား သူတို့ မမေ့ကြချေ။ လက်နက်များ အသင့်ကိုင်ထားကြတော့သည်။

မကြာမီ တောင်ပေါ်မှ သန်မာထွားကျိုင်းသော လူငါးယောက် ပြေးဆင်းလာကြသည်။ ကိုယ်ဖော့ပညာ ကောင်းမွန်လျင်မြန်လွန်းသဖြင့် အချိန်အနည်းငယ် အတောအတွင်းမှာပင် တောင်အောက်သို့ ရောက်ရှိလာကြသည်။ သူတို့ ငါးယောက်က ဝါချုပ်တို့နှင့် ပေတစ်ရာခန့်အကွာတွင် ရပ်လိုက်ကြသည်။ နှစ်ဖက်စလုံး တစ်ဖက်ကိုတစ်ဖက် အကဲခတ်ကြည့်ကြ၏။

ထင်စန်းတောင် လူသန်ကြီးတစ်ဦးက စတင်စကားပြောသည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ကျုပ်တို့ တောင်အောက်က ဖြတ်သွားတာကို လက်ဆောင်မပါးတဲ့အပြင် သတင်းလဲ ဘာကြောင့် မပို့ရတာလဲ၊ ခင်ဗျားတို့ခေါင်းဆောင် ဘယ်သူလဲ"

ဝါချုပ်များက တရုတ်ပြည်အလယ်ပိုင်းဒေသမှ လူများကို သိမ်းအရေးလုပ်ကြသည်မဟုတ်။ သူတို့တွင် စမ်ကျင် တစ်ယောက်လုံး အားကိုးအားထားရှိနေသဖြင့် ရိုင်းပိုင်းမောက်မာကြ၏။ ဤနေရာ ဤဒေသမှဆိုထားနှင့် တရုတ်ပြည် နေပြည်တော်မှာပင် မောက်မောက်မာမာ လုပ်ခဲ့သူများဖြစ်ရာ ယခုကဲ့သို့ ယင်စန်းတောင်က စစ်လားဆေးလား လုပ်လာသောအခါ သူတို့များစွာ စိတ်ဆိုးကြလေ၏။

"ဟွန်း…ခင်ဗျားတို့နေရာ ဘာနေရာမို့လို့လဲ၊ ကျုပ်တို့က နေပြည်တော်ရှိ မြို့ကြီးမှာတောင်…"

ထိုသူ စကားဆုံးအောင် မပြောလိုက်နိုင်။ လူရိပ်တစ်ရိပ်က လွှားခနဲ ခုန်ပျံဝင်ရောက်လာခဲ့ပြီးလျှင် သူ၏ သွေးကြောကို ပိတ်ချလိုက်သည်။ ထိုသူ ရှုံ့ခံရန် အော်ဟစ်ရန် အချိန် မရလိုက်ပေ။ စကားကို တစ်စက်တစ်ပျက်သာ ပြောနိုင်သည်။ ဝုန်းခနဲ လဲကျသွားတော့၏။ ထိုလူရိပ်ကား ကျိုကျုန်ရှန်ပင်တည်း။

ထိုအချိန်မှစ၍ တောင်တိုက်ခိုက်လေတော့၏။ ကျိုကျုန်ရှန်တို့ဘက်မှ ပထမဦးစွာ စကားပြောခဲ့သူက ဝါချုပ်တစ်ယောက်၏ နံကြားကို ခြေထောက်ဖြင့် စစ်ဆန့်ထုတ်လိုက်သည်။

"ဝုန်း"



ဝါချုပ် ရှေ့သို့ လှစ်ခနဲထွက်သွား၏။ နောက်ထပ် နှစ်ယောက် တက်လာကြပြန်သည်။ ကျိုကျုန်ရှန်က အပြင်းအထန် တိုက်၏။ ဝါချုပ်တို့ တစ်ဦးကလျှားဖြစ်ကုန်၏။ သို့သော် တစ်ခဏသာ။ သူတို့အင်အားက သုံးရာခန့်ရှိနေသည် မဟုတ်ပါလား။ ကျိုကျုန်ရှန်တို့ခြောက်ယောက်ကို မကြာမီ ဝိုင်းတိုက်ကြတော့သည်။

ကျိုကျုန်ရှန်တို့ခြောက်ယောက်မှာ သိုင်းပညာထက်မြက်သူများ ဖြစ်ကြသော်လည်း အများနှင့်ဖြစ်၍ အကြိတ်အနယ် တိုက်ခိုက်ကြရသည်။

ကျိုကျုန်ရှန်တို့ထဲမှ တစ်ယောက်က ဝါချုပ်တစ်ယောက်ကို ဖမ်းချုပ်ပြီးနောက် အော်ဟောက်အမိန့်ပေးလိုက်ရသည်။

"အသက်မသေချင်တဲ့လူတွေ၊ မြင်းနဲ့ပစ္စည်းတွေကို အေးအေးဆေးဆေးထားခဲ့ပြီး ထွက်သွားကြ၊ မကျေနပ်ဘူး၊ သေချင်တယ်ဆိုရင်တော့ တက်လာခဲ့ကြ၊ ဟောဒီ မင်းတို့အတွက် နမူနာပဲ"

"ဝုန်း"

ပြောပြောဆိုဆိုပင် ဖမ်းထားသော ဝါချုပ်တစ်ယောက်ကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။ ထိုဝါချုပ်ကား သေရုံမှ အခြားမရှိတော့ပေ။ ဝါချုပ်တို့ ဒေါသထွက်လာကြ၏။

ထို့ကြောင့် ဝါချုပ်တို့ထဲမှ အယောက်သုံးဆယ် ရှေ့သို့ တက်လာခဲ့ပြန်သည်။ ကျိုကျုန်ရှန်တို့နှင့် တိုက်ခိုက်၏။ ခြောက်ယောက် ကျဆုံးသွား၏။ နောက်ထပ် လူအင်အား ထပ်ဖြည့်လာသည်။

ထိုအခါ ကျိုကျန်ရှန်တို့က ထိပ်တိုက် မတိုက်တော့ဘဲ၊ တိုက်ခိုက်နေရာမှ ပြေးထွက်သွားကြတော့သည်။ သူတို့ ပြေးထွက်သွားသည်မှာ ထင်စန်းတောင်ပေါ်သို့မဟုတ်ဘဲ၊ ဝါချပ်များလာရာ လမ်းအဝက်ဆီသို့ ထိုးဖောက်ထွက်ခြင်းဖြစ်သည်။

ထိုးဖောက်ထွက်ရင်းမှ အဆက်မပြတ် တိုက်ခိုက်သွားပြီးသည်။ လေပြင်းမုန်တိုင်းကြောင့် ငှက်ပျောပင်များ အပိုင်းပိုင်း ပြတ်ကျသည့်အလား ဝါချပ်များ ထွေးရှုပ်ကုန်သည်။ ကျိုကျန်ရှန်တို့က အတင်းထိုးဖောက်ပြီး တောင်နှင့်ဝေးရာဆီသို့ ထွက်ပြေးကြသည်။ ဝါချပ်များမှာ အထိနာနေကြပြီဖြစ်၍ မရပ်မနားလိုက်ကြ၏။ နောက်တွင်ကျန်ရစ်သူဆို၍ သိုင်းပညာ မတတ်ကျွမ်းသူများသာ ရှိတော့သည်။

အတော်အတန်လိုက်ပြီးမှ နောက်ဘက်ဆီမှ အော်ဟစ်သံများ ထွက်ပေါ်လာ၏။ ဝါချပ်တို့ ထိတ်လန့်တကြားဖြစ်ကာ နောက်ကြောင်းပြန်လှည့်ကြသည်။ ကျိုကျန်ရှန်တို့က အလွတ်မပေး။ နောက်မှလိုက်ကာ တစ်ယောက်ပြီး တစ်ယောက် ကောက်သင်းကောက်သလို ရှင်းပစ်ကြပြန်သည်။ ဝါချပ်တို့ မူလနေရာသို့ ပြန်ရောက်လာသည့် အခါတွင်ကား သူတို့၏ ပစ္စည်းနှင့်မြင်းများ မရှိတော့ပေ။

ဝါချပ်များ အတော်စိတ်ညစ်သွားကြ၏။ သူတို့၏ မြင်းများကို ပတ်ဝန်းကျင်၌ တွေ့ဖို့တွေ့ကြား လိုက်လံလှည့်ပတ်ကြည့်ရာမှ တောင်စောင်းရှိမြင်ကွင်းများကို တွေ့ကြရတော့သည်။



တောင်နံဘေး၌ သူတို့၏မြင်းများ၊ ကုန်စည်များ၊ လူများ အရှုံးရှုံးဖြစ်နေသည်ကို တွေ့ကြရလေပြီ။ တောင်ခြေစခန်းမှ လူများဆင်းလာကာ ပစ္စည်းများသိမ်းဆည်းလုယက်သွားကြခြင်းပင်တည်း။ သို့သော် သူတို့ အခုနှင့် ဘာမျှမတတ်နိုင်တော့ပေ။ ကျိုကျန်ရှန်တို့၏ အခါအခွင့်ကြုံတိုက်ခိုက်မှုများမှသာ လွတ်အောင် ရုန်းပြေးခဲ့ကြရတော့သည်။

ရန်သူနှင့် လွတ်ကင်းရာနေရာသို့ရောက်မှ ဝါချပ်များ လူစစ်ဆေးနိုင်ကြ၏။ လူအယောက်နှစ်ဆယ်ကျော် ပျောက်ပါး ကျဆုံးခဲ့ရသည်ကို တွေ့ရသဖြင့် အကြီးအကျယ် ထိတ်လန့်သွားကြ၏။ ထိုအကြောင်းအချက်များကပင် သူတို့စိတ်ထဲတွင် ကြီးစွာသောအငြိုးအတေး ဖြစ်သွားတော့သည်။

ထင်စန်းတောင်သည် ဝါချပ်တို့၏ရန်သူစာရင်းတွင် ထိပ်ဆုံးမှ ပါသွားလေတော့သည်။ ထင်စန်းတောင်ခြေတွင် ဝါချပ်တို့ အလူးအလိမ့် ခံလိုက်ရပြီးနောက် တစ်လခန့်အကြာ လူခြောက်ယောက် တောင်ခြေဆီသို့ ရောက်ရှိလာကြသည်။ သူတို့ကိုယ်ပေါ်တွင် ဝါချပ်တို့၏ အဝတ်တန်ဆာတို့ ဝတ်ဆင်ထားခဲ့သည်။

တောင်အောက်တွင် စီးလာသောမြင်းများကို ရပ်လိုက်ပြီး တောင်ပေါ်သို့ မော့ကြည့်ကြသည်။ တောင်ခြေ၌လည်းကောင်း၊ တောင်ပေါ်၌လည်းကောင်း မည်သည့်ထူးခြားချက်မျှ မတွေ့ကြချေ။

ထိုအခါ သူတို့ခြောက်ယောက် မြင်းပေါ်မှဆင်းလိုက်ကြသည်။ တောင်ပေါ်သို့ကား မတက်သေး။ မိမိတို့ဘာသာ

စကားစမြည်ပြောကာ အကဲခတ်ပြန်၏။ တောင်ပေါ်မှ လူရိပ်လူယောင် မတွေ့ရသဖြင့် သူတို့၏စိတ်ထဲတွင် အံ့အားသင့်နေကြသည်။

ဟာမာရှင်ဆိုသူက စိတ်မရှည်နိုင်ဘဲမှတ်ချက်ချစကားဆို၏။

"ဘယ့်နှယ်ကြောင့် လူရိပ်လူယောင်ကိုတောင်မှ မမြင်ရတာလဲ၊ တောင်ပေါ်မှာ လူမရှိကြတော့ဘူးထင်တယ်"

ဟာမာရှင်၏ဘေးတွင် ရပ်လျက်ရှိသူက ခေါင်းခါရင်း ပြောသည်။

"ဘာဖြစ်လို့မရှိရမှာလဲ၊ သူတို့က ဒီချိုင့်၊ အဲဒါထဲ့ ရှိသူက အထင်သေးပြီး ပေါ့ပေါ့လုပ်တော့မှ သူတို့က ဆင်းလာပြီး တိုက်တာ၊ ဒါဟာ သူတို့ရဲ့ပရိယာယ်ပဲ"

ဟာမာရှင်က မျက်မှောင်ကြုတ်ကာ ထိုသူကိုမေး၏။

"ခင်ဗျားက ဘယ်လိုလုပ်ပြီး ဒီအကြောင်းကိုသိရတာလဲ ချားပုအော်ထန်း"

"ကျုပ်က အလယ်ပိုင်းဒေသကို ဆယ်ခါမက သွားလာလှုပ်ရှားဖူးနေတော့ ဒီဒေသရဲ့ ဓလေ့စရိုက်ကို သိနေတာပေါ့ဗျ၊ ကျုပ်တို့ ဒီမှာ ခဏလောက် စောင့်နေလိုက်ပါ၊ မကြာခင်မှာပဲ သူတို့ဆီက အထောက်တော်လူ ဆင်းလာပါလိမ့်မယ်၊ ဘာမှ လောကြီးမနေပါနဲ့"

ဟာမာရှင်ကား တစ်ယူသန်စိတ်ရှိသူ ဖြစ်၏။ ချားပုအော်စကားကို သူ မယုံ။ မည်သည့် မပြေပြစ်သော တောင်ထိပ်ကိုမော့ကြည့်ပြီး ထင်စန်းတောင်ကို သူ အထင်သေးနေသည်။ သို့သော် တစ်ခဏမျှတော့စောင့်သည်။ နေခတ်ဆုံး ဆည်းမဲ့



နိုင်တော့မှာဖြင့် တော့ရှိနေသည့် မာယူဟူသွာအား အမေးစပ်၏။

"စိတ်မရှည်ဘူးဗျာ၊ ကျုပ်တို့ တက်ကြည့်ရအောင်၊ ဘယ့်နှယ်သဘောရသလဲ မာယူ"

မာယူက သဘောတူခေါင်းညိတ်ပြသည်။ ချားပုအော်၏စကားကို နားမထောင်ဘဲ တောင်ပေါ်သို့ စတင်တက်လာခဲ့ကြသည်။ ဆယ်ကိုက်ခန့် တက်လာမိကြသော်လည်း မည်သို့မျှ မထူးခြားပေ။ ဟာမာရှင်မှာ ဘူလူသထားသလိုပင် တောင်ပေါ်၌ လူတစ်စုံတစ်ဦးမျှ ရှိမနေဟု ယုံကြည်ချင်လာသည်။ ထို့ကြောင့် မာယူနှင့်အတူ ရှေ့သို့ ဆက်တက်ပြန်၏။ ထိုစဉ်မှာပင်....

"ဝုန်း"

ကျယ်လောင်ပြီးလဲသော အသံကြီး ထွက်ပေါ်လာသည်။ ဟာမာရှင်တို့ မည်သို့ဖြစ်ရသည် မသိရခင်မှာပင် နောက်ဘက်ဆီမှ ချားပုအော်၏ စိုးရိမ်တကြီးအော်ဟစ်သံက ထွက်ပေါ်လာ၏။

"ဟာမာရှင်—နောက်ပြန်ဆုတ်၊ နောက်ကို အမြန်ဆုံးပြန်ဆုတ်ခဲ့"

ဟာမာရှင်တို့ တွေဝိုင်မနေရဲဘဲ နောက်သို့ အသျင်အမြန်ဆုန်ဆုတ်လာခဲ့ကြသည်။

"ဝုန်း—ဖုန်း...ဒုန်း"

ပြိုလဲသံများက ထွက်ပေါ်လာနေဆဲ။ ဟာမာရှင်တို့ တောင်အောက်သို့ရောက်မှ နောက်သို့ လှည့်ကြည့်မိသည်။ ကျောက်

တုံးနှင့် သစ်တုံးများသည် ခေါခေါက သူတို့ရပ်နေသည့် နေရာသို့ အရှိန်အဟုန်ပြင်းစွာ လိမ့်ဆင်းနေသည်။ သစ်တုံးချင်း တဝုန်းဝုန်းရိုက်ခတ်မိကာ အချို့ အရှိန်သေ ရပ်တန့်ကုန်၏။ အချို့ တောင်အောက်သို့ လိမ့်ဆင်းကျသွားကြ၏။

ဟာမာရှင်တုန့်လှုပ်သွားရသည်။ ချားပုဒေအာ်၏ ဗဟုသုတအတွေ့အကြုံကြွယ်ဝမှုကိုလည်း စိတ်ထဲမှကျိတ်၍ ချီးကျူးလိုက်မိသည်။ ကျောက်တုံးသစ်တုံးများ ကျဆင်းမှု ရပ်တန့်သွားလေပြီ။ သို့တိုင်အောင် ထင်စန်းတောင်မှ ဘယ်စုံ တစ်ယောက်မျှ ထွက်မလာသေးပေ။ အရိပ်အခြည် မပြသေး။ ချားပုဒေအာ်က ချုပ်လောင်စွာ ဟစ်အော်လိုက်၏။

"ထင်စန်းတောင်ရဲ့ လူစွမ်းကောင်းတို့ ခင်ဗျား၊ ကျုပ်တို့ဟာ ရန်မူမလို့ လာကြတာမဟုတ်ပါဘူး၊ ကျုပ်တို့ရဲ့အထက်အရာရှိကြီးရဲ့ အမိန့်အရ တွေ့ဆုံဆွေးနွေးဖို့ လာခဲ့ကြတာပါ"

သူ့အော်သံကို ဟာမာရှင် နှာခေါင်းရှုံ့လိုက်သည်။ ထိုင်းပညာ မတတ်သူ၏ အော်ဟစ်သံမို့ အရာမရောက်ဟု ယူဆသည်။ မည်သူမှဆင်းလာမည် မဟုတ်ဟုထင်သည်။ သို့သော် သူထင်သလိုဖြစ်မလာပါချေ။ ချားပုဒေအာ် နှစ်ကြိမ်ခန့် အော်ဟစ်အပြီးတွင် ထင်စန်းတောင်ပေါ်ထက်ဆီမှ လူသံ တစ်ခုပေါ်ထွက်လာခဲ့လေတော့သည်။

"ခင်ဗျားတို့ ဝါချုပ်လူမျိုးတွေလား၊ ဘယ်မှ လျှောက်မသွားကြပါနဲ့၊ ကျုပ် သွားအကြောင်းကြားပေးမယ်"



အသံကိုသာကြားရပြီး လူရိပ်လူယောင်ကို မတွေ့ရချေ။ ထို့ကြောင့် ချားပုဒေအာ်ဖို့ ခြင်းမဖြစ်သေး။ ဤတရုတ်ပြည် အနယ်ပိုင်းဒေသ ဌာနချုပ် စခန်းချုပ်တို့၏ လှုပ်ရှားပုံ၊ စီမံပုံများကို သူတို့ကောက်နားလည်ထားခဲ့သည်မဟုတ်ပါလား။ တစ်ခဏမျှ ကြာသောအခါ တောင်ပေါ်မှ လူနှစ်ယောက် ဆင်းလာသည်ကို တွေ့ရ၏။ ထိုနှစ်ယောက်မှာ စခန်း၏ အထောက်တော်ဖြစ်ရမည်ကို နားလည်၏။ ထိုအထောက်တော်နှစ်ယောက်က ချားပုဒေအာ်တို့အား တောင်ပေါ်သို့ဦးဆောင်ခေါ်သွား၏။ သူတို့လူစုသည် ထင်စန်းတောင်၏အနေအထား ပြင်ဆင်ပုံတို့ကို လမ်းတစ်လျှောက်တွင် စေ့စပ်သေချာစွာ အကဲခတ် သွားမိကြ၏။ လမ်းပြနှစ်ယောက်ကား ဂနာမငြိမ်သော မျက်လုံးများနှင့်ဟိုဟိုသည်သည်ဝေ့ယမ်းနေသော ဦးခေါင်းများကို ဂရုမစိုက်ပေ။ ရှေ့မှဦးဆောင်၍သာ ကိုယ့်လမ်းကိုယ် လျှောက်နေမိကြသည်။

ဟာမာရှင်ကား နှုတ်ခမ်းကလေးဟန့်ကာ ပြုံးနေ၏။ ထင်စန်းတောင်၏ လျှို့ဝှက်ဆန်းကြယ် နတ်ရှင်းပုံများမှာ တာမျှမရှိ။ ထိပ်လုံးထောင်ကျောက်များမှာ ကြောင်ကျားကောင်းသော်လည်း အကြိမ်ကြိမ် ခုတ်ဖြတ်ချင်သည် မဟုတ်ပေ။

သစ်တုံး မည်မျှအထိ ဝယ်ဆောင်ထားနိုင် လေမည်နည်း။ ဤတစ်ခုတည်းကိုသာ အားကိုးအားထား ပြုနေမည်ဆိုပါက မိမိတို့ သေတွင်းကို မိမိတို့ဘာသာ တူးနေသည်နှင့်တူနေပေတော့မည်ဟု ဟာမာရှင် စိတ်ထဲက ပြောနေမိ၏။

သူ့စိတ်ထဲတွင် ထင်စန်းတောင်မှာ ကြောက်စရာ အာရုံ မရှိ။ တပ်သားနှစ်ထောင်လောက်အသုံးပြု တိုက်ခိုက်လိုက်လျှင် အလွယ်တကူ သိမ်းပိုက်နိုင်လိမ့်မည်ဟု တွက်သည်၊ ထို့ကြောင့် စောစောက ထင်စန်းတောင်ကို အထင်ကြီးထားခြင်းများ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်တော့သည်။

ထင်စန်းတောင်မှာ ဟေးဟိုစန်းတောင်လောက် ခမ်းနားထည်ဝါမှုမရှိ၊ အလယ်ခန်းစတွင် အဟန့်ရှိရုံမှလွဲ၍ အားလုံးမှာ အနိမ့်အမြင့် မညီညာသော အိမ်ကလေးများသာဖြစ်နေသည်။ ခိုင်မာစွာ တည်ဆောက်ထားခြင်းလည်းမရှိ။ သို့၊ လောကတွင် ဂုဏ်သတင်းထွက်ပေါ်ခဲ့သည်နှင့် ယခုအမြင်မှာ တခြားစီဖြစ်နေသည်။

ဟမာရှင်သည် နောက်ဘက်မှ အတဲခတ် လျှောက်လာခဲ့ရင်း သူ့အနီးမှ ချီအော်တူဝန်ကို တီးတိုးပြော၏။

"မင်းမြင်ရဲ့လား ချီအော်တူဝန်၊ ဒီတောင်ကဒီလောက်ကလေးပဲ၊ ဒါကိုများ ဆရာကြီးက ဖျက်ဖို့လို့မရတဲ့ သံမဏိတောင်ကြီးတစ်တောင်လို ပြောလိုက်သေးတယ်၊ ဟွန်း"

ချီအော်တူဝန်က ခေါင်းညိတ်လိုက်ပြီး စိုးရိမ်သည့်အသံဖြင့် ဟန့်တား၏။

"ဟုတ်ပါတယ်၊ ဒါပေမယ့် စကားမတွေ အရမ်းအရမ်း လျှောက်မပြောတဲ့ ချားပုအော်ရဲ့စကားကို နားထောင်တာ အကောင်းဆုံးပါပဲဗျာ"

ဟမာရှင် နှာခေါင်းရှုံ့လိုက်ပြန်သည်။ မိမိကိုယ်မိမိအထင်ကြီးနေသူဖြစ်၍ ချီအော်တူဝန်ကိုပင် စိတ်ထဲက ပျက်သွားမိ



သည်။ ထင်စန်းတောင်ကို ဂရုစိုက်ရော အနေအထားမျှ သူ မမြင်။ ထိုတောင်တွင်ရှိသော သူများနှင့် ဆက်ဆံစရာပင် မကောင်းဟု စိတ်ထဲတွင် ယူဆလိုက်သည်။

လမ်းပြနှစ်ယောက်က ဟမာရှင်ကို အသယ်စခန်း၊ ရှေ့ခန်းတံခါးပေါက်ကို ရောက်သည့်တိုင် ခေါ်ဆောင်လာခဲ့၏။

ခန်းမထဲတွင်ကား ယောကျ်ားမိန်းမ လူခြောက်ယောက် ထိုင်လျက် ရယ်ရယ်မောမော စကားပြောနေကြ၏၊ ဟမာရှင်သည် သူတို့လူစုဝင်လာကြသည့်အချိန်အထိ စကားပြော မရပ်ကြသေးပေ။

ဟမာရှင်ရင်ထဲ တောင်းခနဲ ခေါ်သဖြစ်သွားသည်။ နေပြည်တော်သို့ ရောက်ခဲ့စဉ်က ဝမ်ကျင်နှင့် တွေ့ဆုံကြခိုက် အားနာလိုက်လှသော တုံ့ပြန်မှုကို ရရှိခဲ့၏။ ယခု တောချုံအုံကြားမှ တောင်ပေါ်သားတို့က အရေးမစိုက် ဂရုမထားဘဲ အာသီတာသာ နေကြသည်ကို တွေ့လိုက်ရသောအခါ အတော်ကလေး မကျေမနပ်ဖြစ်သွားမိသည်။

"မင်းတို့က ဘာကောင်တွေမို့ ဒီလောက်အထိကြီးကျယ်နေရတာလဲ၊ မင်းတို့အသက်ဟာ ငါ့လက်နဲ့ အသာကလေး ခြေနိုင်တယ်ကွ သိလား"

ဤစကားကို သူဖြောင်ဖွင့်ပြောလိုက်ခြင်းမဟုတ်ပါ။ သူ့စိတ်ထဲက တီးတိုးလေး ကျိတ်၍ ကြုံးဝါးလိုက်ခြင်းသာ ဖြစ်ပါသည်။ လမ်းပြများ သတင်းပို့ပြီးသည်နှင့် ထိုလူများက သူတို့အား ဝင်ခွင့်ပြုသည်။

"သူတို့ကို အထဲဝင်ခိုင်းလိုက်ပါ"

ထမ်းပြတစ်ယောက်က ရှေ့မှဦးဆောင်ကာ ခန်းမကြီးထဲ သို့ဝင်လာသည်။ ဟမာရှင်တို့ အခြေအနေကို မျက်စိကစား လေ့လာထား၏။ အခန်းထဲသို့ ရောက်သည့်အခါ ထူးခြားနေ သည့် လူနှစ်ယောက်ကို သူတို့တွေ့လိုက်ကြရသည်။ ထိုလူ နှစ်ယောက်မှာ ဆိုင်းရုံတော် တပ်သားများ၊ သက်တော် စောင့်များလည်း မဟုတ်ကြ။ တပ်သားဆိုလျှင် ချပ်ဝတ်တန် ဆာတို့ကို ဝတ်ဆင်၊ ဓားလက်နက်တို့ကို ဆိုင်ဆောင်ပြီးလျှင် ခေါင်းဆောင်လုပ်သူ၏ဘေးတွင် အသင့်အနေအထား ရပ်နေ ရပေသည်။

ယခုသော်ကား ထိုသူနှစ်ယောက်မှာ တပ်သားအဆောင် အယောင်လည်း ဝတ်ဆင်မထား။ မိမိတို့နှင့် လက်ခံတွေ့ဆုံ မည့် ခေါင်းဆောင်လုပ်သူ၏ ထိုင်ရမည့်ကုလားထိုင်တွင်လည်း ထိုင်မနေ။ မည်သို့သော လူစားနည်းဟု ဟမာရှင် တွေးနေ သည်။

ထိုအချိန်မှာပင် ချားပုဓအော်က စာတစ်စောင်ကို အကြီး အကဲဖြစ်သူ ချိုက်ကျုံးထံသို့ ပေးအပ်နေသည်။

ထိုစာမှာ ဝါချုပ်စစ်သေနာပတိ ထိုက်ဖူးရယ်ရှင်က ရေး ပေးလိုက်သော စာတစ်စောင်ဖြစ်၏။ စာထဲတွင် ထပ်ခန်း တောင်၏ သူရဲကောင်းများကို မိမိတို့မှ လေးစားပါကြောင်း ရေးထားသည်။ ချားပုဓအော်က စာပါအကြောင်းအရာများ ကို ချိုက်ကျုံးအား ရှင်းပြနေသည်။

ချိုက်ကျုံးက စာကို သူကိုယ်တိုင်မဖတ်။ အခြားသူ တစ် ယောက်ကို ဖတ်ခိုင်း၏။ စာထဲတွင် ချားပုဓအော် ပြောသွား



သည့်အတိုင်းပင် ရေးထားသည်။ ထူးခြားချက်ကား အရေး ကြီးသော ကိစ္စတစ်ရပ်ရှိနေသဖြင့် စာထဲတွင် ထည့်မရေး။ ချားပုဓအော်နှင့်သာ ဆွေးနွေးစေလိုပါသည်ဟူသော စကား ဆိုချက်ပင်တည်း။ ချိုက်ကျုံးမှာ စာပါ အကြောင်းအရာတို့ နားထောင်ပြီးသည်နှင့် တည်တည်ငြိမ်ငြိမ်ပင် ချားပုဓအော်ကို မေးလေတော့သည်။

"အင်း...ကျုပ်တို့တစ်တွေဟာ အရင်တုန်းက အသွား အလာ အဆက်အဆံ ရှိခဲ့ကြတာမဟုတ်ဘူး၊ ခင်ဗျားတို့ကို ခင်ဗျားတို့ရဲ့အကြီးအကဲက ဒီလောက်များပြားတဲ့လက်ဆောင် တွေ ပေးပို့ခိုင်းလိုက်ပုံထောက်ရင် ရည်ရွယ်ချက်တစ်ခုခုတစ်ရာ ရှိလို့ဆိုတာ သိနိုင်ပါတယ်၊ ပြောပါ ချားပုဓအော်၊ ခင်ဗျား တို့ရဲ့ ရယ်ရှင်က ဘယ်လို လုပ်ချင်သတဲ့လဲ"

ချိုက်ကျုံးထံမှ သူတို့၏ စစ်သေနာပတိ၏နာမည်ကို ရယ် ရှင်လို့ တိုက်ရိုက်ခေါ်ဆိုလိုက်သံ ကြားရသောကြောင့် ဟမာ ရှင်မှာ ကျက်ခနဲ မျက်နှာပျက်သွားရလေတော့သည်။

★

# အခန်း (၁၂၃)

## စေချင်သော ထမန်

မိမိ၏စကားကြောင့် ဟမာရှင် မျက်နှာပျက်သွားသည်ကို ချိုက်ကျုံး ကောင်းစွာသိ၏။ သို့သော် မသိသလိုဖင်နေလိုက်သည်။ ချားပုအော်က အရပ်လေးမျက်နှာကို မျက်စိကစား လိုက်သည်။ ခန်းမဆောင်ထဲတွင် ချိုက်ကျုံးတို့လူ ခြောက် ယောက်နှင့် ခန်းမ၏ဘေးတွင် လူလေးယောက် စကားပြော ဆိုနေကြသည်သာ ရှိနေသည်။

ချိုက်ကျုံးသည် အတွေ့အကြုံရင့်ကျက်သူ တစ်ဦးဖြစ်၍ ချားပုအော်၏စိတ်သဘောကို ခန့်မှန်းနားလည်သည်။ ထို့ ကြောင့် ပြုံးသည်ဆိုရုံ ပြုံးလိုက်ပြီးလျှင် ပွင့်ပွင့်လင်းလင်း ပင် ပြောချလိုက်တော့သည်။

"ကျုပ်တို့ရဲ့ ဟောဒီ ထင်စန်းတောင်ပေါ်က လူတွေ အားလုံးဟာ စိတ်ချရပါတယ် ချားပုအော်၊ သူတို့ရှိနေလို့ ဘာမှ စိတ်စနိုးစနောင့် ဖြစ်စရာ မလိုပါဘူး၊ ပြောစရာရှိတဲ့



စကားကို ပွင့်ပွင့်လင်းလင်းသာ ပြောပါ၊ ကျုပ်တာဝန် ယူတယ်"

ချားပုအော်မှာ မျက်နှာပျက်သွား၏။ သို့သော် ဟက် ခနဲရယ်ကာ သူ့ဣန္ဒြေပျက်သွားခြင်းကို ထိန်းသိမ်းလိုက်သည်။

"ခေါင်းဆောင်ကြီးက ဒီလိုပြောတာမှတော့ ကျုပ်ကလဲ လွယ်ဝိုက်မနေတော့ဘဲ ပွင့်ပွင့်လင်းလင်း ပြောပါတော့မယ်၊ ကျုပ်တို့ခရီးမထွက်ခင် ထိုက်စူးက လျှို့ဝှက်အစီအစဉ်တစ်ခု ချမှတ်လိုက်ပါတယ်၊ အဲဒီအစီအစဉ်ကို ခေါင်းဆောင်ကြီးတို့ က အကူအညီပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

ပွင့်ပွင့်လင်းလင်း ပြောမယ်ဆိုသော်လည်း သူ့စကားက ပွင့်လင်းမှုမရှိပေ။ စကားမကုန်သဖြင့် ချိုက်ကျုံးက ခပ်ရှင်း ရှင်း ပြောင်ဖွင့်မေးသည်။

"ရှင်းရှင်းလင်းလင်းပြောပါ ချားပုအော်၊ ခင်ဗျား ပြောတာတွေ ဘာတစ်ခုမှ နားထဲမှာမရှင်းဘူး၊ ခင်ဗျားတို့ ရဲ့ စစ်သေနာပတိထိုက်စူးက ကျုပ်တို့နဲ့ ဘယ်လိုမှ ပတ်သက်မှု မရှိတော့ ဘာဆိုဘယ်လိုကြောင့် ကူညီရမှာလဲ၊ အဲဒီအတွက် ခင်ဗျားတို့ကို လွှတ်လိုက်တာမဟုတ်လား၊ သူက တရုတ်ပြည် ရဲ့ ပြင်ပတစ်နေရာမှာ၊ ကျုပ်တို့က ထင်စန်းတောင်ပေါ်မှာ ဆိုတော့ အနေအထားချင်းက အဝေးကြီး၊ ဒါကို ဘာအကူ အညီကိစ္စပြောဖို့ရှိလို့လဲ၊ စကားကို ရှင်းအောင်ပြောစမ်း ပါ"

ချားပုအော်က ချိုက်ကျုံးကို မျက်လွှာပင့်ကြည့်လိုက်၏။

ချိုက်ကျူး၏ သဘောကို နားလည်သွားဟန်ဖြင့် မြောင်မြ ရာကို တည့်တည့်မတ်မတ်ပင် ပြောချလိုက်တော့သည်။

"ဒီလိုပါခင်ဗျာ၊ အရင် မင်းမင်းဆက်ရဲ့ သံတမန်တွေက ကျုပ်တို့တိုင်းပြည်ကို ရောက်ခဲ့တုန်းက တရုတ်ဧကရာဇ်ရဲ့ သမီးတော်နဲ့ ကျုပ်တို့တိုက်စုးရဲ့ သားတော်ကို လက်ဆက် ပေးဖို့ ကတိစကားထားခဲ့ဖူးပါတယ်၊ အဲဒါကို လွှန်ခဲ့တဲ့လ လောက်က ကျုပ်တို့တိုက်စုးက လူလွှတ်ပြီး [illegible]ကိုလာကို့ အတွက် အဖိုးတန်ပစ္စည်းတွေနဲ့ လက်ဆောင်ပေး ကမ်းလှမ်း ခဲ့ပါတယ်၊ ဒါပေမယ့်..."

ချားပုအော်က စကားတို့ခဏဖြတ်ပြီး ချိုက်ကျူးအား အကဲခတ်ကြည့်၏။ ချိုက်ကျူးမှာ မည်သို့မျှ စိတ်လှုပ်ရှားမှု မရှိဘဲ ပကတိ တည်ငြိမ်နေသည်ကို တွေ့ရမှ သူ့စကားကို ပြန်ဆက်သည်။

"ဒါပေမယ့် ခင်မင်းဆက် တရုတ်ဧကရာဇ်က အဲဒီ ပစ္စည်းတွေကို လက်မခံဘူး၊ မင်္ဂလာကိစ္စကို ဖျက်ပစ်လိုက်တဲ့ အပြင် ကျုပ်တို့သံတမန်တွေကိုလဲ စော်ကား မော်ကား ပြု လွှတ်ခဲ့ပါတယ်၊ ဒါကြောင့်မို့ ကျုပ်တို့ရဲ့ တိုက်စုးဟာ ဒီကိစ္စနဲ့ ပတ်သက်ပြီး လုံးဝ မကျေနပ်နိုင်ပါဘူး၊ သူတို့အပေါ် အပြစ် ဒဏ်ပေးဖို့ အစီအစဉ်လဲ ရှိပါတယ်၊ အချိန်အခါကျရောက် လာခဲ့ရင် ခေါင်းဆောင်ကြီးတို့က ထင်ရှားတော်သူရဲ ကောင်းတွေအမနနဲ့ တိုက်စုးကို ဘက်တော်တစ်ပါး အကူအညီ ပေးကြပါလို့ တောင်းဆိုချင်ပါတယ်ဗျာ၊ အဲဒီကိစ္စပြီးမြောက် အောင်မြင်ခဲ့ရင် ခေါင်းဆောင်ကြီးတို့ကို ကျုပ်တို့ဘက်က



သိုက်သိုက်တန်တန် လေးလေးနက်နက် ဂုဏ်ပြုကျေးဇူးဆပ် ပါ့မယ်"

ချိုက်ကျူး မြူးကြိုက်၏။ ထို့နောက် စကားသံကျယ်ကျယ် ဖြင့် မေး၏။

"ဒီကိစ္စ ဘင်ပဲလား၊ ဒီကိစ္စအောင်မြင်ရင် ကျုပ်တို့ကို ဘယ်လို ဂုဏ်ပြု ကျေးဇူးဆပ်မယ်ဆိုတာကိုတော့ ထူက ခင်ဗျားကို မပြောပြလိုက်ဘူးလား"

ချားပုအော်မှာ အားတက် ဝမ်းသာသွားသည်။ ချိုက် ကျူးတို့ အကူအညီပေးလိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် အလျင်အမြန်ပင် ပြော၏။

"ပြောလိုက်ပါတယ်ခင်ဗျာ၊ ပြောလိုက်ပါတယ်၊ ဒီကိစ္စ ပြီးမြောက်ရင် ခေါင်းဆောင်ကြီးတို့ကို မြင်းကောင်းမြင်းသန် အကောင်ပေါင်း တစ်ထောင်၊ ရွှေငွေရတနာမျိုးစုံ အသေး ချိန်ပိဿာတစ်ထောင်၊ နောက်ပြီး ချောမော လှပတဲ့ မိန်း ကလေးတွေနဲ့ ရှားဘောင်းပစ္စည်းတွေ..."

သူ့စကားမဆုံးခင်မှာပင် ချိုက်ကျူးက ထိုက်ထိုက်လဲလဲ ရယ်မောလိုက်တော့သည်။

"ဟား...ဟား...ဟား"

သူ့ရယ်သံက ခန်းမကြီးတစ်ခုလုံး ပဲ့တင်သံသွားကာ ချားပုအော်ပင် တအံ့တသြဖြစ်ကာ သူ့အား ငေးကြည့်နေ မိတော့သည်။ ချိုက်ကျူးက အားရအောင် ရယ်မောပြီးမှ မျက်နှာသားတည်တည်ဖြင့်...

“ရယ်ရှင်က နောက်ထပ် တာဝတွေမှာလှိုက်သေးသလဲ၊ ဆိုကြပါစို့၊ ကျုပ်က သဘောမတူဘူးဆိုရင် ဘယ်လိုလုပ်မယ်ဆိုတာမျိုးပေါ့”

သူ့စကားသံက အေးစက်တည်ငြိမ်လွန်းလှသဖြင့် ချားပုဆော် မှင်တက်မိသွားသည်။ အခြေအနေက ရုတ်ခြည်းပင် အအေးမှ အပူသို့ ပြောင်းလဲသွားသည်။ ချားပုဆော်မှာ စိတ်လှုပ်ရှားလွန်းသဖြင့် စကားပင်ဆက်မပြောနိုင်တော့ပေ။ မချိုရင်က မနေသာတော့ဘဲ ဘေးမှ ဝင်ပြောရှာရတော့သည်။

‘ခေါင်းဆောင်ကြီးက သဘောတူလိမ့်မယ်လို့ ကျွန်တော်တို့ ထိုက်စူးက မျှော်လင့်ထားပါတယ်၊ ပြီးတော့ ခေါင်းဆောင်ကြီးဟာ အခြေအနေကို တွက်ဆပြီး ထိန်းထိန်းသိမ်းသိမ်းလုပ်တတ်လို့ မလွဲမသွေဘဲ သဘောတူညီလိမ့်မယ်လို့လဲ ပြောခဲ့ပါတယ်”

“အယင်း...ဟင်း၊ ကျုပ်က သဘောတူလိမ့်မယ်လို့ ဘယ့်နှယ်ကြောင့် အပ်ချမပ်ကျ ပြောနေရတာလဲ”

မချိုရင် စကားမှားသွားပြီး မိမိတို့၏ လာရင်းကိစ္စ မအောင်မြင်ဘဲ အဆက်အန္တရာယ်ပါ စိုးရိမ်စရာကောင်းနေသည်ကို ချားပုဆော် ထင်လိုက်၏။ ထို့ကြောင့် စိုးရိမ်တကြီးဖြင့် ကြားဖြတ်ဝင်ပြောလိုက်သည်။

သို့သော် ချိတ်ကျုံးက သူ့သဘောကို နားလည်သဖြင့် အပြောမခံ။ မချိုရင်ကိုသာ ပြောစေသည်။ မချိုရင်က တည်တည်ငြိမ်ငြိမ်ပင်....



“ထိုက်စူးကပြောတယ်၊ တရုတ်ကရောင်းချင်းဟာ မင်းညည်းဝိမ်မှာ ဆစ်မူးနေပြီး ဘာမှ အသုံးမကျဘူး၊ နန်းတွင်းမှာလဲ သစ္စာဖောက် မှူးမတ်တွေက အမြောက်အမြား ရှိနေခဲ့တယ်၊ သူတို့တစ်တွေဟာ ခေါင်းဆောင်ကြီးနဲ့အတူ သိုင်းလောက သူရဲကောင်းတွေကို အမျိုးမျိုးဒုက္ခပေးနေခဲ့တယ်၊ ဒါကြောင့်မို့ သူတို့အပေါ်မှာ ခေါင်းဆောင်ကြီးတို့က ကျေနပ်မှု မရှိခဲ့ကြဘူး၊ အခု ကျုပ်တို့ ထိုက်စူးက အဲဒီအစီအစဉ်ဆွဲလိုက်တော့ ခေါင်းဆောင်ကြီးနဲ့တကွ သူရဲကောင်း အားလုံးဟာ အခွင့်အရေး တစ်ရပ်ရပြီလို့ ဆုဆကြမယ်၊ ဝမ်းသာအားရလဲ ရှိကြမယ်၊ ဒါကြောင့် ခေါင်းဆောင်ကြီးနဲ့ သူရဲကောင်းတွေ သဘောတူကြလိမ့်မယ်လို့ ထိုက်စူးက ခန့်မှန်းကြည့်လိုက်တာပါ”

စကား လွန်ပြန်လေပြီ။ ချားပုံဆော်မှာ အကြီးအကျယ် မျက်နှာပျက်နေရလေပြီ။ မချိုရင်၏ စကား ဆုံးသည်နှင့် ချိတ်ကျုံး၏နံဘေးတွင် ထိုင်နေသော ရှီအီရှင်းက ခတ်ထန် မာကျော့စွာ ဝင်ပြောလိုက်လေတော့သည်။

“သိပ်ကောင်းတဲ့ အခွင့်အရေးပါအား၊ ရယ်ရှင်က ကျုပ်တို့အတွက် ဒီလောက်အထိ နှံ့နှံ့စပ်စပ် စေ့စေ့သေချာချာ စဉ်းစားပေးလို့ သူ့ကို ကျေးဇူးတင်ရမလိုတောင် ဖြစ်နေပြီ၊ ဒီမှာ ခင်ဗျားတို့ ရောက်လာရတဲ့ အကြောင်းရင်းကို ကျုပ် ကောင်းကောင်း နားလည်သွားပြီ၊ ဒီတော့ ခင်ဗျားတို့ အားလုံး ပြန်သင့်ပြီ၊ ပြန်သွားရင်တော့ ရယ်ရှင်အတွက် စကား လက်ဆောင် ပါးလိုက်ပါရစေ၊ ခင်ဗျားတို့ ပို့လိုက်တဲ့ လက်

ခေါင်းဆောင်တွေကိုတော့ ကျုပ်တို့ လက်ခံလိုက်ပြီ၊ ဒါပေမယ့် သူ့ကို ထပ်ပြီး စဉ်းစားခိုင်းပါ၊ အလေးအနက် စဉ်းစားပြီးမှ လှုပ်ရှားပါလို့ ပြောလိုက်ပါ”

ရှီအီရှင်း၏ ဆိုလိုရင်း စကားအဓိပ္ပာယ်ကို ချားပုဇောင့် နားထဲတွင် မရှင်း။ ထို့ကြောင့် သံကွဲဆောင် မေးလိုက်၏။

“ဒီအတိုင်းဆိုရင် ခေါင်းဆောင်ကြီးနဲ့ သူ့ရဲဘောင်းတွေ အားလုံးက ကျုပ်တို့ လိုက်စုရဲ့ ကောင်းဆိုချက်ကို ဒီနေ့ရာထာနေ ကူညီခြင်းအတွက် ကြိုတင် ကျေးဇူးတင် ဂုဏ်ယူပါတယ်ခင်ဗျာ”

ပြောပြောဆိုဆိုပင် ချိုက်ဘျုံးတို့လူစုဘက်သို့ လှည့်ကာ တရိုတသေ ဦးညွှတ်ဂုဏ်ပြုလိုက်လေတော့သည်။ ရှီအီရှင်းက ခေါင်းမဆန့် ပြုံးလိုက်သည်။ ထို့နောက် တည်ငြိမ်လေးနက်စွာ ထပ်၍ပြောလိုက်၏။

“ခင်ဗျားပြောတာမှန်တယ်၊ ကျုပ်တို့အားလုံးဟဲ သဘောတူကြပါတယ်၊ တကယ်လို့ ရယ်ရှင်က ကျုပ်တို့ ဖြည့်နှင့်စပ်ကြားတို့ စစ်ထည်တော်လွှတ် ကျူးကျော်လာခဲ့မယ်၊ နှောင့်ယှက်လာခဲ့မယ် ဆိုရင်တော့ ကျုပ်တို့ကျေနပ်အောင် ကလဲ့စား ချေရမှာပဲ၊ အချိန်ကျရောက်လာရင် မြင်းဘောင်း မြင်းဆန့်တွေနဲ့ လက်ဆောင်ပစ္စည်းတွေကို လှူယူရုံတင် မကဘူး၊ ရယ်ရှင်နဲ့ ခင်ဗျားတို့ရဲ့ ဦးခေါင်းတွေကိုပါ ဖြတ်ပြီး တောင် နောက်ဘက်က ဆင်းတာစ ကျေပစ်လိုက်မယ်၊ ခင်ဗျားတို့ ပြန်တော့”



ထိုအခါ တစ်ချိန်လုံး ငြိမ်သက်နေခဲ့သော ဟမာရှင်က ခုန်ထွက်လိုက်ပြီး တစ်စခန်းထလာတော့၏။

“ခွေးသူခိုး၊ ကျုပ်တို့ ထိုက်စုကို ရာရာစစ စော်ကားရဲသလား၊ ခင်ဗျားကို ကျုပ် အကြောင်းပြရလိမ့်မယ်”

ဟမာရှင်မှာ ပြောပြောဆိုဆိုပင် လှုပ်ရှားလိုက်၏။ လူရိပ်က သိုင်းကွက်နှင့်အတူ လျင်မြန်စွာ လှုပ်ရှားလာပြီး ရှီအီရှင်းထံသို့ ခုန်ဝင်သွားသည်။

“ဒိုး”

ရှီအီရှင်းက ဟမာရှင်၏ လှုပ်ရှားမှုကို သတိထားမိသဖြင့် အလွယ်တကူပင် ရှောင်တိမ်းပေးလိုက်၏။ ဟမာရှင်၏ လက်သီးက ထိရောက်မှုမရှိဘဲ လေထုကို ထိုးခဲ့သွားသည်။ ရှီအီရှင်းက လက်မောင်းတို့ ကန့်လန့်ဖြတ် ရိုက်ချလိုက်သည်။

“ဖြန်း”

ဟမာရှင် လက်မောင်းတစ်ခုလုံး ဘုန်းခနဲ ထုံကျဉ်သွားသည်။ အတွင်းအင်အား ရရှိခြင်း မရှိသော်လည်း နာကျင်မှုကြောင့် ခံစားလိုက်ရ၏။ အသက်ကို မြင်းမြင်း ရှူသွင်းကာ ကျားနာတစ်ကောင် အသွင် ရှီအီရှင်းအား ပြင်းထန်စွာ တိုက်ခိုက်ပြန်တော့သည်။

ရှီအီရှင်းကား အနည်းငယ် နောင်တရသွားမိသည်။ တစ်ဖက်လူက သူထင်မှတ်သလို မဟုတ်ဘဲ သာမန် လူတစ်ယောက်ထက် ကြံ့ခိုင် တောင့်တင်းနေခဲ့သည်။ စောစောက သူ့ လက်ဝါးတစ်ချက် ထိမှန်ခဲ့သည့်တိုင် မည်သို့မျှ မဖြစ်။ ထို့အတွက် အတွင်းအားစည်းကာ မရိုက်ချခဲ့ရကောင်းသလားဟု ...

ကိုယ်ကို အပြစ်တင်လိုက်မိသည်။ သူသည် ဟာမာရှင်ကို ရှင်းရှင်းလင်းလင်းပင် ကြိုတင်သတိပေးလိုက်သည်။

''ခင်ဗျား နောက်ထပ် ရှေ့ရဲ့ခြေတစ်လှမ်း တိုးလာရင် အသက်ရှင်ဖို့ မစဉ်းစားနဲ့တော့''

ဟာမာရှင် ရုတ်တရက် ကြောင်သွား၏။

''မင်းသာ သေမှာကွ''

သူသည် သတိဝင်သည်နှင့် ပြန်လှန်အော်ဟစ်ပြီး ခုန်ဝင်လာသည်။

ချားပုအော်ကား စိတ်ခတ်ကျဆင်းနေချေပြီ။ ပြဿနာရှိ ပြေလည်အောင် မဆွေးနွေးရသေးမီ ဟာမာရှင်က စတင်တိုက်ခိုက်လာသဖြင့် သူတို့ ဆွေးနွေးပွဲကား ပျက်သွားခဲ့ပြီ မဟုတ်ပါလား။ သူသည် စိတ်ပျက်လက်ပျက် ဖြစ်သွားပြီး တိုက်ပွဲကို ကြည့်လိုက်၏။

သည့်အခါမှ ခေါင်းထဲတွင် အတွေးတစ်မျိုး ပြောင်းလဲသွားသည်။ ဟာမာရှင်၏ တိုက်ကွက်များနှင့် သိုင်းပညာက ရှီအိရှင်းထက် သာလွန်ထက်မြက်နေသည်ကို အံ့သြဖွယ်ရာ တွေ့မြင်နေရသည် မဟုတ်ပါလား။

ထို့ကြောင့် ရှီအိရှင်းကို ဖမ်းပြီး ဓားစာခံ လုပ်မည်။ ဆိုတော့ တူညီချက်ကို ရအောင် ယူလိုက်မည်ဟု တွက်ဆကာ ဖုန်ခြင်း မရှိတော့ဘဲ အသာပင်ရပ်ကြည့်နေလိုက်တော့သည်။

ရှီအိရှင်း၏ သိုင်းပညာမှာ အမှန်တကယ်ပင် ဟာမာရှင်ကို မမီ။ တိုက်ကွက်ပေါင်းလေးဆယ်ကျော်ခန့် တိုက်ခိုက်ပြီးသည်



နှင့် ရှီအိရှင်းမှာ တဖြည်းဖြည်း နောက်သို့ ဆုတ်ပေးရကာ ကျောက်တိုင်တစ်တိုင် အနီးသို့ ရောက်ရှိသွားရလေတော့သည်။

သို့သော် သူသည် ဤထင်စန်းဆောင်၏ ဂုဏ်ယ ခေါင်းဆောင်တစ်ယောက် ဖြစ်နေ၏။ ဤခန်းမဆောင်ထဲရှိ အခြေအနေအရပ်ရပ်ကို သူသိထားပြီးဖြစ်နေသည်။ သူက ကျောက်တိုင်ကို ကျောခေးကာ ရန်သူ၏ မျက်နှာချင်းဆိုင်လိုက်၏။ သို့သော် သူ့ရင်ဘတ်ရှေ့၌ ဟာကွက်ပေါ်သွားသည်။ ဤသည်ကို ဟာမာရှင်က လက်လွတ်မခံပေ။ ခြေအားစိုက် ကောက်ကျစ်စွာ ပြုံးလိုက်ပြီး လက်နှစ်ဖက်ဖြင့် ရှီအိရှင်း၏ လစ်ဟာသွားသော ရင်ဘတ်ကို ရက်စက် ပြင်းထန်စွာ ရိုက်ချလိုက်တော့သည်။

''ဝုန်း''

ရန်သူသည် သူ့အကွက်ထဲသို့ ရောက်ရှိလာခဲ့ပြီကို ရှီအိရှင်း သိလိုက်၏။ ထို့ကြောင့် ကျောနှင့်ကျောက်တိုင် ဖိကပ်ထားခြင်းမှ လျှောခနဲဘေးကိုဖယ်ထွက်ရှောင်တိမ်းပေးလိုက်သည်။ ထိုအခါ ဟာမာရှင်၏ရိုက်ချက်သည် ရှီအိရှင်းကိုမရိုက်မိတော့ဘဲ ကျောက်တိုင်ကို အရှိန်ပြင်းစွာ ထိုးရိုက်ချလိုက်မိလေတော့သည်။

''ဝုန်း''

''အား''

ဟာမာရှင်၏ လက်ချောင်းထိပ်ဖျားကလေးများ ကွဲကြေ လွင့်စင်သွားသည်။ သွေးတစိစက်စက် ယိုစီးကျလာသည်။ နာကျင်

လွန်းသဖြင့် တင်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်လာ၍ ချေးစေး များပင် ပြန်လာသည်။ ရှီအိရှင်းမှာ ရှန်သူ၏ကိုက်ကွက်၍ ဒေါ်ယာစပ်ဆင် လွှတ်တင်းလာပြီ၊ တမာရှင်သက်ချောင်း အစေးများ ဖတ်ရာရရှိသွားခဲ့သည်ကို တွေ့သိလိုက်၏။ သူ သည် ရှောင်ပြီးသည်နှင့် ကိုယ်ကို ချားရဟတ်ပမာ ဝေ့ပတ် လိုက်ပြီး ယာမာရှင်အား ဝင်တိုက်လိုက်လေ၏။

"ဝုန်း"

ယာမာရှင်မှာတန်ချက်ဆိုမရှောင်တိမ်းနိုင်ဘဲကြမ်းပြင်ပေါ် ခင်းသိုင်လျက် လဲသွားလေတော့သည်။

ချိုက်ကျုံးက ကြမ်းပြင်ပေါ်တွင် ဖင်ထိုင်ကျနေသော ယာမာရှင်ကို ဆက်ညှိုးညွှန်ပြလိုက်ပြီးလျှင် ခပ်အေးအေးပင် ပြောလိုက်သည်။

"ချားပုအော်၊ ခနက ကျုပ်တို့ရဲ့ ဖုတ်ယခေါင်းဆောင် က ရှင်းရှင်းလင်းလင်း ပြောခဲ့လို့ ခင်ဗျားဟာလဲ ကျုပ်တို့ သဘောထားကို သိခဲ့ပြီ၊ ခင်ဗျားတို့က လှုပ်ရှားမှု မရှိရင် ကျုပ်တို့က ဘယ်လိုမှလှုပ်ရှားမှာမဟုတ်ဘူး၊ ခင်ဗျားတို့ကို လဲ ဘယ်လိုမှ အားနာနိုင်မှာ မဟုတ်ဘူး၊ ကဲ...ခင်ဗျားတို့ သွားသင့်ပြီ၊ ဒါပေမယ့် ပေါ့ဒီလူ့ဘဝတော့ အရိုင်း အစိုင်း သတ္တဝါတစ်ကောင်ဖြစ်လို့ ကျုပ်တို့ဆီမှာ ချန်ထား ခဲ့ရလိမ့်မယ်၊ ခင်ဗျားတို့သာ သွားကြတော့၊ သူ့အတွက် အခု တောင်းပန်ဖို့မလိုဘူး"

ချိုက်ကျုံး၏ ပြတ်သားလှသော စကားလုံးများကြောင့် ချားပုအော်မှာ စိတ်မကောင်းနိုင်အောင် ဖြစ်သွားသည်။ သူ့



လက်နှင့် ဦးခေါင်းပြန်သွားခဲ့လျှင် ထိုက်ရှုး ရယ်ရှင်ကို ဥင်ကဲ့သို့ ဆောင်းပြန်ရန် စည်းနည်း။ တစ်ချက်မျှငိုင်တွေဝေး နေလိုက်မိသည်။ ထိုအချိန်မှာပင် သူနှင့်အတူပါသွား သော ချီဖောင်ထွေ့ဝန်က အေးတိအေးစက် ရယ်မောလိုက် သည်။

"ဟား...ဟား...ဟား"

ထိုရယ်မောသံကြောင့် အခြေအနေက ပို၍တင်းမာသွား သည်။ သူ့ရယ်သံကြောင့် ဖူးအော်ထူလာနှင့် မာဆူဟူဟွာတို့ နှစ်ယောက် လက်နက်များကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက် ပြီးလျှင် တစ်ယောက်ကိုတစ်ယောက် မျက်လုံးများဖြင့်အဆုံး ပြလိုက်ကြသည်။

ခန်းမထဲရှိ လူဆယ့်ခြောက်ယောက်အနက် ဆယ်ယောက် မှာ မတ်တတ်ရပ်လိုက်ကြပြီး ရှီအိရှင်းနှင့် ချိုက်ကျုံးတို့ နှစ်ယောက်သာ ကုလားထိုင်တွင် ထိုင်နေကြသည်။ သူတို့ နှစ်ယောက်၏ နောက်တွင်ကား လူလေးယောက် တစ်ဖက် တစ်ချက်စီခွဲကာ ရပ်နေကြ၏။ တစ်ဖက်တွင် ယောကျ်ားတစ် ယောက်၊ မိန်းမတစ်ယောက်စီရှိကာ လက်နှစ်ဖက်ကို ရင် ဘတ်ရှေ့တွင် ယှက်ထားကြ၏။

သူတို့တွင် လက်နက်ဟူ၍ တစ်ခုမျှမရှိပေ။ ပကတိတည်ငြိမ် အေးဆေးနေ၏။ ချားပုအော်ထူကဲ့သို့ စိတ်လှုပ်ရှားခြင်းမျိုး မရှိ။ မျက်လုံးများက အရည်လဲ့ကာ ကြည်လင်တောက်ပနေ ၏။ မာဆူဟူဟွာက ဓားကို ဓားအိမ်တွင်းသို့ ပြန်လည်ထိုး သွင်းလိုက်သည်။

''ပြောင်း''

ဓားသံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ထို့ပြင် စကားသံကလည်း ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့လေသည်။

''ခေါင်းဆောင်ကြီး၊ ကျုပ်တို့ရဲ့ အစီအစဉ်တွေက ခင်ဗျားတို့အတွက် အကျိုးရှိစေလျက်သားနဲ့ ခင်ဗျားတို့က သဘောမတူတော့လဲ ကျုပ်တို့က အတင်းအကျပ်မတိုက်တွန်းတော့ပါဘူး၊ ဒါပေမယ့် ခင်ဗျားတို့ဆီကို ကျုပ်တို့လူခြောက်ယောက် လာခဲ့ကြတယ်၊ ပြန်တော့လဲ ခြောက်ယောက်စလုံး ပြန်ရမှဖြစ်လိမ့်မယ်၊ ဟာမာရှင်ကို ခင်ဗျား ကိုဆီမှာ ထားခဲ့လို့ ဘယ်ဖြစ်နိုင်မှာလဲ''

ချိုက်ကျုံးမျက်လုံးများ ဒေါသကြောင့် ပြူးကျယ်သွားသည်။ သူ့လေသံကလည်း ခက်ထန်လာ၏။

''ဒီနေရာ ဘာနေရာလဲဆိုတာ ခင်ဗျားသိသလား၊ ခင်ဗျားတို့ ကျုပ်တို့ရဲ့ အိမ်ရှေ့အထိ လာပြီး ရန်ရှာရဲတာလဲ ကျုပ်ရဲ့ စော်ကားဘာပဲဗျ၊ ဘာမှအပိုစကား ထပ်ရှည်မနေနဲ့၊ ဟာမာရှင်ကို ချန်ထားခဲ့ရမယ်၊ အေး...ဒီလိုမှ သဘောမတူဘူး၊ စကား ထပ်ရှည်ချင်သေးဘယ်ဆိုရင် ခင်ဗျားပေါ် တောင်အောက်ကို ဆင်းဖို့မကြိုးစားနဲ့''

''ဟား...ဟားဟား''

မာယူဟူဟွာ ခေါင်းမော့ကာ ရယ်မောလိုက်၏။ သူ့ရယ်သံက ခန်းမထဲ ပဲ့တင်ထပ်သွားသည်။ မာယူဟူဟွာက...



''ကျုပ်တို့ကို ဒီမှာနေခဲ့ချင်းလို့ ခင်ဗျားတို့မှာ ဘာအစွမ်းအစရှိလို့လဲ''

ပြောပြီးမှ ဟာမာရှင်ဘက်သို့လှည့်လိုက်ပြီး ပြော၏။

''ဟာမာရှင်...ထ၊ သွားကြမယ်၊ သူတို့ ဘာလုပ်နိုင်သလဲဆိုတာ ကြည့်ရသေးတာပေါ့''

ပြောပြောဆိုဆိုပင် ချားပုအော်နှင့် မာချိရင်တို့ နှစ်ယောက်ကို အလယ်တွင်ထားကာ သူတို့ လေးယောက်က လက်နက်ကိုယ်စီကိုင်လျက် ခန်းမဆောင် အဝင်တံခါးဆီသို့ ခေါင်းမော့ကာ ထွက်လာခဲ့ကြသည်။

''ဖျတ်''

''ဖျတ်''

တံခါးဝသို့ ရောက်ခါနီးတွင် ရုတ်တရက် လေအဟုန်ခံလိုက်ရသော ဆတ်ခနဲ တွန့်သွားကြ၏။ လှုရိပ်နှစ်ရိပ်က သူတို့ ဘေးမှ လွှားခနဲခုန်တက်ကာ တံခါးအပေါက်အဝ၌ပိတ်ဆီး ရပ်နေကြသည်။

မာယူဟူဟွာနှင့် ဟာမာရှင်တို့ နှစ်ယောက်မှာ ရှေ့မှ ဦးဆောင်ခဲ့သူများ ဖြစ်သည်။ လေကဲ့သို့ လျင်မြန်လှသော ထိုလူနှစ်ယောက်၏ လှုပ်ရှားမှုကို တွေ့လိုက်ရသောအခါ အံ့အားသင့်သွားကြ၏။

ထိုလူနှစ်ယောက်ကား သူတို့ခန်းမဆောင်ထဲသို့ ဝင်သွားစဉ်က ဝဲဘက်တွင် ထိုင်နေသော လူနှစ်ယောက် ဖြစ်နေလေသည်တကား။

★

## အခန်း (၁၂၄)

### သေခွဲခင်ရသူ

ဇာယူဟူဟူဘနှင့် ဟမာရှင်တို့နှစ်ယောက်မှာ သူတို့ရှေ့တွင် ပိတ်ရပ်နေသူ နှစ်ယောက်ကို ကြည့်လိုက်၏။ ခန့်မှန်းဆောင်သလို ဝေ်လာ...ကာ သူတို့နှစ်ယောက်ကို ဂရုမထားခဲ့မိသေး သာမန်လူများအဖြစ်သာ ထင်မှတ်ခဲ့သည်။ ထိုနှစ်ယောက်မှာပင် လျှို့ဝှက်ထားသော သိုင်းပညာများရှိနေ လျှောက်...ပြောရာအကြောင်း မရှိတော့ဟု ထင်လာမိကြလေပြီ။

ဟမာရှင်မှာ နာကျင်ခြင်းကိုသာ ခံစားနေရဆဲရှိ၏။ သူ့အနေနှင့် ကိုယ့်ဒုက္ခတွယ်ရာခဲ့ပြီးဖြစ်သောကြောင့် အမှတ်မရှိသူဖြစ်၍ လက်ကို ဝေ့ယမ်းလိုက်ပြီး ဟန်မာနိုဝ ပါ၊ ဟိန်းဟောက်ပြန်လေတော့၏။

"ကျုပ်ကို လမ်းဖယ်ပေးရင် သက်သာမယ်၊ လမ်းပိတ်ထားတဲ့လူ သေပြီသာမှတ်"

လမ်းပိတ်ထားသူများက မဖယ်သေး။ ထို့ကြောင့် ဟမာရှင်သည် လက်သီးဖြင့် ပြင်းထန်စွာ ထုတ်သုံးထိုးချလိုက်ပြန်သည်။ ထိုနှစ်ယောက်ကား မည်သို့မျှ ထိတ်လန့်တုန်လှုပ်မှုမရှိ ...ငြိမ်သက်စွာဖြင့် ယှိမ်းဝိုက်ထားသည့်အလား တစ်ယောက်ကဝဲဘက်၊ တစ်ယောက်က ယာဘက်မှ ဆန့်တန်းထုတ်ကာ လက်သီးချက်ကို ထိထိတိုက် ခုခံတော့လိုက်ကြသည်။

"ဗုန်း"

ဟမာရှင်မှာ သူ့စိတ်ထုတ် အသုံးပြုခဲ့သောအားများ တန်ပြန်ခံလိုက်ရသလို လက်မောင်းတစ်ဖက်လုံး ထုံကျဉ်ကာ နောက်သို့ ခြေတစ်လှမ်းဆုတ်သွားရတော့သည်။ တစ်ဖက်လူများ၏ အတွင်းအား ဤမျှအထိ ကောင်းမွန်ထက်မြက်နေသည်ကို တွေ့ရသောအခါ အရဲမတိုးဝံ့တော့ဘဲ ခြေလှမ်းတုံ့ရပ်လိုက်ကြရတော့သည်။

ထိုအချိန်မှာပင် နောက်ဘက်ဆီမှ ချိုကြည်သော အသံ ထွက်ပေါ်လာလေ၏။

"ချားပုအော်... ခင်ဗျား ဘယ်လိုလုပ်ချင်သေးသလဲ၊ အခု ခင်ဗျားတို့ရဲ့ ရှေ့ဆုံးက လူနှစ်ယောက်ကို ချန်ထားခဲ့ရစ် ကျုပ်က ခင်ဗျားနဲ့အတူ နောက်ဘက်က လူသုံးယောက်ကို တောင်ပေါ်က ဆင်းခွင့်ပေးလိုက်မယ်၊ ခင်ဗျားတို့က ဒါကို သဘောမတူဘဲ ထပ်ပြီး ကြမ်းချင် ရမ်းချင်တယ်ဆိုရင်တော့ ခင်ဗျားတို့အားလုံး နေခဲ့ရမယ်၊ ဘယ့်နှယ်လဲ"

ချားပုအော်မှာ စိတ်ရှုပ်ထွေးသွားသည်။ သူသည် သိုင်းပညာတတ်ကျွမ်းထားသူတစ်ယောက် မဟုတ်။ နှုတ်ရေးနှုတ်ရာမှာသာ ထက်မြက်နေသူတစ်ယောက် ဖြစ်ပေသည်။ ထို့ကြောင့် ဤအရေးအခင်းကို မည်သို့ ဖြေရှင်းရမှန်းမသိဘဲ ဖြစ်နေရသည်။

ထိုအခိုက်မှာပင် ချီအော်ယူမေန်တို့နှစ်ယောက်က အသံပြိုင် အော်ဟစ်လိုက်ကြတော့သည်။

"ခင်ဗျားတို့ သတ္တိရှိရင် ကျုပ်တို့ လေးယောက်လုံးကို ချန်ထားခဲ့၊ ချားပုအောင်နဲ့ မာချိုရင်တို့နှစ်ယောက်ကို ပြန်လွှတ်ပေးလိုက်ပါ"

ချားပုအောင်နှင့် မာချိုရင်တို့ နှစ်ယောက်စလုံးမှာ သိုင်းပညာဘက်ကျွမ်းကျင်သူများ မဟုတ်သဖြင့် အခုရေး၊ အခုကြောင်း ဆိုလျှင် သူတို့ကို ကာကွယ်မှု ပေးနေရပေမည်။ ထို့ကြောင့် ထိုနှစ်ယောက်ကို ပြန်လွှတ်ခွင့် တောင်းရခြင်းဖြစ်ပေသည်။

ဖူအောင်ထူသာတို့နှစ်ယောက်မှာ ပြိုင်ဘက်စင် အောင်ယာန်ရိုက်ကြပြီးနောက် ဓားရှည်ကို ဆွဲထုတ်လိုက်ကြသည်။ ပြီးလျှင် နောက်ပြန်ကျွမ်းပစ်ကာ ချိုဘဲကျုံးနှင့် ရှိုအိရှင်းတို့ နှစ်ယောက်အား ဓားဖြင့်ချက်တရက် ခုတ်ချလိုက်တော့သည်။

"ရှမ်း"

"ရှမ်း"

ချိုဘဲကျုံးတို့ ပြင်ဆင်မှုမရမီ အခွင့်ကောင်းယူ တိုက်ခိုက်လိုက်သဖြင့် သူတို့အတွက မှားစွာ အကျိုးထူးလိမ့်မည်ဟု ထင်မှတ်ခဲ့ကြ၏။ သို့သော် သူတို့အတွက် မျှော်လင့်ချက်များ ကုန်ခန်းသွားရသည်။ ချိုအောင်ထူစုနှင့် ချိုက်ကျုံးမှာ ခြေလှမ်းနှစ်လှမ်းစာမျှ ကွာခြားနေသေးသည်။ သူခုန်အုပ်လိုက်စဉ်မှာပင် ချိုင်းအောက်မှ ပြင်းထန်သော လေဘာစ်ခု တိုးဝင်ဖြတ်သန်းသွားသည်ကို ခံစားလိုက်ရ၏။

"ဟူး"

သူ့စိတ်ထဲတွင် ထူပူသွားရသည်။ ချက်ချင်းပင် လှမ်းလက်စ ခြေထောက်ကို ရပ်တန့်လိုက်ပြီး တစ်ဖက်သို့ လှည့်



တိုက်လိုက်၏။ သို့သော် တစ်ဖက်လူကား အရိပ်မထင်သော သရဲဘဝ္ဂအသွား လှစ်ခနဲလှစ်ခနဲ ကွယ်ပျောက်သွား၏။

ထိုသူသည် သူ့ကို ခြိမ်းခြောက်ချက်၊ ဖူအောင်ထူသာတို့ လှည့်၍ အရိပ်ပျောက် တိုက်ခိုက်လိုက် လုပ်နေခဲ့သည်။ အကြိမ်ကြိမ် ရှောင်တိမ်းခြင်းဖြင့်သာ အချိန်ကုန်နေခဲ့သဖြင့် ယခုကဲ့သို့ ဝင်ရောက်လာသူကို မည်သူမည်ဝ ဖြစ်ကြောင်း သူတို့ မသိကြရသေးပေ။ ထိုစဉ်မှာပင် ဖူအောင်ထူလာ၏ ဆဲဆိုရေရွတ်သံက ထွက်ပေါ်လာတော့သည်။

"ခွေးကောင်၊ သတ္တိရှိရင် ရှောင်တိမ်းမနေနဲ့၊ တောဒီဓားကို ကြည့်ထားလိုက်"

"ရှမ်း"

ဓားရိပ်က စက်ဝိုင်းခြမ်းသဏ္ဌာန် လှုပ်ရှားသွားသည်။ ချိုအောင်ထူဝန် ခေါင်းငုံ့ ကြည့်လိုက်၏။ ဖူအောင်ထူသာ၏ ဓားစက်ဝိုင်းထဲတွင် တစ်ဖက်လူ ချုပ်မိနေခဲ့ပြီး မကြာခင်မှာပင် တစ်ဖက်လူ ရှုံးနိမ့်ရချေတော့မည်။ ထို့ကြောင့် ချိုအောင်ထူဝန် ဝမ်းသာသွားသည်။

တိုက်ပွဲ စည်းဝိုင်းအတွင်းသို့ ခုန်ဝင်ရန် တန့်ပြင်လိုက်မှ တစ်ဖက်ရန်သူကို သဲကွဲစွာ မြင်တွေ့ရတော့သည်။ အမျိုးသမီးတစ်ယောက် ဖြစ်နေချေသည်တကား။ ထင်စန်းတောင် သိုင်းလောက ထင်ရှားခဲ့ရာ၌ ရှိုဖိန်အောင်၏ အမည် သည် အတော်ကလေး ပေါ်လွင်ခဲ့သည်။ သူ့ဇသည် မည်သည့်အတွက် နာမည်ကြီးရပေသနည်း၊ မည်မျှ ထက်မြက်လေ သနည်းဟူ ရှိုဖိန်အောင်၏ အရည်အချင်းကို စမ်းသပ်လိုပြန်

သည်။ ယို့ကြောင့် နောက်မဆုတ်ရတော့ဘဲ ရှေ့သို့ တိုးရင် တိုက်ခိုက်နေတော့သည်။

သူ၏တွေးထင်ချက်များကား မမှားချေ။ ယခုတစ်ကြိမ် တိုက်ခိုက်နေသူကား ရှီဖိန်အောင်ပင် ဖြစ်နေတော့သည်။ သူမ သည် အဆင့်မြင့် သိုင်းပညာရှင်ကြီးများ၏ သင်ကြားလမ်း ညွှန်မှုကို ခံယူခဲ့ရသလို ကျိုကျန့်ရှန်ကလည်း တစ်ဖက်တစ် လမ်းမှ အကူအညီ အပံ့အပိုးပြုခဲ့သဖြင့် ယခင်ကနှင့် မတူ တော့ဘဲ တစ်ဟုန်ထိုး တိုးတက်လာခဲ့ပြီ ဖြစ်၏။ ရန်သူက အသေခံတိုက်ခိုက်လာသည့်တိုင် နောက်ကွန့်ရွံ့ ဆိုင်းခြင်းမရှိ ဘဲ ဓားနှစ်လက်ကို ဝှေ့ယမ်းကာ အရစပ် တိုက်ခိုက်နေ တော့သည်။

"ရွှမ်း...ရွှမ်း"

ဓားသံများ၊ ဓားရိပ်များက တလက်လက် ယှက်ဖြာ နေ၏။ ချီအော်ထူဝန်မှာ ရယ်ရှင်း၏ လွှက်အောက်တွင် နာမည်ကျော် သိုင်းဆရာတစ်ဦးဖြစ်၍ မိန်းကလေးတစ်ဦး၏ တိုက်ခိုက်မှုကြောင့် ဤမျှ ရုပ်ပျက်ဆင်းပျက် ဖြစ်မည်ဟု မထင် ခဲ့ပေ။ စတိုက်ခါစကသာ အစွမ်းပြ တိုက်ခိုက်နိုင်ခဲ့သော် လည်း မကြာမီ တဖြည်းဖြည်း ခံစစ်ကိုသာ အချားဆုံး ထုတ် ပေး အသုံးပြုနေရတော့သည်။

တိုက်ကွက်ပေါင်း နှစ်ဆယ်ကျော် သုံးဆယ်သို့ ရောက် လာသောအခါတွင်ကား ချီအော်ထူဝန်၏ တိုက်ကွက်များမှာ တဖြည်းဖြည်း ဖရိုဖရဲဖြစ်လာသည်။ ရှီဖိန်အောင်အား အနိုင် ယူရန် မစဉ်းစားရဲတော့ချေ။



ဖူအောင်ထူသာတစ်ယောက်မှာမူ အခြေအနေ ကောင်းနေ ပေသည်။ သူနှင့် ရင်ဆိုင်နေရသော ထင်စန်းတောင် သိုင်း ဆရာ တစ်ယောက်ကို တိုက်ကွက် တစ်ရာအတွင်း၌ ဒဏ်ရာရ အောင် တိုက်ခိုက်နိုင်ခဲ့၏။ နောက်ထပ်၍ သိုင်းဆရာ တစ် ယောက်နှင့် ရင်ဆိုင်တိုက်ခိုက်ပြန်သည်။ ထိုတစ်ယောက်ကို လည်း တိုက်ကွက် ရှစ်ဆယ်ကျော်လောက်မှာပင် အနိုင်ယူခဲ့ ပြန်သည်။

မာယူဟူဟွာကား အခြေအနေမကောင်းချေ။ တံခါးဝ တွင် ပိုက်ဆီးအားသူနှင့် ရင်ဆိုင်နေရ၏။ ထိုသူကား ကျိုကျန့် ရှန်ပင်တည်း။ သူတို့နှစ်ယောက်မှာ အတွင်းအားပညာအရ ယှဉ်ကွာခြားခြင်း မရှိလှ။ သို့သော် ကိုယ်ခဖော့ပညာတွင်မူ ကျိုကျန့်ရှန်က များစွာ သာလွန်နေသည်။ ထို့ကြောင့် တိုက် ကွက်တိုင်းကို ကျိုကျန့်ရှန်က ပေါ့ပါး သွက်လက်စွာ တိုက်စစ် ဆင်နိုင်ခဲ့သည်။

မာယူဟူဟွာမှာ စိတ်ကို တည်ငြိမ်အောင်မထိန်းနိုင်ပေ။ ကျိုကျန့်ရှန်၏ လျင်မြန်သွက်လက်လွန်းမှုကြောင့် လူမှာ ပျာ ယာခတ်လာ၏။ တိုက်ကွက်တို့ ဖရိုဖရဲဖြစ်လာသည်။ အခေါ့ အလဲ ခုခံကာကွယ်နေရသဖြင့် အမောဖောက်လာသည်။ နောက်ဆုံးတွင် ကျန်းမင်း သွေးကြောအား ထိုးပိတ်ခံလိုက် ရပြီး ကျိုကျန့်ရှန်အား အရှုံးပေးလိုက်ရတော့သည်။

"ဝုန်း"

မာယူဟူဟွာ၏ခန္ဓာကိုယ်ကြီး ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ကျသွားလေပြီ။ ဝါချပ်ကိုယ်စားလှယ်တို့အထဲတွင် ပထမဦးဆုံးသော သေဆုံးခြင်းဆု ဆွတ်ခူးသွားခဲ့ရချေပြီ။

ကျိုကျန့်ရှန်သည် ခေတ္တခဏမျှ အနားယူလိုက်၏။ သွေးလှည့်ပတ်မှုမှန်ကန်အောင် စမ်းသပ်ရှိုက်သည်။ သူ့ညာလက်မှာ မာယူဟူဟွာ၏ အတိုက်အခိုက်ခံရသဖြင့် ထုံကျဉ်နေသော်လည်း ဆိုးဆိုးရွားရွားမရှိလှပေ။ ကိုယ့်ကိုယ်ကို ပုံမှန်အနေအထား ရှိမရှိ စစ်ဆေးပြီးလျှင် တိုက်ပွဲအခြေအနေကို အကဲခတ်လိုက်၏။

ရှိဖိန့်အောင် နှိုခအော်ထူဝန်ကို အပေါ်စီးမှ ရင်ဆိုင်တိုက်ခိုက်နေပြီး ထင်စန်းတောင်ဂိုဏ်းသားနှစ်ယောက်က ဖူခအော်ထူလာ၏ တိုက်ခိုက်မှုဒဏ်ကို အလူးအလဲခံနေရပြီး ဒဏ်ရာရရှိသွားကြသည်။

ကျိုကျန့်ရှန်၏ဒေါသများ ပေါက်ကွဲသွားတော့၏။ ထုံကျဉ်နေသော ညာဘက်လက်ကိုပင် ဂရုမစိုက်တော့ဘဲ ကျားနာတစ်ကောင်ကဲ့သို့ ရှိပ်ခနဲခုန်ပျံလိုက်သည်။ ဖူခအော်ထူလာထံသို့ ရောက်သည်နှင့် အပြင်းထန်ဆုံးသော တိုက်ကွက်များဖြင့် ရွေးချယ်တိုက်ခိုက်လေတော့သည်။

★

# အခန်း (၁၂၅)

## အဆုံးစီရင်သူ

တိုက်ပွဲအချိန်အတန်ကြာ၍ ပိုမို၍ပင် ပြင်းထန်လာလေ၏။ ဓားရိပ်နှင့်လှံရိပ်များ ရှုပ်ထွေးကာ ခွဲခြားမရအောင်ဖြစ်လာသည်။ ကျိုကျန့်ရှန်၏သိုင်းပညာမှာ တိုးတက် အဆင့်မြင့်မားလာခဲ့သော်လည်း ဖူခအော်ထူလာကို လက်ရည်တူသာ ရင်ဆိုင်တိုက်ခိုက်နိုင်သည်။ တိုက်ကွက်ပေါင်း ခုနစ်ဆယ်ကျော်လာသည့်တိုင် အနိုင်မယူနိုင်သေးပေ။ တစ်ခါတစ်ရံ ဖူခအော်ထူလာ၏ ဓားဝှေ့ယမ်းမှုကြောင့် ဖြစ်ပေါ်လာသော လေထုအားလှိုင်းကိုပင် ခဲခဲယဉ်းယဉ်းရှောင်တိမ်းနေရပေသည်။

ကျိုကျန့်ရှန်၏တစ်ကိုယ်လုံး ဇောချွေးများ ပြန်လာသည်။ ဖူခအော်ထူလာသည် သူကဲ့သို့ပင် ထက်မြက်သော သိုင်းပညာရှင်တစ်ယောက်ဖြစ်ကြောင်း ကျိုကျန့်ရှန် နားလည်လာသည်။ ဖူခအော်ထူလာမှာလည်း ထင်စန်းတောင် သိုင်းသမား နှစ်ယောက်ကို အနိုင်ရခဲ့သော်လည်း ကျိုကျန့်ရှန်ကို ရင်ဆိုင်ရသောအခါ မလွယ်မှန်းသိလာသည်။ သူ၏ ထက်မြက်သော တိုက်ကွက်များပင် အရာမထင် အချည်းနှီးဖြစ်ကုန်သောအခါ စိုးရိမ်သောက ဖိစီးလာလေတော့သည်။

နှစ်ယောက်စလုံးပင် သတိထား၍ တိုက်ခိုက်နေကြရ၏။ အမှားမခံနိုင်ကြပေ။ တိုက်ကွက်များမှာ စေ့စပ်သေချာပြီး

ပြင်းထန်အားပါကြသည်။ ဓားခုတ် ယမ်းသံနှင့် လက်ဝါးရိုက် ဖုတ်တံသံတို့က သိုးမဲဆောဒ်ယဲယွင် တပို့ဝိုးတရုန်းဝုန်း ဖြည်ဟည်းလေသည်။

ချိုက်ကျူးနှင့်ရှိအိရှင်းတို့နှစ်ယောက်မှာ ကြည့်ရင်း ကြည့်ရင်း စိုးရိမ်စိတ်ပူလာ၏။ ချားပုအော်နှင့် မချိုချင်တို့သည်လည်း ကြည့်နေရင်းမှ အထိတ်တလန့်ဖြစ်ကာ ခေါင်းချူးပြန်လာရသည်။ စောစောက တိုက်ပွဲသုံးပွဲစလုံး၌ တစ်လှည့်စီ လိုက်လံကြည့်ရှုနေခဲ့၏။ ယခုမူကား နံဘေးမှကြည့်နေသူအားလုံး၏ အာရုံများက ကျိုးကျန့်ရှန်နှင့် ဖူအော်ထူလာတို့ နှစ်ယောက် တိုက်ပွဲဆီသို့သာ စုဝေးရောက်ရှိနေကြတော့၏။

ဓားလှိုင်း လက်ဝါးရိပ်များက တဖြည်းဖြည်း အကွက် စိပ်လာသည်။ လူနှစ်ယောက်မှာ တစ်ခါတစ်ခါ ကျိုးကျန့်ရှန် နှင့် ဖူအော်ထူလာ မကွဲပြားအောင် ရောယှက်ရှုပ်ထွေးသွားသည်။ ကျိုးကျန့်ရှန်မှာ တိုက်ခိုက်ရင်းမှပင် ဖူအော်ထူလာ၏ အဆင့်အတန်းကို ကောင်းစွာနားလည်လာသည်။

ကြာလေလေ ဖူအော်ထူလာ၏တိုက်ကွက်များက စေ့စပ် သေချာလာလေပင်။

အစခံ တိုက်ကွက်များက ပြင်းထန်လှသည်။ မရှုရှည် ဆက်တိုက်သွားလျှင် ဖူအော်ထူလာပင် အသာစီးရသွားနိုင်သည်ဟု တွက်ဆမိ၏။ ထို့ကြောင့် ပရိယာယ်ဆင်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် သူ့တိုက်ကွက်များသည် ပုံစံပြောင်းလာသည်။ ဓားရိပ် လက်ရိပ်များက ရှုပ်ထွေးလာသောသည်။ အားမပါတော့။ ပေါ့ပေါ့ပျော့ပျောင်းသလိုဖြစ်လာ၏။



ဖူအော်ထူလာ ကျိတ်၍ဝမ်းသာသွားသည်။ ကျိုးကျန့်ရှန် တစ်ယောက် ကြာရှည်စွာ ဆေးမြင့်စွာ တိုက်ခိုက်ခဲ့ရသဖြင့် မောပန်းကာ အားအင်ကုန်ခန်းလျော့ပြီဟု ထင်မှတ်လိုက်၏။ ထို့ကြောင့် ပြင်းထန်စွာ တိုက်စစ်ဆင် ထိုးနှက်တော့၏။ သို့ဖြင့် တိုက်ကွက်ပေါင်း ခုနစ်ဆယ်ကျော်လောက်ခဲ့ပြန်သည်။ ကျိုးကျန့်ရှန်မှာ နောက်သို့ တဖြည်းဖြည်းဆုတ်ပေးလိုက်ရင်း ရုတ်တရက် ခြေချော်ကာ ဘယ်ဘက်သို့ ခန္ဓာကိုယ် တိမ်းစောင်းယိမ်းယိုင် သွားသည်။

"ဟင်"

ချိုက်ကျူးနှင့် ရှိအိရှင်းတို့နှစ်ယောက် အကြီးအကျယ် ထိတ်လန့်တုန်လှုပ် သွားကြရသည်။ အာမေဋိတ်သံနှင့်အတူ ဝုန်းခနဲ ထရပ်မိကြသည်။

တိုက်ပွဲစည်းဝိုင်းသို့ ခုန်ဝင်ကူညီရန် ဟန်ပြင်မိကြသည်။ သို့သော် အချိန်မမီတော့ပေ။ ဖူအော်ထူလာသည် ကျိုးကျန့်ရှန် ၏ ဓားဖြင့် အပိုင်ခုတ်ချလိုက်လေတော့သည်။

"ရှမ်း"

"ဝုန်း"

"အား"

အခြေအနေက ပြောင်းပြန်ဖြစ်သွားသည်။ မျက်စိ တစ်မှိတ် လျှပ်တစ်ပြက် အတွင်းမှာပင် လူရိပ်များက ရှုပ်ထွေး သွားသည်။ လူတစ်ယောက် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲလဲကျ သွားသည်။

ထိုသူကား ကျိုကျန့်ရှန်မဟုတ်ပေ။ ဖူအော်ထူလာဖြစ်နေလေသတည်း။

"အို....."

ချားပုအော်တို့နှစ်ယောက်မှာ လွန်စွာစိတ်ဓာတ်ကျသွားသည်။ ချိုက်ကျုံးနှင့် ရှီအိရှင်းတို့ နှစ်ယောက်မှာ အံ့သြကြီး သွားကြသည်။

ကျိုကျန့်ရှန်မှာ ခဝစ်အနေအထားဖြင့် ရင်ဆိုင် နောက်ဆုတ်နေရဉ်မှာပင် ပရိယာယ်ဆင်ကာ လဲကျဟန်ဆောင်လိုက်၏။ တစ်ချိန်တည်းမှာပင် အတွင်းအားကို လက်ဝဲဘက်လက်ဝါးတွင် မသိမသာ စုစည်းထားသည်။ ဖူအော်ထူလာက ဝမ်းသာအားရ ခုတ်ပိုင်းလိုက်ရဉ်မှာပင် သူက ခုန်ထလိုက်ပြီး အတွင်းအားစုစည်းထားသော ဘယ်ဘက် လက်ဝါးနှင့် လက်ပြန်ရိုက်ချလိုက်ခြင်း ဖြစ်ပေတော့သတည်း။

"ဝုန်း"

သူ့ဘယ်လက်ဝါးက လစ်ဟာနေသော ဖူအော်ထူလာ၏ ရင်ဝတည့်တည့်ကို ရိုက်မိ၏။

ဖူအော်ထူလာမှာ မည်သို့မျှ ခုခံခြင်းမပြုနိုင်တော့ဘဲ တစ်ချက်တည်းနှင့် လဲကျသေဆုံးသွားလေတော့သည်။ ကျိုကျန့်ရှန်သည်လည်း ကြမ်းပြင်ပေါ်တွင် တင်ပျဉ်ခွေထိုင်ချကာ အတွင်းအား ကျင့်စဉ်လေ့ကျင့်နေတော့၏။

ချားပုအော်မှာ သူတို့၏ ရှုံးနိမ့်မှုအတွက် ပုံလဲကျမတတ် စိတ်ဓာတ်ကျသွားတော့သည်။ သူ့အဖွဲ့တွင် သိုင်းသမားလေး ယောက်ပါခဲ့သည်။



ထိုအထဲတွင် နှစ်ယောက်မှာ ကျိုကျန့်ရှန်၏ လက်ချက်ဖြင့် မရှုမလှသေဆုံးခဲ့ရပြီ။ သိုင်းသမား လေးယောက်စလုံးသေဆုံးလျှင်တော့ ညှိနှိုင်းဆွေးနွေးပွဲမှာ မည်သို့မျှ မအောင်မြင်နိုင်တော့ပေ။ မြေပါလည်းဆုံး သားလည်းဆုံး အဖြစ်မျိုးနှင့် ကြုံကြိုက်ခဲ့ရသဖြင့် ချားပုအော်မှာ ဘုခြေမဆည်နိုင်အောင် ရှုပ်ထွေးသွားလေတော့သည်။

ရှီမိန်အော်မှာ ချီအော်ထူဝန်တို့ကို အထက်စီးမှ တိုက်ခိုက်နေသော်လည်း အနိုင်ယူနိုင်ခြင်း မရှိသေးပေ။ မိမိ၏ ခင်ပွန်းသည်နှင့် အစ်ကိုဖြစ်သူတို့က နံဘေးမှဝိုင်းကြည့်နေကြပြီး တိုက်ကွက်တစ်ရာခန့်ကျော်ခဲ့သည့်တိုင် သူမ အနိုင်မရရှိသေးသဖြင့် ရှက်စိတ်ဝင်လာကာ စိတ်မောခြင်း ဖြစ်လာပြီး ပို၍ပို၍ ဖိတိုက်လာတော့သည်။

"ရွှမ်း"

"ရွှမ်း"

ဓားရိပ်များ ဖြာဆင်းလာသည်။ ဓားကွက်များ စိပ်လာသည်။ ဓားရိပ် ငွေအရောင်စင် ဖြစ်လာသည်။

ချီအော်ထူဝန်မှာ ကြံ့ကြံ့မခံနိုင်တော့ဘဲ ချွေးပြန်လာလေပြီ။ အခြေအနေအရ သူနှင့် ဟမ့ာရှင်တို့ နှစ်ယောက်တည်းသာလျှင် ရှိသည်။ အနိုင်မခံ အရှုံးမပေးဘဲ အံကြိတ်ခုခံနေသော်လည်း သူ့အတွက် မျှော်လင့်ချက် မရှိတော့သည်ကို တွက်ဆမိသည်။ ထို့ကြောင့် ချားပုအော်အား အော်ဟစ်ပြောဆိုလိုက်၏။

“ချားပုခအော် ကျော်သွားတော့မယ်၊ တိုက်ရုံးကို ကျော်ပိုယ်စား ကယ်ဆဲ့စားရေးဖို့ ပြောလိုက်ပါ”

ပြောပြီးသည်နှင့် ဘဲ့ဆဲ့တွက်သုံးကွက်တို့ တစ်ဆက်တည်း အပြင်းအထန် ထုတ်ဖော်လိုက်၏။

ထို့နောက် သူ့ကိုယ်သူ အဆုံးစီရင်လိုက်ခဲ့လေတော့သည်။ သူ့ခန္ဓာသည် ကြမ်းပြင်ပေါ်သို့ ပုန်းခနဲကျကာ အသက်ထွက် သွားလေတော့သည်။

ချားပုခအော်မှာ စိတ်နှလုံးမသာမယာဖြစ်ကာ မျက်လုံးကို စုမှိတ်ထားလိုက်မိသည်။ ဟမာရှင်ကား ထိန်းချုပ်မရအောင် ပင် စိတ်လှုပ်ရှားနေမိချေပြီ။ ရောက်လာခဲ့သူများထဲတွင် သိုင်းပညာ တတ်ကျွမ်းသူဆို၍ သူတစ်ယောက်တည်းသာ ကျန်ရှိတော့သည်။ ထင်စန်းကောင်တို့ အထင်သေးခဲ့ခြင်းမှာ မှားလေပြီဟု နှောင်းနောင်တ ရရှိသွားသည်။

ရန်သူနှင့် အသေအကြေ တိုက်ခိုက်နိုင်ရန် အခွင့်အလမ်းကိုသာ စောင့်နေခဲ့သည်။ သို့သော် အခြေအနေ အခွင့်အလမ်းက မလွယ်ကူ။ သူ့ခြေထောက်ချောင်းများ ဒဏ်ရာရနေပြီ။ သိုင်းကွက်အင်အားကလည်း ယခင်ကလောက် ပြင်းထန်ခြင်း မရှိတော့။ သူ့ပြိုင်ဘက်က ကျိုကျွန်ရှန်ထက် သိုင်းပညာ အဆင့်အတန်း အနည်းငယ်နိမ့်နေသောကြောင့်သာ ယခု ထက်တိုင် အသက်ရှင်နေနိုင်သေးခြင်း ဖြစ်စေသည်။ နောက်ဆုံး သူသည် ကောက်ကျစ်ယုတ်မာသူပီပီ လက်နက်ပုန်းကို ထုတ်သုံးလေတော့သည်။



“ပိုး”

“ဖတ်”

သူ့ကြိုးစားမှုများ အချည်းနှီး ဖြစ်သွားရသည်။ လက်နက်ပုန်း အားလုံး မည်သူ့ထံမှ မထိမှန်ပေ။ ကြည့်ရင်း ကြည့်ရင်း ဒေါသထွက်လာသည်။ စိတ်ဓာတ်လည်း အကြီးအကျယ်ကျလာ၏။ မိမိအတွက် လွတ်လမ်း မမြင်တော့။ မိမိနှင့်အတူ သေရွာသို့ အဖော်အဖြစ် လိုက်ပါစေရန်လည်း မည်သူ့ထံမှ ခေါ်ဆောင်၍ မရတော့။ နောက်ဆုံးတွင် မိမိကိုယ်မိမိ အဆုံးစီရင်ရန် ဓားဦးကို ရင်ဝသို့ လှည့်လိုက်၏။

“ဝုစ်”

“အား”

“ဝုန်း”

လက်နက်ပုန်းတစ်ခုသည် လေထုကို ခွဲပြီး သူ့လည်ချောင်းဝကို လာရောက်ထိမှန်သည်။ လက်မောင်းတစ်ချောင်းလုံးထုံကျဉ် သွားပြီး ဓားရှည်လည်း ကြမ်းပြင်ပေါ်သို့ လွတ်ကျသွား လေတော့သည်။ သူသည် ဓားကိုကောက်ယူရန်ကြိုးစားလိုက်၏။ သို့သော် သူနှင့် တိုက်ခိုက်နေသော ရန်သူက သူ့ထက် အရင်ဦးအောင် ဓားကိုကောက်ယူလိုက်သဖြင့် ဟမာရှင်မှာ ဘာမျှမတတ်နိုင်တော့ဘဲ ဒူးထောက်ထိုင်ချလိုက်ရလေတော့ သတည်း။

★

## အခန်း (၁၂၆)

### ကျူးကျော်သူများ၏ အကြံအစည်

ခန်းမဆောင်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေပြီး ဝါချုပ်သိုင်းသမားများ၏ အလောင်းများက ခန်းမဆောင်တွင် မြင်မကောင်းအောင် ဖြစ်နေ၏။ ချားပုအော်ကား စိတ်ပျက်ခွမ်းနယ်စွာ ခေါင်းငိုက်စိုက် ချနေတော့၏။

အတန်ကြာ တိတ်ဆိတ်ငြိမ်သက်နေပြီးမှ ချိုက်ကျူးက ထိုင်နေရာမှ မတ်တတ်ရပ်လိုက်ကာ ချားပုအော်ကိုလှမ်းကြည့်ရင်း စကားပြောလေ၏။ သူ့စကားသံက အသံမှန်ပင်။

"ချားပုအော်ခုနကဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေ အားလုံး ခင်ဗျားမြင်ပြီးပြီမဟုတ်လား၊ ဒီတော့ ခင်ဗျား အေးအေးသက်သာနဲ့ ထင်စန်းတောင်ပေါ်က ပြန်သွားပါတော့၊ ဒါပေမယ့် ခင်ဗျားတို့ကို ကျုပ် စကားလက်ဆောင်လေး ပါးလိုက်ပါရစေ၊ ဟိုရောက်ရင် ရယ်ရှင်ကို ပြောဖြစ်အောင်ပြောပြလိုက်ပါ၊ သူက အေးအေးချမ်းချမ်းနေမယ်၊ ဘယ်လိုမှ ပြဿနာမရှာဘူးဆိုရင် ကျုပ်တို့ကလဲ အေးအေးဆေးဆေး ပြဿနာမရှိဘဲ နေမယ်၊ အေး....ဒါပေမယ့်...."

ချိုက်ကျူး စကားကို ခဏရပ်လိုက်ပြီး ချားပုအော်ကို စူးစူးစိုက်စိုက်ကြည့်သည်။ သူ့အကြည့်က ချားပုအော်၏ ခန္ဓာကိုယ်ကို ဖောက်သွင်းသွားမတတ်ပင်။ ထို့နောက် တိုင်းပြည်ချစ်စိတ်၊ အမျိုးသားစိတ်၊ အမျိုးသားမာန် အပြည့်ဖြင့် ဆက်လက်ပြောဆိုလေတော့၏။ သူ့စကားသံက ရဲရဲတောက် စကားသံအဖြစ် ပြောင်းလဲသွားသည်။

"ကျုပ်တို့နိုင်ငံကို မြေဘစ်လက်မ ကျူးကျော်လာမဲ့ကြစမ်း၊ ကျုပ်တို့တစ်နိုင်ငံသားမှာရှိကြတဲ့ သူရဲကောင်းတွေက ခင်ဗျားတို့ရဲ့ နှလုံးသွေးနဲ့ တရုတ်ပြည်ကြီးကို ဆေးကြောသန့်စင်ပစ်ကြလိမ့်မယ်၊ ခင်ဗျားတို့ရဲ့အစီအစဉ်ရဲ့ တရုတ်ပြည်မှာရှိတဲ့ ဘယ်သိုင်းသမား သူရဲကောင်းကမှ အကူအညီပေးမှာ မဟုတ်ဘူးဆိုတာ ကျုပ် ပြောရဲတယ်၊ ဘယ်သူ့ဆီကမှ အကူအညီရနိုင်ဖို့ မျှော်လင့်မနေနဲ့၊ တစ်ခုတော့ရှိသေးပေါ့၊ လက်တစ်ဆုပ်စာလောက်ရှိတဲ့ တိုင်းပြည်ရဲ့ သစ္စာဖောက် ကျွန်စိတ်ရှိတဲ့သူတွေဆီကတော့ ခင်ဗျားတို့ အကူအညီ ရကောင်းရလိမ့်မယ်၊ ဒါပေမယ့် သစ္စာဖောက်ဆိုတဲ့ လူတွေ တစ်ကိုယ်ကောင်းစိတ်နဲ့ ဘယ်သူသေသေ ငတေရင်ပြီးရောဆိုတဲ့ လူတွေဟာ ဘယ်တော့မှ သတ္တိမရှိဘူးလေ၊ ရမှာ မကြောက်တဲ့လူတွေဖြစ်လို့ ဘာမှထိရောက်တဲ့ ကူညီမှုမျိုးလဲ ခင်ဗျားတို့ ရနိုင်ကြမှာ မဟုတ်ဘူး"

ချိုက်ကျူးက စကားကို ခဏနားလိုက်၏။ ချားပုအော်မှာ ချိုက်ကျူး၏စကားများကို သတိမဲ့ ထျောက်ရုပ်အသား ငိုင်တွေနေလောင်နေ၏။ သို့သော် ချိုက်ကျူး၏ ရဲရဲတောက် စကားများကမူ သူ့နားနှစ်ဖက်မှတစ်ဆင့် နှလုံးသားသို့တိုင် ထွင်းဖောက်ဝင်ရောက်သွားလေသည်။ ချိုက်ကျူးက ခန်းမဆောင်ထဲတွင် ပိုးလို့ပက်လက်ဖြစ်နေသော အလောင်းကောင်များကို လက်ညှိုးထိုးပြလိုက်ပြီး ဆက်ပြောသည်။

"ဘာပဲဖြစ်ဖြစ်လေ၊ ကျုပ်တို့ ထင်စန်းဟောင်ရဲ့ သခေါ္ာထားကို တင်ပြခဲ့ပြီးပြီ၊ လူယုံမြေကို ကျူးကျော်လာလို့ကတော့ နောက်ဆုံး လေ့းတစ်စင်းပဲကျန်ပါစေ အညံ့မခံ အရှုံးမပေးဘဲ ရဲရဲတောက် တိုက်ခိုက်သွားမယ်၊ ဟိုမှာ မြင်လား၊ အဲဒါဟာ ခင်ဗျားတို့အတွက် နှုတ်ခွန်းဆက်ပို့ပြီ အနိုင်မခံ မြင်ကွင်းပဲ၊ ကျုပ်တို့နဲ့တွေ့ရင် အဲဒီလိုမျိုး အခေါ သိုးရဲ့ သေရမယ်ဆိုတာ အသည်းထဲမှာ မှတ်ထားလိုက်"

ချားပုအော် ကြက်သီးတဖြန်းဖြန်းထကာ ကျောရိုးထဲစိမ့်သွား၏။ ကြောက်သွား၏။ ချိုက်ကျူး၏ မီးကျိမ်းခဲကဲ့သို့သော မျက်လုံးများကို သူလုံးဝ ရင်မဆိုင်ရဲပေ။ အမိန့်တို့တော့နေရသည့် တရားခံတစ်ယောက်ကဲ့သို့ ငေါက်ကျိုးကျနေသည်။

"ဟမာရှင့်"

ချိုက်ကျူး၏ ခေါ်သံ ထွက်ပေါ်လာသည်။ ဟမာရှင် ခေါင်းထောင်လာ၏။ အသက်မပါ ခြောက်သောမျက်လုံးပြူးကြီးများဖြင့် ချိုက်ကျူးကို မော်ကြည့်လိုက်သည်။

"မင်းဟာ မောက်မာပြီး ကောက်ကျစ်မိုက်ရိုင်းတဲ့လူတစ်ယောက်ပဲ၊ ဒါပေမယ့် အခု မင်းဆို တဲ့တစ်ခွက် ထိုက်သင့်သလောက် ဆုံးမခဲ့ပြီးပြီ၊ ဒီတော့ ဒီတစ်ခါ ခေါင်းဖြတ်အသက်သျှမ်းသခွင့် မပေးလိုက်မယ်၊ သွားပေတော့"

ဟမာရှင်၏ မျက်လုံးသေများ ရုတ်ခြည်းပင်အရောက်လတ်လာကာပသွားသည်။ မမျှော်လင့်သည်တို့ ဖြစ်ပျက်လာခဲ့ပြီး၊ သူ့အိပ်မက်များ မက်နေမိလေသလားဟူ၍ ထင်မှတ်မိ



လေသည်။ ထို့နောက် ဆေးလိပ်တဲ့ဆိုင်းခြင်း မရှိတော့ဘဲ ချားပုအော်၊ မာချိရင်နှင့်အတူ ထင်စန်းတောင်အောက်သို့ ပေးမန်းတသာ ဆင်းသွားခဲ့လေတော့သည်။

ဝါချုပ်တို့ ထွက်သွားလျှင် ကျိုကျန်ရှန်၏ စိတ်နှလုံးများ ရှုပ်ထွေးနောက်ကျိနေ၏။

အရိပ်မြင်လျှင် အကောင်ထင်တတ်သော သူ့သဘောအရ ဤအခြေအနေတွင် ဝါချုပ်တို့က တရုတ်ပြည်မကြီးဆီသို့ ကျူးကျော် ဝင်ရောက်လာတော့မည်ကို သူတွက်ဆမိသည်။ ထို့ကြောင့် ချိုက်ကျူး၊ ရှိအီရင်း၊ ရှိဖိန်အော်တို့နှင့် အသေအချာ ဆွေးနွေးကြလေတော့သည်။ ခန်းအတွက်လည်း လုံခြုံစိတ်ချရအောင် ကြိုတင်စီစဉ်မှုများ ပြုလုပ်ရတော့သည်။

ထို့ပြင် ဝါချုပ်တို့၏ သတင်းများကို စတင်စောက်လှမ်းကြသည်။ တစ်ဖန် ဟေးတိုစန်းတောင်ပေါ်သို့ လူစေလွှတ်ကာ အိုယန်စေနှင့် လန်ကျုံကျူတို့ထံ အထောက်တော်တွေ စေလွှတ်ပြီး ဝါချုပ်တို့ ဝင်ရောက်လာကြတော့မည်ဖြစ်၍ ကာကွယ်မှုအစီအစဉ်များ ကြိုတင်လုပ်ဆောင်ထားရန် သတင်းပေး အကြံပြုလေ၏။

ကျိုကျန်ရှန်မှာ တိုင်းပြည်အတွက်ဖြစ်၍ ဤမျှ အကွတ်ချဆောင်ရွက်နေရသော်လည်း မင်မင်းဆက် တရုတ်ကရာဇ်ကို မနှစ်သက်ချေ။ ထို့အတူ မင်းကပ် မင်းမြှောင်များဖြစ်သည့် တိုင်းပြည်သစ္စာဖောက် ဝမ်ကျင်တို့အုပ်စုကိုလည်း သူမုန်းတီးနာကြည်းသည်။

ထိုအကြောင်းများကို ၄င်း ချိုက်ချုံးတို့အား သူ ရှင်းလင်း ပြောပြခဲ့ဖူးလေသည်။

"ကျုပ် ဒီလိုလုပ်နေတာ ကရင်ကောရင် အတွက်တော့ မဟုတ်ဘူး၊ သူ့ နှစ်သူ့လက်ထဲမှာ သေသွားစမ်းပါစေ၊ ဝမ်ကျင်ရဲ့ လက်ထဲမှာ သေသွားပါစေ၊ ကျုပ်မကယ်ဘူး၊ ပစ်ထားလိုက်မှာပဲ၊ ဒါပေမဲ့ ကျုပ် ကရင်ပြည်သူတွေကို တော့ ပစ်မထားနိုင်ဘူး၊ ဝါချုပ်တွေနဲ့ မင်းမင်းဆက် ကောရင် ကြားမှာ ပြည်သူတွေဟာ မြေစာပင်တွေပဲ၊ ဘာပဲဖြစ်ဖြစ် တိုင်းပြည်ကို ဝါချုပ်တွေရဲ့ လက်အောက် မရောက်အောင် တော့ အသက်ပေးကာကွယ်ရမှာပဲ"

ထိုစကားသည် တိကျပြတ်သားလှပါသည်။ ကျိုကျုန်ရှန်ကဲ့သို့ပင် အခြားသိုင်းသမား သူရဲကောင်းများသည်လည်း ခံယူထားကြသည်သာ။ အဘယ်ကြောင့်ဆိုသော် မင်းမင်းဆက် ကောရင်သည် ဝမ်ကျင်၏ ဝန်ကြီးဖြင့် တနုံးရှက်သိုင်းသမား သူရဲကောင်းများကို ရက်ရက်စက်စက် နှိပ်ကွပ်ခဲ့သောကြောင့် ဖြစ်လေသည်။

ထိုသို့ နှိပ်စက်ခံခဲ့ကြသည်ဖြစ်၍ အနှိပ်စက်ခံသိုင်းသမားများက မင်းမင်းဆက် ကောရင်နှင့် မင်းမြှောင် ဝမ်ကျင်တို့အား ကလဲ့စားချေလိုသည်မှာ သဘာဝကျပေသည်။

သို့သော် ထိုသိုင်းသမား သူရဲကောင်းများကား တရားမျှတ ဖြောင့်မတ်သည့် စိတ်ဓာတ် စိတ်ထားများ ထားရှိကြသည်။ ပြည်သူလူထု၏ ဆင်းရဲဒုက္ခကို စာနာထောက်ထား တတ်ကြပေသည်။ မိမိတို့၏ မိတ်ဆွေအတွက်၊ တိုင်းပြည်



အတွက်၊ ပြည်သူ့အတွက် သေခြင်းတရားကို မကြောက်မရွံ့ကြ၊ အသက်ကို မနှမြောတတ်ကြချေ။

ကျိုကျုန်ရှန်တို့က ထင်ဝန်းဟောင်တစ်ခုအညွှန်းတွင် အသင့်ဖြင့် ထပ်လုပ်နေသည်မဟုတ်။ ဆာ ကို့ခန်း ဟောင်ပေါ်မှ လန်ကျုံ ကျုံ့တို့သည်လည်း ဝါချုပ် အရေးအခင်းအတွက် ဆွေးနွေး တပ်လှုပ်ရှားနေသည်။ သူတို့သည် ကျိုကျုန်ရှန်တို့ထံမှ အကြောင်းကြားခြင်း၊ သတင်းပို့ခြင်း မရှိခင်သာပင် ဤသတင်းကို သိရှိသွားပြီး ဖြစ်ပေသည်။ သူတို့သည် ဝါချုပ်တို့၏ လှုပ်ရှားမှုများကို ကျိုကျုန်ရှန်တို့ထက်ပင် ပိုမိုသိထားကြသည်။

မျောက်ဟိုဝန်းဓါတ်ဝင်မှ အထောက်တော်၏ သတင်းပို့ကြား သိရသော အခါ ကျိုကျုန်ရှန်သည် အကြီးအကျယ် ဒေါသထွက်သွားသည်။ ဝါချုပ်များ အလုံးအရင်း ကြိုတင်စီစဉ်လိုက်ခြင်း ဆိုသည့် သတင်းကား ထင်ဝန်းဟောင်သို့ အကူအညီတောင်း သလိုနှင့် စည်းရုံးသိမ်းသွင်းနေချိန်မှာပင် ဝါချုပ်တို့၏ ဝစီ သေနာပတိ ထိုက်စူးရယ်ရှင်က တဒုထုံ့ကို တိုက်ခိုက်ရန် စစ်တပ်ကြီးတစ်တပ် စေလွှတ်လိုက်ခြင်းပင်တည်း။

ထိုအကြောင်းကို ထင်ဝန်းဟောင်မှလူများသည် မှောတို ဝန်းဟောင် အထောက်တော်ရောက်လာမှသာ သိရှိခဲ့ကြရပေသည်။ ဤသတင်းသာ ကြိုတင်သိလိုက်ရလျှင် ချားပုအဒ်၊ ဟုမာရှင်နှင့် မာချီရှင်တို့ သုံးယောက်မှာ ပြန်လမ်းမရှိ ဖြစ်သွားမည်မှာ သေချာလှသည်။

“တောစက်”

ကျီးချန်ရှန် တောစက်ခတ်သံက ဟင်စန်းတောင် တစ်ကြောလုံး သိမ့်သိမ့်တုန်သွားသည်။ တိုင်းချစ် ပြည်ချစ် မျိုးချစ်တို့၏ ဒေါသသည် မီးထက် မုန်တိုင်းထက်ပင် ပြင်းထန်လှပေသည်။

★

## အခန်း (၁၂၇)

### ညံ့သော ဆုရှင်နှင့် ဖျင်းသော အစော်ချုပ်

တာ့ထုံကား စစ်မြေဦးကျရာ ပထမဆုံးသောဒေသ ဖြစ်ခဲ့လေပြီ။

တာ့ထုံရှိ တပ်မတော်တစ်ခု၏ စစ်ရေးတာဝန်ခံ ဗိုလ်မှူး စုံသောက်မှာ တာ့ထုံ မြောက်ဘက်တွင် ရယ်ရှင်နှင့် တိုက်ပွဲတစ်ကြိမ်ဖြစ်၏။ ထိုတစ်ကြိမ်တည်းသော တိုက်ပွဲမှာပင် စစ်ရေးတာဝန်ခံ ဗိုလ်မှူးကြီး စုံသောက် ကျဆုံးပြီး အရေးနိမ့်သွားရတော့သည်။

ခေါင်းဆောင်ဗိုလ်မှူးကြီးတစ်ယောက်လုံး မရှိတော့သည့်နောက် မည်သည့်တပ်ဖွဲ့သည် ရှပ်ရှပ်ချွံချွံ တိုက်ခိုက်နိုင်ပါတော့မည်နည်း။

ဝါချပ်တို့၏ ကျူးကျော်မှု သတင်းဆိုးများက အကြိမ်ခေါင်းများစွာ မပြတ်တမ်းရောက်လာသည်။ ရောက်လာသမျှသောသတင်းတိုင်းက ကောင်းသတင်းတစ်ကွက်မျှမရှိ။ အကျအဆုံးများသည့် သတင်းများပင် ဖြစ်နေသည်။

နေ့စဉ်နှင့်အမျှ ထိုသတင်းများကို စိတ်မချမ်းမြေ့စွာ ကြား
နေရသဖြင့် နေပြည်တော်ရှိလူအများ အစောပိုင်းကလေး တုန်
လှုပ် ချောက်ချားနေကြရသည်။ တာ့ထုံမြို့ကား မပြောရ
မရှိတော့ပေ။

တာဝန်ရှိပုဂ္ဂိုလ်များမှာ ယခုအခါကျမှ ခြေမကိုင်မိ လက်
မကိုင်မိ ဖြစ်ကုန်တော့သည်။ မလာတော့နှာယ်တွင် ရှန်စီး
ပြည်နယ်၊ ဟော်နန်ပြည်နယ်များတွင် ရှိသော ဘုရင့် တပ်မ
တော်တို့ အလျင်အမြန် စုစည်းကာ တာ့ထုံမြို့ထဲ ဝါချုပ်တို့
ရန်မှ ကာကွယ်နိုင်ရန် ပြောင်းရွှေ့ စေလွှတ်လိုက်၏။

ထိုအချိန်တွင် ဝါချုပ်တို့၏အင်အားတာ ဒီရေအလား တိုး
ပွားလာနေပြီ။ ယခင်က မသိမသာ စစ်မြို့သည့်သဘော
တိုက်ခိုက်နေခဲ့ရာမှ ယခုအခါ အလုံးအရင်း ဝင်ရောက် တိုက်
ခိုက်လာနေပြီ။ ထို့ကြောင့် သူတို့ဝင်ရောက်လာခဲ့ရာ နယ်
မြေ တစ်လျှောက်တွင် အောင်ပွဲများ ဆင်နိုင်ခဲ့ခြင်းလည်း ဖြစ်
သည်။

နေပြည်တော်တစ်ခုလုံး ချောက်ချားနေပေပြီ။ ထိုအထဲ
တွင် အထိတ်လန့်ဆုံး အချောက်ချားဆုံးကား ဝမ်ကျင်ပင်
ဖြစ်တော့၏။ သူသည် ဝေကျိုးဇာတိသားဖြစ်၏။ ဝေကျိုးမှာ
တာ့ထုံနှင့် ပွန်စွာမှပင် နီးကပ်ပြီး စစ်လမ်းကြောင်းကျရာ
နယ်မြေလည်း ဖြစ်နေပေသည်။

ဝါချုပ်တို့ တာ့ထုံကို ဝင်ရောက်တိုက်ခိုက်လျှင် ဝေကျိုး
သည် မလွဲမသွေ စစ်မြင်းများအောက်၌ ပြားပြားမှောက်
သွားရတော့မည်။



တရုတ်တစ်ပြည်လုံး အာဏာအခင်းသက် သူ၏ အိုးအိမ်
ဥစ္စာပစ္စည်းအတွက် ဝမ်ကျင် အကြီးအကျယ် ပူပင်သောက
ရောက်နေသည်။ သူသည် အများအကျိုးအတွက် မစဉ်းစား
ပေ။ သူ့အတွက်သာ စဉ်းစားသည်။ သူသည် သူတို့ဇာတိမြေ
နှင့် သူ၏အိုးအိမ်ဥစ္စာပစ္စည်းများ မဆုံးရှုံးစေခြင်းငှာ တရုတ်
ဧကရာဇ်အား စစ်ပွဲတွင် ကိုယ်တိုင် ဦးစီးရန် မြှောက်ပင့်
ပေးလိုက်လေတော့သည်။

ထိုကဲ့သို့ တရုတ်ဧကရာဇ် ရင်ကျိုးကိုယ်တိုင် တိုက်ပွဲကို ဦး
စီးလျှင် သူ့အတွက် အခွင့်အရေး များစွာ ရနိုင်သည်။ တရုတ်
ပြည် မြောက်ပိုင်းနယ်သာ ဂဏ်ထွားတွင် မိမိ ဩဇာ အာဏာ
အရှိန်အဝါ ပိုမိုတိုးမြင့်ကြီးထွားလာမည်။ ထို့အပြင် မိမိ
ကိုယ်တိုင် ဆက်သွယ်ထားခဲ့သော ဝါချုပ်တို့ကိုလည်း ကြောက်
ရွံ့ ချောက်ချားစေမည်။ မိမိ၏ အိမ်က ဥစ္စာသဘ်ထည်း ဝါ
ချုပ် တစ်ဖန်စစ်အောက်မှ ကင်းလွတ်နိုင်မည်ဟု တွေးသည်။

ထိုအတွေးများကို စိတ်ကူးများဖြင့် ဝမ်ကျင်သည် ရင်
ကျိုးအား ကိုယ်တိုင် တိုက်ပွဲဝင်ဖို့ အစွမ်းကုန် တိုက်တွန်း၏။
ရင်ကျိုးသည် တစ်သက်လုံး သောက်စားပျော်ပါးပြီး စည်း
စိမ် ယစ်မူးနေခဲ့သူဖြစ်ရာ တိုင်းရေးပြည်ရာ စစ်ရေးစစ်ရာကို
လုံးဝ နားလည်ကျွမ်းကျင်မှု မရှိပေ။

ဝမ်ကျင်ပြောသမျှ အကောင်းထင်ခဲ့သူဖြစ်၍ ယခုတစ်ကြိမ်
တွင်လည်း ဝမ်ကျင်၏ တိုက်တွန်းချက်ကို လက်ခံကာ တရုတ်
တပ်မတော်ကြီးကို သူကိုယ်တိုင်ဦးစီးကွပ်ကဲလေတော့သည်။

"အရှင်မင်းကြီး...စစ်ချီတက်ရာမှာ မင်းကြီးကိုယ်တိုင် ချီတက်တာနဲ့ စစ်သေနာပတိတွေ ဦးစီးချီတက်တာ မတူပါဘူး၊ မင်းကြီးကိုယ်တိုင်စစ်ချီတော့ ကိုယ့်ရဲ့စစ်သည်တော်တွေ အားတက်စေသလို တစ်ဖက် စစ်သည်တော်တွေကိုလဲ ထိတ်လန့် ကြောက်ရွံ့စေနိုင်ပါတယ်၊ မင်းကြီးကိုယ်တိုင်စစ်ချီတက်ရင် အောင်မြင်မှု ကျိန်းသေရမည့်အပြင် တရုတ်ပြည်နယ်မြေ၏ ဧရိယာလဲ တိုးချဲ့သွားနိုင်ပါတယ်၊ နယ်ခြားကလူတွေ မင်မင်းဆက် အထင်မသေးရအောင် ရာဇဝင်မှာ မော်ကွန်းတင်သွားလောက်အောင် အရှင်မင်းကြီးကိုယ်တိုင် စစ်ချီတော်မူသင့်ပါတယ်"

ဝမ်ကျင်၏ မြှောက်လုံးပင့်လုံးစကားများက ရင်ကျုံး၏ ဘဝင်နှလုံးကို ခွေ့သွားစေသည်။ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစား ဆင်ခြင်ခြင်းမရှိ။ ဆင်ခြင်ရန် အသိဉာဏ်လည်းမရှိသဖြင့် ရင်ကျုံးသည် ရှေ့တန်းစစ်မျက်နှာသို့ စစ်ချီထွက်တော်မူခဲ့လေတော့သည်။

ထိုစဉ်က တရုတ်ပြည်၏ စစ်သေနာပတိကြီးမှာ ခွမ့်ရဲဖြစ်ပြီး စစ်ဘက်လက်ထောက်ကား ယီချန်းဖြစ်သည်။ ရင်ကျုံးက စစ်ချီထွက်ရန်စီစဉ်လျှင် သူတို့နှစ်ယောက်က အတန်တန်ပင် တားဆီးကြ၏။ စစ်ထွက်ခြင်းမှာ ဖန်းနှင့်မပေါက်ကစားခြင်း မဟုတ်ပေ။ သူတို့ဘုရင်အကြောင်း သူတို့ သိကြသည်။ သို့သော် ရင်ကျုံးက လက်မခံပေ။

ဆက်ဦးစံပိုင် ဘုရင်ဧကရာဇ်ဖြစ်သဖြင့် သူ့အမိန့်ကို မည်သူမျှ မလွန်ဆန်ရဲကြချေ။ နန်းတော်ထဲတွင်ရှိသမျှသော မှူးကြီး မတ်ရာ အရာရှိအားလုံး ဘုရင်နှင့်အတူ စစ်ချီတက်ရမည်။ နေပြည်တော်တွင် ရှိသမျှစစ်သည်တော်တို့ အတူလိုက်ရမည်ဟု အမိန့်ထုတ်လေရာ ငါးသိန်းကျော်စစ်သည်တော်တို့ဖြင့် ရှေ့တန်းစစ်မျက်နှာသို့ ရင်ကျုံး စစ်ချီနိုင်ခဲ့လေတော့သည်။



ရင်ကျုံးကား စည်းစိမ်ခံခြင်းမှတစ်ပါး အခြား ဘာမျှ သိသူမဟုတ်ပေ။ ထို့အတူ ဝမ်ကျင်အသည်သည်း မြှောက်ပင့်ခြင်း၊ ကောက်ကျစ်ခြင်းမှတစ်ပါး အခြား ဘာမျှမသိပေ။ စစ်ဗျူဟာဆိုသည်မှာ ဝမ်ကျင်နှင့် လုံးဝအပ်စပ်သောအရာ မဟုတ်ပေ။

ဤမျှဝေးလံသောခရီးကို ဘုရင်ကိုယ်တိုင်ဦးဆောင်လျက် စစ်သည်အင်အား အလုံးအရင်းနှင့်ချီတက်လျှင် မိမိတို့ဘက်မှ ပန်းမည်၊ စားနပ်ရိက္ခာအတွက် ခက်ခဲမည်၊ မိမိတို့၏ ဝင်ရိုးရာလမ်းကြောင်းတစ်လျှောက်ရှိ ပြည်သူလူထု အတိဒုက္ခရောက်ကြမည်၊ စစ်ဒဏ်တွေ့ ဆိုးရွားစွာခံစားကြရမည်။ ထိုအချက်များကို ဝမ်ကျင် မစဉ်းစားမိခဲ့ပေ။ စစ်အတွေ့အကြုံ မရှိသဖြင့် ဤကဲ့သို့ အဘယ်မှာလျှင် စဉ်းစားနိုင်ပါခဲ့နည်း။

ထို့ကြောင့် အတူထွက်လာခဲ့သော စစ်ရေးစစ်ရာ နားလည်တတ်ကျွမ်းသည့်သူများနှင့် သူ့အပေါ်တွင် အစကတည်းက မလိုလားခဲ့သူများမှာ မကျေမနပ်ဖြစ်လာကြ၏။ စိတ်ပျက်လာကြ၏။

ဝမ့်ကျင်ကား မည်သူ့ဆိုမျှဂရုမစိုက်ချေ။ ခရီးစဉ် တစ်လျှောက်လုံး ရင်ကျုံးဧကရာဇ်အတွက် ဖျော်ဖြေစရာများ ရှာ

ကြွေပေးခြင်း၊ မြှောက်ပင့်ပေးခြင်းတို့ဖြင့်သာ အချိန်ကုန်လာခဲ့ပေသည်။

ဤသို့ဖြင့် တောင်ထိပ်သို့ ရောက်လာခဲ့သည်။ တောင်ထိပ်ရောက်မှ လေသိပ်ခြင်းက ဆိုးရွားလာသည်။ မိုးနှင်းများ အဆက်မပြတ် ရွာသွန်းမှုကြောင့် စစ်သည်တော်များမှာ အအေးမိသွားကြသည်။

အမျိုးရောဂါ ဝင်သူတို့က ဝင်လာကြသည်။ ထို့ပြင် ခရီးပြင်းနှင်ခဲ့ပြီး စားနပ်ရိက္ခာ မစားလောက်သေးဖြင့် စစ်သည်တော်များ လွန်စွာ ပင်ပန်းနွမ်းနယ်လာကြတော့သည်။ ဝမ်ကျောင်းနှင့် ရင်ကျူးကောရောင်အား ပျော့ပျော့ဖျော့ဖျော့ ... ပင်ရှိနေကြသည်။

ဝမ်ကျောင်းမှာ စစ်သည်တော်များနှင့် ထိပ်တိုက်တွေ့သူ တစ်ယောက် ဖြစ်သဖြင့် စစ်သားများကို ထိန်းကွပ်ချုပ်ကိုင်နိုင်စွမ်း မရှိချေ။ စစ်သည်တော်များ၏ အခက်အခဲများကိုလည်း နားမလည်ချေ။ သူ့အမိန့်အာဏာ ပိဆန့်လျှင် ပြင်းထန်စွာအပြစ်ပေးပြီး နှိပ်ကွပ်ပစ်သည်။

ထို့ကြောင့် နွမ်းနယ်နေသောစစ်သည်တော်များ ဒေါသထွက်လာကြလေတော့၏။

သေနတ်ပစ်ခွင့်ရပင် ထိန်းချုပ်၍မရအောင် ဖြစ်လာ၏။ ထိုအခါ ဝမ်ကျောင် တုန်လှုပ်လာတော့သည်။ သူ့နှိပ်ကွပ်မှုကြောင့် ဤမျှအထိဖြစ်လာလိမ့်မည်ဟု သူ မထင်မှတ်ခဲ့ချေ။ ယခုကဲ့သို့ အုံကြွလာသောအခါ ... ကြောက်လာသည်။ သူ့အနေနှင့် ရင်ကျူးထံသာ ကြိုးစား၍ထိန်းချုပ်၍ရသော်လည်း



ထိုစစ်သည်တော်များကိုမူ ထိန်းချုပ်ရန် ခက်လှကြောင်း သိလာလေ၏။

ထို့ကြောင့် ရင်ကျူးအား စစ်သည်တော်များနှင့် မျက်နှာချင်းဆိုင်တွေ့ဆုံကာ ဖျောင်းဖျနှစ်သိမ့်ခိုင်း၏။ ရင်ကျူးလည်း မနေသာဘဲ စစ်သည်တော်များကို တွေ့ဆုံ အားပေးစကားပြော၏။ စစ်သည်တော်တို့မှာ ဝမ်ကျောင်ကို လွန်စွာမုန်းတီးနေသော်လည်း ရင်ကျူးကိုမူ ကြောက်ရွံ့ရိုသေမှု ရှိကြသေး၏။ တရုတ်ပိုင်နယ်ပိုင်က ထွက်ပြီး အားပေးနှစ်သိမ့်ပြောဆိုသည်ကို တွေ့ရသောအခါ ကျေနပ်သွားကြ၏။

ဝမ်ကျောင်သည်လည်း ထိုအခါကျမှ သက်ပြင်းချနိုင်တော့သည်။

ထိုတစ်ညကို ကောင်းမွန်စွာ နှစ်မြိုက်စွာ အိပ်စက်နိုင်တော့သည်။

မနက်တစ်နေ့ နေ့လယ်တွင်...

ကာ့ထုံနယ်နိမိတ် ရှေ့တန်း စစ်မျက်နှာဆီမှ အကြိုအဆောက် စစ်သည်တစ်ယောက် မြင်းကိုဒုန်းစိုင်းကာ အပြင်းဝင်ရောက်လာ၏။ ရောက်ရောက်ချင်းပင်ရင်ကျူးဘုရင်နှင့်တွေ့ဆုံကာ လျှောက်တင်ပန်ကြားသည်တို့ကို လျှောက်တင်သည်။ ထိုသတင်းများကား ရင်ကျူးဘုရင်အတွက် မနောခွေ့စရာသတင်းများဖြစ်နေသတည်း။

သူသည် နေပြည်တော်မှ ထွက်လာကတည်းက ရိုဝိကိုရမာန်အပြည့်ဖြင့် ထွက်လာခဲ့ခြင်းဖြစ်၏။ မိမိဦးဆောင်လျှင်

အောင်မြင်ရလိမ့်မည်။ မိမိဘုန်းကံကြောင့် အခြေအနေအရပ် ရပ် အေးချမ်းသွားလိမ့်မည်ဟု ကိုယ်တိုင်ပင် စစ်ရေးစစ်ရာ မခင်းကျင်းရသေးမီ သတင်းကောင်းများကို ကြားလိုက်ရပြီ မဟုတ်ပါလား။

ဘုရင်နောင်ကိုယ်တိုင် စစ်ချီထွက်လာခဲ့သဖြင့် ပြည်သူ အပေါင်း အားတက်ရွှင်လန်းနေကြကြောင်း၊ ဝါချပ်တို့ဖိမ့်ဖိမ့် တုန် ကြောက်ရွံ့ကာ တိုက်ပွဲအရှိန်အဟုန် ရပ်တန့်သွား ကြောင်း၊ ရှေ့ချီတပ်များ၏ တိုက်ခိုက်မှုကြောင့် ဝါချပ်တို့ ဆက်တိုက်ပင် နောက်ဆုတ်နေကြကြောင်း စသည်တို့ကို အထောက်တော်က ဘုရင့်နောင်ရင်ကျုံးအား လာရောက် လျှောက်ထားခြင်းပင် ဖြစ်တော့သည်။

ထိုအထောက်တော်ရင်ကျုံးကို တွေ့ဆုံပြီးနောက်ဝမ်ကျင် နှင့် တွေ့ဆုံသည်။ ဝမ်ကျင်နှင့် ပြောဆိုပြီးလျှင် နောက်ထပ် မည်သူတစ်ဦးတစ်ယောက်နှင့်မျှ တွေ့ဆုံခြင်း မရှိတော့ဘဲ မြင်းစီးကာ ရှေ့တန်းသို့ ပြန်လည်ဗုန်းစိုင်း ခရီးနှင်သွား တော့သည်။

အမှန်တကယ်ကား ဝမ်ကျင် အကြီးအကျယ်မျက်နှာပျက် နေရတော့ပြီတည်း။ သူကြားရသည့် သတင်းများက တစ်စက် ကလေးမျှ ကောင်းသတင်း မရှိချေ။

မိမိတို့ဘက်မှ ရှေ့ကြောင်းချီ စစ်ကြောင်းတိုင်းသည် ရန် သူ၏လက်တွင်းသို့ ကျရောက်ကုန်သည့် သတင်းများကိုသာ သူကြားလိုက်ရပေတော့သည်။



ဝါချပ်တို့သည် စစ်ကြောင်းတစ်လျှောက် အောင်မြင်စွာ ချီတက်နိုင်ခဲ့ကြ၏။ ဟန်တရုတ်တို့၏ ခံကတုတ်များ၊ ခံတပ် များကိုလည်း တစ်ဆင့်စီတစ်ဆင့်စီ သိမ်းပိုက်ခဲ့ပြီးလေပြီ။ နောက်ဆုံး ရင်ကျုံးဘုရင် စစ်ဆုတ်ကာ နေပြည်တော်သို့ ပြန်မည့်လမ်းကြောင်းများကိုပင် ဖြတ်တောက်ပိတ်ဆို့ပြီးဖြစ် နေကြောင်း၊ သူ့လူယုံတော် အထောက်တော်က သူ့အား ပြောပြသွားခဲ့ချေပြီ။

ဝမ်ကျင်ကား သေရမည့်လို အကြီးအကျယ် ကြောက်ရွံ့ တုန်လှုပ်သူတစ်ဦးဖြစ်သည်။ ဤသတင်းကို ကြားရသည်နှင့် သူ့မှာ ကတုန်ကယင်ဖြစ်လာသည်။ ကြွေခြဆည်နိုင်လောက် အောင်ပင် မျက်စိမျက်နှာ ပျက်လာတော့သည်။ ဤနေရာတွင် တပ်ထောက်နားနေခြင်းထက် အလျင်အမြန် ဆုတ်ခြင်းက အဆက်အန္တရာယ် ကင်းနိုင်သည်ဟု ဝမ်ကျင် တွက်ချက်မိလေ ၏။ ထို့ကြောင့် ရင်ကျုံးဘုရင်ထံ ဝင်ရောက် ခစားပြီး ဘုရင့်တပ်မတော်ကို နေပြည်တော်သို့ အလျင်အမြန်ပြန်ဆုတ် ရန် လျှောက်ထားရလေတော့သတည်း။

ရင်ကျုံး အကြီးအကျယ် အံ့အားသင့်သွား၏။ စောစော ကပင် မိမိတို့၏ အောင်မြင်သော စစ်သတင်းကိုကြားရပြီး ဝမ်းသာကြည်နူးခဲ့ရသေးသည်။ ယခု ဝမ်ကျင်က တပ်ဆုတ် ကာ နေပြည်တော်သို့ ပြန်ရန် ပြောဆိုလာသည်။ သူစဉ်း စား၍ မရအောင် ဖြစ်သွား၏။ ထို့အပြင် ဝမ်ကျင်၏ အစီ အစဉ်ကိုကြားလိုက်ရသော အရာရှိ ကြီးငယ်များမှာလည်း

အကြီး ဘကျယ် ဦးနှောက်ချောက်ကုန် သည်။ ဝမ်ကျင်သား နားမလည်နိုင်စွာ ဝိုင်း ကြည့်ကြနေတော့၏။

ဝမ်ကျင်မှာ ထိုအကြည့်များကြောင့် သူ့ခန္ဓာကိုယ်သိမ်ဝင် သွားသည်ဟု ထင်ရသည်။ အကြိမ် ထင်ကာ ခံစားလိုက်ရတော့ သည်။ အဖြစ်မှန်ကို ထုတ်ဖော်မပြောလျှင် မှူးမတ်အရာရှိ အားလုံးက သူ့ အားအနိုင်ကျင့်ကြတော့မည်။ ရင်ကျူး ကိုယ် တိုင် သူ့ အားဆန့်ကျင်နေတော့မည်။

"ဟုတ်တယ်။ ကျွန်တော်တို့ တပ်ပြန်ဆုတ်ရ ဖြစ်လိမ့် မယ်။ မဆုတ်ရင် အခြေအနေတွေ မကောင်းတော့ဘူး"

မတတ်သာသည့်အဆုံးတွင် အစောက်တော်မှ လာရောက် ပေးပို့ခဲ့သော သတင်းများကို အမှန်အတိုင်း ဖွင့်ပြောလိုက် ရတော့သည်။ ရင်ကျူးမှာ ထိုသတင်းများကိုနားထောင်ပြီး တအံ့တဩဖြစ်သွားရ၏။ မျက်လုံးပျက်ဆန်ပြူးဖြင့် ဝမ်ကျင် ကို ကြောင်ကြည့်နေ၏။ အတန်ကြာမှ ဂုဏ်ပြန်ဆည်နိုင် တော့သည်။

"ဒါကား အမှန်ပဲလား၊ ကျုပ်ကဒီသတင်းတွေကို ဘယ့် နှယ်ကြောင့် မသိရတာလဲ"

"ကျွန်တော်မျိုး ကြားသိရတဲ့ သတင်းက နောက်ဆုံး အခြေအနေ ရောက်ရှိလာတဲ့ သတင်းဖြစ်လို့ အရှင်မင်းကြီး မသိနိုင်တာပါ"

ဝမ်ကျင်သည် ဘာ့ကြောင့် အစောက်တော်ထံမှ သိရပါ သည်ဟု မပြောခဲ့ချေ။ ထိုးလွှဲပြောကာ စစ်ဆုတ်ရန် သာ တွင်တွင် ပြောဆိုတော့သည်။



သူသည် စစ်ဆုတ်ရန် တွင်တွင်ပြောနေသော်လည်း အောက် အခြေကိုကား မသိချေ။

နေပြည်တော်မှ တာ့ တုံသို့ရောက်သည့်အထိ ဘယ်ငါးရက် ခန့် ခရီးပြင်းနှင်ခဲ့ရသည်။

ရိုကျွာမလုံလောက်မှု၊ ရာသီဆိုးရွားမှု၊ စစ်ပန်းသဖြင့် စစ် သည်တော်တို့ နာမကျန်းဖြစ်ရသည်ကို သူမသိနိုင်ပေ။ စစ်သည် တော်များ အုံကြွလာသောအခါ ပြင်းထန်စွာ နှိပ်ကွပ်ခဲ့ သည်။ ယခု ထပ် အုံကြွလာသောအခါမှ ထိတ်လန့်ပြီး ရင်ကျူးအား နှုတ်သိမ့်ခိုင်းခဲ့ရသည် မဟုတ်ပါလား။

ယခု စပ်သွယ်လွှသ်မင် ပြန်လည်၍ ဆုတ်ခွာမည် ဆိုပြ သောအခါ မှူးမတ်သေနာပတိတို့က ကျေနပ်ကြတော့ပေ။ ဝမ်ကျင်၏အဆိုကို ဝိုင်းဝန်းထောက်ခံကြသော့သည်။ ဝမ်ကျင် ကမူ အထောက်စီးလေသံမှ လုံးဝမပျော့ပေ။

ကျုပ်အနေနဲ့ဆိုရင်တော့ အားလုံးကောင်းဖို့၊ တရုတ်ပြည် တစ်ပြည်လုံး၊ တရုတ်ပြည်သူပြည်သားတွေ အားလုံး အကျိုး ရှိဖို့၊ ကျုပ်တို့ဘုရင် ကောင်းစား အကျိုးအတွက် မျှော်ကိုးပြီး တော့မှ တပ်ဆုတ်ဖို့ စီစဉ်တာပါ"

တကယ်တော့ ဝမ်ကျင်သည် မှာကြောက်နေခြင်းဖြစ်သည်။ ရထားသော စည်းစိမ်ဥစ္စာနှင့် ဩဇာအာဏာများ လက် လွှတ်ရတော့မည်ကို စိုးရိမ်နေခြင်းသာ ဖြစ်၏။ သူသည် ဘယ်သူသေသေ ငေတမာ့လျှင်ပြီးရော ဟူသည့် စိတ်မျိုးရှိရာ

ရင်ကျိုးဘုရင်တပ် ပြန်ဆုတ်စေနိုင်သည့် အကြောင်း အမျိုးမျိုး တင်ပြလျှောက်ထားပြီး ဘုရင့်တပ်မတော်ကြီးကို နောက်ကြောင်း ပြန်လှည့်စေဖော့သည်။

တတ်လည်းတတ်နိုင်သည့် ဓမ်ကျင်ပါပေ။ ရင်ကျိုးဘုရင်ကား ဝမ်ကျင်အနီးတွင် သူငယ်နှပ်စားမလေးသဖွယ်သာ ဖြစ်နေလေသည်တကား။ ။

ဆဌမတွဲ (ဇာတ်သိမ်းပိုင်း) ကို
ဆက်လက်ဖတ်ရှုပါရန်

စာရှုသူများ၏မေတ္တာကိုခံယူလျက်

တက္ကသိုလ် နေလင်းအောင်